www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက် | ● ၈၄၀/၂၀၀၃(၆) |
| မျက်နှာဖုံးခွင့်ပြုချက် | ● ၁၁၆၆/၂၀၀၃(၁၀) |
| မျက်နှာဖုံးပန်းချီ | ● မောင်မောင်သိုက် |
| ထုတ်ဝေခြင်း | ● ဒုတိယအကြိမ် ၂၀၀၄ ခု၊ ဖေဖော်ဝါရီလ |
| အုပ်ရေ | ● ၁၀၀၀ အုပ် |
| တန်ဖိုး | ● ၈၀၀ |
| ထုတ်ဝေသူ | ● ဦးတင့်လွင် သော်ကစာပေ ၆၀၅၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ |
| ပုံနှိပ်သူ | ● ဒေါ်ခင်ခင်ဝင်း ကလျာပုံနှိပ်တိုက် ၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။ |
| မျက်နှာဖုံးပုံနှိပ် | ● ဦးမြသိန်း သိန်းမြင့်ဝင်းပုံနှိပ်တိုက် ၉၆၊ ၁၁ လမ်း၊ ရန်ကုန်။ |


# ခင်နှင်းယု

# မင်္ဂလာမင်္ဂလာ သမ္မာမင်္ဂလာ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၁ ]

ပင်လယ်၏ လှိုင်းလုံးကြီးများသည် အဝေးမှ ကြီးမားသော အရှိန်ဖြင့် ပြေးဝင်လာကြပါသော်လည်း သန္တာကျောက်တန်းကြီးများကို တွေ့သောအခါ ပျော့ညံ့သွားသည်။ သန္တာကျောက်တန်းအတွင်းဘက်သို့ ဖြည်းညင်းစွာ တအိအိဖြင့် ဝင်ရောက်လာ၍၊ ယဉ်ကျေးသော ငွေထီးတော်မိုး အဆောင်ကိုင်လို သဲပြင်ကို ရိုသွက်စွာ ထိတွေ့လာကြသည်။

ဤသန္တာကျောက်တန်းကြီးများသည် မောင်းမကန် ကမ်းခြေတို ကာလရှည်လျားစွာ ကာကွယ်ခဲ့ပါသောကြောင့် မောင်း မကန် တမ်းခြေ၏ အလှဘွဲ့ကောင်းခြင်း ဂုဏ်တို့တွင် သန္တာကျောက်တန်းများသည် တစ်ခန်း ပါဝင်ခဲ့ကြပေသည်။

အဝေးရှိ ပင်လယ်ပြင်သည် ကောင်းကင်၏ အပြာရောင်နှင့် ပုလဲရောင် ရောစပ်ကာ နေရောင်အောက်တွင် တဖျတ်ဖျတ် တောက်ပနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သာယာသောရာသီဥတုတွင်ပင်လယ်တေးကို သီဆို၍လှိုင်းငယက်ငယ်များ၏ ညင်သာစွာ လှုပ်ရှားကခုန်ဟန်သည် အဏ္ဏဝါနန်းတွင်း တမူဟန်လို ညွတ်ပျောင်းငြိမ့်ညောင်းလှသည်။

သူတို့ချစ်သော ကေရီကို အဏ္ဏဝါကဟန်ဖြင့် ဖြေဖျော်လျက်ရှိသည်ဟု ကိုဖေသက်က ထင်သည်။ အဘယ်ကြောင့်ဆိုသော် သူ့ဘေးတွင်ယှဉ်၍ ရပ်နေပါသော မိန်းမငယ်ကို ဤကမ်းခြေ၏ ကေရီဟု သူက ထင်သောကြောင့် ဖြစ်သည်။ သူတို့ရောက်နေသော အချိန်မှာ ပင်လယ်စခန်းပျော်တို့ အနားယူချိန် အပန်းဖြေချိန်ထက် အတန်ငယ် စောနေသေး၍ လူရှင်းလျက်ရှိသည်။

သူတို့တတော့အလုပ်ခွင်သို့ မဝင်ခင်ကိုယ်ပိုင်တည်းခိုအိမ်သို့ လာရောက်ကာ လည်ပတ်ကြခြင်းဖြစ်၏။

ကိုဖေသက် စိတ်ထဲတွင်သာ ဤကမ်းခြေ၏ ကေရီသဖွယ် တင်စားထားပါသော်လည်း မိန်းမငယ်သည် သူ့ကိုသော်လည်းကောင်း၊ သူတို့၏ ပတ်ဝန်းကျင်ကိုသော်လည်းကောင်း ဘယ်ကဲ့သို့ ထင်မြင်ယူဆနေ သည်ကို သူမသိပေ။

ညွတ်ပျော့သော လက်ကို ဆန့်တန်း၍ သန္တာကျောက်တန်းများကို လက်ညှိုးညွှန်ကာ မိန်းမငယ်သည် သူ့ကို စကားဆိုနေသည်။ ကိုဖေသက်ထင်သလို ကေရီတို့၏ စိုးမိုးရင့်မာသောအသံလည်းမဟုတ်၊ ပျော့ညံ့လွင်နန်းသော နန်းတွင်းသူဟန်လည်း သူ့အသံက မဟုတ်ပါပေ။ တကယ်တော့ သာမန်အရပ်သူလိုပင် သူ့အား စကားဆိုနေခြင်း ဖြစ်၏။

"ပင်လယ်ဆိုတာ လှိုင်းရှိမြဲပဲ၊ ပင်လယ်လှိုင်းဟာလဲ ဘယ်တော့မှ မသေးဘူး။ အသံရှိန်ဟာလဲ တကယ်တော့ သိပ်ပြင်းထန်





တာပဲ။ ဒါပေမင့် ဒီသန္တာကျောက်တန်းကြီးတွေကို ထိခတ်ပြီးမှ ကမ်းခြေကို ရိုက်ခတ်ရတော့ အရှိန်ညံ့သွားတယ်နော်၊ မောင်းမကန် ကမ်းခြေကို လှိုင်းလုံးကြီးတွေဒဏ်က ကာကွယ်ထားသလို ဖြစ်နေတာပေါ့။ ရေချိုးတဲ့ သူတွေအတွက်လဲ လှိုင်းပုတ်သက်သာတယ်၊ တကယ်တော့ဒီသန္တာကျောက်တန်းကြီးတွေဟာ ကျေးဇူးတင်စရာပါဘဲလေ"

မိန်းမငယ်သည် သန္တာကျောက်တန်းကြီးများကို ကျေးဇူးစကား ဆိုလိုက်၏။

"ဟုတ်ပါတယ် ခင်ဗျာ"

"ရှင် အလုပ်နားချိန်ဆို ဒီကို ခဏ ခဏ ရောက်လာသလား"

"ခဏခဏတော့မဟုတ်ပါဘူး၊ တခေါက်ထဲပါပဲ၊ မမဆွေတို့ နယ်ကုန်ပြန်သွားပြီး ကျွန်တော့်ကို ဒီလွှတ်လိုက်တော့ အလုပ်ကလဲ အသစ်လို ဖြစ်နေတယ်၊ မြိတ်နဲ့ ထားဝယ်ကူးနေတာနဲ့မအားဘူး၊ ဒီကိုသကြံန်ကုန်းက တခါပဲ လာခဲ့တာပါ"

"ဩော် . . . ရှင်အဖို့လဲဒီနေရာဟာ စိမ်းပါဘူးနော်၊ မတွေ့ဘူး မရောက်ဖူးတဲ့ နေရာမှ မဟုတ်ဘဲ၊ ဆွေလဲ တစ်ခေါက်ရောက်ခဲ့ဖူးတယ်၊ ဒါပေမင့် ဟန်းနီးမွန်းအနေနဲ့ ရောက်တာမဟုတ်ဘူး"

"ဟုတ်ကဲ့ ခင်ဗျာ"

"ကိုလေးကလေ . . . တို့များ ဒီမှာ အကြာကြီး နေရမှာပါတဲ့၊ ထားဝယ်နဲ့ မောင်းမကန်ဟာ အိမ်ဦးနဲ့ကြမ်းပြင်လို ဖြစ်နေတော့ ခဏခဏ ရောက်မှာတဲ့၊ ဒီတော့ တို့နှစ်ယောက်အဖို့ ဟန်းနီးမွန်းဟာ မောင်းမကန်လို နေရာကိုရွေးဖို့ မလိုဘူးတဲ့လေ၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



သူက သူတကာတွေလိုဂဲ ရှမ်းပြည်နယ်ကို မသွားချင်ဘူးဆိုပြီး ဆွေတို့ ဘယ်တို ဟန်းနီးမွန်း ထွက်တယ် ထင်သလဲ"

သူသည် ခေါင်းခါပြလိုက်၏။

"ချင်းတောင်၊ ချင်းတောင်ကို ထွက်ခဲ့ကြတယ်၊ ဆွေတို့ သွားတဲ့အချိန်မှာ ဖလမ်းအထိ ကားပေါက်ပြီ၊ ကိုလေးက ခရီးဖြင်းဖြင်း တောင်တက်ခရီးကို သွားရမှာမို့ဆိုပြီး၊ သူက အိမ်က ဂျစ်ကားကို တခါထဲသဘော်နဲ့တင်ယူသွားတာ၊ ရှင် ချင်းတောင်ကို မရောက်ဖူးရင် သွားသင့်သေးတယ် . . ."

"ကျွန်တော်လဲ မမဆွေနဲ့အတူ ချင်းတောင်ကို ဟန်းနီးမွန်းအနေနဲ့ဘဲ သွားချင်ပါတယ်" ဟု စိတ်ထဲကသာ ပြောလိုက်မိ၏။ တကယ်တော့ ပါးစပ်က ဒီလိုမပြောရဲပါ။

"ဟုတ်ကဲ့၊ တစ်ခါတော့ သွားလိုက်ဦးမယ်၊ စိတ်ကူးတယ်" ဟုသာပြောရင်း သူသည် သောင်ပြင်ပေါ်သို့ ဆက်လက်လျှောက်သွားသောသူ၏ ကေရီအပါးတွင် ယှဉ်တွဲလိုက်ပါသွား၏။

"ပင်လယ်အလှ နဲ့တော့ တောင်တန်းအလှဟာ မတူဘူးပေါ့လေ၊ တစ်မျိုးစီ လှကြတာပဲ၊ ဒီက ဆောင်းတွင်းမှာ ပင်လယ်ပြင်နဲ့နီးတော့ အအေးပေါ့တယ်၊ အိုး . . . ဖလမ်းမှာလေ သိပ်ကိုချမ်းတာ၊ ခိုက်ခိုက်တုန်နေတာဘဲ၊ ဒါပေမင့် ဆွေတော့ ပျော်တယ်၊ နှင်းဖုံးနေတဲ့ ကနေဒီတောင်ထွတ်ကို ကျွန်မရဲ့ မျက်စိထဲမှာ အမြဲပဲ မြင်ယောင်နေတယ် ခက်သားလားနော်၊ သာသာယာယာ ရှုမျှော်ခင်းတွေကို တွေ့နေရမှ စိတ်ချမ်းသာတယ်လို့ တချို့လူတွေက ထင်တယ်၊ ကိုဖေသက်ရော ဘယ်လိုထင်လဲ. . ."





ရုတ်တရက် ရှောင်တခင် မေးခွန်းကြောင့် သူသည် ဖြေရဖို့ နှုတ်လေးနေ၏။ တကယ်တော့ဖြေဆိုရန် ခက်ခဲသော မေးခွန်း မဟုတ်သည်ကို ကိုဖေသက်သိ၏။

"မရောက်ဖူးရင်ဖြင့် အသစ်ဖြစ်နေတဲ့ ရှုခင်းကို မြင်တဲ့အခါ အပြောင်းအလဲကြောင့် စိတ်ကြည်နူးမယ်လို့ ထင်တယ်"

"အင်း ဟုတ်ပါရဲ့ စိတ်. . . စိတ်. . . စိတ်ဆိုတဲ့ သဘောက အင်မတန် ခက်တာဘဲနော်"

သူသည် ပင့်ဆက်ရှိက်ကာ ကျောက်ခုံတစ်ခုပေါ်တွင်ထိုင်လိုက်သောကြောင့် ကိုဖေသက်ကလည်း မျက်နှာချင်းဆိုင် သဲပြင်ပေါ်တွင်ထိုင်ချလိုက်သည်။

"အို . . ကျွန်မငရဲကြီးနေပါဦးမယ်၊ ရှင်ဒီဘက်ကကျောက်ဖြားပေါ်မှာထိုင်ပါ၊ ကျွန်မကို ရှင်ဆက်ဆံနေရတာ ပင်ပန်းနေသလို၊ ဝန်လေးနေသလိုပဲ . . . နော်"

"မဟုတ်ပါဘူး မမဆွေ၊ ကျွန်တော်ဟာ မမဆွေကို လေးစားရမှာပါ"

"လေးစားတာကိုတော့ ကျေးဇူးတင်ပါတယ်လေ၊ ကျွန်မတို့ဟာ အလုပ်တူလုပ်ရမှာပါ၊ ဒီကိုကျွန်မ မလာခင်မြစ်ကြီးနားဘက်တို ထွက်သွားတယ်၊ ကျွန်မညီမလေးမေမျိုးငွေနဲ့လဲ တွေ့ချင်လို့ပဲ၊ စိတ်လဲသက်တောင့်သက်သာဖြစ်မလားလို့၊ သူက မေခနဲ့ မေလိခ မြစ်ဆုံကိုလိုက်ပို့တယ်၊ ခုကျွန်မက မြန်မာပြည်ရဲ့တောင်ဘက် အနီးဆုံးနေရာကို ရောက်လာပြန်ပြီ၊ ဖေဖေကြီးတို့က ကျွန်မ အကြောင်း သီးသန့် ဘာပြောလိုက်သေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ထွေထွေထူးထူးတော့မပြောပါဘူး၊ အစ်ကိုလေး ကိုလေးကြိုင်နဲ့ဒီမှာ မမဆွေ နေရချိန်ဟာ တနှစ်တောင်မပြည့်တော့ အလုပ်သဘောရယ်လို့တော့ မဟုတ်ဘူး၊ ခဏအလည်သွားသလို ဖြစ်နေတယ်တဲ့၊ ကျွန်တော်က မမဆွေတို့ ရန်ကုန်အိမ်ကြီးကို ပြန်သွားချိန်မှာ အလုပ်ဆက်ခံရသူ ဖြစ်နေတော့ မမဆွေ ထက်တော့ အလုပ်သဘောမှာ ကျွမ်းကျင်နေပြီးသားဖြစ်နေတယ်တဲ့၊ ဒါပေမင့် မမဆွေဟာ သေသေချာချာတာဝန်ယူရင် ဒီလုပ်ငန်းတွေကို အုပ်ချုပ်နိုင်မှာမို့ ကျွန်တော်အားကိုး နိုင်ပါတယ်တဲ့"

"ဟာ . . . ဟ"

သူသည် တကယ်ရယ်သလား၊ လှောင်ရယ် . . ရယ်သလား မသိသော ရယ်နည်းမျိုးနှင့် ရယ်လိုက်ပြီးမှ . . .

"ဖေဖေကြီးကလေ၊ သူ့ချွေးမအရည်အချင်းကို ရှိတာထက် ပိုမျှော်မှန်းထားတတ်တယ် ထင်ပါရဲ့၊ ကိုဖေသက်က ကျွန်မကို အားကိုးနိုင်ပါတယ်တဲ့၊ ဩော် ဖေဖေကြီး ဖေဖေကြီး . . . အင်း တကယ်တော့လဲဖေဖေကြီးဟာ မဆိုးဘူး၊ ဒီ့ ‌လ သူတို့မိသားစု တစ်စုလုံးဟာ တကယ်ရေရှည် ဆက်ဆံကြည့်တော့ မဆိုးပါဘူး လေး ကိုဖေသက်ကော ဘယ်လိုထင်လဲ"

"ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်က မမဆွေလို သူတို့အိမ်သားတစ်ယောက်အနေနဲ့နေခဲ့ရဖူးတာမဟုတ်ပါဘူး၊ ကိုကိုကနေတစ်ဆင့် ဒီအိမ်အကြောင်းကိုသိရသရွေ့တော့ မမဆွေပြောသလိုဘဲ မဆိုးပါဘူး၊ ကိုကိုကလဲကျွန်တော်တက္ကသိုလ်မှာ ဒီဂရီရပြီး လခစား အလုပ်လုပ်မယ့်အတူတူ ဒီမှာ လုပ်ဖို့ပြောတယ်၊ သူ့ဇနီးကလဲ





ကျွန်တော့်ကိုသဘောတူလို့ ကျွန်တော်အလုပ်သမား တယောက်အနေနဲ့ ရောက်လာတာလား . . ."

"ကိုဖေသက် အစ်ကို ကိုလွန်းဘော်ဟာ ဖေဖေကြီးအတွက် တကယ့်ကိုအားကိုးရတဲ့ သားမက်ဘဲ၊ ကျွန်မ ယောင်းမကြီးဟာ အလုပ်အကိုင်အုပ်ချုပ်မှုမှာရော၊ အကျင့်စာရိတ္တမှာရောတော်တဲ့ သူတယောက်ကိုရထားတော့ သိပ်ကံကောင်းတာဘဲ၊ တချို့က အလုပ်အကိုင်လုပ်ငန်းခွင်မှာတော့ တော်ပါရဲ့၊ ကျွန်အချိန်၂၄ မိနစ်၊ အရက်ခတွေနဲ့အချိန်ကုန်တတ်တယ်၊ ကိုဖေသက် တော်တဲ့အကြောင်းလောက်ဘဲ ဖေဖေကြီးက ပြောပါတယ်၊ သူ့အစ်ကို ကိုလွန်းဘော်လိုပါဘဲတဲ့၊ သူတို့ကလဲ ကျွန်မကို ဒီရာဘာခြံတွေ လွှဲအပ်ချင်တဲ့အကြောင်း ပြောလိုက်ပေမယ့် ကျွန်မကိုယ်တိုင်တော့ ရှေ့ဘယ်လိုခရီးဆက်သွားမယ်ဆိုတာကို ဘာမှ တိတိကျကျ မဆုံးဖြတ်မိသေးဘူး၊ အေးလေ အရှည်လက်တွဲဖို့အတွက် အလုပ်အတူ လုပ်ရင်း တယောက်သဘော တယောက်နားလည်လာကြမှာပါ၊ ဒီ့ တော့မှ ရေရှည်အတွက်ဖြစ် မဖြစ်သိရမှာဘဲ၊ ကြိုတင်စိုးက်မော နေလို့လဲအပိုပဲ၊ ဟော . . . အဝင်းလိုက်လာပြီ။ ကျွန်မတို့ ရေကူးဦးမယ်"

သူလက်ညှိုးထိုးပြရာသို့ ကိုဖေသက်သည် ကြည့်လိုက်၏။ မေမျိုးဆွေနှင့်အတူလိုက်ပါလာသော အိမ်ဖော်မိန်းကလေးသည် ရေကူးဝတ်စုံများကို ယူကာ သူတို့ဆီသို့ လာနေ၏။

"ရေကူးပြီး မမဆွေတို့ မနက်စာစားဖို့ ကျွန်တော် စီစဉ်ထားမယ်"

www.burmeseclassic.com



"အိုး . . . ဒီအတွက် ပူမနေပါနဲ့၊ အဝင်းတယောက်လုံး ပါပါတယ်"

"ကျွန်တော်က အိမ်ရှင်ပါ၊ ပါးစပ်နဲ့ စီစဉ်တာပါ၊ တကယ်လုပ်တာက ကျွန်တော့်ရဲ့စားတော်ကဲကြီး ကိုဘာစူးပါ။ တရုတ်ပေမင့်မြန်မာစာရော၊ အနောက်စာရော၊ ကုလားလိုရော သိပ်အချက်အပြုတ် တော်တာပဲ၊ ကျွန်တော် . . . သွားဦးမယ်"

သူသည်တည်းခိုအိမ်ဘက်သို့ ပြန်လာ၏။ မနက်စာအတွက် အဆင်သင့်ပြင်ထားရန် ကိုဘာစူးအား သူမှာခဲ့ကာ တယောက်တည်း ရေချိုးဖို့ ထွက်သွား၏။

တကယ်ပင် အလုပ်သဘောလောက်သာ ဦးဘာကြိုင်သည် သူ့ဆွေးမမေမျိုးဆွေကိုမှာလိုက်လေသလား မသိ၊ ဆွေသည်တဖို့တဝတ်များ ရင်ထဲမှာ ဖုံးကွယ်ထားလေသလား။ သူ့ကိုတော့ အန်ကယ်ဦးဘာကြိုင်ရော သူ့အစ်ကို ကိုလွန်းဘော်နှင့် မရီးဖြစ်သူ မြမြကြိုင်ကရော၊ အသေးစိတ် ပြောကြားလိုက်၍ သူ့စိတ်ထဲမှာ မလုံမလဲ ဖြစ်နေရခြင်း ဖြစ်သည်။

နံနက်စာ ထမင်းဝိုင်းတွင်မူ မမဆွေသည်အပြာရင့်ရောင် ထမီနှင့်ဆွယ်တာအဖြူကို ဝတ်ထား၏။ အဝင်းသည် ဆွေလောက်ပျော့ပျောင်းနူးညံ့ဟန်မရှိ၊ တုတ်တုတ်ခိုင်ခိုင် မြင့်မြင့်မားမားဖြစ်၏။ သူသည် ဆွယ်တာနှင့်ထမီကို အဝါရောင်ဆင်တူဝတ်ထား၏။ အဝင်းကိုကြည့်ရသည်မှာ အိမ်စေတစ်ယောက်နှင့်မတူ၊ မေမျိုးဆွေ၏ညီမငယ်တယောက်သဖွယ်ဝတ်စားဆင်ယင်၍ဆွေ့အပေါ်ဆက်ဆံပုံကတော့ ရိုညွတ်လေးစားကာ အရေးပေးပုံရသည်။





"ကဲ မမဆွေအဖို့ ကျွန်တော်ဟာ မောင်းမကန်ရဲ့ဟင်းတွေနဲ့ အထူးမိတ်ဆက်ပေးဖို့ မလိုပါဘူး၊ ချမ်းချမ်းနဲ့ တရုတ်ဟင်းချို ပူပူကိုသာ အရင်သောက်ပါ"

"ဟုတ်ကဲ့ တချို့က ဒီပင်လယ်ကမ်းခြေက ကမာကြော်တို့ ဆိပြန့်တို့ကို များများစားရင် ဝမ်းကိုက်တယ်၊ မူးတယ်နဲ့ရှောင်တယ်၊ ကျွန်မတော့ စားတာဘဲ၊ ကျွန်မတို့မြစ်ဝကျွန်းပေါ်က ငါးရဲ့ အူလိုပေါ့။ ကျွန်မတော့ ငါးရဲ့အူဆူဆူကို မန်ကျည်းနှစ်နဲ့ ချက်စားတာပဲ၊ ဒီထားဝယ်မှာ ကျွန်မ သိပ်ကြိုက်တာက အုန်းနှလပတ်ရည်ပေါ့၊ အုန်းသီးဖွန်းခြစ်ကို အုန်းရည်နဲ့ သကြားဖျော်ပြီး ရေခဲနဲ့သောက်ရတာ သိပ်အရသာရှိတာဘဲ"

"ရန်ကုန်မှာဆို ဖေဖေကြီး အလုပ်နားချိန် နေ့လယ်မှာ အဝင်းခဏခဏ လုပ်ပေးရတယ်"

အဝင်းသည် သူလုပ်နေကျ ရန်ကုန်အိမ်မှ အလုပ်ကို ပြောပြ၏။

"နောက်တော့လဲ အဝင်းဟာ ကျွန်မတို့နဲ့အတူ လုပ်ဖော်ကိုင်ဖက် ဖြစ်လာမှာပါ၊ ကျွန်မရဲ့ဒ၊ဝင်းဟာ အင်မတန် အားကိုးလောက်တဲ့ အရည်အချင်း အပြည့်ရှိပါတယ်၊ မမကြီးရဲ့လက်ရုံးပေါ့"

အဝင်းသည် ဆွေက သူ့ကို ပွဲထုတ်ချီးကျူး၍ ရှက်ပြုံးလေးပြုံးလိုက်၏။

"စိတ်ချပါ၊ ထမင်းစားပြီး နားကြပါဦး၊ အိပ်ရာက နိုးရင် မမဆွေတို့ ကြိုက်တတ်တဲ့ အုန်းသီးဖွန်းခြစ်ဖျော်ရည်ကို ကိုဘာစူး လုပ်ပေးပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူသည် နံနက်စာစား၍အပြီး မေမျိုးဆွေတို့ နားချိန်တွင် သူလဲ အိပ်ခန်းထဲသို့ ဝင်ကာ ကျောဆန့်နေလိုက်၏။ နေ့လယ် အိပ်ရာထတွင် သူ၏ လက်စွဲတော်ကြီးသည် မေမျိုးဆွေ ကြိုက်တတ်သော အုန်းသီးဖွန်းခြစ် ရေခဲနှင့် ရောစပ်ထားသည်ကို အိမ်ရှေ့ဆင်ဝင်ခန်းတွင် ပြင်ထား၏။ မကြာခင်ပင် မေမျိုးဆွေ ရောက်လာ၏။

“အဝင်း ချမ်းလို့တဲ့၊ ကော်ဖီပူပူသောက်ပြီး ကမ်းစပ်ဘက်ကို ထွက်သွားတယ်၊ ကိုဘာစူးမိန်းမနဲ့ ခရုလဲ ကောက်ချင်သေးတယ်တဲ့၊ သူ့အဖို့တော့ ပင်လယ်ကမ်းခြေဟာ ဒီတခါ ပထမဆုံး ရောက်ဖူးတာ၊ ဒါကြောင့် သိပ်စိတ်ဝင်စားနေတယ်”

ပါးစပ်က ပြောရင်း မေမျိုးဆွေသည် ကုလားထိုင်တွင် ထိုင်ချလိုက်၏။

“ဆွေကတော့ ချမ်းချမ်းစီးစီးဆိုပေမင့် အုန်းသီးဖွန်းခြစ် ဖျော်ရည်ကို ရေခဲနဲ့ပဲ သောက်ချင်တယ်”

“မမဆွေ ကြိုက်သလို သောက်ပါ၊ ပြီးတော့ ခဏ နားပြီး ကော်ဖီပူပူနဲ့ ငါးမုံ့ကြော်တို့ လက်ဖက်သုတ်တို့ စားကြတာပေါ့ . . .”

ကိုဖေသက်သည် ဆွေနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်ရင်း ဖျော်ရည်ဖန်ခွက်ကို လှမ်း၍ ပေးလိုက်၏။ ဆွေ၏ စကားပြောဟန်သည်လည်း ပွင့်လင်း၍ ရဲရင့်၏။ သူ့မျက်လုံးများသည် တောက်ပဝင်းလက်စွာ စကားပြောစဉ်တွင် လှုပ်ရှားသွားကြ၏။





လေသံကမူ ပျော့ပျောင်းသည်။ ညိုမှောင်သော မျက်ခုံးအောက်တွင် ခေတ်မိန်းကလေးများလို ဘာမှ အရောင်ခြယ်မထားပေ။ နှာတံ သွယ်တန်းနေသော်လည်း ဖြောင့်ဖြောင့်ကြီး ပေါ်လွင်သော နှာတံမျိုးမဟုတ်ပါပေ။ ပါးလွှာသော နှုတ်ခမ်းများမှာတော့ နှင်းဆီသွေးမရှိ၍ အလှအနည်းငယ် လျော့နေပုံရသည်။ အသားမှာ ရိုးရိုးဖြူသည်ထက် သွေးရောင် လျော့ပါးနေသောကြောင့် ပွင့်သစ်ဦးပန်းလို တောက်ပ၍ မနေပေ။ တကယ်တော့လည်း မေမျိုးဆွေသည် ငုံစဖူးစ ပုရစ်သစ်ပွင့်လွှာ မဟုတ်ပေဘဲ။ သောက်လက်စ ဖန်ခွက်ကို ရှေ့တွင် ချလိုက်ရင်း မေမျိုးဆွေသည် ခပ်ရဲရဲပင် စကားစပြော၏။

“ရာဘာခြံက အိမ်ကိုရောက်ရင် အလုပ်တွေ စရမှာ၊ ဘယ်လိုဘဲ ဒီအလုပ်တွေကို၊ ဆွေ ကိုလေးနဲ့ အတူလာနေတုန်းက အတွေ့အကြုံရှိတယ် ဆိုပေမင့် ခုအသစ်က ပြန်စရမလို ဖြစ်နေတယ်။ ခုအချိန်ဟာ ကျွန်မတို့နှစ်ယောက်အဖို့ အားလပ်ချိန် ဆိုပါတော့ . . .”

“ဟုတ်ကဲ့”

“ကိုဖေသက်အဖို့ ပြောစရာတွေ ရှိသလား၊ မရှိသလား မသိပေမင့် ကျွန်မ ကိုဖေသက်ကို ပြောချင်တာတွေ ရှိတယ်”

“ပြောစေချင်ပါတယ် ဆွေ၊ ကျွန်တော်ဟာ မမဆွေပြောမယ့် စကားတွေကို စိတ်ဝင်စားနေပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဝင်စားမယ်ဆိုတော့ ပြောအား ရှိပါတယ်၊ ကိုယ့်အကြောင်းပဲ ကိုယ်ပြောချင်တာပါ။ ရှင်ဟာ ကျမကို အသေးစိတ်တော့ မသိသေးပါဘူး၊ ကိုလေးဇနီးတစ်ယောက် အနေနဲ့ဘဲ သိထားသေးတာပါ၊ တကယ်လို့ တချို့အကြောင်းတွေဟာ စိတ်ဝင်စားစရာမဟုတ်လဲ သည်းခံ နားထောင်ပါ"

မေမျိုးဆွေသည် သူက မတောင်းဆိုရဘဲ စပြောခြင်းမှာ အကြောင်း တခုခုရှိ၍ ဖြစ်သည်ကိုတော့ ကိုဖေသက် နားလည်လိုက်ပါသည်။

❑



## အခန်း [ ၂ ]

မွှေးပျံ့သော ပန်းရနံ့များသည် ခြံထဲတွင် သင်းပျံ့လျက်ရှိ၏။

နံနက်စောစောကကျထားသော နှင်းမှုံများသည် နေခြည်ဦးနှင့် ထိတွေ့သောအခါ ကျယ်ပြန့်သောမြက်ခင်းပေါ်တွင် ပုလဲမှုံများ ဖြန့်ကြဲထားသလို တလက်လက်တောက်ပနေသည်။

ခြံဝင်းတံခါးနှင့် အိမ်မကြီးမှာ အတန်ငယ်လှမ်းနေ၍ အိမ်ထဲမှအသံများကို ခြံဝင်းဝမှ မကြားနိုင်သလို ခြံဝင်းဝမှ ခေါ်သံကိုလည်း အိမ်မကြီးထဲမှ ရုတ်တရက် မကြားနိုင်ပေ။

မြင့်မားသော သံတံခါးဝ အပြင်ဘက်မှ မိန်းမငယ်နှစ်ဦးသည် သူတို့ရောက်ရှိနေကြောင်း အသံပြုလိုပေမင့် မည်သူ့နာမည်ကို အော်ခေါ်ရမည်မှန်း မစဉ်းစားတတ်သလို ဖြစ်နေသည်။

"တစ်ယောက်ယောက် မလာမချင်း အဲဒီမှာ ရပ်နေမှာလား၊ မေဝင်းကို ဘကြီးညိုပေးထားတဲ့ လိပ်စာအတိုင်း အော်ခေါ်လိုက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



အသက်ငယ်ပုံရသော မိန်းကလေးသည် စိတ်မရှည်သလို ပြောလိုက်၏။

"လိပ်စာထဲကနာမယ်ကအိမ်ရှင်သူဌေးရဲ့နာမယ်ဟ၊ သူ့နာမယ်ကို အော်ခေါ်လို့ ဘယ်ကောင်းမလဲ၊ ရိုင်းရာကျမှာပေါ့"

ရန်ကုန်မြို့တွင် အိမ်ရှင်သူဌေးကြီးများအား ဘယ်လိုဆက်ဆံရမည်ကို သိရှိနားလည်ထားပြီးဟန်နှင့် အစ်မလုပ်သူက ပြန်ပြောလိုက်၏။

"ဟော ဟော လာနေပြီ လာနေပြီ၊ မိန်းမတစ်ယောက် လာနေပြီ"

ပန်းခြင်းကိုင်ထားသော အမျိုးသမီးတစ်ယောက်ကို လှမ်းမြင်လိုက်၍ ညီမငယ်သည် ဝမ်းသာအားရ ပြောလိုက်၏။

သူတို့ လှမ်း၍မြင်သော အမျိုးသမီးသည် ခြံတံခါးဝသို့ လျှောက်လာ၏။

"ဒီအိမ်ဟာ ဦးဘကြိုင် ဒေါ်ပန်းထည်တို့ အိမ်လား"

အစ်မကြီးဖြစ်သူသည် သူတို့ရပ်နေရာ ခြံတံခါးဝသို့ရောက်လာသော အမျိုးသမီးကို လှမ်း၍ မေးလိုက်၏။

"ဟုတ်ပါတယ်"

မိန်းမငယ်သည် ချိုသာစွာ ဖြေဆိုလိုက်သည်။ အသံကသာ ချိုသာရုံမဟုတ်၊ ကိုယ်ဟန်ကလည်း လမ်းလျှောက်ပုံကအစနုနယ်ပျော့ပျောင်းလှသည်။

"ဟို ကျွန်မတို့က အလုပ်လုပ်ဖို့လာတာပါ၊ ဒီဘကြီးညိုပေးတဲ့ လိပ်စာအတိုင်း လာခဲ့တာ"





"ဝမ်းသာလိုက်တာ၊ မမကြီးက ပြောပြထားပါတယ်၊ ဒီမနက် မိန်းကလေးနှစ်ယောက် လာမယ်တဲ့၊ မင်းတို့က ညီအစ်မသား၊ ရုပ်ချင်းတူလိုက်တာ"

"ဟုတ်ပါတယ်၊ သူက ကျွန်မထက် အငယ်"

"အေးအေး၊ လာလာ မမကြီးကလဲ မင်းတို့ကို မြင်ရင် ဝမ်းသာမှာ"

အမျိုးသမီးသည် ပိတ်ထားသော မှတ်တိုင်အနားရှိ မလွယ်တံခါးကိုဖွင့်ပေးလိုက်သောကြောင့် အဝင်းတို့ညီအစ်မသည် ခြံဝင်းထဲသို့ ဝင်လာကြ၏။ သူတို့လျှောက်လာသော မြေနီလမ်းဘေးတွင် ကျယ်ပြန့်သော မြက်ခင်းစိမ်းကြီးသည် ဆင်ဝင်အောက်အထိ ရှည်လျားလှ၏။ ပေတရာခန့်မျှပင် လျှောက်သွားရသည်။ ပန်းခြင်းကိုင်ထားသော အမျိုးသမီးသည် အိမ်ထဲဧည့်ခန်းသို့ သူတို့အား ခေါ်သွားကာ နေရာပေး၍ အိမ်ထဲသို့ဝင်သွားတော့သည်။

ဒီလိုအိမ်ကြီးမျိုးကို အဝင်းသည် ခဏခဏ ရောက်ခဲ့ဖူး၏။ တစ်ထပ်တိုက် သေးသေး ပုပုလေးများတွင် နေဖူး၏။ လခစားများ နေသော အိမ်ခန်းများတွင်လည်း ကျင်လည်ခဲ့ရဖူးပြီ။ တစ်ခါတရံ လက်ဖက်ရည်ဆိုင်နှင့် ထမင်းဆိုင်ပိုင်ရှင်များ၏ အိမ်များကိုလည်း သူရောက်ခဲ့ဖူး၏။ ကုန်သည်လို အိမ်ရှင်များမှာ ငွေကောင်းသော်လည်း အနေအထိုင် ညစ်ပတ်၍ အလုပ်များသောဈေးသည်၊ ပွဲရုံ၊ ထမင်းဆိုင်ရှင်နှင့် ခေါက်ဆွဲသည်တရုတ်များ၏ အိမ်ဖြစ်သည်။

ယခုသူတို့ရောက်လာသော ဦးဘကြိုင်အိမ်သည် အဝင်မှ မြင်ရသော မြင်ကွင်းလှသလို အိမ်တွင်းမှာလည်း စိတ်ချမ်းမြေ့

www.burmeseclassic.com



ဖွယ်ကောင်းသော အိမ်မျိုးဖြစ်ပါစေဟု အဝင်းက ဆုတောင်းမိ၏။

"မင်းတို့က ဦးလေးညို လွှတ်လိုက်တာလား"

ဒုတိယအကြိမ် လာရောက်နှုတ်ဆက်သော အမျိုးသမီးမှာ ဝဝတုတ်တုတ်၊ ဖြူဖြူဖွေးဖွေးဖြစ်၏။ ပန်းခြင်းကိုင်လာသော ပထမမိန်းမငယ်လို မဟုတ်။ ကြွဲကြွဲ ခိုင်ခိုင်နှင့် စကားပြော သွက်လက်လှ၏။ လမ်းလျှောက်ပုံကလည်း ဖျတ်လတ်လျင်မြန်လှသည်။ သူ၏အသံနှင့် လှုပ်ရှားပုံများသည် ဤအိမ်ကြီးတွင် စိုးပိုင်လွှမ်းမိုးသော ဟန်ပန် အပြည့်အဝရှိပုံရသည်။

"ကဲ လာကြ မင်းတို့အတွက်နေရာ မမကြီး ပေးမယ်"

သူတို့ ညီအစ်မနှစ်ယောက်သည် မမကြီးဆိုသူနောက်သို့ လိုက်သွားကြသည်။ အိမ်ကြီးသည် ကြီးမားကျယ်ပြန့်၍ အိမ်လယ်ရှိ ခန်းမကြီးမှာ ရှေးမြန်မာသူဌေးများအိမ်လို အလှူဒါန၊ မင်္ဂလာ အခမ်းအနား လုပ်နိုင်အောင်ကို ကျယ်ဝန်းလှသည်။

နောက်ဘက်လှေကားမှသူတို့တက်သွား၍ မီးဖို၏အပေါ်ထပ်တွင် သူတို့ညီအစ်မအား နေရာပေးသည်။

"နာမည်တွေကရော"

"ကျွန်မနာမည်က အဝင်းပါ၊ ညီမလေးနာမယ်က မသန်းအေးတဲ့"

"အေးကွယ်၊ အဝင်းကတော့ ဒီအခန်းမှာနေပါ။ မသန်းအေးကတော့ တို့များအဒေါ် ဒေါ်ဒေါ်စိန်နဲ့ တူတူအိပ်ပါနော်၊ ဒေါ်ဒေါ်စိန်က ဘုရားဆောင်နဲ့ ကပ်ရက်အခန်းမှာအိပ်တယ်၊ သူ့ရဲ့ဝေယျာဝစ္စကိုလဲ မသန်းအေးလုပ်ပေးပါကွယ်။ မဝင်း... တာဝန်ကတော့ မီးဖိုချောင်နဲ့ မမကြီးကို ကူညီဖို့ပါဘဲ၊ တ...





ပြီးတော့ တို့များအိမ်ကြီးအကြောင်းနဲ့ မင်းတို့ လုပ်ငန်းကို နားလည်လာမှာပါ။ ညက သင်္ဘောပေါ်မှာ အိပ်ရေးပျက်သေးလား။ ခရီးပန်းရင်လဲ ခဏနားကြဦး၊ ပြီးတော့မှ မီးဖိုခန်းကို ဆင်းလာနော် . . ."

မမကြီးဆိုသူမှာ သူတို့ကိုနေရာပေး၍ အောက်ထပ်သို့ ဆင်းသွားတော့သည်။

"ပန်းခြင်းကိုင်လာတဲ့ မိန်းမက ပိုပြီး ချောတယ်နော် မမဝင်း၊ သူတို့နှစ်ယောက်စလုံး စကားပြောတာနူးညံ့လိုက်တာနော် . . ."

မသန်းအေးသည် စိတ်ချမ်းသာသွားသလို ပြောလိုက်၏။

"အေး . . . မိသန်းအေး၊ နင်ပျော်ဖို့ အရေးကြီးပါတယ်"

အဝင်းသည် အနီးရှိကွပ်ပျစ်ပေါ်တွင် ကျောဆန့်ရင်း ပြောလိုက်၏။ သူ့အတွက်က ထူးခြားခြင်းမရှိသော်လည်း ညီမလေးအတွက်မူ အိမ်ရှင်ကောင်းများနှင့် တွေ့စေချင်သည်။ အဘယ့်ကြောင့်ဆိုသော် မိသန်းအေးအဖို့ ယခုအကြိမ်သည် ပထမဆုံးအကြိမ် မြို့သို့ တက်လာခြင်းဖြစ်၏။

ဤလို နှင်းများဝေသော နံနက်ခင်းတိုင်းလိုလို အဝင်းသည် ဇာတ်ပျောချောင်းရွာကလေးကို ခဏခဏ ခွဲခွာခဲ့ရသောကြောင့် အဝင်းအဖို့ မထူးဆန်းလှပါ။

ဆောင်းနှောင်း၍ လာလျှင် စပါး ရိတ်သိမ်းသော ကိစ္စက လယ်တောတွင် ပြီးပြတ်သွားပြီဟု ဆိုရပေမည်။ အဖေ့ကို သူတို့ မောင်နှမတစ်စု ကူညီရန် မလိုတော့ပေ။ ခပ်ငယ်ငယ်ကတော့ ဆောင်းနှောင်းတွင် လယ်ကိစ္စပြီးသောအခါ အင်းသူကြီး ဦးညိုတို့ဆီသို့ သူတို့ ညီအစ်မတတွေနှင့် ရွာမှ မိန်းမဖော်တွေ



www.burmeseclassic.com

www.burmeseclassic.com



မားမတို့ တချောင်းစီနှင့် သွားကြ၏။ ငါးဖျင်းသလက်များ လှိုင်လှိုင်ကြီး ဖမ်းရချိန်ဖြစ်သည်။ လတ်လတ်ဆတ်ဆတ် စိမ်းစို သောငါးများကို မြို့သို့ နံနက်စောစောတင်ပြီးပြီ ဖြစ်သော်လည်း ငါးများက ပိုလျှံနေသည်။

ထိုငါးတွေကိုခေါင်းဖြတ်၍ ငါးဖျင်းသလက်ခြောက်လုပ်ရ၏။ အဝင်းတို့ခေါင်းဖြတ်သမားတွေမှာ လက်ခဟူ၍မရ။ ဖြတ်ရသမျှ ခေါင်းများကို ပိုင်ဆိုင်ခွင့်ရှိသည်။ ထိုငါးခေါင်းကို ငါးဆီ ချက်၍ရောင်းစားရသည်။ ငါးဖျင်းသလက်ခေါင်းသည် သေး သော်လည်း ဆီထွက်ကောင်းသည်။

ယခု အဝင်းအသက် ၂၀ ကျော်၍ အရွယ်ရောက်လာသော အခါ အမေက တစ်မျိုးစီစဉ်၏။ ငါးခေါင်းမဖြတ်ခိုင်း၊ အဝင်းကို ရန်ကုန်သို့ပို့၍ အိမ်စေအလုပ် လုပ်ခိုင်းသည်။ ထို့ကြောင့် ဆောင်း နှောင်းနှင်းများဝေသော နံနက်တိုင်းလိုလို အဝင်း သူတို့ငှက် ပျောချောင်း ရွာကလေးကို ခွဲခွာ၍ ထွက်လာရစမြဲဖြစ်သည်။

ယခုတစ်ခေါက်တော့ သူ့ညီမလေးမိသန်းအေးပါ သူနှင့်အတူ ပါလာသည်။ အမေသည်မြို့တွင် ဘယ်အိမ်နေရမည်ကို သူ ကိုယ်တိုင် စီစဉ်သည်။ သူမအားလျှင်အိမ်စေပွဲစား အရီးပုနှင့် အဝင်းကို ထည့်တတ်သည်။

သုံးလေးနှစ်ရှိပေပြီ။ အိမ်စေပွဲစားအရီးပုလက်သို့ အဝင်းတို့ ထည့်ရန်မလို။ အဝင်းသည် မြို့သို့ သူ့ဖာသာသွားတတ်ရုံမက သူနေရန်အိမ်ကိုလည်း သူ့ဖာသာ ရှာဖွေရွေးချယ်တတ်၏။ မြို့သို့ ဟူ၍ ဆိုရခြင်းမှာ ရန်ကုန်မြို့ထဲသို့ အဝင်း သွားရခြင်းမဟုတ် ပုသိမ်၊ မြောင်းမြ၊ ဝါးခယ်မ၊ ရန်ကုန်၊ ပဲခူးအထိ အဝင်းမြို့စုံ၍





နေပေပြီ။

အိမ်ရှင်များနှင့်လည်း ပွဲစားအရီးပုမှတစ်ဆင့် ဆက်ဆံပြောဆို စရာမလိုတော့ပေ။ အဝင်းအကြောင်းကို အဝင်း နေဖူးသော အိမ်ရှင် တိုင်းလိုလိုသိသည်။ ငွေရေးကြေးရေးနှင့် ပတ်သက်လာလျှင် အဖေတို့ အမေတို့ အခြေအနေလိုက်၍ လယ်အတွက် ငွေလိုလျှင် သုံးလစာအတွက်လည်း ပိုယူတတ်သည်။ ခြောက်လစာ အတွက် လည်း တစ်ခါတည်း ကြိုတင်ယူတတ်သည်။

အဝင်း အလုပ်လုပ်သော ရန်ကုန်မြို့ အိမ်ရှင်များကလည်း အဝင်းဆိုလျှင် ယုံကြည်သည်။ ပွဲစားက တစ်ဆင့်ဆက်သွယ်ရ သည်က အိမ်ရှင်များတွက် စိတ်ညစ်စရာများသည်။ အိမ်စေများ ရသဲ့ လခအဦးဆုံးတစ်လခကို ပွဲစားများက ဖြတ်ယူသည်သာ တော မိန်းကလေးများရှာဖွေပေးခအနေနှင့် အနည်းဆုံးတစ်ရာနှင့် သုံးရာကြား အိမ်ရှင်များထံမှ ပွဲစားများက တောင်းယူသည်။ အိမ်ရှင်များနှင့် ဆက်ဆံရေး မပြေလည်လျှင်ဖြစ်ဖြစ်၊ တခြား အိမ်ရှင်တစ်ယောက်ကငွေပိုပေးလျှင်ဖြစ်ဖြစ် ပွဲစားတို့သည် ပညာ ရှိကြ၏။

"အဖေက တက်နေ၍၊ အဖေမြွေကိုက်ခံရ၍၊ အစ်မ လုပ်သူ ကလေးမွေးရင်းက သေငယ်ဇောနှင့် မြောနေ၍"

. . . စသည်ဖြင့် '၍'တွေ'၍'တွေအကြောင်းပြကာ အိမ်စေ လေးများကို ကတိထားသော လမစေ့ခင် ခေါ်ယူသွားတတ်၍ အိမ်ရှင်များသည် ပွဲစားများကို မဆက်ဆံလိုကြ၊ လူမှုရေးဖြစ် နေတော့လည်း အိမ်ရှင်များသည် တင်းတင်းမာမာ မလုပ်နိုင်ရုံ



www.burmeseclassic.com

www.burmeseclassic.com



မကာ ပြန်မထည့်လိုသော အိမ်ရှင်နှင့်တွေ့လျှင် ပွဲစားများက ဘယ်တိုင်၊ ညာတိုင် ရပ်ကွက်ကောင်စီနှင့် အိမ်ရှင်ကိုလှည့်တိုက် ပေးတတ်သေးသည်။ အိမ်ရှင်များလည်း စိတ်မချမ်းသာရ။ အိမ်ဖော်မိန်းကလေးများ၏ ရှာနေမိဘများလည်း လခအပြည့် မရ။ အိမ်စေမိန်းကလေးများသည်လည်း စိတ်ညစ်ရနှင့် ကြား ထဲက ပွဲစားများသာ စားသာကြသည်။

ထို့ကြောင့် ပွဲစားမလိုသော၊ ဆက်ဆံရေးနှင့် ရိုးရိုးဖြောင့် ဖြောင့်ဆက်ဆံတတ်သော အဝင်းကို နေဖူးသော အိမ်ရှင်တိုင်းက ကျေနပ်သည်။

ရန်ကုန်ဆိုသည်မှာ ဇိမ်ခံချင်တာတွေ ဘေးချိတ်၊ တကယ့်ကို လင်ရောမယားရော အလုပ်ဆင်းရသော အိမ်၊ ကလေးနို့စို့နှင့် လူမမယ်များ ကျန်ရစ်သောအိမ်တွင် အိမ်ဖော်က မထား၍ မဖြစ်ပါချေ။ နေ့ကလေးထိန်းကျောင်း ဆိုသည်ကလည်း အစစ ခပ်သိမ်း ရပ်ကွက်တိုင်းလိုလို အဆင်ပြေအောင် ဖွင့်လှစ်မပေးနိုင် ချိန်တွင် အိမ်စေနှင့် အိမ်ရှင်မ ပြဿနာမှာ ရှိမြဲရှိနေ၏။

တချို့အိမ်ကျပြန်တော့ ရင်သွေးပြဿနာထက် မိအို ဘအို ပြဿနာက ပို၍အရေးကြီး၏။ ကလေးထိန်းကျောင်းလို၊ လူအို ထိန်းကျောင်းကိုလည်း ပို၍မဖြစ်သေး။ ကျန်းမာသော မိအိုဘအို များထက် မကျန်းမာသော မိအို ဘအိုရှိသူတို့အတွက် အိမ်စေ ပြဿနာသည်ရှိမြဲဖြစ်၏။

အဝင်းသည်ကလေးငယ်ကိုလည်း နပ်စ်ခေါ် သူနာပြုဆရာမ နီးနီး သန့်ရှင်းစွာ ထိန်းတတ်၍ လူအိုများကိုလည်း စိတ်ရှည်စွာ





[illegible]တတ်၏။

ထို့ကြောင့် အဝင်းနေဖူးသော အိမ်ရှင်များက အဝင်းကို [illegible]ကျေနပ်နပ် ယုံကြည်စွာ ဆက်ဆံကြခြင်းဖြစ်သည်။

သို့သော် ယခုတလော ရွာကို ခွာရမည့်အခါတိုင်း အဝင်း [illegible]ခဏငိုရ၏။ အဖေသည် အဝင်းငိုရသည့်အကြောင်းကိုသိ၏။ အဝင်းဘက်က အဖေက ထောက်ခံပြောဆို၏။

"ဟုတ်သားဘဲ မယ်ခင်၊ မင်းက တိုက်ရိုက် ဆက်ဆံရတာ မဟုတ်ဘူး၊ ငါ့သမီးက အိမ်ရှင်နဲ့တိုက်ရိုက်ဆက်ဆံရတာ၊ မျက်နှာ [illegible]ရတာ၊ ကောင်မလေးတွေ မျက်နှာပျက်အောင် မင်းက ဝင် မလုပ်ပါနဲ့ . . ."

"ကျုပ်က ဘာဝင်လုပ်လို့လဲ၊ ဒီလိုဘဲ တခြားကောင်မလေး တွေလုပ်နေကျ။ သိန်းရှင်တို့ညီအစ်မတွေကြည့်ပါလား၊ ဒီနှစ် မိုး ကျခင် အိမ်ပြင်ပြီးပြီ၊ ပြီးတော့ ရွှေတွဲလွဲ ငွေတွဲလွဲနဲ့ . . ."

"သိန်းရှင်အမေလုပ်တိုင်း မလုပ်ဖို့မလိုပါဘူး၊ သိန်းရှင် အမေက သမီးတွေကို ရန်ကုန်ပို့ပြီး သူကလဲ မော်လမြိုင်ဘက် ကူးသေးတာ၊ သူ့သမီးနေတဲ့ တရုတ်သူဌေးအိမ်က ရွှေတစ်ခေါက် သယ်ပေးရင် အတွက်ကျ သိန်းရှင်အမေကို ပေးတာကို . . ."

ဒေါ်မယ်ခင် စကားပြန်မပြောခင် အဝင်းက ဝင်ပြော၏။

"အဝင်းသဘောက အမေလဲ မှောင်ခို ရွှေချ မပေးပါနဲ့၊ မှောင်ခိုရွှေသယ်ပေးရအောင် အမေအလုပ်လုပ်တာလဲ အဝင်း ကြည့်ချင်ပါဘူး။ ဒါပေမင့် စိတ်အညစ်ဆုံးက အဝင်း စိမ်းစိမ်း တားကား မလုပ်ချင်ဘူး။ အမေ ငွေလိုချင်တယ်ဆို၊ အဝင်း ကြိုတောင်းပေးတာပဲ၊ ကိုယ်ဒုက္ခရောက်နေတုန်း သူ့ကူသလို

www.burmeseclassic.com



သူတို့မှာလဲ အိုနာကိစ္စနဲ့ ကသိကအောက်ဖြစ်နေတုန်း အဝင်းက အကြောင်းပြပြီး ပြန်မလာချင်ဘူး”

“အောင်မယ်၊ အလကားပြန်လာရလို့လား၊ ကြိုတင်ယူထားတဲ့ ငွေချေပြီးမှ ပြန်လာခဲ့ရတာ . . .”

ဒေါ်မယ်ခင်က တရှိုက်ရှိုက် ငို၍ပြောနေသော သမီးကို ငေါက်၍ ပြောလိုက်၏။

“မယ်ခင်၊ မင်းသမီးပြောတာကို မင်း သဘောမပေါက်ဘူး။ မင်းက အရိုးပုအချိုး၊ ပွဲစားအချိုး ချိုးချိုးပြီး ပိုက်ဆံ အကြောင်းပဲ ပြောပြောနေတာ၊ ငါ့သမီး ပြောနေတာက ပိုက်ဆံမဟုတ်ဘူး. . .”

“ဘာ” ဒေါ်မယ်ခင်သည် လင်ဖြစ်သူ ဦးတုတ်ကို လှည့်၍ ငေါက်ပြန်သည်။

“မင်းက အခုပြန်ခဲ့၊ ကြိုတင်ယူထားငွေပေးလိုက်နဲ့၊ တကထဲ ငွေသဘော၊ ပိုက်ဆံသဘောပြောနေလိုက်တာ၊ မိဝင်းပြောတာက တခါထဲ ပြတ်ပြတ်တောက်တောက် ကြိုတင်ယဲ လူမရှာရသေးနဲ့ အိမ်ရှင်ကို ကသိကအောက်ထားခဲ့ပြီး သူက ပြန်လာခဲ့ရတဲ့ အလုပ်မျိုး မလုပ်ချင်ဘူး၊ မလုပ်ရက်ဘူးလို့ ပြောနေတာ၊ နားလည်လား . . .”

“ပြီးတော့ အမေ့ဟာက ဘာမှလဲ မဖြစ်ဘဲနဲ့ အဝင်း ညာရတာ . . .”

အဝင်းသည် သူ့ရင်ထဲရှိသည်ကို ဖွင့်ပြောလိုက်၏။ မှန်သည်။ မနှစ် နွေနှောင်းက ဝင်ဆာလမ်းက ဆရာမ ဒေါ်နွဲ့အိမ်တွင်





အလုပ်လုပ်နေဆဲ၊ အမေတက်၍အမြန်ပြန်လာပါဆိုသောကြောင့် အဝင်းကသုတ်ကရက်နှင့် ပြန်လာခဲ့ရ၏။ ဒီကျ သူ့အမေက ဘာမှမဖြစ်။ ကြိုတင်ယူငွေကို ပြန်ပေးလိုက်၏။ တစ်ခြားအရာရှိ တစ်ယောက်အိမ်က တစ်လုံးတစ်ခဲထဲ အမေက ငွေယူထားပြီးဖြစ်သည်။ ထို့ကြောင့် ဝင်ဆာလမ်းအိမ်က ကြိုတင်ယူငွေကို လျှော်နိုင်ခြင်းဖြစ်သည်။ သို့သော် ဝင်ဆာလမ်းအိမ်က ဆရာမမှာ နောက်လူစား မရခင် ဖခင်အို လေငန်းသမား တစ်ဖက်၊ နို့စို့ကလေးတစ်ဖက်နှင့် စာမေးပွဲနီးချိန်တွင် ဖရိုဖရဲ ထားခဲ့ရသော အဖြစ်ကို အဝင်းက စိတ်မကောင်းပေ။

အမေထားပေးသော တခြားအရာရှိအိမ်က ဆရာမ ဒေါ်နွဲ့အိမ်လို စည်းကမ်းမရှိ။ လူများရသည့်အထဲ ညဘက် အရာရှိတွေ ဘင်းနစ်စုရိုက်၊ ၈-နာရီလောက် ပွဲအပြီး အရက် သောက်ကြသေးသည်။ အရက်ပွဲပြီးမှ ထမင်းကိုဆက်၍စားသည်။ ပန်းကန်အိုးခွက်သိမ်းရ၊ ဆေးကြောရနှင့်၊ မနက် ကလေးရှစ်ယောက် ကျောင်းမသွားခင် စားဖို့နှင့် လူကြီးများအတွက် ပြင်ဆင်ထားရသည်များကြောင့် အဝင်း ညတိုင်းလိုလို ၁၂ နာရီ ထိုးခါနီးမှ အိပ်ရသည်။ စနေ တနင်္ဂနွေနားရတော့မလိုလိုနှင့် ကတော်ကြီးများ၏ ဖဲဝိုင်းက ရှိလာပြန်တော့ ထိုနှစ်ရက်ကပို၍ ပင်ပန်းသေးသည်။ လခက ဆရာမဒေါ်နွဲ့အိမ်ထက် ၅၀ိ သာ ပိုရသည်။ အမေက အဝင်းပင်ပန်းသည်ကို နားမလည်၊ တစ်လကို စာရေးမနီးနီး၊ ၁၅၀ိ ရသည်ကို သဘောကျရုံမက၊ ခြောက်လစာ ပိုယူထားလိုက်သောကြောင့် ဒေါ်မယ်ခင်အနေနှင့် တွက်သားကိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဝင်းကွယ်ရာတွင် ဦးတုတ်က အိမ်ကလည်း ပြင်ပြီး၍ ငွေသိပ်မလိုလှ၊ အဝင်းကြိုက်သောအိမ်တွင် အဝင်း စိတ်တိုင်းကျ နေစေရန် ဒေါ်မယ်ခင်ကို နားချ၏။ မရ။ ဒေါ်မယ်ခင်ကို သူ မနိုင်။

"မင်းဟာ ဘာထူးသေးလဲ ပွဲစားမ၊ သမီးတွေကို ငှားစားတာဘဲ" ဟုပြော၍ လင်မယား ထသတ်ကြသည်။ အဝင်းသည် သူ့ကြောင့် အဖေနှင့်အမေ ထသတ်ရသည့်အဖြစ်ကို မကြည့်ရက်ပါ။

ယခုတစ်ခါ အမေထားပေးသော အိမ်ကြီးကမူ အဆင်ပြေကောင်းပါရဲ့။ အဝင်းသည် ခါးဆန့်ရင်းမှ အမေ့အကြောင်းကိုပြန်တွေးနေမိခြင်းဖြစ်၏။ ပြီးတော့မှ လက်ရှိ သူတို့ရောက်လာသော အိမ်ကြီးကို စိတ်ပြန်ရောက်လာ၏။ သူတို့ညီအစ်မ နှစ်ယောက်အား နံနက်က ရောက်ရောက်ချင်း ခရီးဦးကြိုပြုသော ပန်းခြင်းကိုင် မိန်းမငယ်ကိုမူ အဝင်းသည် ပို၍ စိတ်ဝင်စား၏။ အသားအရေမှာ နေမထိ၊ လေတိုက်မခံသော ဖြူလျော်ဖျော့တော့သည့်အသွင်ရှိ၏။ စကားလုံးနှင့် စကားပြောသော ဟန်ပန်မှာမူ အမျိုးသမီး နှစ်ယောက်လုံး ယဉ်ကျေးသိမ်မွေ့ပုံပေါ်၍ နှုလုံးသား၏ ကြင်နာရိပ်သည် မျက်နှာများပေါ်တွင် ထင်ရှားနေ၏။ အဘယ်ကြောင့်ဆိုသော် သူရောက်ခဲ့ဖူးသော အိမ်များတွင် အိမ်ရှင်များအား ရောက်ရောက်ချင်း နားပါဦး ဟူ၍ ဘယ်သူမှ ခရီးဦးကြို မပြုတတ်ပေ။

ခေတ္တနားနေချိန်တွင် သူက အိပ်၍မပျော်၊ ကျောဆန့်ရုံသာဖြစ်သော်လည်း မသန်းအေးကတော့ တရေးရ၏။ ရေမိုးချိုးပြီး မှောင် ညနေစောင်းအလုပ်စဝင်ကြ၏။ အဝင်းသည် မီးဖိုချောင်တွင် ချက်ပြုတ်ရင်း ပထမဆုံးတွေ့ရသော မိန်းမငယ်ကိုတွေ့လိုသော်လည်း မီးဖိုချောင်တွင် ထိုမိန်းမငယ်ကို မတွေ့ရပေ။

သို့သော် ညဥ့်ဦးထမင်းစားပြီး မီးဖိုချောင်ကိစ္စများ ပြီးချိန်တွင်မူ သူသည် ပန်းကန်ဆေးသော အခန်းနှင့် ကပ်ရက်တွင် ဆန်များကို နံနက်ဆွမ်းနှင့် အိမ်သားများအတွက် ချက်ရန် ပါးလုံးရွေးချယ်နေစဉ် သူတွေ့လိုသော မိန်းမငယ်ကို တွေ့ရ၍ ဘာ့ကြောင့်မှန်းမသိ ဝမ်းသာသွားသည်။

"မင်း နာမည်က ဘယ်သူလဲ"

မိန်းမငယ်သည် ပြုံး၍ နှုတ်ဆက်ရင်း သူ့အနား လာဆိုင်၏။

"မဝင်းလို့ ခေါ်ပါတယ်။ ညီမလေး နာမယ်က မသန်းအေးပါ . . ."

"ကိုယ့်နာမည်ကတော့ မေမျိုးဆွေတဲ့၊ ဒါပေမင့် အိမ်သားတွေက ဆွေဆွေလို့ဘဲခေါ်တယ်။ မမကြီးရဲ့ နံမယ်က မြမြကြိုင်ဘဲ၊ သူက ဦးဘာကြိုင်ရဲ့ သမီးအကြီးဆုံး၊ ဆွေဆွေလဲ အဝင်းတို့နဲ့ ရှေ့ဆင့်နောက်ဆင့်ပဲ ဒီအိမ်ကြီးကို ရောက်လာတာ။ တစ်နှစ်တောင် မရှိသေးဘူး။ အဝင်းတို့ ပျော်ပါတယ်နော်။ လူများတော့ အလုပ်ကလဲ များတာပေါ့လေ"

"ဟုတ်ကဲ့၊ အဝင်း ပျော်ပါတယ်။ မမဆွေတို့အိမ်က သူဌေးအိမ်ဆိုတော့ ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်အတွက် မပူရတော့ အဝင်းတို့လဲ စိတ်ချမ်းသာပါတယ်။ တချို့အိမ်တွေကျတော့လဲ ချမ်းသာလွန်းလို့ အဝင်းတို့ကို ငှားရတာ မဟုတ်ဘူး။ လူစေ့







www.burmeseclassic.com

www.burmeseclassic.com



တက်စေ့ အလုပ်သွားရ၊ ပြီးတော့ ဈေးဖိုးသက်သာနိုင်သမျှ သက်သာပါစေ သဘောနဲ့ တဘက်က ပ-ပ-ကဆိုင်တွေကိုလဲ အားကိုးနေရသေးတာ မဟုတ်လား။ ဆန်ဆိုပြန်တော့ လူများတဲ့ အိမ်ဟာ အပြင်က ပုသိမ်ဆန်တို့ ငကျဲဆန်တို့ကောင်းကောင်းဝယ် မစားနိုင်တော့ ပ-ပ-က ဆန်ကို အားကိုးရတာ။ အဲဒီ ပ-ပ-က မှာ ဆန်စောင့်ရ အိမ်သုံးပစ္စည်းတချို့ထုတ်ဖို့စောင့်ရတဲ့ အိမ်မှူး နေရတာလောက် စိတ်ညစ်တာ မရှိပါဘူး။ အိမ်စေဆိုတာ သူများခိုင်းတာလုပ်ရတာတော့ ဟုတ်ပါတယ်၊ ဒါပေမင့် မမဆွေ ရယ် အဲဒီဆိုင်က ရေနံဆီတို့၊ ဆန်တို့ ထုတ်ပေးတဲ့နေ့ဆို အဝင်းတို့မှာ တနေကုန် အချိန်ကုန်နဲ့ အိမ်အလုပ်လဲ လစ်ဟင်းရပြန်ရော . . ."

ဆွေဆွေသည် စပယ်ဖူးလေးများကို သီရာမှ ပင့်သက်လေး ရှူလိုက်၏။ အဝင်းစပါးလုံးရွေးပြီးအချိန်လောက်တွင် သူလည်း နို့ဆီဘူး ၂ ဘူးခန့် စပယ်ဖူးများကို အသွယ်လိုက် အသွယ်လိုက် သီလိုက်သည်မှာ အကုံးတိုလေး ၂၀ လောက် ရသည်။ ရေဆွတ်ထားသော ပိတ်စအဖြူလေးများနှင့် စပယ်ဖူးများပေါ်သို့ အုပ်ပြီးမှ ဆွေဆွေသည် အိမ်ပေါ်သို့ တက်သွား၏။

မနက်တွင် မသန်းအေးသည် အဝင်းရွေးထားသော ဆန်ထဲမှ ဘုရားနှင့် ဆွမ်းခံကိုယ်တော်များအတွက် ဆွမ်းတစ်အိုး ထချက်ရသည်။ ပြီးတော့ ဆွမ်းတော်ကို ဘုရားအတွက်ပြင်၍ ဆွေဆွေညက သီသော စပယ်ကုံးများကို ဘုရားဆောင်သို့ ပို့ရသည်။ နံနက်တွင်မူ စပယ်ဖူးလေးများသည် အုပ်ထားသော ရေစိုအဝတ်အငွေ့ဖြင့် ပွင့်လာကြသည်။





မနက် ၅ နာရီတွင် ဦးဘာကြိုင်၏ ဇနီး ဒေါ်ပန်းထည်နှင့် နှမအပျိုကြီး ဒေါ်စိန်ညိုတို့ ဘုရားထရှိခိုးကြသည်။

၆ နာရီခွဲတွင် ဒေါ်ပန်းထည်တို့ သမီးယောက်မနှစ်ယောက်၊ တန်းဆွမ်းကိုယ်တော်များကို ဆွမ်းလောင်းနေဆဲ အဝင်းကတော့ မီးဖိုချောင်တွင် ရှုပ်ပစ်၍ နေတော့သည်။

နို့စစ်စစ် ငါးဖန်ခွက်သတ်သတ် ကလေးများအတွက် နောက်ဖက် သီးသန့်ခန်းတွင် ပြင်ထားရ၏။ လူကြီးများအတွက်တော့ ကော်ဖီတစ်အိုး၊ ပေါင်မုန့်မီးကင်၊ ထောပတ်သုတ်ကို ထမင်းစားခန်းမကြီးတွင် ပြင်ထားရသည်။

"မာမီ၊ ထောပတ်မကြိုက်ဘူး၊ သားကြီးဖို့ စထရော်ဘယ်ရီဂျင် သုတ်ပေးပါ"

"မီးမီးကို ထောပတ်သုတ်ပေး"

ကျွတ်ကျွတ်ညံနေသော ကလေး ငါးယောက် အသံမှာ လူကြီးများ ထမင်းစားခန်း မရောက်ခင်ကထဲက ဆူညံနေသည်။

"တိတ်ကြစမ်း တိတ်ကြစမ်း၊ အဝင်း သားကြီးရဲ့ ပေါင်မုန့်မှာ နှုတ်ခမ်းသားအမာတွေ မပါစေနဲ့လေ၊ လှီးပစ်၊ လှီးပစ်"

"ဟီး ဟီး ကျွန်တော့်မုန့် ကိုကိုကြီး လုယူသွားဘီ၊ တောင်းပေး၊ တောင်းပေး"

"ဟဲ ဟော့ . . . တိတ်ကြစမ်း၊ အဝင်း တစ်ချပ်လှီးပေးလိုက်"

ကလေးများ၏ မိခင်အသံ ပေါ်လာ၏။ ကလေးများသည် ဦးဘာကြိုင်သမီးကြီး မြမြကြိုင်၏ ကလေးများဖြစ်၍ နို့စို့အရွယ်



www.burmeseclassic.com

www.burmeseclassic.com



မရှိ၊ အငယ်ဆုံးပင် ရင်ခွင်ပိုက်ကျောင်းသို့ ပို့နိုင်ပေပြီ။

"ပြန်တပ်ပေး၊ ပြန်တပ်ပေး၊ မာမီပြန်တပ်ပေး"

နို့ညာကလေး၏အသံ ပေါ်လာပြန်သည်။

"အဝင်း . . . ဘာပြန်တပ်ပေးရမှာလဲဟင်"

ကလေးများ၏ မိခင်အသံ ပေါ်လာပြန်၏။

"ဟိုဒင်း မမကြီး၊ ဘုန်းကြီး ဆွမ်းလောင်းရင်း ဒေါ်ဒေါ်စိန်က ပြောင်းဖူးပြုတ်သယ်နဲ့တွေ့လို့ ဝယ်လာတာ၊ ကလေးတွေကို တစ်ဝက်ပေးဆိုတော့ မိသန်းအေးက အစေ့ထွင်ပြီး ဆီနဲ့ဆားနဲ့ဒေါ်ဒေါ်စိန် စားသလို လုပ်ပေးတာ၊ တူးတူးက အစေ့ထွင် တာမကြိုက်ဘူး၊ အဖူးလိုက် ကိုက်စားမယ်တဲ့"

"ကဲ ဘယ်လိုလုပ်ရပါ့မလဲ"

မသန်းအေးသည် ဉာဏ်ရှိပေသား၊ နောက်ဖေးချောင်မှ ပြေးထွက်လာကာ "ရော့ ရော့ ပြန်တပ်ပြီးပြီ၊ တူးတူးစားတော့" ဟု ပြောကာ အဖူးလိုက် ချပေးသည်။

တော်ပါသေး၊ ကလေးအော်သံ တိတ်သွား၏။ မိသန်းအေးသည် ဒေါ်ဒေါ်စိန် စားမကုန်သော ပြောင်းဖူးတစ်ဝက်ကို ထိပ်ဖျားတိတိလှီးကာ တူးတူးလက်ထဲ ထည့်လိုက်ခြင်းဖြင့် ပြဿနာကပြေလည်သွား၏။

လူကြီးဝိုင်းတွင် နို့၊ ပေါင်မုန့်မီးကင်၊ ထောပတ်သုတ်၊ ကြက်ဥကြော်တို့က ယောကျ်ားလူကြီးများအတွက် အဆင်ပြေ၏။

ဒေါ်ပန်းထည် သမီးယောင်းမက နို့စစ်စစ် အီသည်ဆို၍ ကော်ဖီကျဲကျဲတစ်ခရား၊ ရေနွေးကြမ်း တစ်ကရား၊ မုံ့လိပ်ပြာ၊ မုံ့ပျားသလက်၊ မုံ့စိမ်းပေါင်း အဆင်ပြေရာ မြန်မာမုံ့တစ်ခုခုကို နှမ်းဆီမွှေးမွှေးသုတ်၍ ဆားဖြူးထားပြီး၊ သပ်သပ်ပြင် ပေးရသည်။ အခါတရံယနေ့နံနက်ကဲ့သို့ အိမ်ရှေ့ဆွမ်းလောင်းရင်း ကြုံကြိုက်၍ဝယ်လာသော ပြောင်းဖူးပြုတ်၊ ကောက်ညှင်းထုပ် ခေါ်လှီးများဆို ထည့်ပေးရသည်။

ကလေးများအမေ မြမြကြိုင်မှာ သူ့ကလေးများနှင့်သူ မနက်စာအတွက် နောက်ဖက်ဆောင်တွင် အလုပ်ရှုပ်နေဆဲ၊ ဆွေဆွေသည် ယောကျ်ားမများ၊ အဒေါ်များနှင့် ဦးဘာကြိုင်နှင့် မြမြကြိုင်ယောကျ်ားအတွက် စားသောက်စရာများကို မသန်းအေး အကူအညီနှင့် ထမင်းစား ခန်းမကြီးတွင် အားလုံး ပြင်ဆင်ပေးရသည်။

အဝင်းသည် ဒေါ်ပန်းထည်နှင့် ဈေးခြင်းကိုင်ကာ ကားတစ်စီးနှင့် ထွက်သွားချိန်တွင် မြမြကြိုင်ကလည်း ကလေးများကို ကားတစ်စီးတွင်ထည့်ကာ ကျောင်းပို့သွားရသည်။

အဝင်းဈေးမှ ပြန်လာချိန်တွင် ဆွေဆွေကို မီးဖိုချောင်တွင်မတွေ့ရသည်က များသည်။ ၁၀ နာရီလောက်မှ စားကြွင်းစားကျန် ပန်းကန်တချို့နှင့် အိမ်ပေါ်ထပ် သူ့အိပ်ခန်းမှ ဆင်းလာတတ်၏။

အဝင်းသည် သူ့အလုပ်နှင့်သူ ရှုပ်ထွေးနေ၍ ဆွေဆွေဘာကြောင့် ၁၀ နာရီလောက်မှ မီးဖိုချောင် ရောက်လာသည်ကို မမေးမိ။

ဒေါ်ပန်းထည်တို့ သမီးယောင်းမ ဟင်းလျာစီမံသဖြင့် ဈေးခြင်းတောင်းချကတည်းက တစ်ယောက်ထဲချက်ရ၊ ပြုတ်ရသည်

www.burmeseclassic.com



မှာ ချွေးဒီးဒီး ကျနေသည်။ ဦးဘကြိုင်နှင့် သားမက်အတွက်က အသားဟင်းတစ်ခွက်နှင့် ဟင်းသီးဟင်းရွက်ကြော်တစ်ခွက်ဆိုရ သော်လည်း မိန်းမအုပ်စုအတွက်ကတော့ ငါးပိချက်၊ တို့စရာ ဟင်းချိုနှင့်မလွှပွင့်သုတ်၊ သခွားသီး၊ ပဲသျှူးသနပ်၊ ဘိတ်သနပ်၊ ငဖယ်သုတ်စသည်များကို တစ်နေ့တစ်မျိုးလောက်စီ လုပ်ရသည် မှာ မလွယ်။ ခါးပူအောင် ကုန်းလုပ်မှ ၁၀ နာရီတွင် စားပွဲခုံပေါ် သို့ ဟင်းပန်းကန်အစုံ ရောက်နိုင်တော့သည်။ ယောက်ျားနှစ် ယောက်က ၁၀ နာရီတွင် အပြီးသတ် ထမင်းစားပြီး အလုပ်သွား ကြ၏။ မိန်းမများကတော့ ၁၁ နာရီမှပင် စားကြသည်။

မြမြကြိုင်သည် နောက်တစ်ပတ်ပြန်လာကာအဝင်းတို့ချက် ပြုတ်ထားသော ထမင်းဟင်းများကို ချိုင့်နှင့်ထည့်၍ ကျောင်းရှိသူ ၏ ကလေးများကို ထမင်းလိုက်ကျွေးသည်။ ကျောင်းတွင်ပင် ကလေးများကို ထမင်းကျွေးရင်း သူ့ကလေးများနှင့်အတူ မနက် စာကို စားလိုက်သည်။

အဝင်းသည် ၁၂ နာရီ မွန်းတည့်ချိန်လောက်တွင်မှ မီးဖိုကိစ္စ အပြီးသတ်သည်။

ဆွေဆွေကလည်း ၁၁နာရီလောက်တွင် သီးသန့်ပြင်ဆင်ထား သော နှစ်ယောက်စာ ထမင်းပွဲကို အိမ်ပေါ်သို့ မသန်းအေး အတူအညီနှင့် ယူသွားပြီး ၁၂ နာရီလောက်မှပင် စားကြွင်း စား ကျန် ပန်းကန်များနှင့် အောက်သို့ဆင်းလာတတ်သည်။

ဤလုပ်ငန်းများသည် ပထမတစ်ပတ် ရောက်စအတွင်းအဝင်း တွေ့ရသော သူ့လုပ်ခွင်၏အချိန်ဇယားဖြစ်၏။ ထမင်းစားပြီးလျှင်





သန်းအေး စုလာသော အဝတ်ဟောင်းများအားလုံးကို အဝင်း လျှော်ဖွပ်လှန်းလိုက်၏။ မီးပူတိုက်သည်ကိုတော့ မသန်းအေးက လုပ်၏။ ဦးဘကြိုင်နှင့် သူ့သားမက် ရှပ်အင်္ကျီကသာ ကြီးမား၍ ခက်ခဲသောကြောင့် အဝင်းက သီးသန့်တိုက်ပေးလိုက်ရသည်။

မြမြကြိုင်ယောက်ျား ကိုလွန်းဘော်မှာ ယောက္ခမကြီးနှင့်အတူ မြို့ထဲရှိ အလုပ်တိုက်ကို အလုပ်ဆင်းရသည်။ ဒုတိယသားက သံဖြူဇရပ်ရှိ ရာဘာခြံကို သွားရောက်အုပ်ချုပ်ရသူဖြစ်၍ သူ့ဇနီး နှင့်အတူ သံဖြူဇရပ်တွင် နေသည်။

ဆွေဆွေ၏ ခင်ပွန်းမှာ သားအငယ်ဆုံး ဖြစ်သည်။ အဝင်း အကဲခတ်မိသမျှတော့ -

ဆွေဆွေသည် ယောင်းမဖြစ်သူ မြမြကြိုင်နှင့်ရော၊ ယောက္ခမ များနှင့်ရော ပြေလည်ပုံရသည်။ သို့သော် တစ်ပတ်သာပြည့်လာခဲ့ ရော ဆွေဆွေ၏ တနေ့တာလုပ်ငန်းကို အဝင်း သဘောမပေါက် ခဲ့ပေ။

အဝင်းသည် လျှို့ဝှက်သည်ဖိုမပေါ့တ်သော်လည်း စုံထောက် ကြီးဦးစံရှားလိုပင် သူအလွတ်စုံထောက်လုပ်ရန် စိတ်ဝင်စားလာ၏။

ဦးဘကြိုင် အလုပ်နားသောနေ့ ဒေါ်ပန်းထည်ကလုပ်ခိုင်း၍ အုန်းရှာလပတ်ရည် သူ လုပ်ပေးရသည်။ အုန်းစိမ်းဖွန်းခြစ်၊ ငါးပါးလေးခြစ်၍ အုန်းစိမ်းရည်၊ သကြားရည်နှင့် ရေခဲရောစပ် ထားသည်ကို ဦးဘကြိုင်သည် သောက်လေ့သောက်ထရှိသည်။

အမြလိုလို သူ့အလုပ်တိုက်တွင် အလုပ်ပါးသော နေ့များ၌ တစ်ပတ်တစ်ခါလောက်အိမ်တွင် နားနေတတ်သည်၊ ကိုယ်ပိုင်



www.burmeseclassic.com

www.burmeseclassic.com



အလုပ် ဖြစ်၍ ဦးဘာကြိုင်အဖို့ သူနားချင်သော အချိန်သည် အလုပ်နား ရက်ဖြစ်၏။ သူမနားချင်လျှင် တနင်္ဂနွေဖြစ်၍ အလုပ်တိုက်ရှိ အလုပ်သမားများကိုသာ အလုပ်ပိတ်ပေးသော်လည်း သူက သားမက်ဖြစ်သူနှင့်အတူ မြို့ထဲသို့ အလုပ်ဆင်းတတ်သည်။

အဝင်းအဖို့အရက်နှင့် ရေခဲရောစပ်ပေးရခြင်း၊ အမြည်းများကြော်လှော်ပေးရခြင်းများကို လုပ်ရသည့် ပထမအရာရှိအိမ်ထွက်စာလျှင် အလုပ်များပေမင့် အရက်ကင်းသော ဦးဘာကြိုင်အိမ်ကို သူပျော်မွေ့လာသည်။ ပင်ပန်းသော်လည်း ပင်ပန်းသည် မထင်ပေ။

သို့သော် သူ့အဖို့ လိုက်လိုက်လှဲလှဲ ရွှင်ရွှင်ပျပျ မမြင်ရသော ဆွေဆွေ၏ မျက်နှာသွင်ပြင်ကိုမူ သူမြင်ရတိုင်း စိတ်မကောင်းပေ။ ထိုနေ့က ဦးဘာကြိုင်နားနေသော လသာဆောင်သို့ သူဖုန်းသီးဖွန်းခြစ်ဖျော်ရည် သွားပို့ရန်အသွား အခန်းဝ မဝင်ခင် ဦးဘာကြိုင် စကားပြောနေသံကို ကြားရ၍ သူတံခါးကွယ်မှာ ခေတ္တရပ်ခါ နားထောင်နေမိသည်။ အဘယ့်ကြောင့်ဆိုသော် ထိုစကားလုံးများထဲတွင် ဆွေဆွေ့နာမည် ပါနေသောကြောင့်ဖြစ်သည်။

"မင်းဖြစ်စေချင်သလိုတော့ အားလုံး မဖြစ်နိုင်ဘူးပေါ့၊ တစ်ခါပဲ စဉ်းစားကြည့်လေ၊ နေ့နှစ်၊ ညနှစ် ငှားထားစမ်း၊ နေ့ ၂၁ ကျပ်၊ ည ၃၀ ကျပ်ပေးနေရတာ၊ ဆွေဆွေ့အလုပ်က နှစ်ထက်ပင်ပန်းပါတယ်၊ မီးဖိုချောင်ကို မကူလို့တော့ မင်း မကြည်ဖြူစရာ မရှိပါဘူး၊ မစိန်ညိုခိုင်းသမျှ ဟိုကောင်မလေး အဝင်းက နိုင်သားပဲဟာ"





"အို မိန်းမဆိုတာ မီးဖိုချောင်တော့ ဝင်ရဦးမှာပေါ့၊ မောင်လေးကြိုင် အိပ်ပျော်နေချိန်ဆို သူ အနားနေရတာပဲ ဖြုံးတော့ . . ."

ဒေါ်ပန်းထည်စကားမဆက်ခင် အဝင်းသည် ဘာမှမကြားဟန်နှင့် ဖျော်ရည်ချိုင့်၊ ရေခဲချိုင့်နှင့် ဖန်ခွက်များထည့်လာသောဗန်းကို အခန်းထဲသို့ သယ်ယူလာ၏။ စားပွဲနိမ့်လေးပေါ်တွင် ပြင်ဆင်ပေးနေစဉ် . . . ဒေါ်ပန်းထည် အဝင်းဘက်သို့ လှည့်၍ ပြောလိုက်၏။

"အဝင်း၊ ဒီနေ့ မသန်းအေး၊ မြမြကြိုင်နဲ့ ကလေးတွေ ကျောင်းကပွဲကို လိုက်သွားလိမ့်မယ်၊ ညနေ ၄ နာရီ ဆရာဝန်လာရင် ဆွေဆွေ့ကိုကူလိုက်၊ သိလား . . . ကဲသွားတော့"

"ဟုတ်ကဲ့"

အဝင်းသည် ဝမ်းသာသွား၏။ ကမန်းကတန်း အောက်ထပ်သို့ ပြေးဆင်းလာသည်။ မီးဖိုဆောင်အဝတွင် ဆွေဆွေကို တွေ့ရသည်။

"မမဆွေ၊ ဒီညနေ ၄ နာရီ ဆရာဝန်လာမယ်တဲ့၊ မေမေကြီးက မမဆွေကို အဝင်းကူလိုက်ပါတဲ့၊ မိသန်းအေးနဲ့ မမမြနဲ့ ကျောင်းကပွဲသွားမလို့"

သူသည် ဝမ်းသာစရာအကြောင်းမဟုတ်ဘဲ ဝမ်းသာအားရ ပြောလိုက်၏။

"ဩော် ဟုတ်လား ရေနွေးအိုးအကြီးသာ ဆွေဆွေတို့ရေချိုးခန်းဝ လာထားပေးပါအဝင်း၊ နောက် တစ်နာရီလောက်



www.burmeseclassic.com

www.burmeseclassic.com



ကြာမှ ဆွေဆွေရဲ့ အိပ်ခန်းတံခါးကို လာခေါက်နော်"

"ဟုတ်ကဲ့"

အဝင်းသည် ရေနွေးအိုးအကြီးကို သယ်ယူပေး၍ နောက် တစ်နာရီလောက်အကြာတွင် ဆွေဆွေ၏အိပ်ခန်းတံခါးကို ခေါက် လိုက်၏။ အိမ်ကြီး၏ ရှည်လျား၍ ကျယ်ပြောသော အပေါ်ထပ် အခန်းများတွင် ဆွေဆွေတို့ လင်မယားနေသော အခန်းမှာ အပေါ်ထပ် နောက်ဆုံးအခန်းဖြစ်သည်။

သူဝင်သွားချိန်တွင် အဝင်းသည် ဆွေဆွေကို ပြုံးရွှင်သော မျက်နှာလေးနှင့် တွေ့ရ၏။ ခုတင်ပေါ်တွင်တော့ လူမမာ တစ် ယောက်၊ ဘာတွေပြောမှန်း အဝင်းကနားမလည်။ လူနာသည် လေဖြတ်နေဟန်ရှိ၍ စကားကို ပီသအောင် ပြောနိုင်ပုံမရပေ။ ကိုယ်လက်များက လှုပ်ရှားနေသော်လည်း ပုံမှန်လှုပ်ရှား နေပုံ မဟုတ်၊ အကြောဆွဲသလို ဖြစ်နေ၍ နို့ပန်းကန်ကိုပင်ဆွေဆွေက လက်ကကိုင်၍ တိုက်ပေးနေသည်။ လူနာတစ်ကိုယ်လုံးသည် မွှေးကြိုင်သင်းပျံ့၍ အဝတ်များလဲပြီး ဖြစ်သည်။

"ကလေးလေး ဒီနေ့ရေပဝ်တိုက်ပြီးပြီ၊ ဆရာဝန်လာမယ် သိလား၊ ဒီရာဘာအခင်းက အသစ်စက်စက် လဲထားတာ၊ ဆီး သွားရင် ဆွေဆွေကိုပြောနော်၊ သတိထားမှာပေါ့၊ အိပ်ရာပေါ် ပေါက်ချရင် ဆရာဝန်က ညစ်ပတ်တာ မကြိုက်ဘူး . . ."

ဆွေဆွေသည် စိတ်ရှည်လက်ရှည်နှင့် ပြုံးပြုံးရွှင်ရွှင် သားငယ် လေးတယောက်ကို မိခင်ကပြောနေသလို သူ့ယောက်ျားကို ပြော နေသည်။ အဝင်းကို လှမ်းကြည့်ရင်း . . .

☺ ပြုံးစာပေ ☺



"အဝင်းရယ်၊ ရေနွေးအိုးရော၊ အဝတ်ဟောင်းရော ယူသွား ပါ။ ဆွေလေ ဒီနေ့ ရေချိုးခန်းမဆေးရသေးဘူး၊ နံစော်နေတာ ပဲ အဝင်းတစ်ခါထဲ ဆေးသွားပါ၊ ပြီးတော့ ဆရာဝန်လာချိန် စောင့်ပြီး ဆေးအိတ်ပါ အပေါ်ထပ်ကို သယ်ယူလာပါနော်"

လူနာ၏ ရှေ့တွင် ပြုံးသော အပြုံးမျိုးကို အောက်ထပ်တွင် အလုပ်လုပ်စဉ် ဆွေဆွေပြုံးသည်ကို အဝင်းမမြင်ရပေ။

ဆရာဝန် လာချိန်တွင် တကယ့် သူနာပြု ဆရာမအတိုင်း ဆွေဆွေသည်· စာရင်းဇယားနှင့် ရေးမှတ်ထားသော လူနာ မှတ်တမ်းကို ဆရာဝန်အားပြလိုက်၏။ ဆရာဝန်သည်ကြည့်ရှု၍ အကြောဆေးတစ်လုံး ထပ်ထိုးကာ ကျွေးရန်ဆေးများကို ထပ်မံ ပေး၍ ဆွေဆွေကို အားပေးစကား ပြောကာ ပြန်သွားတော့ သည်။

ညဘက်တွင်ဆွေဆွေနှင့် အဝင်းဆုံချိန် ရောက်လာပြန်သည်။ စပယ်ဖူးချိန်ကုန်၍ ဆွေဆွေ ပန်း မသီတော့။ နံနက် စောစော ရောက်မှ ခြံထဲဆင်း၍ သင့်လျော်သောပန်းများကို မသန်းအေး ကို ခူးပေး၏။ ယနေ့သူ့လက်ထဲတွင် ဆွယ်တာ ထိုးလက်စ ပါ လာသည်။

စပါးလုံးရွေးသူနှင့် ဆွယ်တာထိုးသူ၊ စကားထွေရာပြောကြ ပြန်သည်။

"မမကြီးက ပြောတယ် မမဆွေ ဒီတစ်ပတ် မိသန်းအေးကို ကျောင်းကပွဲပြပြီးပြီတဲ့။ နောက်တစ်ပတ်အဝင်းကိုရုပ်ရှင်ပြမယ်တဲ့"

အဝင်းသည် စတင်စကား ဆိုလိုက်သည်။

☺ ပြုံးစာပေ ☺

www.burmeseclassic.com



"အေး . . . ကောင်းသားပဲ၊ အဝင်းလိုက်သွား၊ မမကြီးဟာ ဆတ်ဆတ်ထိမဆိုးပါဘူး၊ သူ့အိမ်မှာ အိမ်စေ မိန်းကလေးတွေ ပျော်အောင် လုပ်တတ်ပါတယ်"

"မမဆွေ လိုက်ခဲ့ပါလား"

ဆွေဆွေသည် သက်ပြင်းချ၍ ယဲ့ယဲ့လေးပြုံး၏။

"ကိုလေးကြိုင် ဒီရောဂါစရကတဲက ဘာရုပ်ရှင်မှမကြည့်ချင်တော့ဘူး၊ ကြည့်လဲပျော်စရာလို့မထင်တော့ဘူး၊ သူ့ကိုတစ်ယောက်ထဲ အိမ်မှာချန်ရစ်ခဲ့တာကိုလဲ သနားသလိုဘဲ"

"မမဆွေနဲ့ရပြီး ဘယ်လောက် ကြာတော့ ကိုကိုလေးက ဒီရောဂါရလဲ"

"ခြောက်လ"

"အစက အကောင်းလား၊ အဝင်းမေးတာ စိတ်မဆိုးပါနဲ့နော် မမဆွေ"

"စိတ်မဆိုးပါဘူးအဝင်းရယ်၊ အကောင်း၊ အကောင်းလို့ထင်တာပဲ"

အဝင်းသည်မေးချင်တာတွေ တသီကြီးပေါ်လာ၏။ မေးသင့်မမေးသင့်လည်း သူ့ကိုယ်သူချိန်နေ၏။ ဆွေဆွေကရင်းရင်းနှီးနှီးနေ၍သာ သူ့ကိုအရောတဝင် စကားပြောနေသည်။ တကယ်တော့ဆွေဆွေသည် ဦးဘာကြိုင်၏ သားသမီး သုံးယောက်ဖြစ်သော မြမြကြိုင်၊ ကိုလတ်ကြိုင်နှင့်ကိုလေးကြိုင်တို့တွင် အထွေးဆုံး ကိုလေးကြိုင်၏ ဇနီးဖြစ်သည်။ သူ၏အိမ်ရှင်သခင်မတစ်ဦးပင်ဖြစ်၏။ ဆွေဆွေကသခင်မကြီးလိုမနေ၊ သူငယ်ချင်းလိုနေသည်ကို အခွင့်အရေးယူ၍ စပ်စုမေးမြန်းသည်ဟု သူ့ကိုများအထင်လွဲလေ





လား၊ သို့သော် သူသည် အရဲစွန့်၍ မေးလိုက်၏။

"ဘာက စဖြစ်တာလဲ"

"ဆရာဝန်တွေက ပိုသိဘာပေါ့ကွယ်၊ ရောဂါဖစ်မြစ်ကိုတော့ သေချာင်ပါနဲ့တော့လေ။ သူ့ကိုကြည့်ရတာ ဒါ့ထက်တော့ဆိုးဝါးမယ်မထင်ဘူး၊ ဒါပေမင့် ဒါထက် ပိုကောင်းလာလိမ့်မယ်လို့တော့ မမဆွေမမျှော်လင့်တော့ဘူး၊ ဆရာဝန်က သူ့ကွယ်ရာမှာ မေမေကြီးတို့ ဖေဖေကြီးတို့ကို ပြောပြတာ မမဆွေ ကြားပြီးပြီ၊ ပြီးတော့လဲသူတို့ဟာ၊ ထိတ်ထိတ်ကျဲတွေဆိုတော့ ငွေကိုလဲ ရေလိုသုံးပြီး ကုခဲ့ပြီးပြီ။ မမဆွေလဲလူနာစိတ်ခာတ်မကျအောင် သူ့ရှေ့ပြုံးနေရတာ၊ ကွယ်ရာမှာတော့ ရုပ်ရှင်တွေ ဘာတွေကြည့်ချင်ဖို့ နေနေသာသာ ပြုံးချင်တဲ့စိတ်တောင် မရှိတော့ဘူး"

အဝင်းသည် မေးခွန်းများ အများကြီး မေးလိုသော်လည်း သူ့လည်ချောင်းဝတွင် ဘာကြောင့်မှန်းမသိ၊ အားလုံးတစ်ဆို့နေသည်။ သူက မမဆွေနဲ့လက်မထပ်ခင်က အကောင်းလားဟု မေးခွန်းကိုမေးရာ "အကောင်း၊ အကောင်းလို့ထင်တာပဲ" ဟု မရေမရာဖြေပုံထောက်တော့ လက်မထပ်ခင်က မေမျိုးဆွေနှင့် ကိုလေးကြိုင်သည် တဦးနှင့်တဦး ရင်းရင်းနှီးနှီး သိကျွမ်းကြပုံမပေါ်၊ မိဘပေးစား၍ ယူလိုက်ရဟန်လက္ခဏာရှိသည်။ သို့သော် ဘယ်လိုပင်ဖြစ်စေ ဆွေဆွေကို ကိုလေးကြိုင် အနားတွေ့ရစဉ်က တကယ့်သူနာပြုဆရာမလေးသဖွယ်၊ ရွှင်ပြုံးဖျတ်လတ်စွာ ပြုစုယုယခြင်းကို တွေ့ရသည့်အတွက် ဆွေဆွေကို သူကြည်ညိုမိ၏။ လေးစားမိ၏။ သူနှင့်တွေ့ချိန် ညဦးရောက်မှ ဆွေဆွေမျက်နှာသည် ရင်ထဲမှာခံစားရသောဝေဒနာကို ဖော်ပြသလိုမှိုင်းနယ်ညှိုး

www.burmeseclassic.com



နွမ်းနေသည်ကိုတွေ့ရသောကြောင့် ဆွေဆွေ့အပေါ် ကရုဏာတပိုလာဖြန်သည်။

ထို့ကြောင့် ဤအိမ်ကြီးတွင် သူနေရသည့် အချိန်ပိုင်းမှာတော့ ဆွေဆွေ စိတ်ချမ်းသာရေးကို သူတတ်နိုင်သမျှ ကူညီသွားတော့မည်ဟုဆုံးဖြတ်လိုက်၏။ ထိုဆုံးဖြတ်ချက်မှတပါး အိမ်စေလေးတစ်ယောက်အနေနှင့် သူ့မှာလုပ်ပိုင်ခွင့်အာဏာ ဘာမှမရှိပါပေ။

"အဲ အဲ အဲဒီနှစ်ယောက်ကိုမြင်ရတာ ငါစိတ်ချမ်းသာလိုက်တာဟယ်" ဆို၍ ပြောပြောဆိုဆိုနှင့် မြမြကြိုင် သူ့တို့စကားပြောနေရာသို့ ဝင်လာသည်။

"အဝင်း၊ မမကြီးကော်ပြန့်စိမ်းတွေ ဝယ်လာတယ်၊ ပန်းကန်ပြားထဲထည့်စမ်း၊ ကော်ဖီလဲ တစ်ကရားဖျော်၊ ဒီအနားမှာပဲ သောက်တော့မယ်။ တို့သမီးယောင်းမလဲ ဘဝဆုတောင်းကဲ။ ငါ့မှာလဲဒီအကောင် ငါးကောင် အိပ်ပျော်နေမှပဲ အသက်ဝဝရှူမိတော့တယ်။ ဆွေဆွေလဲ သူ့သားကြီးမောင်လေးကြိုင်အိပ်နေမှဘဲ နားရတယ်"

မြမြကြိုင်သည် သူ့မောင်ကို ကလေးတစ်ယောက်ကို ပမာခိုင်း၍ ရယ်ရယ်မောမောပြောကာ သူတို့အနားတွင် ဝင်ထိုင်လိုက်၏။

"ဆွေဆွေထင်တာက ကလေးတွေ သိပ်ပြီး မမကြီးတို့ လင်မယား အပြင်ထွက်သွားတော့ ညပွဲရုပ်ရှင်ကြည့်မယ်ထင်တာ"

"လက်မှတ်မရတော့ စားစရာဝယ်ပြန်လာတာ၊ ကိုလွန်းဘော်က ဆိုင်မှာပဲ စားလာတယ်၊ သူ အိမ်ပေါ် တက်သွားလေရဲ့၊ မမကြီးက ဆိုင်မှာမစားချင်ဘူး၊ ဆွေဆွေတို့နဲ့အတူ စားချင်လို့





အိမ်ကိုယူလာတာ"

မြမြကြိုင်သည် အဝင်းဖျော်လာသော ကော်ဖီဓာရားထဲမှ ကော်ဖီများကို ပန်းကန်ထဲငှဲ့ထည့်၍ သူလည်းသောက်၊ ဆွေဆွေနှာအဝင်းကိုပါငှဲ့ထည့်ပေး၏။ သူသည် ကော်ပြန့်စိမ်းကိုဝါးရင်း အေးအေးဆေးဆေး စကားစ၏။

"ဆွေဆွေကို မမကြီးစကားတစ်ခုပြောချင်တယ်။ အနည်းဆုံး တစ်လတစ်ခါ အနားယူပေါ့။ နေ့နှစ်၊ ညနှစ်ငှားရင် တနေ့တွက် ၅၀-ပေါ့။ မောင်လေးအနားမှာ သူနာပြုဆရာမ ရှိတဲ့ရက်ဆို ရုပ်ရှင်သွားချင်သွား၊ ဈေးတွေ ဘာတွေ ဝယ်ချင်လဲ အဝင်းနဲ့ နှစ်ယောက် ထွက်ဝယ်ပေါ့။ ဒီလိုသာ ဒီလူနာကြီးနားမှ နေ့ညသရွေ့ အချိန်ကုန်ရရင် ဆွေဆွေဒုက္ခရောက်လိမ့်မယ်"

အဝင်းသည် ဆွေဆွေ့မျက်နှာတစ်လှည့်၊ မြမြကြိုင်ကို တစ်လှည့် ကြည့်နေမိ၏။ သူ့ ရင်ထဲမှာလည်း မြမြကြိုင်၏ စာနာစိတ်ကို ကျေးဇူးတင်မိသည်။ သူ့အမေကြီးဒေါ်ပန်းထည်ကမူ ဆွေဆွေ့အပေါ် မီးပိုချောင်ကိုပင် ဝင်မကူကောင်းလားဟု မကျေနပ်ချက်ကို တစ်နေ့က ဦးဘကြိုင်အား တင်ပြနေ၏။ တော်ပါသေး၏။ မမကြီးသည် ဆွေဆွေ၏ ကိုယ်ရေးကိုယ်တာကိုကူ၍ ငဲ့စားပေးနေသည်။ ဆွေဆွေသည် ငိုင်ငိုင်လေးလုပ်ကာ စဉ်းစားနေ၏။ ကော်ပြန့်စိမ်းကိုဝါးနေသော်လည်း အရသာခံ စားနေပုံ မရပါပေ။

"အပြင်ကို သွားချင်တဲ့စိတ်လဲ မရှိသေးပါဘူး မမကြီးရယ်၊ သွားချင်တော့လဲ ခဏတဖြုတ် လူစားထားပြီး သွားပါ့မယ်။ အခမ်းတနား သူနာပြုဆရာမ, ထားခဲ့ပြီး သွားနေဖို့မလိုပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို ပေးရတာ ည ၃ဝိ၊ နေ့ ၂၅ိ ဖြစ်နေတာ”

ဆွေဆွေသည် ပါးစပ်က ပြောနေရုံမဟုတ်၊ လင့်အပါးက ခွာနေရချိန်တွင်ပင် သူ၏ယောက္ခမ မိန်းမသူနှင့် ယောက္ခမကြီး၏ ယောင်းမ (ဦးဘကြိုင်၏ နှမ ဒေါ်စိန်ညို) တို့၏ ဘုရားဆောင် ဝေယျာဝစ္စအတွက် ပန်းသီပေး၊ ပန်းလဲပေး၊ ပန်းကိစ္စ မရှိလျှ ဆွယ်တာထိုးနှင့် သူ့လက်မှာတော့ အလုပ်တစ်ခုခုလုပ်နေသည်ကို အဝင်းအကဲခတ်မိ၏။

“အို ဒါလောက်တော့ သုံးပိုင်ခွင့်ရှိပါတယ် ဆွေဆွေရယ် သူလူပျိုတုန်းကရော ဆွေဆွေနဲ့ရပြီး အိပ်ရာထဲ လဲမသွားခင် လွန်ခဲ့တဲ့ခြောက်လလောက်ကရော အလုပ် လုပ်ခဲ့သားဘဲ။ ဒါ အတွက် ဖေဖေကလဲ သဘောပေါက်ပါတယ်။ ဆွေဆွေအပေ အပြစ်ယူမှာမဟုတ်ပါဘူး”

“ဖြေးဖြေးတော့ စဉ်းစားသေးတာပေါ့”

“အေးလေ၊ ရောဂါက ခွဲတာစိတ်တာ အဖျားရောဂါတွေ ရက်ဂဏန်းသတ် မျှော်မှန်းလို့ မရတဲ့ နာတာရှည်ကြီး ဖြစ်နေတော့ မမကြီးက စဉ်းစားမိတာပါ၊ ဒီလကုန်ခါနီးရင် ကိုလတ်လဲ သံ ဇရပ်ကနေ ခဏပြန်လာမယ်၊ တို့မောင်နှမ တိုင်ပင်ပြီး ဖေဖေ့ အကြံဉာဏ်ပေးကြည့်ဦးမယ်၊ ကုလို့ ရနိုင်သေးရင်နိုင်ငံခြားသွ ကုသင့်လဲ ကုကြည့်ရအောင်ပေါ့”

ဆွေဆွေသည် ယောင်းမကြီးမျက်နှာကို စေ့စေ့ကြည့်ရင် ဖြေးဖြေးချင်း မေးခွန်းထုတ်၏။

“သူ လူပျိုဘဝနဲ့တုန်းကလဲ တစ်ခါ ဒီလို ဖြစ်ခဲ့သေးတယ်ဆို

☺ ပြုံးစာပေ ☺



“အေး . . . ဟုတ်တယ်”

မြမြကြိုင်သည် ခပ်ပေါ့ပေါ့ပင် ဖြေလိုက်၏။

“သူ ဒီလိုဖြစ်ခဲ့ဖူးတာကို ဆွေဆွေတို့ရဲ့မေမေ သိခဲ့ဖူးသလား မမကြီး”

မြမြကြိုင်သည် ဒီတခါ မေးခွန်းကိုတော့ မဖြေဆိုခင် ယောင်းမမျက်နှာကို စေ့စေ့ပြန်ကြည့်၏။ သူ့စိတ်ထဲတွင် ဆွေ ဆွေသည် ဘာကြောင့် ထိုမေးခွန်းကို လေးလေးနက်နက် မေး နေသည်ကို သဘောမပေါက်သလို ဖြစ်နေဟန်ရှိသည်။

“ဒါတော့ မမကြီးလဲ မသိဘူးကွယ်” ဟု ဖြေလိုက်၏။

“အေးလေ၊ တကယ်တော့ မမကြီးသိဖို့ မလိုပါဘူး။ သိရမှာ က မေမေ။ မေမေ သိရမှာ၊ မေမေတောင် ပုသိမ်က ဒီလကုန်ရင် လာမယ်လို့ ဆွေဆွေ့ဆီ စာရေးထားတယ်”

“ဒီလိုဆို ဒီလကုန်ရင် တို့များအိမ် လူစုံဦးမှာပေါ့။ အဝင်း တာစော အလုပ်ပြီးတဲ့အခါ စောစောသွားအိပ်လေ”

အဝင်းမှာ ဆန်များရွေးချယ်ပြီး ကော်ပြန့်စိမ်း စားရင်း ဆွေဆွေတို့ သမီးယောင်းမ စကားပြောနေသည်ကို နားစိုက် ထောင်နေ၏။ မြမြကြိုင်က အိပ်ခွင့်ပြုတော့မှ သူ့အိပ်ခန်းသို့ဝင် ခဲ့သည်။ မိသန်းအေးမှာ ဒေါ်စိန်ညိုနှင့်အတူအိပ်၍ သူ့အိပ်ခန်း တွင် သူတစ်ယောက်တည်း အိပ်ရသည်။

တော်ပါသေး၏။ အလုပ်များသည်မှာတော့ အတူတူလိုပင် ဘည်း။ သို့သော် နောက်ဆုံး သူထွက်ခဲ့သော အရာရှိအိမ်တွင် ညဉ့်နက်အထိ အရက်နှင့်မြည်းရန်၊ ညစာစားရန်ကြော်လှော်ချက်

☺ ပြုံးစာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ပြုတ်နေရသည်နှင့် နှိုင်းစားလျှင် အကုသိုလ်နည်းသည်ဟု အဝင်း ယူဆလိုက်သည်။

သူ့အမေ ဒေါ်မယ်ခင်သည် ငွေပိုမို၍ မလိုချင်ပါစေနှင့်၊ သူ့အမေ၏ လောဘကို လှုံ့ဆော်တိုးပွားစေသော နောက်ထပ် အိမ်ရှင်တစ်ယောက်နှင့်လည်း မတွေ့ဖြစ်ပါစေနှင့်ဟု အဝင်းအိပ်ခါနီး ဆုတောင်းမိ၏။

❑



အခန်း [ ၃ ]

"အဲဒါ ဒေါက်တာအောင်ကျော် စံထားမြင့် အသံလွှင့်နေတာမို့လား၊ ပိတ်ထားလိုက်စမ်း၊ ပိတ်ထားလိုက်စမ်း"

ဒေါ်စိန်ညို၏ ရုတ်တရက် အော်သံကြောင့် အဝင်းသည် လန့်သွား၏။

"အဝင်း ရေဒီယို ပိတ်ထားလိုက်" ဟူ၍ မြမြကြိုင်က ပြောလိုက်ပြန်သောကြောင့် အဝင်းသည် ရေဒီယိုကို ပိတ်လိုက်၏။ သူမှာ ထမင်းစားပွဲမှ ပန်းကန်များကို ဆက်သိမ်းနေသည်။

ညစာထမင်းစားပြီး ဒေါ်စိန်ညိုသည် ရေနွေးကြမ်းနှင့်မြေပဲ စားနေချိန်ဖြစ်၏။ အားလုံး အိမ်သားများမှာ ညစာစားပြီး ထမင်းစားခန်းမှ ထွက်သွားကြပြီ၊ မြမြကြိုင်သာ သူ့အဒေါ်နှင့် ရေနွေးကြမ်းသောက်ရင်း ထမင်းစားပွဲတွင် ကျန်ရစ်၏။

"မြမြကလဲ မိဝင်းတို့ကို ပြောမထားသေးဘူး ထင်တယ်"

"ဟုတ်ကဲ့ ဒေါ်ဒေါ်စိန်၊ တဖြေးဖြေးတော့ မြမြပြောပါ့မယ်၊ အဝင်း ရောက်လာတာလဲ မကြာသေးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



*"အေး မိဝင်း မှတ်ထား၊ အဲဒီ ဒေါက်တာ အသံလွှင့်မယ်* ဆိုရင်လေ၊ ငါရှိနေတဲ့ အခန်းမှာ ရေဒီယိုကို ပိတ်ထားပါ။ သူ့ အကြောင်းကိုလေ ငါကောင်းကောင်းသိတယ်၊ သူဘာပြောမယ် ဆိုတာလဲ ငါကောင်းကောင်းသိတယ်"

ဒေါ်စိန်ညိုသည် မြေပဲယိုကို တကြွပ်ကြွပ် ဝါးရာမှ အားရ ပါးရ စကားဆက်ပြော၏။ အဝင်းနှင့် မသန်းအေးမှာ လက်တ အလုပ်လုပ်နေရင်း ဒေါ်စိန်ညို၏ မိန့်ခွန်းကို လေးလေးစားစား နားထောင်နေကြရ၏။ အဘယ်ကြောင့် ဆိုသော် မြမြကြိုင် ကိုယ်တိုင်ကပင် သူ့အဒေါ်စကားကို လေးစားစွာ ထိုင်၍ နား ထောင်နေသောကြောင့် ဖြစ်၏။

"မိဝင်း ရေဒီယိုဖွင့်ပြီး နားထောင်ချင်ရင် ငါအိမ်ပေါ်တက်မှ ဆက်နားထောင်။ မြမြ . . . ဒေါ်ဒေါ်စိန် လုံချည်ထဲကလေ ကေကေပိုးအရောင်နုတာ နှင်းကြည်ရွေးပြီး၊ မိဝင်း တစ်ထည် မိသန်းအေးတစ်ထည် ပေးလိုက်နော်"

ဒေါ်စိန်ညိုသည် သူတူမကို မှာခဲ့၍ အိမ်ပေါ်သို့ တက်သွား တော့သည်။

"အဲဒါသာကြည့်တော့ မဝင်းရေ"

မြမြကြိုင်သည်သူကိုယ်တိုင် ရေဒီယိုထဖွင့်ရင်း ပြောလိုက်၍ ရေဒီယိုနားထောင်သည်ကာအစ ဒေါ်စိန်ညို၏ ဆန္ဒကို မြမြကြိုင် တို့ လိုက်လျောရကြောင်း အဝင်းသည် သဘောပေါက်နားလည် သွား၏။ မြမြကြိုင်သည် သူ့အဒေါ်အကြောင်းကို ဆက်ပြော၏။

"စိတ်ရင်းကတော့ မဆိုးပါဘူး၊ အပေးအကမ်း အမွေ အမွေး ရက်ရောပါတယ်၊ သူပြောချင်တာ လုပ်ချင်တာကိုတော့





ခိုင်းရမှ . . .၊ နင်တို့ သည်းမခံနိုင်ဘဲ နားညီးတယ်ဆိုပြီးပြန်ပြေး မှာ စိုးလို့ပါ"

"မပြေးပါဘူး၊ မမကြီးကို အစစ မဝင်း မကျေနပ်တာရှိရင် အသိပေးပါ့မယ်"

"အေး စားပွဲသိမ်းပြီးရင် မဝင်း မအိပ်ခင် ကိုအေးမောင် ကို ပြောထားလိုက်၊ မနက် ၅ နာရီ ကားအဆင်သင့် ပြင်ထား လို့ ဆွေဆွေ့အမေ ပုသိမ်က ဗန္ဓုကသင်္ဘောနဲ့လာမှာ၊ ငါသွား ကြိုရမယ်"

အဝင်းသည်ပန်းကန်များသိမ်းပြီး မြမြကြိုင်ခိုင်းသည့်အတိုင်း ဒရိုင်ဘာ ကိုအေးမောင်ကို ပြောလိုက်၏။ ညဦးပိုင်း အလုပ် များသွား၍ သူလုပ်နေကျ စပါးလုံးရွေးအလုပ်ကို မလုပ်ဖြစ် တော့ပေ။

ဆွေဆွေနှင့် စကားလက်ဆုံကျနေကျ အခန်းတွင် မတွေ့ရ သော်လည်း အိမ်ပေါ်ထပ်ရှိ ဧည့်ခန်းကို ရှင်းလင်းရင်း ဆွေ ဆွေကို တွေ့ရ၏။

"မေမေ မနက်ရောက်လာရင် နားပြီးအိပ်မှာ၊ ပုသိမ်သင်္ဘော တွေက ဘယ်လိုဘဲ အခန်းငှားစီးစီး အိပ်ရေးပျက်တာချည်းပဲ"

ဆွေဆွေသည် သူ့အမေအတွက် အိပ်ရာနေရာကို အဝင်းနှင့် အပြင်ပေးသည်ကလွဲ၍ မအေနှင့် တွေ့ရမည်ဟူသော တက်တက် ကြွကြွ ဝမ်းသာသည့် အမူအရာ မတွေ့ရပေ။

အလုပ်ကိစ္စပြီး၍ သူ့အိပ်ခန်းရှိရာသို့ အဝင်းသည် လျှောက် သွားရင်း နက်ဖြန်ဆုံတွေ့ရမည့်ဧည့်သည်အသစ်၊ ဆွေဆွေ့အမေ အကြောင်းကိုလည်း တွေးမိ၏။ မကြာခင် ရောက်လာဦးမည်ဆို



www.burmeseclassic.com

www.burmeseclassic.com



...ကြီး၏မောင်အလတ် ဇနီးမောင်နှံ အကြောင်းကိုလည်း... ...မိ၏။ ဘယ်လိုပင်ဖြစ်စေရောက်လာမည့်ပုံစံသစ်နှင့်ဧည့်သည်... သစ်တို့ကိုလည်း လိုက်လျောညီထွေပြုစုရမည်မို့ အဝင်းသည်စိ... မောမခံတော့ဘဲ အိပ်ချလိုက်တော့သည်။

နောက်နေ့မနက်တွင် ဆွေဆွေနှင့်အတူ ကော်ဖီသောက်... ထမင်းစားခန်းသို့ ဝင်လာသော ဆွေဆွေ့အမေကို အဝင်းတွေ့... သည်။

"လာလာ မမသွယ်၊ တစ်ညလုံး ခရီးပန်းလာမှာ၊ ကော်... သောက်ပြုပြီးမှ အေးအေးဆေးဆေးနားတော့"

ဒေါ်ပန်းထည်ကခေါ်ယူနေရာပေးလိုက်၏။ အိမ်သားမျ... အားလုံးသည် ဒေါ်မသွယ်အား လှိုက်လှိုက်လှဲလှဲ ခရီးဦးကြို... ၏။ ဒေါ်စိန်ညိုကတော့ စကား ဟ ဟ မပြောဘဲ။ ဝတ်... တန်းကျေ ပြုံးရုံလောက်ပြုံးပြ၏။

ဆွေဆွေသည်သူ့မိခင်အား ကိုယ်တိုင်ပေါင်မုံ့ထောပတ်သုတ်... ကြက်ဥကြော်များကိုပြင်ဆင်ကျွေးမွေး၏။ အဝင်းသည်ဆွေ... ၏မိခင်ပုံမျက်နှာကို တစေ့တစောင်း အကဲခတ်ကြည့်၏။ ဆွေ... လိုပင်မိန်းမချောဖြစ်၏။ ကိုယ်လုံးကိုယ်ဖန်က ဆွေဆွေထက်ပို... တောင့်တင်းခိုင်မာပုံရသည်။ အသားက ဆွေဆွေလောက် မ... သော်လည်းနားကစိန်နားကပ်ကြီးနှင့်အတူ သူ့မျက်လုံးမှာအ... တောက်ပ၍ပူလောင်လောင်နှင့်တက်ကြွသောရှုမျှက်အရှိန်ကိုပြ... ပုံရသည်။ စကားပြောသံကလည်း ခပ်စာစာရှိ၏။ ဘယ်ကဘ... လိုမှန်းမသိ၊ အဝင်းစိတ်ထဲတွင် သူ့အမေဒေါ်မယ်ခင်ကို ချ... ချင်းလို သတိရလိုက်မိသည်။





သူ့အမေကိုလဲ ဒီလိုစိန်နားကပ်ပန်ပေး၍ ဒီလိုအဝတ်အစား ...နနဆင်ပေးလိုက်လျှင် ဆွေဆွေ့မိခင်၏ အသံအတိုင်း၊ ဟန် ...အတိုင်း ထွက်လာမည်ဟု ထင်သည်။

သို့သော်အလွှာချင်းက ကွာရုံမက မင်းကတော်သက် ၃၀ ...ခဲ့သော အတွေ့အကြုံကြောင့် ဖော်ရွေခြင်း၊ ပြေပြစ်အောင် ...ပြောတတ်ခြင်း၊ စကားတန်ဆာဆင်ခြင်းတို့ကတော့ ဒေါ်မသွယ် ...သာသည်ဟု ဆိုရပေမည်။

"အစီအစဉ်မရှိဘဲ ထွက်လာခဲ့တာမို့ လိပ်ဥ ၁၀၀ ပဲဝယ် ...ခဲ့ရတယ်။ ပြီးတော့ မြောင်းမြက သမီးကြီးက ဒေါ်ပန်းထည် ...နွေးကြမ်းနဲ့မြည်းတတ်တယ်တဲ့၊ ငါးရံ့ခြောက်လေး တစ်ပိသာ ...ပို့လို့ယူလာခဲ့တယ်။ ဆွေ သမီးရယ်၊ မေမေ့တောင်းထဲမှာ ...တွေ့တယ်မို့လား"

"ဆွေ . . . မဝင်းကို ပေးလိုက်ပါဘီ"

ဆွေဆွေက ဖြေ၏။

"ကျေးဇူးတင်လိုက်တာ မမသွယ်ရယ်။ ရန်ကုန်မှာ ငါးရံ့ ...ခြောက်ကရပေမယ့် ဆားမပေါ့ဘူး၊ ဒါနဲ့ဒေါက်တာနှင်းဖေညွှန့် ...တို့၊ မေမျိုးဝေတို့က မြောင်းမြမှာ ကြာဘီလား၊ ဆရာဝန် အလုပ်ကလဲ ပြောင်းရရွှေ့ရတာပဲ၊ ဆွေဆွေနဲ့စကားမစပ်မိကြဘူး၊ ဆွေဆွေမှာတစ်ခါမှ မအားရတော့ မောင်လေးကြိုင် အနား က ...ရတယ်မှ မရှိဘဲ၊ မေမျိုးငွေ့ကရော . . ."

"ငွေငွေက မြစ်ကြီးနားမှာ၊ နှင်းဖေညွှန့်တို့၊ ဝေတို့ကတော့ ဒီတခါတောင်ကြီးပြောင်းရမယ်ဆိုတယ်။ ဝေဝေကသူ ...ကြီးမပြောင်းခင် ဆွေဆွေနဲ့တွေ့ရအောင် ရန်ကုန်ကိုလာဦးမယ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့၊ ကျွန်မကတော့ ဒီကအပြန် ပုသိမ်မှာ စီစဉ်စရာရှိတာ စီစဉ်ပြီး မြစ်ကြီးနားဘက် ဆက်သွားမလို့ . . .”

“မမေသွယ်လဲ သမီးတွေပြောင်းရာ လိုက်လိုက်သွားတော့ နယ်အနှံ့ရောက်တာပေါ့နော်၊ ပျော်စရာကြီး”

“ခဏတဖြုတ်ပါဘဲ၊ ပုသိမ်အိမ်က မခွာချင်ဘူး၊ သမီးတွေကို လွမ်းတဲ့အခါလိုက်သွားတာပါဘဲ၊ မေမျိုးငွေက အငယ်ဆုံးသမီး မို့သတိပိုရတယ်။ သူကလဲ မောင်သိန်းနောင်နဲ့ လက်ထပ်ပြီးကတဲက အညာဘက်မှာချည်းပဲနေနေရတယ်။ သမီးက ပုစွန်ပေါ၊ ငါးပေါအရပ်က ထွက်သွားရတဲ့ သူဆိုတော့ အညာမှာမပျော်လှဘူး။ ခဏခဏ ပုစွန်ဆီ၊ ပုစွန်ဉ၊ ငါးရံ့ခြောက်ပို့ပို့ပေးရတယ်၊ ကျွန်မက ဝက်ပေါင်ခြောက်ပေါင်းတာ ကြိုက်တတ်တော့၊ သားမက်တော်ကလဲနယ်စပ်ကလာတဲ့ ဝက်ပေါင်ခြောက်၊ သူကိုယ်တိုင်ပစ်တဲ့ဆတ်သားခြောက်တို့ ခဏခဏပို့ပေးပါတယ်။ သစ်တောဝန်ထောက်ဆိုတော့လဲ သူကတော့ အညာမှာ ပျော်တာပေါ့လေ”

သူတို့သည် ဒီလိုပဲ ခရီးရောက်မဆိုက် အဆက်အစပ်စကားများကို ဆိုကြရ၏။ ပြောကြရ၏။ ဤကား ဆက်ဆံရေးတည်း။ ဤကား လူမှုမှုမှုတာတည်း။ တစ်ခါတစ်ခါလည်း ပုံကြီးချဲ့လိုက်ရ၏။ ကြွားတာလေးနှင့် သားမက်များနှင့်သမီးများသည် သူ့အချိုးကျကိုင်တွယ်၍ ရသည်ကို မသိမသာ ဖော်ထုတ် လိုက်ရ၏။

“ကဲ . . မမေသွယ်၊ ကြိုက်တာပြော၊ ကျွန်မက ဈေးကို ကိုယ်တိုင်သွားတာ၊ ကိုယ်တိုင်ချက်ကျွေးမယ်၊ ကော်ဖီသောက်ပြီး နား





ဦးနော်။ မဝင်းရေ . . . ဈေးသွားစို့။ ဆွေဆွေ့မေမေကို အိပ်ခန်းမှာ နားနေပါစေဦး”

“ဟုတ်ကဲ့ . . . မေမေကြီး”

ဆွေဆွေသည် သူ့မေမေနှင့်အတူ အိမ်ပေါ် တက်သွားမှ အဝင်းသည် ဈေးကို ဒေါ်ပန်းထည်နှင့် လိုက်သွားတော့သည်။

ခါတိုင်းခါတိုင်းညများလို အဝင်းနှင့်ဆွေဆွေ၊ မအိပ်ခင် အေးအေးဆေးဆေးစကားပြောချိန်မရကြပေ။ ဆွေဆွေသည် ခါတိုင်းလုပ်နေကျ လင့်တာဝန်အပြင် ခေတ္တ လာရောက်လည်ပတ်သော မိခင့်တာဝန်က ပိုလာ၍ သူသည် ဒေါ်မေသွယ်ကို ထမင်းကျွေးချိန်လောက်သာ အောက်ကို ဆင်းလာတော့သည်။

ခုလိုတော့ တော်ပါသေး၏။ အဝင်းစိတ်ထဲ ထင်သလောက် ဧည့်သည် အသစ်ကြောင့် ထူးထူးခြားခြား တာဝန်ပို၍ မလာပေ။ သူဆောင်ရွက်ရမည့်တာဝန် တစ်ဝက်လောက်နီးနီးကို ဆွေဆွေကဆောင်ရွက်ပေး၏။

တစ်ခုဘဲမအိပ်ခင်တွင် အိုဗာတင်းဖျော်၍ ဒေါ်မေသွယ် အိပ်ခန်းသို့ပို့ရ၏။ ဒေါ်မေသွယ်သည် ဘီစကွတ်သုံးချပ်လောက်နှင့် အိုဗာတင်းတစ်ခွက်ကို မအိပ်ခင်သောက်လေ့သောက်ထရှိသည်ဟု ဆွေဆွေကသူ့အမေအကြိုက်ကို ပြောထားသောကြောင့်ဖြစ်သည်။ ဒေါ်မေသွယ်ရောက်လာပြီး သုံးရက်မြောက်ညတွင် လုပ်နေကျအတိုင်းအဝင်းသည် အိုဗာတင်းဖျော်ပြီး ဒေါ်မေသွယ် အိပ်ခန်းကိုသွားပို့၏။ ဒေါ်မေသွယ်စကားပြောသံကြား၍ အဝင်း

☺ ပြီးစာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သည် အတွင်းခန်းသို့မဝင်သေးဘဲ အရိပ်အခြေကို ခန်းဆီးကြား မှ ကြည့်လိုက်၏။

"ငါ့သမီး စကားတွေ တတ်လိုက်တာနော်၊ မေမေ ထင် တယ်၊ ပုသိမ်တုန်းက ဒါလောက် သမီးဟာ စကားမတတ် ပါဘူး"

ဒေါ်မေသွယ်သည် ဆွေဆွေ့မျက်နှာကိုကြည့်၍ ခပ်ပြတ်ပြတ် ပြောနေသည်ကို မြင်ရ၏။ ဆွေဆွေကတော့ ဘယ်နေရာကိုမှ စူးစိုက်၍ကြည့်နေပုံမရ။ အဝေးလဟာပြင်ကို မရေမရာကြည့်နေ သလို၊ အမေလုပ်သူကို မျက်နှာလွှဲ၍ ပြောနေသည်။ သို့သော် သူသည် တစ်လုံးချင်း၊ တစ်လုံးချင်းစကားကို စဉ်းစား၍ လေးလေး နက်နက်ပြောနေ၏။ သက်ပြင်းကို ရှိုက်၍ လေတဝ ရှူရှူပြီးမှ စကားကို တောက်လျှောက်ပြောချ၏။

"ဟုတ်တယ်၊ စကားတွေသိပ်တတ်လာတယ် မေမေ၊ ဆွေဆွေ စကားတတ်သလောက်လဲ ပြောချချင်တယ်၊ တကယ်လို့သာ မေမေက ပုသိမ်က လိုက်မလာရင်တောင် ကိုလေးကို တစ်ညနှစ် ည ကြည့်မယ့် လူနဲ့ ထားရစ်ပြီး၊ မေမေ့ကိုလေ သမီးလာတွေ့ ပြီး စကားပြောမလို့၊ သမီးတို့ သားအမိ ညလုံးပေါက် စကား ပြောလိုက်ရင် ဒီစကားတွေ ကုန်ပါတယ်"

"ညလုံးပေါက်တောင် ထိုင်ပြောရမယ်လား"

"ဟုတ်ပါတယ်၊ အမှန်တော့ ဖြေးဖြေးပြောလဲ ရတာပေါ့။ ဒါပေမင့် ပြောစရာရှိတာ တစ်ညလုံး၊ တစ်နေ့လုံး မြန်မြန်ပြောပြီး မြန်မြန်ပြန်လာရမှာပေါ့၊ ဘယ်သူကမှ ကိုယ့်အမေအိမ် ပြန်တာ ကို မတားပါဘူး။ တစ်နေ့ကတောင် မမကြီးက တစ်ခါတစ်ခါ





ဆူနာပြုဆရာမ အနားထားပြီး ဆွေဆွေ့အနားယူပါ။ အပြင် ထွက် ဈေးဝယ်၊ ရုပ်ရှင်ကြည့်၊ အပန်းဖြေပါလို့ ပြောပါတယ်။ ဆောင်းမကြီးတစ်ယောက်အနေနဲ့ သူ့ဘက်က ဝတ္တရားတွေ ကျေ ပါတယ် မေမေ။ ပြီးတော့ ဒါတင်မကပါဘူး၊ ကိုလတ် သံဖြူ ရေပ်ရာဘာခြံက ပြန်လာရင် ဖေဖေကြီးကို အခြေအနေအရပ်ရပ် တင်ပြပြီး ဆွေဆွေတို့ လင်မယားကို နိုင်ငံခြားကို ဆေးကုဖို့ ထွက်ပေးဖို့ သူတို့ အကြံဉာဏ် ပေးမယ်တဲ့"

ဒေါ်မေသွယ့်မျက်နှာသည် ဝင်းလက်သွားပုံရ၏။ တောက်ပ သာ၏။

"အို ဒီအစီအစဉ် ကောင်းသားဘဲ၊ သမီးအနေနဲ့ ဘာ သက်မခံနိုင်စရာ ရှိသလဲ၊ ဒီလို အခြေအနေမှာ ဘာကိုများ အရေးတကြီးလုပ်ပြီး သမီးက မေမေ့ဆီ လာစကားပြောရ မှာလဲ"

"မေမေ ဒီစကားကို ပြောမယ်ဆိုတာ သမီး သိပါတယ်"

ဆွေဆွေသည် မရယ်ချင်ဘဲနှင့် ရယ်ကျဲကျဲလုပ်ခါ သရော် ရယ် ရယ်လိုက်၏။ မအေ၏ မျက်နှာကိုတော့ မကြည့်။ ပြီးတော့ မျက်ရည်များ တွေတွေ၊ တွေတွေနှင့် ကျလာ၏။ စကားကိုမူ ဆက်ပြော၏။

"ကောင်းလိုက်တဲ့ အစီအစဉ်ကြီးပေါ့ မေမေ၊ မဟာ အစီအစဉ်ကြီး၊ မဟာစီမံကိန်းကြီးကို ပထမစီမံပေးတာကတော့ မေမေပေါ့။ သမီးတို့ နိုင်ငံခြားကိုသွားဖြစ်ရင် မေမေက လိုချင် တဲ့ ပစ္စည်းတွေကိုလဲ မှာလိုက်ဦးမယ်ပေါ့။ နောက်ထပ်ကော မေမေဘာတွေလိုချင်သေးလဲဟင်၊ မေမေဟာငန်းမသိုးကောင်နဲ့

www.burmeseclassic.com



တူတဲ့ သမီးသုံးယောက်ကို မွေးပြီး၊ ရွှေဥ တစ်လသုံးဥ သုံးဥ၊ အ ခိုင်းတယ်မို့လား။ နောက်ထပ် ဗိုက်ခွဲပြီး ရွှေဥတွေ ရှာချင်သေး သလား။ မေမေတတ်နိုင်ရင်လေ သမီးဗိုက်ကို ခွဲလိုက်ပါတော့ မေမေရယ်၊ ဗိုက်ထဲမှာလေ ရွှေဥတွေ ရှိချင်ရှိမယ်၊ သမီးထဲ ဘယ်တော့မှ၊ ဘယ်တော့မှ ဒီဘဝကို ပြန်မလာရတော့ဘူး”

ဒေါ်မေသွယ်သည် ရုတ်တရက် မျက်နှာပျက်သွား၏။ စော စောက သိမ်မွေ့နေသော မျက်နှာထားသည် ပြောင်းလဲသွား၍ နီရဲလာ၏။ ချောင်းကြည့်နေသော အဝင်းသည် ဒေါ်မေသွယ် မျက်နှာပြောင်းလဲသွားသည်ကို မြင်ရသောအခါ ကြောစိမ့် သွားသည်။ နှင်းဝေသော နံနက်ခင်းများတွင် သူ့ရွာမှ ထွက် လာတိုင်း မြင်ခဲ့ရသော သူ့အမေ့မျက်နှာကို ချက်ချင်း သတိရ သွား၏။

ဒေါ်မေသွယ်နှင့် သူ့အမေ ဒေါ်မယ်ခင် ယခုလို အနေ အထား၌ ဘာများ ခြားနားပါသလဲ။

“ဒီမှာ . . . နေပါဦး မိဆွေ၊ အခုညီးရဲ့ စကားလုံးတွေက မေမေ့ကို ရန်တွေ့နေတာပေါ့လေ”

ဒေါ်မေသွယ်သည် ခပ်ငေါက်ငေါက် ဒေါသသံနှင့် မေး၏။

“ရန်တွေ့တယ်ဆိုတဲ့ စကားလုံးကိုတော့ မသုံးပါနဲ့ မေမေ သမီး ဒီဘဝမှာ ဘယ်သူနဲ့မှ ရန်မဖြစ်ချင်ဘူး၊ အထူးသဖြင့် မိခင်တစ်ယောက်၊ သမီးတစ်ယောက်အနေနဲ့ ရန်မတွေ့ချင်ပါဘူး ရန်တွေ့ရမယ်၊ ရန်ဖြစ်ရမယ်ဆိုတဲ့ လူတန်းစားလဲ မဟုတ်ပါ ဘူး”





“တိုတိုနဲ့ ရှင်းရှင်းပြောပါ၊ ငါ နားမလည်ဘူး”

“အခု မေမေ နားလည်ရမယ်၊ နားလည်အောင် သမီးပြော ပြရမယ်၊ ဝမ်းနည်းလွန်းလို့၊ ငိုမိလို့၊ စကားလုံးတွေ ရှုပ်သွား တာပါ၊ သမီးပြောချင်တာတွေ ရှင်းပါတယ်၊ တိုပါတယ်၊ မြန် မြန်တော့ မပြောနိုင်ဘူး”

ဆွေဆွေသည် မျက်ရည်ကိုရော နှာရည်ကိုရော လက်ကိုင် ပဝါနှင့် အားရပါးရ သုတ်လိုက်၏။

“မေမေက အုပ်ချုပ်သူ လူတန်းစားပါ၊ သမီးတို့ ညီအစ်မ သုံးယောက်ဟာ ဖေဖေမရှိကတဲက မေမေ့ရဲ့ အစီအမံအခန့်အခွဲ တို့ ခေါင်းခါခဲ့တဲ့သူတွေ မဟုတ်ပါဘူး၊ အထူးသဖြင့် အိမ်ထောင် ရေးမှာ . . .”

“အဲဒါ ဘာဖြစ်သလဲ”

ဒေါ်မေသွယ်က စိတ်မရှည်သလို အော်လိုက်၏။

“ဖြစ်တယ်လေ၊ ဖြစ်တာတွေကို ပြောပြပါ့မယ်၊ နောက်လိုက် ကောင်းတွေလို ခေါင်းညိတ် စီမံသမျှ ငုံ့ခံနေလာခဲ့တော့၊ ဒီသမီး တွေ ဖြစ်လာမယ့် ဆိုးကျိုး ကောင်းကျိုးအပေါ်မှာ မေမေ တာဝန်ရှိတယ်။ မေမေဒါကိုတော့ မငြင်းပါနဲ့မေမေရယ်။ သမီး ဟာ မိန်းမကောင်းရန်တွေ့၊ မေမေ့ကို ရန်တွေ့နေတာမဟုတ်ဘူး ဆိုတာကိုတော့ မေမေ နှလုံးသွင်းလိုက်ပါ။ လက်ခံလိုက်ပါ။ ဒီတော့မှ သမီးပြောမယ့် နောက်စကားတွေအပေါ် မေမေ့ရဲ့ လက်ခံပုံ၊ ကောက်ချက်ချပုံ မှန်လာမယ်။ မေမေနှလုံးသွင်းမှား ချင် ဒီကောင်မ ငါ့ကို ပြန်အာခံတယ်ဆိုပြီး အဇာတသတ်မ ဖြစ်

www.burmeseclassic.com



အောင် မအေကို စော်ကားပါတယ်ဆိုပြီး ပုံကြီးချဲ့ပိုင်ခွင့် မမေမေတို့မှာ အခွင့်သာတဲ့ သူတွေပါ"

ဒေါ်မေသွယ်သည် မျက်နှာကို တင်းထားရာမှ အနည်းငယ် လျှော့လိုက်ပုံရသည်။

"တစ်ခါက စကားစပ်မိလို့ မမကြိုင်ကို ဆွေဆွေမေးကြည့်တယ်။ ကိုလေးဟာ ဒီရောဂါကို ခုမှရတာ မဟုတ်ဘူးတဲ့၊ လက်မထပ်ခင်က ဒီလို တစ်ကြိမ် ဖြစ်ခဲ့သေးတယ်ဆို . . . "

"ဖြစ်ချင်လဲ ဖြစ်ခဲ့မှာပေါ့"

ဒေါ်မေသွယ်သည် ဂရုမစိုက်သလို ဖြေ၏။

"အို မေမေ ဒီလို ပေါ့ ပေါ့ နဲ့ မဖြေပါနဲ့"

"ဒါထက် . . . ငါကဘာကို ဖြေရဦးမှာလဲ"

ဒေါ်မေသွယ်သည် ငေါက်လိုက်ပြန်သည်။ ဆွေဆွေကတော့ အေးအေးပင် ဆက်ပြော၏။

"ထင်ရာစိုင်းတတ်တဲ့ သမီးအမျိုးအစားတွေ အဖို့ မေမေရဲ့ အဖြေလုံလောက်ပါတယ်။ ခုတော့ ဒီအဖြေနဲ့ မလုံလောက်ပါဘူးမေမေ၊ ကြိုးဆွဲရာကတဲ့ ရုပ်သေးရုပ်တွေလို ဖြစ်နေတဲ့ သမီးတွေအပေါ်မှာ ရုပ်သေးဆရာက အားလုံး တာဝန်ရှိတယ်။ ရုပ်သေးကြည့်တဲ့ ပရိသတ်မဝင်လို့ ပိုက်ဆံမရရင် မေမေ့တာဝန်ဘဲ။ အဲဒီအရုပ်တွေ အသုံးမကျလို့ မလှုပ်ရှားလို့ဆိုတဲ့ စကားလုံးကို တာဝန်မဲ့ မေမေ မပြောသင့်ဘူး၊ မေမေထောင်တဲ့ဇာတ်ကိုက လူသားက,တဲ့ ဇာတ်မှ မဟုတ်ဘဲ၊ ရုပ်သေးစင်ကြီး"

ဆွေဆွေသည် စကားပြော သွက်၍ လာ၏။ မျက်လုံးတွေ ဝင်းလက်၍ နီရဲလာ၏။ မေးကြောများ ထောင်၍ လာသည်။





လက်ဟန်ခြေဟန်တွေနှင့် ဆွေဆွေ ဒီလို လှုပ်ရှားလာပုံမျိုးကို အဝင်း တစ်ခါမျှမတွေ့ဖူးပေ။ ချောင်းကြည့်၊ ချောင်းနားထောင်နေသော အဝင်းသာ မတွေ့ဖူးသည်မဟုတ်၊ ဗိုက်ထဲမှ မွေးလိုက်သော အမေဖြစ်သူ ဒေါ်မေသွယ်ပင် မတွေ့ဖူး၍ သူ့သမီးကို တအံ့တသြ ကြည့်နေသည်။

"ဒီတော့ ဘယ်သူမှမစီးနိုင်တဲ့ အမေရိကန်လုပ် မှန်ကားကြီးကို လက်ထပ်ပြီးကတဲက သမီးစီးနိုင်တယ်၊ အခု နိုင်ငံခြားကို သွားမယ့်အခွင့်အရေးလဲရတယ်။ မေမေ့မှာလဲလျှာပေါ် အရသာခံ စကားလုံး ကြွားကြွားတွေကို မိတ်ဆွေတွေအပေါ် ပြောနိုင်မှာပေါ့၊ ပြန်လာရင်လဲ သားမက်တော် မောင်လေးကြိုင်နဲ့သမီးတော် မေမျိုးဆွေတို့ နိုင်ငံခြားက ဝယ်လာတာတွေလေ. . . လို့ မေမေ အရသာရှိရှိ ပြောနိုင်မှာပေါ့လေ။ ဝမ်းသာပါတယ် မေမေ။ မေမေစိတ်ချမ်းသာရင် သမီး ဝမ်းသာရမှာပါ။ ဒါပေမင့် အဲဒီနိုင်ငံခြားကိုသွားရတာ ဘာအဖြစ်နဲ့ သွားရတာလဲ။ မသွားခင် လောကငရဲကိုရော ဒီမှာဘယ်လိုခံစားနေရသလဲဆိုတာ မေမေသိလားဟင်၊ ပြန်လာရင်ကော ကိုလေးရဲ့ ရောဂါက ပျောက်မယ်လို့ ဘယ်ဆရာဝန်ကမှ အာမ မခံဘူး။ ဒီကောင်မမှာသာ ကြီးစွာသော လောကငရဲကို ခံနေရတယ်ဆိုတာ မေမေ သိစမ်းစေချင်တယ်"

"သူ့ရောဂါကို မေမေက ဆရာဝန်မှ မဟုတ်ဘဲ ဘယ်သိနိုင်မလဲ၊ ပြီးတော့ သွေးနဲ့ကိုယ် သားနဲ့ကိုယ်ဖြစ်လာတဲ့ ရောဂါကို မေမေက ဘာတတ်နိုင်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ်လေ၊ ဒါကြောင့်လဲ လူနာ့အနားမှာ ဆရာမ အစောင့်ထားနိုင်လောက်အောင် ယောက္ခမက ငွေသောက် သောက်လဲ ချမ်းသာပေမင့် ယောက္ခမကို အပူမကပ်ဘဲ မိဆွေ လင့်အပါးက တဖဝါးမခွာ ပြုစုနေတာပါ၊ မေမေ့သမီးမှာ နှလုံးသားအပြည့်ပါ။ ဒီလင် အိပ်ရာပေါ် ထားခဲ့ပြီး ငါက အပြင်မှာပျော်ရွှင်မှုရှာလို့ တရားမယ် မထင်ဘူးဆိုတဲ့ အသိကြောင့် ရုပ်ရှင်ရုံထဲမှာ နှစ်နာရီလောက် အချိန်ဖြုန်းဖို့တောင် မဖြုန်းရက်ပါဘူးမေမေ။ ခုပြောနေတာက မေမေ တတ်နိုင်ရမယ် လို့မဆိုလိုပါဘူး၊ ဒါပေမင့် သမီးကို လက်ထပ်မပေးစားခင်၊ သားမက်တော်ရမယ့်လူရဲ့ အကျင့်စာရိတ္တ၊ ကျန်းမာရေး အခြေအနေကိုတော့ ကြိုတင်လေ့လာသင့်ပါတယ်"

ဒေါ်မေသွယ် အကြီးအကျယ် မျက်နှာပျက်သွား၏။

"သမီးလေ၊ မေမေနဲ့ နှစ်ကိုယ်ချင်းမို့လို့ ဒီစကားဖွင့်ပြောရတာ ဝမ်းလဲနည်း ရှက်လဲရှက်တယ်။ ကိုယ့်လင်အတင်း ကိုယ်ပြောပြီး၊ ကိုယ့်လင် သိက္ခာကို ကျစေတဲ့အဖြစ် ရောက်မှာစိုးလို့ ဆွေဆွေဖြစ်သမျှအကြောင်း မျိုသိပ်ပြီး ခေါင်းငုံ့နေခဲ့တာပါ။ သမီးသိရသလောက် ကိုလေးမိဘတွေဟာ ရာဘာခြံသူဌေးကြီးတွေပါ၊ ကိုလေးလဲ ကျန်းမာတုန်းက အခု သံဖြူဇရပ်ကရာဘာခြံကို ကိုလတ် အုပ်ချုပ်လုပ်ကိုင်သလို၊ ထားဝယ်နဲ့မြိတ်က ရာဘာခြံမှာ ကိုလေး အုပ်ချုပ် လုပ်ခဲ့တယ်တဲ့။ စီးပွားရေးအရှာကောင်းသလို မိန်းမလဲ အပျော်ကောင်းတယ်တဲ့။ သမီး အဝေးကြီးက ကြားတဲ့သတင်းမဟုတ်ပါဘူးမေမေ။ ဒီအိမ်ကြီးပေါ်မှာဘဲ သူ့ဖေဖေ ဦးဘာကြိုင်နဲ့ ဆရာဝန် ဆွေးနွေးတာကို သမီး





ကြားလိုက်ရတာပါ၊ အလုပ်နားချိန် လူပျိုဘဝမှာ ပန်ကာအောက်မှာထိုင်၊ အရက်ရယ်၊ မိန်းမရယ်၊ အမြည်းကောင်းလို့လေဖြတ်ဖူးတယ်တဲ့။ မြန်မာဆေးဆရာအနေနဲ့ လေငန်းပေါ့၊ လေပေါ့၊ အင်္ဂလိပ်ဆရာဝန်တွေအနေနဲ့ သွေးစစ်ကြည့်တော့ လူပျိုနာပိုးတွေကလေ မေမေ့ရဲ့ ရွှေသားမက်ကြီးမှာ အပြည့်အသိပ်၊ ခန္ဓာကိုယ် အကြောပေါင်းတစ်ထောင်ကကျော်ဖောက်ပြီး ဦးနှောက်ကြောထဲ ရောက်သွားလို့ ပြန်လည်လှုပ်ရှားပြီး ကောင်းလာတောင် သူ့ဦးနှောက်မကောင်းတော့ဘူးတဲ့။ ရိုင်းရိုင်းပြောရရင်တော့ အရူးမ်ယားဖြစ်ရဦးမှာပေါ့လေ။ လက်မထပ်ခင် နှစ်နှစ်လောက်တုန်းက ဒါလောက်မပြင်းထန်ပေမင့် အသေးစား လေဖြတ်ဝေဒနာကို ကိုလေးခံစားဖူးတယ်တဲ့ ဒေါ်မေသွယ်ကြီးရဲ့။ ဒါတွေငါသိဘို့လိုသလား၊ မလိုသလား၊ ငါ့တာဝန်ရှိသလား၊ မရှိသလားဆိုတာ ပြန်စဉ်းစားပါလေ။ မအေကို ဒီလိုပြောမိတာ မိဆွေ လွန်လှပါပြီ"

ဆွေဆွေသည် ပြတင်းပေါက်ရှိရာသို့ပြေးသွား၏။ ရှိုက်ကြီးတငင်ငိုချသည်။ အပြင်လဟာပြင် လွတ်လပ်ခွင့်ကို ပြင်းပြစွာ တောက်မောနေသလို မအေကို ကျောခိုင်းထား၏။ တသိမ့်သိမ့်လှုပ်ရှားနေသော ဆွေဆွေ၏ပခုံးများသည် ရင်တွင်းဝေဒနာကို ဖော်ပြနေ၏။

"အမြင့်မားဆုံးတန်ဖိုးပေးပြီး အကောင်းဆုံး လက်ထပ်ပွဲကြီးကို ပုသိမ်မှာတစ်ခါ၊ ဒီရန်ကုန်မှာတစ်ခါ ကျင်းပပြီး သမီးကိုတုန်သည်တွေ သိမ်းပိုက်လိုက်တာပေါ့။ မေမေကလဲ ထိုးအပ်လိုက်တာပေါ့။ သူတို့မှာတော့ မြတ်တယ် မေမေ။ ပထမအမြတ်က



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရဲ့သားခြေငြိမ်သွားပြီ။ အပြင်မှာ အပျော်မကြူးတော့ဘူး အခုရောဂါကြောင့် အိပ်ရာပေါ် ဘုံးဘုံးလဲကျလဲ သစ္စာရှိစွာ သော ရာသက်ပန် သူနာပြုဆရာမကို အဖိုးအခမပေးရဘဲ သူတို့ ရထားပြီလေ။ မေမေ့အတွက်လဲ တလ တလ မှန်မှန်ရွှေ ဥကြီးတလုံးတလုံးရပြီလေ။ အို မမဝေနဲ့ ညီမလေးငွေဆီကရော လစဉ်မှန်မှန် ရတယ်မို့လား။ သူတို့ လင်ကောင်းပါစေဆိုတာ သမီးဆုတောင်းလျှက်ပါ။ သမီးမှာတော့ သမီးအနာကျည်းဆုံး သမီးသားစဉ်မြေးဆက်အတွက် ဒီလူမျိုးက သမီးကို ရင်သွေး မပေးနိုင်တော့ဘူး။ အို သမီးတော်ပြီ . . . တော်ပြီ၊ ဆက်ပြော ရင် သမီး အပြစ်ကြီးပဲ ဖြစ်မယ် . . .”

ဆွေဆွေသည် ချာကနဲလှည့်ကာ သူ့အိပ်ခန်းရှိရာသို့ ထွက် သွားတော့သည်။ ခန်းဆီးဘေးရှိ အဝင်းသည် ဆွေဆွေ ထွက် လာပြီး ခဏကြာမှ အိုဟာတင်း ပန်းကန်ကို အခန်းထဲဝင်ပို့၍ သူ့အခန်းထဲဝင်သွားကာ ခေါင်းအုံးနှင့်မျက်နှာအပ်၍ မဆီ မဆိုင် သူလဲ ရှိုက်ကြီးတငင်ငိုကြွေးမိသည်။

သူ့ မမ အဖြစ်ကို သနား၍ ငိုမိသည်လည်းပါ၏။ အမေ့ အကြောင်း ပြန်တွေးမိသည်ကြောင့်လည်း ငိုမိ၏။ ဆွေဆွေ၏ စကားလုံးတွေအတိုင်း ငှားယူကာ သူ့အမေ ဒေါ်မယ်ခင်ကိုသူ လည်း ပြောပြချင်သည်။

သူ့မှာတော့ တောသူ၊ စကားလုံးသွယ်လျှ၊ ပြေပြစ်အောင် မပြောတတ်၊ ယဉ်ယဉ်ကျေးကျေး၊ တင်မပြတတ်။ အပေါ်က ချုပ်ကိုင်သူ အစီအမံမကျနမှုကြောင့် အောက်တွင် ခံစားနေရ သောဒုက္ခက ဆွေဆွေလို နန်းမြင့်ဘုံစံတွင်မဟုတ်။ ကောက်ရိုးပုံ





ဘေးက ခနိမိုးအိမ်ပျော်တို့ပါ အလူးအလိမ့်ခံရပါသည်ဟု သူ ပြောပြချင်သည်။

ထိုည တစ်ညလုံး အိပ်မပျော်၊ မိုးလင်းခါနီး တစ်မှေးလောက် အိပ်ပျော်သွားပါသည်။ အိပ်မက်က ဂယောင်ချောက်ချား မက် လိုက်သေးသည်။ 'သူ့အမေ ဒေါ်မယ်ခင်သည် တစ်ခြား လခပိုရ သော အိမ်တစ်အိမ်မှ ကြိုတင်ငွေ ယူလာကာ သူ့ဆီသို့လိုက်လာ သည်။ သူသည် အမေ့ကိုဘာမှပြန်မပြောတော့ဘဲ အော်ငိုလိုက် သည်။ လန့်နိုးတော့မှ သူ့ခေါင်းအုံးတွင်မျက်ရည်များစို့ရွှဲနစ်ကာ အကယ်ပင်ငိုနေသည်ကို သူတွေ့ရသည်။

အိမ်စေဘဝနှင့် ဤအိမ်သည် နောက်ဆုံးနေရသောအိမ် ဖြစ် ပါစေဟုဆုတောင်းမိ၏။

× × ×

နံနက်တိုင်း မီးဖိုချောင်တွင် လေးနာရီလောက် ကတည်းက ဆန်းအေးသည် ဆွမ်းအိုး တည်ထားနှင့်နေကျဖြစ်သည်။ ဒီနေ့ ဆန်းအေး စောစောဆင်း၍မလာ။ ဒါ့ကြောင့် သူသည် ဆွမ်း အိုးတည်ရုံမက ဘုရားဆောင်ကိစ္စကို အပြီးလုပ်လိုက်၏။

ကလေးတွေမနိုးခင် နံနက်စာစားပွဲပြင်ဆင်နေဆဲ မြမြကြိုင် ရောက်လာသည်။

“မဝင်း၊ ကားကို မမကြီးပြောထားပြီးပြီ။ ဒီနေ့ အဘွားကြီး နှင့်ယောက် ဈေးမသွားနိုင်ဘူး၊ ကြက်တစ်ပိသာနဲ့ အသီးအရွက်



www.burmeseclassic.com

www.burmeseclassic.com



တော်တာကြည့်ဝယ်လာခဲ့။ ဒီမှာ သန်းအေးနဲ့ငါ လုပ်စရာရှိတာ လုပ်ထားနှင့်မယ်"

အဝင်းသည် မြမြကြိုင် ထုတ်ပေးသော ဈေးဖိုးကိုယူကာ ကားနှင့်ထွက်လာ၏။ မြန်မြန်ပင်ဝယ်စရာရှိတာဝယ်ရင်း ဈေးဝ ဗန်းခင်းရောင်းသော ပန်းသည်ကလေးထံမှ စကားဝါပန်း တစ်ကျပ်ဖိုးဝယ်လာသည်။

သူ့လခထဲမှ ထိုပန်းဖိုးပေးမည်၊ တောမှာနေကတည်းက သူ ဒီပန်းကို အလွန်ကြိုက်၏။ သူ၏သောကများ ကင်းဝေးစေရန် ထိုပန်းကို ဘုရားမှာကပ်၍ လိုအပ်သောဆုကိုတောင်းမည်။ အိမ်ရောက်၍ ဈေးခြင်းတောင်းကို မီးဖိုထဲ သွင်းလိုက်၏။ သူ့ညီမ မိသန်းအေးကို မျက်တွင်းလေးအချောင်သားနှင့် ပန်းကန်ဆေးနေသည်ကို တွေ့ရသည်။

"မိသန်းအေး၊ ဘုရားဆောင်ကိစ္စ ငါလုပ်လိုက်တယ်၊ အစောကြီး နိုးပေလို့ဘဲ နင့် မျက်တွင်းဟောက်ပက်နဲ့ ဘာဖြစ်တာလဲ နေမကောင်းဘူးလား ..."

"ကောင်းပါတယ်၊ ပြောမပြောချင်ဘူး၊ မမဝင်းကရောငိုထားသလိုပဲ၊ မျက်လုံးတွေ အစ်နေပါလား ..."

"ငါကဟော့ အိပ်မက်တွေ ပေါက်ကရမက်ပြီး၊ တကယ်ငိုမိလို့ပါ၊ ဆိုစမ်း ဘာဖြစ်လဲ ..."

"ကျွန်မ ဘာမှမဖြစ်ဘူး၊ အဘွားကြီး တစ်ညလုံး ဝမ်းတော်လားလို့ ကျွန်မလဲမအိပ်ရဘူး၊ မတတ်နိုင်တော့ဘူး၊ သန်းခေါင်ကျော်တော့မှ ကြီးကြီးထည်ကို သွားနှိုးရတယ်၊ အဘွားကြီးက





ပြောနေတာဘဲ။ ဒါ့ကြောင့် ကြီးကြီးထည်လဲ မိုးလင်းမှအိပ်ရလို့ မဝင်း ဈေးသွားရတာပေါ့"

"ဟေ ...၊ ဒေါ်ဒေါ်စိန် ဘာများအစားမှားလဲ"

"အစားမမှားပါဘူး၊ ဝမ်းနုတ်ဆေးစားလို့"

"ဝမ်းနုတ်ဆေးကလဲ ဒါလောက်အလွန်အကျွံ စားရသလား၊ ကရော ပြောမပြဘူးလား၊ ကြည့်တိုက်မှပေါ့ ..."

"တကတဲ့မှဘဲနော်၊ မမဝင်းကလဲ ကျွန်မအပြစ်ချည်းပဲ၊ သူသောက်နေကျတဲ့။ ပြီးတော့ အပ်ကနည်းနည်းရှည်တော့ သူ ပိုသောက်သတဲ့"

"ဘာ ..."

"မနေ့ကတစ်နေ့လုံး မြိတ်က ဆရာတော်ဘုရား ခြေသုတ်ဖုံကို သူကိုယ်တိုင်ချုပ်တယ်၊ ဒီနှစ်တန်ဆောင်မုန်း ရောက်ရင် မြိတ်ကို သွားပြီး ကထိန်ခင်းမလို့တဲ့"

"မိသန်းအေးကလဲ၊ မြိတ်သွားပြီး ကထိန်ခင်းတာနဲ့ ဝမ်းနုတ်ဆေးစားတာနဲ့ ဘာဆိုင်လဲ"

"ဆိုင်သမှ သိပ်ဆိုင်။ ခြေသုတ်ဖုံကို သူကိုယ်တိုင် လက်နဲ့ ငင့်ဖော်ပြီးချုပ်နေတာ၊ ကျွန်မ ဘေးကကူပေးရတယ်။ အောက် ညင်း ထမင်းအစားမှာ သူ့လက်ချုပ်အပ်ပျောက်သွားရော၊ အဲဒါ အပ် သူ့ဗိုက်ထဲ ဝင်သွားပါဘီဆိုပြီး၊ ဝမ်းနုတ်ဆေး သောက်တာ"

အဝင်းသည် ဟက်ဟက်ပက်ပက် ရယ်တော့သည်။

"ဒီအိမ်ကလဲ ဖြစ်လိုက်ရင် အဆန်းချည်းပဲဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မမဝင်းကသာရယ်နေ၊ လူများမှာဖြင့် သေတော့မယ်။ သူက ဒီလိုပဲ သောက်နေကျတဲ့၊ ကြီးကြီးထည်က ပြောတယ်။ ဒီအိမ်မှာ ဖေဖေကြီးကအစ သူ့ကိုအလိုလိုက်ထားတော့ ဘယ်သူမှ ပြော မရဘူး၊ ဒီအပ်က နည်းနည်းရှည်တော့ ပိုသောက်လိုက်တာ၊ ကံကောင်းလို့ မသေတယ်။ ကြီးကြီးထည်လဲ မိုးလင်းမှအိပ်ရတယ်၊ သူများလဲ နောက်ဖေးအိုးထဲ အပ်ရှာရတာ အမော . . ."

"အပ်က တွေ့ရောလား . . ."

မိသန်းအေးသည် အဝင်းနားနား ကပ်ကာ တိုးတိုးလေး ပြော၏။

"အပ်တစ်ချောင်းလုံး ဗိုက်ထဲရောက်မှ သေတော့မှာပေါ့၊ တစ်ခြားအပ်တစ်ချောင်း ကျွန်မ အသာယူပြီး နောက်ဖေးအိုးထဲ ထည့်ပြလိုက်ရတယ်၊ ဒီတော့မှ ဇာတ်လမ်းဆုံးတယ်"

"ငါ့ညီမတော်တယ်၊ ဖြတ်ထိုးဉာဏ်ကောင်းတယ်" အဝင်းသည် ရယ်မောကာ ညီမကို ချီးကျူးလိုက်၏။ မိသန်းအေးလဲ ချီးကျူးသင့်ပေသည်။ ရောက်စကလည်း မြမြကြိုင်၏ ကလေး အငယ်ဆုံးအတွက် ချွေပြီးသော ပြောင်းဖူးစေ့ကို ပြန်တပ်ပေး ရသော ပြဿနာတွင် မိသန်းအေး ကယ်ပေလို့ ပြေလည်သွား ရသည်။

မြမြကြိုင်သည် မီးဖိုထဲသို့ ဝင်လာ၏။

"ဘာရလဲ . . . အဝင်း"

အဝင်းသည် သူဝယ်လာသော ကြက်သား၊ ပုစွန်၊ ကညွတ် နှင့် ခရမ်းချဉ်သီး၊ ချဉ်ပေါင်ရွက်များကို ပြလိုက်၏။





"ကဲ ကဲ ဒီနေ့အဝင်းရေ၊ မင်းတစ်ယောက်ထဲ မီးဖိုထဲချက်ပေတော့၊ စဖိုရှင် မယ်တော်ကြီးနှစ်ပါး အိမ်ရာထဲလဲနေတယ်၊ ကြက်သားဆီပြန်ချက်၊ ချဉ်ပေါင်ဟင်းကတစ်ခွက်၊ ကညွတ်နဲ့ ပုစွန်နဲ့ ကြော်လိုက်၊ ငါသွားစရာ ရှိသေးတယ်"

"ဟုတ်ကဲ့ မမ"

အဝင်းကဖြေလိုက်၏။ မြမြကြိုင်သည်ရုတ်တရက်ထွက်မသွားသေး၊ နှာခေါင်းရှုံ့ပွရှုံ့ပွနှင့် တစ်စုံတစ်ခုကို အနံ့ခံနေပုံရ၏။

"အဝင်း နင်ဝယ်လာတဲ့အထဲ စကားဝါပန်းပါလား"

"ပါတယ် မမကြီး၊ ဘုရားကပ်မလို့၊ မိသန်းအေးကို တင်ခိုင်းလိုက်မယ်လေ"

"အမလေး အကျိုးနည်း ငါစောစော အနံ့ရပေလို့၊ နင်ကြိုက်ရင် နင့်ဖာသာ တိတ်တိတ်လေး နင့်အခန်းထဲယူသွား၊ ဘယ်နေရာကဖြစ်ဖြစ်၊ ဘုရားကို ရည်းစူးတင်ရင်ရပါတယ်၊ စကားဝါပန်းကို အိမ်တွင်း မကြိုက်ဘူးဆိုတာ မိဝင်းရဲ့ နင်မသိဘူးလား၊ တော်ပေ့သေး၊ ဒေါ်ဒေါ်စိန် မတွေ့လို့"

"အိမ်တွင်း"

"အေးလေ၊ တို့က ဘာမှမကိုးကွယ်ဘူး၊ ဒေါ်ဒေါ်စိန်က အိမ်တွင်းမင်းမဟာဂီရိကို ကိုးကွယ်တော့ စကားဝါပန်းကို အိမ်ပေါ်တင်မခံဘူး။ တို့များကလဲ တို့အလုပ်တွေနဲ့ တို့ရှုပ်နေတော့ မိဝင်းကိုဘာမှ တို့အိမ်အကြောင်း သေသေချာချာ ပြောပြမထားရသေးဘူး၊ မှတ်ထား ဈေးသွားလဲ ဝက်သားမဝယ်နဲ့၊ ဒေါ်ဒေါ်စိန်က မင်းကလေးကိုလဲ ကိုးကွယ်တာ၊ တို့များဒါကြောင့် ဝက်သားစားချင်ရင် ညဘက် သူတို့ အိပ်မှ တရုတ်တန်းထွက်ပြီး ဝယ်

www.burmeseclassic.com



စားရတာ။ နင်တို့လဲ စားစေချင်လို့ ဟိုညက တို့များ နင်တို့ဖို့ ကော်ပြန့်စိမ်း ဝယ်လာတာပေါ့။ ပြီးတော့နော် ကြာပန်းရယ် ပန်းအိုးရယ်လဲ ဈေးကဝယ်မလာနဲ့၊ ဘုရားမတင်နဲ့" အဝင်းသည် တအံ့တသြနှင့် ဘာဖြစ်လို့လဲဟု မေးလိုက်။

"ကြာပန်းကကြာရင်ပန်းသတဲ့၊ ပန်းအိုးကဖြေးဖြေးပန်းဖြီး အိုလဲကျသတဲ့၊ သူအယူသီးတာကိုတို့မပြောနဲ့၊ ဖေဖေကြီးတောင် လက်မြှောက်ထားရတယ်။ ကဲ ဟိုကောင်တွေ ကျောင်းပို့ပြီးဆွေ ဆွေ့အမေနဲ့ ငါဗိုလ်ချုပ်ဈေးသွားစရာရှိတယ်၊ အဝင်းတစ်ယောက် ထဲ ချက်ပေတော့။ မိသန်းအေး အဝင်းကိုကူပြီးရင် အဘွား ကြီးအနားသွားနေဦး၊ တော်ကြာ ဆရာဝန်လာလိမ့်မယ်"

မြမြကြိုင်သည် ပါးစပ်မှ ဒလစပ်ပြောကာ ထွက်သွားတော့ သည်။ အဝင်းသည် ညက စိတ်ညစ်စရာ ဘယ်ရောက်သွားသည် မသိ။ သန်းအေးကိုကြည့်ကာ သူရယ်မိတော့သည်။

"မမဝင်းက ရယ်နေ၊ ကျွန်မဖြင့် ညက စိတ်ညစ်လိုက်တာလေ"

"ဒီလိုဟာမျိုးကျတော့ ဖေဖေကြီးရော၊ ကြီးကြီးထွည်ရော ဒေါ်ဒေါ်စိန်ကို ပြောလို့မရဘူးလား"

"မရဘူးတဲ့ မရဘူး၊ ညက မမကြီးက ကျွန်မကိုပြောပြတယ် တဖြေးဖြေးနဲ့ တို့အိမ်အကြောင်း မျိုးစုံသိလာမှာပါတဲ့၊ ရှေ့ အဒေါ်က တခြားဟာတွေမှာ မဆိုးပါဘူးတဲ့၊ မိသန်းအေး သည်းခံပါတဲ့၊ ဒီလိုတော့လဲ မမကြီးက သနားစရာဘဲနော်"

"အေးပေါ့ဟယ်၊ တို့ဘဝကအိမ်စေ ထမင်းချက်ကိုး၊ အိမ် ပေါင်းစုံ အနံ့ စရိုက်မျိုးစုံ၊ လူပေါင်းစုံနဲ့တွေ့ရတာပေါ့၊ ငါထွက် လာခဲ့တဲ့ အရာရှိအိမ်နဲ့စာတော့၊ အလုပ်များပေမင့် ဒီအိမ်သား





တွေက သဘောထားလဲ မဆိုးပါဘူး၊ ကုသိုလ်ကိုရှေးရှုပြီး များ ရတဲ့အလုပ်၊ ဟိုအိမ်မှာတုန်းက နင်ပါမလာတာဘဲ ကောင်း ကောင်း၊ တစ်ခါတစ်ခါ အရက်ပွဲကမသိမ်းနိုင်၊ အရက်နဲ့မြည်းဖို့ အကြော်အလှော်တွေ ကြော်လှော်နေရတာ သန်းခေါင်နီးနီးပဲ၊ ငါလုပ်သာပေးနေရတယ် စေတနာမရှိဘူး၊ ဒီအိမ်ကျတော့ နင် မမကြီးအပေါ် သံယောဇဉ် တွယ်တာသလို၊ ငါလဲ မမဆွေကို စေတနာရှိတယ်၊ သံယောဇဉ်တွယ်မိတယ်၊ ညက ဒါ့ကြောင့် ငါ့မှာ ငိုလိုက်ရတာ"

"ဟင်"

"နင်မသိပါဘူး သန်းအေးရယ်"

"ကဲ . . . အမေက နောက်တစ်အိမ်ပြောင်းဘို့ လာခေါ်ပါ ပြီတဲ့၊ ဘယ်နှယ့်လုပ်မလဲ"

သန်းအေးသည် သူ့အသိလေးနှင့်သူ မေးလိုက်၏။ အဝင်း သည် စဉ့်တီတုံးနှင့် ဓားမကိုဆွဲထုတ်၍ ကြက်သားခုတ်ရန် ပြင် ရင်းမှ သူ့ညီမကို အားရပါးရပြော၏။

"ဟော ဒီတစ်ခါ အမေလာခေါ်ရင် ငါအမေ့ကို ပြန်ပြောဖို့ စကားလုံးတွေ အများကြီးရထားပြီ၊ ညက မမဆွေဆီက မမ ဆွေရဲ့ စကားလုံးတွေကို အများကြီး ရထားတယ်၊ နောက်မှ နင့်ကိုအကြောင်းစုံ ပြောပြမယ်၊ သွား သွား နင့်အလုပ်တွေသွား လုပ်။ စကားဝါပန်းလဲ ငါ့အခန်းထဲကို ဒေါ်ဒေါ်စိန် မသိ အောင်သွားထားစမ်း၊ ငါဟင်းတွေ ချက်ရဦးမယ်"

အဝင်းသည် မီးဖိုချောင်အလုပ်များကိုဆက်၍ လုပ်နေ၏။ လုပ်ရင်းလဲ တွေးနေ၏။ တစ်နေ့မဟုတ် တစ်နေ့၊ အမေနှင့်တော့



www.burmeseclassic.com

www.burmeseclassic.com



ရှင်ဆိုင် ရမည်ဦးတော့မည်။ သူ့အမေသည် ဒေါ်မေသွယ်နှင့် မထူးခြားဟု ဆိုရသော်လည်း တောသူပီပီ စိတ် မထင်လျှင် လူကြားထဲမှာပင် သမီးတွေကို နားရင်း ပိတ်အုပ်တတ်သည်။ အဖေ့ကိုတောင်ညို့သကြီးကိုထင်းပေါက်ခြမ်းနဲ့ဆော်ထည့်၏။ဖက်လုံးသင့်သည်ဆိုလျှင်လဲ ဖက်လုံးသည်။ ကလော်တုတ်စရာရှိလျှင်လည်း ခုနစ်အိမ်ကြား ရှစ်အိမ်ကြား ပက်ပက်စက်စက်ဆဲတတ်၍ အဖေကဘဲလျှော့ရပေါင်းများလှပြီ၊ ခုတစ်ခါအမေလာခေါ်လျှင် ဆွေဆွေ၏စကားလုံးများကို သူ့ကိုယ်ပိုင် စကားလုံးများအဖြစ် ပြောင်းလဲရွတ်ဖတ် ပြောကြား၍ ရလျှင်ရ၊ မရလျှင်တော့ ကြီးဒေါ်အေးမယ်တို့ရှိရာ တံခွန်တိုင်သို့ ထွက်သွားတော့မည်။ တိုမှာပဲ ကြီးဒေါ်နှင့်အတူ သမရိုးကျ ယာခင်းကိုလုပ်မည်။ တခြားယာခင်းတွေမှာလဲ လယ်လုပ်ချိန်အပြီး လုပ်စရာတွေလုပ် ပေးလျှင် သူ့တာဝန် ကျေပွန်ပြီ မဟုတ်ပါလား။

ဘာအလုပ်မဆိုစေ့ဆော်တိုက်တွန်းမှု စေတနာက အရေးကြီးသည်။ စေတနာက အရေးကြီးသည်။ စေတနာပါမှလဲ လုပ်ရကိုင်ရသည်မှာ မြန်မြန်ပြီး၍ အောင်မြင်သည်။ သူသည်ဒီအိမ်ကြီးပေါ်ရှိမမဆွေနှင့် မမကြီးအပေါ်တွင် တွယ်တာလာသော သံယောဇဉ်ကကျန်ခဲ့သော အိမ်များနှင့်မတူ။ မိသားစု စေတနာတကယ်ပင်သက်ရောက်လာသည်။ သူ့စေတနာ ကြောင့်လော မသိ။ မမကြီးတို့ ဆက်ဆံပုံကလည်း ကျေးကျွန်များအဖြစ်သူတို့အပေါ်နှိမ်သောအပြုအမူမတွေ့ရ။ ထို့ကြောင့်ပဋိပက္ခသည် မရှိ။





ပဋိပက္ခမရှိသောအလုပ်တွင် အေးချမ်းသည်။ သာယာသည်။ ခင်ပန်းသော်လည်း ပင်ပန်းသည်ဟုမထင်။ ဘဝင်ကျပေမည်။

အမေလိုက်လာလျှင်သာ မမဆွေ၏ စကားလုံးများကိုသူသုံးလျှင် အမေက နားမှလည်ပါ့မလား။ သို့သော် အဝင်းသည် သူ့အမေဒေါ်မယ်ခင်ကို ခွင့်လွှတ်၍ တွေး၏။ အမေသည် သူ့အခြေအနေနှင့်ငွေပို၍ လိုချင်သည်မှာ မဆန်း။ တနှစ်လုံးလယ်မှ ရငွေမှာ သူတို့မိသားစုအတွက် ပိုလျှံခြင်းမရှိ။ အမေ ငွေပိုများများ လိုချင်ခြင်းမှာ တရား၏။

ဆွေဆွေ၏မိခင် ဒေါ်မေသွယ်အတွက်မူ သူတွေး၍မရပေ။

သူတွေးဖို့လည်း မဟုတ်ပါပေ။ နှင်းများစဲစ၊ တစ်နံနက်ခင်းက ရောက်လာခဲ့ရသောအိမ်ကြီး၊ ဝင်လာကတည်းက ခြံဝမှ သည် ဆင်ဝင်အောက်အထိ ပန်းရနံ့များ မွှေးကြိုင် သင်းပျံ့ နေသော အိမ်ကြီး။

ကျယ်ပြန့်သော မြသားကော်ဇောကြီးဘေးမှ မြေနီလမ်းကို ဖြတ်သန်းလျှောက်ကာ ရောက်လာရသောနေ့တွင် အဝေးကြည့်၊ အပြင်ကြည့်ဖြင့် မြဇာချည်ခန်းဆီးများဖြင့် တန်ဆာ ဆင်ထားသော အိမ်ကြီးထဲသို့ သူရောက်လာခဲ့သည်မှာ လပိုင်း လွန်ခဲ့ပြီ။

မြဇာချည်အတွင်းပိုင်းသို့ ရောက်လာလေလေ၊ အိမ်ကြီးဇာတ်ဆုပ်က ပိုမိုပြတ်သားလား၏။ ဝိုးတဝါးတော့မဟုတ်။ သို့သော် အရောင်းတောရှိကောက်ရိုးမီးပြတ်မီးလောင်သရုပ်ဖော် ဇာတ်လမ်းမျိုးလည်းမဟုတ်။

ပိုးခန်းဆီးနောက်ကွယ်တွင် ဖန်ခွက်ချင်းထိ၊ ပုလင်းချင်းရိုက်၍ ရာဂဖန်မီးအိမ်အောက်တွင် ငရဲပန်းပန်နေကြသောဇာတ်ထုပ်



www.burmeseclassic.com

www.burmeseclassic.com



မျိုးတော့လည်း မဟုတ်။ သိမ်မွေ့မလို၊ သာတော့မယောင်နှင့် အို . . . ဝက်ပါတောင်မရောက်ခင်တော့ ဟိမဝန္တာ၏ လမ်းသည် အကဲဖြတ်၍ မရနိုင်သေးပါတကား။

တကယ်တော့ ဟိမဝန္တာ၏ လမ်းသည် အဝင်း၏ ဦးနှောက်နှင့်ကြိုတင်ခန့်မှန်း၍မရနိုင်ပေ။ အလှလေလား၊ သဘာဝလေလား၊ ချီးကျူးခန်းလား၊ ရက်စက်ခန်းလား၊ အဝင်းနားမလည်လှ။

ဦးသြဘာသ ကသာ ဟိမဝန္တာကို တန်ဆာတင်တတ်သော်လည်း အဝင်းကတော့ ဟိမဝန္တာထဲတွင် ဖူဇကာလို ပုဏ္ဏားမျိုးတွေ့ရင်တော့ ရင်ဖို၍ကြောက်၏။ ကျားရဲတွေတွေ့တော့ ထွက်ပြေးချင်၏။ ကြာမျိုးငါးပါးနှင့် ရေအိုင်တွေ့တော့လည်း ရေကြည်ကိုသောက်ချိုးကာ အပန်းဖြေလို၏။ ကျေးငှက်တို့၏တေးသံချိုအေးအေးကို နားထောင်ရင်း သူသည် တစ်နေ့သောအခါ ဇာလီတို့မိသားစုစံပျော်ရာ ဝက်ပါကျောင်း သင်္ခမ်းကို ရောက်ကောင်းပါရဲ့။

❑



## အခန်း [ ၄ ]

အဝင်းသည် ဟိမဝန္တာ၏ပထမ ကန္တာရအစတွင် ဒေါ်မေသွယ်တို့ ထပ်မံတွေ့ရှိရသည်။ နောက်ထပ် တွေ့ရှိရမည့် ကိုလတ်ကြိုင်တို့ ဇနီးမောင်နှံအတွက် သူသည် စိတ်မမောဘူးဆိုသော်လည်း ကြိုတင် ပြင်ဆင်ရပေဦးမည်။

ဆွေဆွေ၏ ဆိုစကားအရ ဒေါ်မေသွယ်သည် မြစ်ကြီးနားတို့ ဆက်မသွားသေးဘဲ ပုသိမ်အိမ်ကို ပြန်ဦးမည် ဆိုသည်။ ဒုတိယရောက်လာမည့် ကိုလတ်ကြိုင်တို့ ဇနီးမောင်နှံနှင့် အဝင်းအတွက် ဖြစ်ကောင်းဖြစ်ပေမည်။ ဒေါ်မေသွယ်၏ စိတ်ထဲတွင် ဧည့်သည်များ ပိုမို များပြားလာ၍ အိမ်ရှင်ကို အားနာဟန်ရှိ၏။ နေ့လယ်ဘက် ဈေးဝယ်ထွက်သည်က လွဲ၍ ကျန်အချိန်များတွင် သမီးဖြစ်သူ ဆွေဆွေနှင့်အတူ သားမက်အနားတွင် အနေများသောကြောင့် အဝင်းသည် ဒေါ်မေသွယ်ကို ခဏခဏ အောက်ထပ်တွင် မတွေ့ရပေ။



www.burmeseclassic.com

www.burmeseclassic.com



ကိုလတ်ကြိုင်တို့ ဇနီးမောင်နှံ ရောက်သောနေ့ကတော့အိမ်သည် စီစီညံညံရှိ၏။ အဝင်းမျက်စိထဲတွင် ကိုလတ်သည် ကိုလေးထက်ချော၏။ မေဝင်းလတ်ကမူ ဆွေဆွေ့လို သိမ်မွေ့သော ဟန်ပန်မရှိ စကားပြောတော့ သွက်လက်ချက်ချာ၏။ မော်လမြိုင်သူပီပီ တင်ပါးကတော့ ကားကားမို့မို့၊ သူ့မျက်လုံးသည် အစဉ်လိုပင် ရယ်ရွှင်မြူးတူးနေပုံရသည်။ လက်တွေ့ တွေ့ကြုံနေရသော ဘဝကလည်း သူဌေး ချွေးမချင်း တူသော်လည်း မေဝင်းလတ်၏ ဘဝပေး အခြေအနေက သာပေသကိုး။ သူ့အသံသည် စာ၍မာ၏။ တကယ်တော့ ဒေါ်မေသွယ်၏ သမီးသာဖြစ်လျှင်ပို၍ ကောင်းမည်ဟု အဝင်းထင်၏။ မှန်၏။ သူတို့နှစ်ဦးသည် သားအမိဆိုလျှင် လိုက်ဖက် တင့်မောသည်။ ကားရောင်၊ စိန်ရောင်၊ အဝတ်အစားအရောင်တို့သည် နံနက် နေခြည်ထဲတွင်ဝဲပျံနေသော လိပ်ပြာရောင်စုံနှင့် ပန်းရောင်စုံတို့လို၊ အရောင်ချင်းသွယ်လှက် ကူးယှက်နေပုံရသည်။

ဆွေဆွေကတော့ မိုးရာသီ၏ ကောင်းကင်ညိုအောက်တွင် သစ်ကိုင်းထက်တွင် နားနေသော သပိတ်လွယ်ငှက်ငယ်နှင့်တူနေသည်။ နောက်ခံကားကလည်း ညိုမှိုင်း၍ အဖော်ကင်းသောတစ်ကောင်တည်း လှုပ်ရှားမှုသည် ဘယ်မှာလျှင် မြူးပျံ၍ နေပါမည်နည်း။

ရောက်စနေ့က ညီထွေးလေးအပါးတွင် ကိုလတ်ဇနီးမောင်နှံသည် မမကြီးနှင့်အတူ ဝင်ရောက် တွေ့ဆုံကြ၍ လူနာကို စိတ်မာတ် မကျအောင် အားပေးကြသည်။





ကိုလေးသည် ဝူးဝါး၊ အူးအဲနှင့် သနားစဖွယ်သော သူ၏ ဘာဂမာကို သူရွှတ်ရင်း လှုပ်ရှားနိုင်သော ကျန်လက်တစ်ဖက်နှင့် အစ်ကို၊ အစ်မ၊ မရီးတို့ကို သူ့စကား ဆိုရှာပါသည်။ သို့သော် သူ့စကားသည် ရောဂါအကြောင်း လေလား၊ ဝမ်းမြောက်ကြောင်းလား၊ ဝမ်းနည်းကြောင်းလား၊ မည်သူမျှ နားမလည်။ ရွှင်ကြည်တောက်ပလာသော မျက်လုံးအစုံကြောင့်သာ သူသည် အစ်ကိုဖြစ်သူ ဇနီးမောင်နှံ လာရောက် လည်ပတ်ခြင်းအတွက် အားတက်ရွှင်ပျကြောင်း အတွင်းစိတ်ကို ဖော်ပြနိုင်ရှာသည်။

ဆွေသည်သူ့လင်အဖြစ်ကို သူမကြည့်ရက်သော်လည်း ဘာမျှ တတ်နိုင်ပါပေ။ ကိုလတ်ကြိုင်တို့ ဇနီးမောင်နှံသည် ပထမနေ့ ကိုလေးကို ဝင်ရောက်တွေ့ဆုံအားပေးစကား ပြောပြီးကတည်းက အိမ်မှာနားမနေ။ အိမ်မှာ နားမနေသောကြောင့် အလုပ်ရှုပ်ရသူမှာတော့ ဒရိုင်ဘာအေးမောင် ဖြစ်၏။

အဝင်းအတွက်မှာမူ ချက်နေကျ ထမင်းဟင်းထက် ပိုမိုများပြားသော ဟင်းချက်ရရုံပဲ ရှိသည်။ ဒါလောက်တော့ အဝင်းသည် အလုပ်ပိုသည်ဟု မထင်၊ အလုပ်ကိုနိုင်၏။ ဒေါ်မေသွယ်လိုတောင် အအိပ်ခင် အစားအစာ သို့မဟုတ် သောက်ရန်တစ်ခုခု ကိုလတ်တို့အခန်းသို့ သွားမပို့ရ။ ကိုလတ်တို့သည် ညဘက်ကြည့်ချင်သော ရုပ်ရှင်တကားကား ကြည့်ပြီးတိုင်း သူတို့ကြိုက်သော တရုတ်စာ၊ ကုလားစာတွေ မြို့ထဲမှ ဝယ်လာမြဖြစ်၏။

မိုးလင်းလျှင်တော့ လင်မယားနှစ်ယောက် ဒရိုင်ဘာကိုအေးမောင်ကို ဆွဲခေါ်ကာ ကားတစီးနှင့် ထွက်ကြသည်။ ဘာတွေလှုပ်ရှုပ်မှန်း မသိ။ အဝင်းသည် သူတို့ ထွက်သွားလျှင်သာ



www.burmeseclassic.com

www.burmeseclassic.com



သူတို့အိပ်ခန်းကို ရှင်းလင်း၍ ဖွပ်စရာအဝတ်ဟောင်းများကို သိမ်းဆည်းယူငင်၍ ဖွပ်လျှော်၊ မီးပူတိုက်ပေးရသည်။

ကိုလတ်တို့ ရောက်လာသော တတိယမြောက် နေ့လယ်တွင်တော့ အဝင်းသည် အဝတ်စိုတစ်ပုံလှန်းရန် အစေခံတန်းလျားနားသို့ ရောက်သွားသည်။ ကိုအေးမောင် မိန်းမ အထွေးသည် ဒေါသသံ မပါသော်လည်း သူ့ယောက်ျားကို ပြဿနာတစ်ခုကို ရှင်းပြနေပုံရသည်။ သူသည် အဝတ်လှန်းရင်း ကိုအေးမောင်တို့ မီးဖိုဘက်ကို ကြည့်လိုက်သည်။

"ရန်မဖြစ်ချင်စမ်းပါနဲ့ ကိုအေးမောင်ရယ်။ ထမင်းအိုးတစ်လုံးတယ်ပြီးမှကို ထွက်သွားတာ ကျွန်မစိတ်ထဲက ပြန်လာရင် ဟင်းတစ်ခွက် ချက်ရုံဘဲ။ ကဲ ခုလဲ ဖွယ်ဖွယ်ရာရာသာမရှိတာပါ။ ကျွန်မဘဲဥတစ်လုံးဖောက်ကြော်လိုက်ပြီ။ အဆာပြေစားနှင့်၊ ဟင်းချိုအိုးတယ်ထားတယ်။ ဘူးညွန့်ခတ်ရုံဘဲ။ မနက်က ဘူးညွန့်တွေဖြတ်ပြီးမာလီကို မမကြီးက ဝေခိုင်းလို့တဲ့။ အိမ်နီးနားချင်းလဲဝေတယ် ကျွန်မတို့လဲ ပေးတယ်။ ငါးပိရေဖျော်က ခုချက်ချင်းပြီးတယ်"

ဒရိုင်ဘာ ကိုဖေအးမောင်တို့ လင်မယား ရန်ပွဲ စတော့မည့် အခြေအနေကို အဝင်းသည် အဝတ်များ လှန်းရင်း မလှမ်းမကမ်းမှကြည့်နေ၏။ တော်ပေသေး၏။ မထွေးသည် လေပြေထိုး ကောင်း၏။ အချော့ကောင်း၏။ ကိုအေးမောင် ဒေါသထ ဆက်လက်၍ ဆူဝေလာအောင်မလုပ်။ ဒရိုင်ဘာ့မိန်းမသာ ဖြ သည်။ မထွေးတော်ပေသည်ဟု အဝင်းက စိတ်ထဲမှချီးကျူးမိ

ကိုအေးမောင်သည် ဘဲဥကြော်နှင့် ထမင်းပန်းကန်ကိုစ ပိုင်းအတွင်း ပြောင်ချောသွားအောင် စားလိုက်ကတည်း





မည်မှုဆာနေသည်ကိုမှန်းဆနိုင်၏။ နောက်တစ်ပန်းကန်အထည့်တွင် မထွေးဖျတ်လတ်သည့်ပုံက ငါးပိရေဖျော်နှင့် ဟင်းချို အငွေ့တထောင်းထောင်းကို ကိုအေးမောင် ထမင်းပန်းကန်ရှေ့သို့ သယ်ယူလာနိုင်၏။

ဝမ်းမီးငြိမ်းစပြုသွား၍ ဒေါသအရှိန်ပြေသွားသော ကိုအေးမောင်သည် ဟင်းချိုကိုမှုတ်၍ သုံးလေးဇွန်း ဆက်တိုက်သောက်ပြီးမှ စကားဆက်လက် ပြောနိုင်တော့သည်။

"ဟေ့ မထွေးရ၊ လူဆိုတာဗိုက်က ဆာလွန်းတော့လဲ ဒေါသကဖြစ်ချင်လာတာဘဲဟေ့။ မနက်က မင်းကျွေးလိုက်တဲ့ ထမင်းခြမ်းနဲ့ ပဲပြုတ်ဆီဆမ်း စားသွားတာဘဲ။ ကဲ အခုနှစ်ချက်ထိုးပြီ။ ဒီတော့ လူလဲ ကားကို မနဲသတိထားမောင်းရတယ်၊ ဆာသမှ သိပ်ဆာတာဘဲ"

"ဘယ် အဖြစ် ရောက်လာလို့လဲ"

မထွေးသည်နောက်ဘဲဥတစ်လုံးထပ်၍ကြော်ရင်းမေးလိုက်၏။

"စနိုကမ် . . . စနိုကမ်တဲ့ဟေ့"

"စနိုကမ်က ဘာလဲ"

"အိမ်သုတ်ဆေးလေ၊ နိုင်ငံခြားက လာတာ။ မြန်မာဖြစ်ကို ငင်းလတ်က မကြိုက်ဘူးတဲ့။ ဆင်မလိုက် သင်္ဘောကျင်းက ားတွေခိုးရောင်းတဲ့ သင်္ဘောတွေကို သုတ်တဲ့ဆေးရှိတဲ့ဆီကို တ်အောင် ကိုကိုလတ်ကလဲ ရှာပေးပါတယ်။ သူ့ မိန်းမက ရောင်ကော၊ အမျိုးအစားရော မကြိုက်ဘူးတဲ့"

"အမလေး လူတွေဖြင့် ထမင်း ဘယ်လိုစားရမှန်းမသိဘူး။ နေ့တစ်နေ့ ရတဲ့လခနဲ့ ကွက်တိ ဖြစ်အောင်ချိဥ်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို ခဲယူတာဘဲ၊ သူတို့မှာတော့ ဒီအိမ်သုတ်ဆေးမရတော့ မြန်မာဖြစ်သုံးလိုက်ရင်ကော ဘာဖြစ်မှာလဲ"

မထွေးသည် ဒုတိယဘဲဥကြော်ကို ကိုအေးမောင် ပန်းကန် ထဲသို့ထည့်၏။ ပြီးမှ သူ့အတွက် ထမင်းတစ်ပန်းကန်ကို ယူထည့် လာကာ ငါးပိရေရွှဲရွှဲဆမ်း၊ ငရုတ်သီးမှုန့်ရဲနေအောင်ဖြူး၍ဘူးရွက် ဖတ်ကို ဟင်းချိုထဲမှဆယ်လာကာ အားရပါးရ မြုပ်၍မြုပ်၍ စားတော့သည်။

"ဟင် . . . မင်းလဲ ခုမှစားရတယ်"

"ဟုတ်တယ်"

"ဩော် . . ."

မယားအပေါ် ဒေါသ ပြေသွားသော ကိုအေးမောင်သည် ထမင်းကို အေးအေးလူလူ ဆက်စားရင်း စကားဆက်ပြော၏။

"သူတို့လို့စကားကို သိမ်းကြုံးမသုံးပါနဲ့ဟယ်၊ ဒါက ကို လတ် သဘောမှ မဟုတ်ဘဲ။ မေဝင်းလတ်ရဲ့ ရှာပုံတော် ဒီ ရာမှာ မင်းတို့မိန်းမတွေ (ပူဇာစ) လုပ်တော့ကိုကိုလတ်လဲ (ပူ ယျာန်)ဖြစ်သွားတာပေါ့။ ပြီးတော့ မိန်းမချင်းအတူတူ မမကြီး နဲ့များ ကွာလိုက်တာ . . . ငါလဲ ပထမတော့ အိမ်ကျမှ အလုပ် ထွက်ရ၊ ထွက်ရ။ လမ်းမှာ ဂွတိုက်တော့မလို့။ မမကြီးမျက်နှာ ကွက်ခနဲမြင်မိလို့။ ကားထုတ်စ မနက်ကတဲက မမကြီးက ဂိုဒေါင်ထဲမှာကို လာပြောရှာတယ်။ သူ့ယောင်းမဟာ စိ များလွန်းလို့ စိတ်နဲ့အခန့်မသင့်တာတွေ့တောင် သည်းခံ မော ပေးပါကိုအေးမောင်ရယ်တဲ့။ တတွတ်တွတ်လာမှာလို့ . . . ဟင် မမကြီးမျက်နှာထောက်လို့ပဲ"





"မမကြီးဟာလေ ဘယ်နေရာမဆို မျှမျှတတ ရှိတယ်နော်" ထွေးက ဝင်ထောက်လိုက်၏။

"ပြီးတော့ဟာ၊ မမကြီးရဲ့အလေ့က သူတစ်နေ့လုံးကလေးတစ် နဲ့ဘယ်လောက် အလုပ်ရှုပ်ရှုပ်၊ ဘယ်သွားသွား၊ အလိုက်သိတတ် တယ်။ စားချိန်ရောက်ရင် ထမင်းမဟုတ်တောင် နီးရာဆိုင်တစ်ခုခု မှာ ဝင်နားလိုက်တာဘဲ။ ခေါက်ဆွဲကြော် ဖြစ်ဖြစ်၊ ပလာတာ ဖြစ်ဖြစ် အဝအမြဲသူလဲစား၊ တို့များလဲ ကျွေးတော့ ဆက်တိုက် အလုပ် ဘယ်လိုဘဲလုပ်ရ လုပ်ရ ပြေလည်တာပေါ့။ မေဝင်းလတ် ဒီလိုမှ မဟုတ်ဘဲ။ သူကသာ မနက်က အဝအပြဲသွတ်လာတာ၊ မှာက မနက်က မင်းကျွေးလိုက်တဲ့ ထမင်းခြမ်းဘဲ ရှိတယ်၊ သောက်ဆိုင်တွေ့လို့ ဆင်းစားလဲ သူတို့သာ ဆင်းစားတာ၊ ကာ ကားစောင့်"

"ဒီနေရာမှာလေ ကိုကိုလတ်က မမကြီး အတု ယူဖို့ ကောင်း ယ်နော်"

"အေးပေါ့ဟာ မောင်နှမတောင် စရိုက်ချင်းမတူတော့ သမီး ာင်းမ ဘယ်တူနိုင်ပါ့မလဲ"

"ကျွန်မလဲ မမကြီးကြောင့် ဒီနေ့ အချိန်ကုန်သွားတာပါ။ ကြီးက ပြောတယ်၊ သူတို့က အပြင်က ဆီပုံးဆွဲ အမြဲ ဝယ်သုံး ယ်တဲ့၊ သူတို့အတွက်အချိုးကျရတဲ့သမဝါယမဆိုင်ကဆီကို မတို့တစ်ဝက်၊ မာလီလင်မယားကတစ်ဝက်ထုတ်ပြီးယူတဲ့ တာနဲ့ခါတိုင်း ဆီစာအုပ်နှစ်အုပ်ရယ်၊ ခုမာလီတို့ အိမ်အတွက်ပါ အုပ်ဆိုတော့ တန်းစီရတာ ကြာသွားလို့ပါ ကိုအေးမော ။ ခုမှ နှစ်ချက်ကျော်မှ ပြန်ရောက်တော့ ဈေးလဲ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မဝယ်တော့ဘူး။ လမ်းထိပ်က ကွမ်းယာဆိုင်က ဘဲဥနှစ်လုံး လာခဲ့ရတော့တယ်၊ ဒီလအတွက် မပူရတော့ဘူး၊ ရန်မဖြစ်ချ ပါနဲ့ ကိုအေးမောင်ကလဲ၊ ရှင့်အတွက် ကျွန်မ ဦးစားထား တယ်၊ အလိုက်လဲ သိပါတယ်"

"ဟဲ ဟဲ မိထွေးရဲ့၊ ငါကလဲ ဘယ်ရန်ဖြစ်ချင်မလဲကွ၊ မင်း လင် အလုပ်သမားရဲ့အကြောင်းကို မင်းသိတယ်မို့လား၊ ထမင်း က ဆာ၊ ဘဝင်မကျတော့ ဘာအလုပ်ဖြစ်ဖြစ်လုပ်ရတာ၊ စိတ် နေတာပေါ့"

ကိုအေးမောင်သည် မနာအောင် ကစားသည့် သဘော မထွေးတင်ပါးကို ဖြေးဖြေးကန်ရင်း ထမင်းပွဲမှ ထသွားသည် အဝင်းသည် ခုမှ အလုံးကြီးကျသွား၏။ ဒရိုင်ဘာ လင်မယား ရန်ဖြစ်တာ သူနှင့် မဆိုင်ဆိုပေမင့် အိမ်ရှေ့ပူ၊ အိမ်နောက်မချ သာ မဖြစ်စေလိုပေ။ သူ့မှာတော့ ခဏခဏပူပန်ရ၏။ တစ်အိ နှင့် အချိုးပြေနေလျှင် နောက်တစ်အိမ် မပြောင်းပါရစေနှင့် သည်ကိုလည်းအမြဲဆုတောင်းရသည်။ အဘယ့်ကြောင့်ဆိုသော် အစေခံတန်းလျားတွင် စုပေါင်းနေရသော အိမ်မျိုးနှင့်တွေ့လျှ မာလီကအရက်မူး၍ညဥ့်သန်းခေါင် လင်မယားထသတ်၊ ဒရိုင်ဘာ လင်မယား လခထုတ်ချိန် သတ်ကြပုတ်ကြ အဖြစ်တွေမဝင်းအ ကြုံခဲ့ပေါင်း များလှပြီ ဖြစ်သောကြောင့်တည်း။ ဒါကြော မာလီ၊ ဒရိုင်ဘာ၊ ကလေးထိန်းကအစအချိုးပြေနေသော အိမ် နှင့်ကြုံလျှင် ထပ်မံ၍ တစ်နေရာသို့ မပြောင်းရွှေ့လိုပါ။ ဘာ အလုပ်သမားမဆို မိမိတို့ အချိုးပြေသော အဆိုင်းလေး အလုပ်တွဲ၍လုပ်ရလျှင် အလုပ်ခွင်၌ စိတ်ချမ်းသာသည် မဟု





သား။ ခုအိမ်မှာတော့ သူသည် အိမ်မကြီး၏ နောက်ဆုံးခန်း ပေါ်ထပ်တွင် သူ့အတွက် အိပ်ခန်းငယ်တစ်ခုရ၍ မိသန်းအေး သည် ဒေါ်စိန်ညိုနှင့်အတူ အိပ်ရသောကြောင့် အပျိုပေါက်စ အတွက်လည်းသူစိတ်အေးချမ်းရသည်။ ယခုလည်းသူသည် ပွဲမစဖြစ်သော ကိုအေးမောင်တို့ လင်မယားအတွက်ဝမ်းသာ သည်။ ကြွေရည်သုတ်သံဇလုံထဲမှ လျှော်ပြီး အဝတ်တစ်ပုံ လှန်း၍မပြီးနိုင်သေး။ ခါတိုင်းလျှော်ရသော အိမ်သားများဝတ် တာ အဝတ်များအပြင်၊ ကိုလတ်တို့လင်မယားတစ်စုံနှင့် ဆွေ အမေဒေါ်မေသွယ်၏ အင်္ကျီဟောင်းများက ပို၍လာခဲ့သည်။

"မထွေးရေ ငါခဏ ကျောဆန့်လိုက်ဦးမယ်၊ ကားသုံးမယ် လာပြောရင်နှိုးနော်၊ နက်ဖြန်လဲ ဒီပုံနေမှာပါပဲ။ မဝင်းလတ် ကြိုက်တဲ့ အရောင်က ဒီမြန်မာပြည်မှာ မရှိတော့ဘူး ထင်ပါရဲ့"

ကိုအေးမောင်သည် ကွပ်ပျစ်ပေါ် လှဲချရင်း ပြောလိုက် သည်။

"သူကြိုက်တာ ဘာရောင်တဲ့လဲ . . . ဟင်"

"ရေခဲစိမ်းရောင်တဲ့ကွ၊ သူတို့ အခု သံဖြူဇရပ်မှာ ရာဘာ နဲ့ နီးနီး တစ်ထပ်တိုက် အသစ်တစ်လုံးဆောက်သတဲ့၊ အဲဒီမှာ သူတို့အိပ်ခန်းသုတ်ဖို့တဲ့၊ ဒီဆေးရောင်က နံရံကိုသုတ်မှာ၊ သူက အိပ်ခန်းရဲ့အရောင်ဟာ သူကြိုက်တဲ့ အရောင်ဖြစ်မှ စိတ်ချမ်းချမ်း သာသာနဲ့ အိပ်ပျော်သတဲ့"

ကိုအေးမောင်သည် ညိုမွဲမွဲဖြစ်နေသော ခေါင်းအုံးပေါ် လှဲ လိုက်သည်။ မထွေးသည် ထမင်းပွဲကို သိမ်းနေသည်။ အဝင်း ပြင် ပြတင်းဘောင်တွင် နားနေသော စာလေးနှစ်ကောင်

www.burmeseclassic.com



သည်လည်း မထွေးတို့လင်မယားကို ကြည့်နေ၏။ ကိုအေးမောင် အိပ်နေသော ကွပ်ပျစ်သည် ထမင်းစားပွဲခုံဘေးတွင်ရှိ၏။ ရေနံ အပြည့်သုတ်ထားသော ပျဉ်ထောင်ကာအစေခံတန်းလျားမှ လင် မယားနှစ်ယောက် ရန်ပွဲမဖြစ်သည့်အတွက် ဝမ်းသာသွားသလို စာမောင်နှံသည်လည်း ပင့်ကူအိမ်များကို ဖြတ်ကျော်၍ အပြင် ကို ပြန်ထွက်သွားကြသည်။ မိနစ်ပိုင်းအတွင်း ကိုအေးမောင် သည် တခေါခေါနှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။

အေးမောင်အိပ်ပျော်သွားသော အိပ်ခန်း၏အကာအရံများ သည် ရေခဲစိမ်းရောင်ချည်း မဟုတ်၊ စနိုကမ်လည်း မဟုတ် ဒိုင်းမွန်းရော၊ အီနာမဲလ်ရော မဟုတ်ပါချေ။ ရေနံများဝအောင် သုတ်ထားသော ပျဉ်ထောင်ကာပင်ဖြစ်၏။

အိပ်ပျော်လိုသောစိတ်ကို စနိုကမ်၊ ဒိုင်းမွန်းစေသော တံဆိ များကပ်ထားသောအိမ်နံရံသုတ်ဆေးများ၏ အရောင်က ဖန်တီး နိုင်ပေသလော။ အဝင်းသာသိပ္ပံပညာရှင်ဖြစ်လျှင် အိပ်ပျော်ခြင်း နှင့်အရောင် အလင်းတို့အကြောင်းကို လေ့လာကောင်း ထွေ လာမည်ဖြစ်သော်လည်း တကယ်တော့ အဝင်းက ထမင်းချက်

သူသည် အေးမောင်တို့ လင်မယား၏ ပြေလည်သွားသော ပြဿနာကို နားထောင်ရုံသာ နားထောင်၍ အဝတ်စိုများ တော့သော ရေဇလုံကို ကိုင်၍ ပြန်လာခဲ့သည်။

တကယ်တော့ ပတ်ဝန်းကျင်၊ အရောင်အဆင်း၊ အလှအပ စိတ်ဓာတ်၏ချမ်းငြိမ်းမှုကို ဖန်တီးသည်ဆိုဦးတော့ လက်တွေ့ တော့ ဤအိမ်ကြီးသည် စဉ်းစားလိုသူ၊ လေ့လာလိုသူများ သုတေသနပြုရန် ပြဿနာမျိုးစုံ တင်ပြလာသည်ဆိုလျှင် မ





နိုင်ပေ။

သို့သော် ဘယ်သူမှ အချိန်ယူ၍ လေ့လာလိုပုံ မရ။

ညနေတွင်ရော၊ နံနက်ခင်းတွင်ရော၊ အိမ်ရှေ့ခြံဝင်းကြီးသည် ငြိမ်သက်အေးချမ်း၍ လှပ၏။ ရာသီကို နှုတ်ဆက်သော ပန်းများ ရနံ့များဖြင့် သူတို့ပတ်ဝန်းကျင်ကို ကြွဖြန့်သော်လည်း သပြေလေညင်းများကလွင့်၍ သူတို့အပါးတွင် သင်းပျံ့ခြင်းကို မွှမ်း တသမည့်သူ မရှိ။

မာလီစံကွန့်၏ လှုပ်ရှားမှုက ယောင်းမဆန်လှ၏။ အကြော စ်ထောင်စိမ့်သော အရသာမျိုးစုံ ဟင်းခွက်တစ်ရာကိုပဲ မွှေရ မွှေရ သစ်သားယောင်းမက အရသာမသိ။

ပန်းလေးများက ဝမ်းနည်း၏။ ကြွေကွဲဖွယ် ပစ်ပယ်ခြင်းခံ နေရသော သူတို့အကြောင်းကိုငှက်ငယ်တေးသံရှင်များက ကဗျာ တေးဖွဲ့ဆိုလိုက်၏။ ငှက်ငယ်လေးများ၏ ကာရန်ညီသော ကဗျာ တို့လည်း ဂရုတစိုက် နားထောင်မည့်သူမရှိ။ ပန်းခြင်းကိုင်ကြွေ တလေးလို ဝိညာဉ်ဖြူဖြူလေးနှင့်တူသော ဆွေ့ဆွေ့သာ သူတို့ အပါးတွင်မနက်၊ သို့မဟုတ် ညနေဦးတွင် ရွှေ့လျားသွားလာ၏။

ပန်းလေးများသည် လှပါလျက် ပိုးပန်းမည့်သူ မရှိသော ဖြစ်ကို ငှက်ကဗျာဆရာတို့က တေးဖွဲ့ခံရ အလှောင်ခံရ၏။ လေးတို့သည် ဆွေ့ဆွေ့နှင့် မသန်းအေးကြောင့် အိမ်ကြီး၏ ရားဆောင်နှင့် ဧည့်ခန်းဆောင်သို့ ရောက်ဖူးကြသည်။

ဤအိမ်တွင် ပန်းဖြစ်၍ ပွင့်ရသည်က အရသာမရှိ၊ ကြည့်မည့် သူ ခံစားမည့်သူ မရှိပါတကား။ အိမ်သားများသည် ကလေး သာ အစ ကားကိုယ်စီနှင့် သူတို့ ကျက်စားချင်သောနေရာ



www.burmeseclassic.com

www.burmeseclassic.com



အဝေးသို့သာ ပြဿနာကိုယ်စီနှင့် ပြေးလွှားသွားနေကြသည်။

မြို့ဝင်းရောအိမ်ကြီးပါ ပန်းများနှင့်အပဲ့ ပစ်ပယ်ခံရလေတော့ အိမ်သားများစိတ်ငြိမ်းရန် သည်အလှအပ ပန်းပွင့်များ၊ နံ့ရံများ တေးကဗျာများနှင့် ဆိုင်မဆိုင်ဆိုသော ပြဿနာကို အိမ်ကြီးက တင်ပြလာသည်။

ခုတလောတော့ မိခင်ဖြစ်သူရောက်လာချိန် တစ်လှည့်စီအ ချိန်လဲနှင့် စောင့်ပေး၍ ဆွေဆွေသည် မြို့ထဲတွင်လမ်းပိုလျှောက်၏။ မာလီစံကွန့်၏ ပန်းလေးများအလှကို ချီးကျူး၏။ ပန်းခူးရင်း နောက်တော်ပါ မသန်းအေးကိုဖြစ်ဖြစ်၊ မဝင်းကိုဖြစ်ဖြစ်၊ ပန်းလေးများအကြောင်း၊ ငှက်ဝါလေး အကြောင်းနှင့် အဖြူရောင်ကလေး စလွယ်သိုင်းသည့် သပိတ်လွယ် ငှက်ကလေးများ အကြောင်းကို ဂရုတစိုက် ပြောဖော်ရလာသည်။

အဝင်းသည် ဟင်းနံ့များ ပြည့်သိပ်နေသော မီးဖိုဆောင်တွင်းမှ တစ်ခါတစ်ရံ ပန်းခြင်းကိုင်၍ ဆွေဆွေ့နောက် လိုက်ရသည်ကို ပျော်၏။ ပန်းကလေးများကလည်း သူတို့ရနံ့ကိုရှူရှိုက်၍သူတို့အလှကို ဂုဏ်ပြုပြောဆိုလိုသူများ ခုတလောရောက်လာ၍ ဝမ်းသာကြဟန်ရှိသည်။

ရွှေရောင်နေခြည်ထဲတွင် ဦးညွှတ်တိမ်းနွဲ့ကာ ကြိုဆိုကြသည်။ ပန်းကလေးများတွင်လည်းသခ်ီရရှိသည်ကို ပန်းကလေးများက မသိမဟုတ်ပါ။ သို့သော်ဤအိမ်တွင်သူတို့၏ဇာတ်သိမ်းခန်းသည် ဘုရားဆောင်ဖြစ်၍ သူတို့ကျေနပ်ပါ၏။ သို့သော် သတ္တဝါ သခ်ီရှ၊ အပါအဝင် ပန်းကလေးများတွင်လည်း ဇာတ်သိမ်းခန်း မရောက်ခင် ချီးမွမ်းခံချင်သေးသည်။ တယုတယ ဂရုတစိုက်ခံချင်





သေးသည်မှာတော့ လောကီသား၏ မမွတာပေပဲ။

ဆွေဆွေ၏ ကတ်ကျေးဖျားသို့ တပ်ပါ၍ ပန်းခြင်းထဲတွင် လိုက်ပါရသည်ကိုလည်း ပန်းကလေးတို့သည် ခေါင်းမော့၍ပျော်ရွှင်များကြွနေပုံရသည်။ တစ်ခါတစ်ရံ ဆွေဆွေသည် ဒေါက်တာမျိုးခိုင်နှင့်အတူ သူတို့အပါးကို ရောက်လာတတ်၏။ သူ၏ ခင်ပွန်းအကြောင်းကိုလည်း ဆွေးဆွေးနွေးနွေး ပြောဆိုတတ်၏။ ပန်းကတော့ ထုံးစံအတိုင်း နားထောင်သမား။

"ကိုယ့်ယောက်ျားဘဲ ဆွေ၊ ဘယ်လို ကုသချင်တယ်ဆိုတာ ဆွေ့မှာ ပြောပိုင်ဆိုပိုင်ခွင့် မရှိတော့ဘူးလား"

ဒေါက်တာမျိုးခိုင်သည် ဖြေးဖြေးပင် ပြောပြ၏။ ဆွေဆွေသည် ဖြတ်ပြီးသော ပန်းခိုင်များကို ပန်းခြင်းထဲသို့ထည့်ရင်း ကတ်ထဲမှ ပန်းဖြတ် ကတ်ကျေးကိုလည်း အဝင်းလက်ထဲသို့ ထည့်လိုက်၏။ အဝင်းသည် သူတို့နှစ်ဦးအနားတွင်ပင် လိုအပ်သော ပန်းများကို ထပ်မံဖြတ်ရင်း ဆွေဆွေနှင့် ဒေါက်တာမျိုးခိုင် စကားပြောနေကြသည်ကို နားစွင့်ထောင်နေ၏။

"ဒီလိုရှိတယ်ဒေါက်တာရယ်၊ ကိုလေးဟာဆွေဆွေ့ယောကျ်ား နဲ့ပါတယ်၊ ဒါပေမင့် ဦးဘကြိုင်၊ ဒေါ်ပန်းထည်ရဲ့သား ဖြစ်နေတယ်မို့လား၊ ပြီးတော့ သူတို့အိမ်ကြီးပေါ်မှာ သူတို့စီမံခန့်ခွဲသလို ဆွေက လိုက်နာရမှာပေါ့"

"ခက်တာက အန်ကယ် ဦးဘကြိုင်ဟာ အင်မတန် ခေတ်မီတဲ့သူတစ်ယောက်ပါ။ ဒီကိစ္စမှာ ဘာဖြစ်လို့ ဒေါ်ဒေါ်စိန်ကို လွှန်ဆန်နိုင်ရတာလဲ"

ဆွေသည် သက်ပြင်းလေး ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ပြဿနာပဲဖြစ်ဖြစ်၊ ဒေါ်ဒေါ်စိန်တစ်ယောက်ထဲဆိုရင် တော်ချင်တော်ဦးမှာ၊ ခုတော့ ဒီ ဘဘမာယိ ဂိုဏ်းကို မေမေကြီး ဒေါ်ပန်းထည်ကအစ သိပ်ယုံကြည်နေတာ၊ ဒီတော့ ဆွေလဲ ဘာမှမတတ်နိုင်ဘူး၊ နိုင်ငံခြား သွားကုသဖို့ အရပ်ရပ် ကုန်ကျစရိတ် သူတို့က ထုတ်ပေးရမှာကိုး"

ဆွေဆွေသည် ရောဂါအခြေအနေကလွဲ၍ ဤအိမ်ကြီးတွင် သူနေရသောအဖြစ်၊ သူပါဝင်ကပြနေရသော အစိတ်အပိုင်းသည် သူနာပြု ဆရာမတစ်ယောက်၏ အခွင့်အရေးကဲ့သို့ ရှိသည်ဟု မဖော်ပြချင်။ သူနာပြု ဆရာမကမှ လူနာကို မိမိစိတ်တိုင်းကျ ပြုစုသည်ကို အိမ်ရှင်များ ဝင်ရောက်စွက်ဖက်လာလျှင် သူ့အလုပ် ကိုရပ်နား၍ အိမ်ပြန်လျှင်ရ၏။ သူ့မှာတ လင်ဆိုသော နှောင် ကြိုးကြောင့် သူကပင် ပစ်မထားရက်၊ အရပ်ရပ် အဖြစ်မျိုးစုံကို မကျေနပ်၍ ထွက်ခွာသွားသည် ဆိုဦးတော့။ ကောင်းတုန်းက တော့ သူဌေးသားနှင့် အတူစံ၍ အိုနာကျိုးကန်းဖြစ်ပါမှ လင် ကို ပစ်ပြေးသောမိန်းမဟု လက်ညှိုးပေါင်းတစ်ထောင် ဝိုင်းထိုး ကြသည်ကို ဆွေဆွေ မခံနိုင်ပေ။

"ဒေါက်တာရော ဖေဖေကြီးကို ရှင်းလင်းမပြောဘူးလား"

ဆွေဆွေသည် အားကိုးတကြီးနှင့် မေး၏။

"ရှင်းပြပါတယ်လေ၊ အန်ကယ်ကပြောတာကလဲ နိုင်ငံခြား သွားကုဖို့ သူကကို စီစဉ်တာပါတဲ့၊ နိုင်ငံခြားသွားကုလဲ ထူးမှာ မဟုတ်ဘူးဆိုတာ ဦးနှောက်နဲ့ အာရုံကြောရောဂါကု ဆရာဝန် ကြီးတွေက သူ့ကို ပြောပြပါတယ်တဲ့၊ ဒါပေမင့် သူ့သားဟာ ဘာကိုပဲဖြစ်ဖြစ် အစွမ်းကုန်ကုသတယ်၊ စမ်းသပ်တယ်၊ စစ်ဆေး





တယ်၊ သူတို့ တာဝန်လစ်ဟင်းမှုရှိတယ်၊ ချို့ယွင်းတယ်ဆိုတာ တော့ မဖြစ်စေချင်ဘူးတဲ့။ ဒေါက်တာလဲဒါကိုတော့ အန်ကယ် တို့ကို သံသယမဖြစ်ပါဘူးဆွေ။ သူပြောတာကတော့ တစ်ဖက်က ဒီလို နိုင်ငံခြားသွားကုဖို့ စီစဉ်သလိုဘဲ၊ နိုင်ငံခြား မသွားခင် သူ့ညီမ ဒေါ်စိန်ညိုနဲ့ ဒေါ်ပန်းထည် ဆန္ဒအတိုင်း ဘဘမာယိ ဂိုဏ်းနဲ့ စစ်ဆေးကြည့်ချင်တယ်ဆိုတော့ ကျွန်တော့်အနေနဲ့ ဘာ ဆက်ပြီး ပြောရမှာလဲဆွေ"

"ဟုတ်ပါတယ်လေ . . . ဒေါက်တာ သိထားစေချင်တာက ဆွေဟာ အရှေ့တိုင်းသူ တစ်ယောက်ပါ။ အထူးသဖြင့် လူနာကို စောင့်ရင်း စာတွေဖတ်ခွင့် ပိုရလာပါတယ်။ အရှေ့တိုင်းဆေး ပညာတွေကို အထင်မသေးပါဘူး။ လေးလဲလေးစားတယ်၊ အထူး သဖြင့် စိတ်တန်ခိုးနဲ့ ကုသကြတာတွေ၊ သစ္စာဆိုပြီး ရေမန်းတို့၊ ဆီမန်းတို့နဲ့ ကုသကြတာတွေ ရှိပါတယ်။ ဒီလို မမြင်ရတဲ့တန်ခိုး စိတ်အရှိန်နဲ့ ကုသသလိုဓာတ်တွေနဲ့အခြေခံပြီး မြန်မာဆေးပညာနဲ့ ကုသတဲ့ ဥပမာ သိမ်ဖြူဆရာတော်ဘုရား ကုသနည်း၊ တောင် သာနည်း၊ ဩဇာရိကသုခုမနည်းက အစ ဒေါက်တာတို့ ကြား ဖူးလား မကြားဖူးလားမသိဘူး၊ ချောင်းဦးမှာလေ မဂျီးဆရာ တော်ဆိုတာ ကျားကိုက်တဲ့ လတ်လတ်ဆတ်ဆတ် ဒဏ်ရာတွေက အစ ကင်ဆာလိုအနာ၊ ဆရာဝန်တွေ မခွဲစိတ်ရဲတဲ့ နေရာမှာ ပေါက်နေတဲ့ အဖုအကျိတ် အနာတွေကိုတောင် ကုသနိုင်ပါတယ်။ ဆွေလဲ ယုံကြည်တယ်၊ သူတို့ကုသပုံက သဘာဝလဲကျတယ်၊ ဒေါ်ဒေါ်စိန်တို့ကုမယ့် ဒီ ဘဘမာယိ ဂိုဏ်းက ဆွေသိဖူးတဲ့ လူအုပ်စုကဆိုရင်တော့ လူလိမ်တွေဘဲ၊ ဒါပေမင့် ဆွေပြောသာ



www.burmeseclassic.com

www.burmeseclassic.com



ဘူးလေ . . ."

"ဒီလို လုပ်လေ ဆွေ၊ အကောင်းဆုံး နည်းကို ကျွန်တော် အကြံဉာဏ်ပေးချင်တယ်"

"ဆိုပါအုံး"

"ဒီဆရာက အခုဘယ်မှာလဲ"

"လာတော့မယ်၊ ဒီခြံအရှေ့ထောင့်ကအဆောင်လေး ဆောက်ပြီးသွားရင် မေမေကြီးနဲ့ ဒေါ်ဒေါ်စိန်က သွားပင့်မှာ၊ ဒီမှာကိုထားပြီး ကိုလေးကိုလဲကုမယ်၊ သူတို့ဂိုဏ်းဝင်တွေကို အပူဇော်ခံမယ်၊ ကုသပေးမယ် ဆိုပါတော့ . . ."

"ဒီတော့ ဆွေရယ်၊ စမီးသပ်ကုသတာကို စောင့်ကြည့်ဦးပေါ့ပြီးတော့မှကျွန်တော်တို့ ဘာဆက်လုပ်သင့်တယ်ဆိုတာအခြေအနေအရ စဉ်းစားကြတာပေါ့လေ၊ ကဲ . . . သွားဦးမယ်"

ဆွေသည် ခေါင်းလေးတစ်ညိတ်ညိတ်နှင့် ကျန်ရစ်၏။ ဒေါက်တာမျိုးခိုင်ကိုပင် ကားရှိရာသို့ လိုက်မပို့တော့ဘဲ အဝင်းဖြတ်ပေးသောပန်းများကိုယူကာ အိမ်ကြီးပေါ်သို့ တက်သွားတော့သည်။ အဝင်းသည် ပန်းညှပ်ကတ်ကျေးနှင့် ခြင်းများကို စုပေါင်းသိမ်းဆည်းရင်း သူ့ခေါင်းထဲတွင် ဘဘမာယိ ဂိုဏ်းဆိုသော စကားလုံးကို ပြန်၍ ကြားယောင်လာသည်။ သူသိသော အုပ်စုနှင့် တူ မတူကိုတော့ သူမပြောနိုင်သေး။ ယခင်လဆန်းကတည်းက ခြံထောင့်တွင် စတင်ဆောက်နေသော အဆောင်လေးမှာ ဘဘမာယိ ခေတ္တယာယီ နေဖို့ဆိုသည်ကို သူ ခုမှ သိတော့သည်။

အဝင်းသည် သက်ပြင်းချမိ၏။ ရန်ကုန်ဆိုသည်မှာ ဘယ်လို





ရန်ကုန်ပါလိမ့်။ သူတို့တောသူတွေမှာတော့ အသိအမြင်နည်းပါး၊ ဘာတုသုတမရှိ၊ စာမတတ်ပေမတတ်မို့ ဝိဇ္ဇာလိုလို၊ ဇော်ဂျီလိုလို၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ဓာတ်လုံးဝိဇ္ဇာတွေနှင့် အကုအသခံရင်းမှ မိန်းကလေးများ ရောဂါမပျောက်၊ ဝိဇ္ဇာတုများ ခြေတော်တင်ခံရ၍ ဗိုက်တစ်လုံးနှင့် ကျန်ရစ်ခဲ့ရသောအဖြစ်များ သူတို့ရွာတွင် ခဏခဏ တွေ့ကြုံကြရသည်။

မင်းလောင်းမဟာစကြာဆိုသူမှာည်း တစ်ခါကသူတို့ရွာလာရောက်၍ ကန်တော့ခံ၊ ဗိုလ်ဝင်ခံနေစဉ် မိဖုရားလိုသည်ဆို၍ ရှိုးလှသော တောင်သူကြီးတို့မှာ သမီးပျိုများကို မိဖုရားအဖြစ် အလုအယက်ပင်ဆက်ကြ၏။ တော်ပေသေး၊ သူသည် ထိုအချိန်က အပျိုပေါက်စ ရန်ကုန်ရောက်နေ၏။ သူပြန်ချိန်တွင် မဟာစကြာသည် မိဖုရားများနှင့်အတူ ရွာမှ ထွက်ပြေးသွားနှင့်၏။ နယ်ပိုင်နှင့် သူကြီးက စစ်မည်ဆေးမည် သတင်းကြား၍ ရွာမှ တိတ်တဆိတ်ထွက်ခွာသွားသည်ဟု သူသိရသည်။

သို့မဟုတ်လျှင်မူကား သူ့အမေ ဒေါ်မယ်ခင် ဂုဏ်မက်ပုံနှင့် သူသည် အဆောင်ရ မိဖုရားတစ်ပါး ဖြစ်ကောင်းဖြစ်နိုင်ပေသည်။

ထားပါတော့၊ သူတို့မှာ တောသူ အကြားအမြင်မရှိ၍ လိမ့်သမျှခံရသည်။ ရန်ကုန်သူ ရန်ကုန်သားတွေဖြစ်ပါလျက်နဲ့ ဆရာယောင်တွေ အလိမ်ခံရသည်ကတော့ အံ့သြရာပေပဲဟု အဝင်းစဉ်းစားမိ၏။

အဝင်း လက်ရှိအိမ်သို့မရောက်ခင် နောက်ဆုံး အလုပ်လုပ်ခဲ့သော အရာရှိအိမ်တုန်းကလည်း သားတော်မောင် အကြီးဆုံး ဆယ်တန်း ခုနစ်နှစ် ဆက်တိုက်ကျသည်ကို ရန်ကုန်ဆင်ခြေဖုံးက

www.burmeseclassic.com



ဘုန်းကြီးတစ်ပါးက ၅၀ဝိ တန် ရွှေဆေးဖယောင်းတိုင် ထွန်းညှိပေး၍ ရှစ်နှစ်မြောက် စာမေးပွဲဖြေဆိုသောနှစ်တွင် အောင်သည်ဆိုကာ ထိုဘုန်းကြီးကို အလွန်ကြည်ညိုသည်။ အရာရှိကြီးကတော် ဝါဒအမြန့်ကောင်းမှုကြောင့် တနင်္ဂနွေဖဲဝိုင်းပျော် ကတော်အုပ်စု အကြည်ညိုကောင်းလိုက်သည်မှာ နောက်ဆုံး ဘုန်းကြီး လူဝတ်လဲရသည့်အဖြစ် ရောက်လာတော့သည်။

ဤအမျိုးသမီးတို့သည် စိန်နားကပ်ကြီးများ တဖျတ်ဖျတ်နှင့် ပွဲတိုင်းပါ မျက်နှာဖုံးတို့ပင်တည်း။ မိန်းမဆိုသည်မှာ ဘယ်လိုဘဲ ချမ်းသာ ချမ်းသာ၊ ပညာတတ်တတ်၊ ယောက်ျားလောက် စိတ်ဓာတ်ကြံ့ခိုင်ခြင်းမရှိ။ အ[illegible]အမြင်နည်းပါး၍ ဆရာယောင်တို့နောက် ပါရသည်ဆိုလျှင် တော်သေး၏။ ယောက်ျားရင့်မာကြီးခေတ်ပညာတတ်တွေကပါ အင်းတွေ ဓာတ်လုံးတွေနောက်သို့လိုက်၊ ပွဲပေးရ၊ နောက်ဆုံး မိန်းမပါ ထိုးအပ်ကြရသောအဖြစ်ရောက်သည်ကို အဝင်းသည် နားမလည်နိုင်။

"မိဝင်း"

အဝင်းသည် စဉ်းစားလွန်နေ၍ လန့်သွားသည်။ သူ့ကိုခေါ်သည်မှာ ဒေါ်စိန်ညိုဖြစ်သည်။

"ဘာ ငိုင်နေတာလဲ"

"ဟိုဒင်းပါ . . . ဒီအဆောင်လေး သပ်ရပ်လိုက်တာလို့ လက်သမားတွေကို သဘောကျလို့ပါ၊ ဘာအတွက် ဆောက်တာလဲ အဝင်း မသိလို့ စဉ်းစားနေတာ"

"ဘာဘာဘုရားကိုယ်တိုင် ရှေ့အပတ်ကြွလာပြီး သီတင်းသုံးမှာ





အခါ ရလာပြီလေ၊ အထက်ကနေ အမိန့်နဲ့လွှတ်လိုက်တာ၊ ဒါနဲ့ မိဝင်း၊ ခုနဆရာဝန်နဲ့ မိဆွေ ဘာပြောနေကြတာလဲ"

"အဝင်းလဲ ပန်းခူးတဲ့အထဲ စိတ်ရောက်သွားလို့ သေသေချာချာ နားမထောင်မိဘူး၊ ကိုလေးကို ဆေးကုတဲ့အကြောင်းပါပဲ"

"ငါသိပါတယ်၊ ဒီ မိဆွေက ဆရာဝန်နဲ့တစ်ဉာဏ်ထဲ။ ငါတူကို ဘာဘာဘုရားတို့ဂိုဏ်းနဲ့ကုမှာ နည်းနည်းမှ သဘောမတူနိုင်ဘူး၊ သူ့သင် ဆရာဝန်တွေနဲ့ ကုနေတာဘယ်လောက်ကြာပြီလဲ၊ ထိုင်နိုင်ဘာက လွဲလို့ ဘာမှ တိုးတက်မလာဘူး၊ ခုထိ စကားလဲ မပြောနိုင်၊ သမ်းလဲ မလျှောက်နိုင်၊ တဝူးဝူးတဝါးဝါးနဲ့ ငါသူတို့အခန်းထဲ ဝင်တိုင်း စိတ်ညစ်တယ်"

အဝင်းသည် သူ့လင် ဆရာဝန်တွေဟူသော ရင့်ရင့်သီးသီးစကားလုံးကြောင့် ကြက်သီးထသွားမိ၏။

"မမဆွေက နေ့စဉ်နဲ့အမျှ ပြုစုနေရတော့ ပိုစိတ်ညစ်မှာပါ၊ ဒေါ်ဒေါ်စိန်တို့ ဘာဘာဆရာတော်ဘုရားကြီးနဲ့ကုလို့ ပျောက်ရင် မမဆွေလဲ ဝမ်းသာမှာပါ"

"အောင်မယ်၊ မိဝင်းရယ် ညည်းကဝင်ပြီး ဒီမိဆွေဘက်က စကာကွယ်ပါနဲ့၊ ငါသိပါတယ်။ ကိုကြီး ဘာဘာကိုတောင် သူကကွယ်နေတာ၊ ကိုကြီးက ခွင့်ပြုရင် မောင်လေးကြိုင်ကိုနိုင်ငံခြားသွားကုမယ်၊ နိုင်ငံခြားသွားကုဖို့ သူ့ဘက်က ကူပြီးအားချပေးဖို့၊ အကြံဉာဏ်ပေးဖို့ ဆရာဝန်နဲ့သူနဲ့ ပူးပေါင်းကြံစည်နေတာပါအေ၊ ဒီဆရာဝန်တောင် ဒီသူငယ်မနဲ့ ကင်းရဲ့လားမသိဘူး မေသွယ်ဆိုတာကလေ ပုသိမ်မြို့မှာ ၃၇ မင်း ပန်းမကိုင်ဘဲနဲ့ ထွက်တဲ့မိန်းမ၊ လည်သမှသိပ်လည်၊ သူ့သားမက်နဲ့သမီးနိုင်ငံခြား



www.burmeseclassic.com

www.burmeseclassic.com



ဆွေးတုသခွင့်ရရင် သူကလေ မှာလိုက်မယ့် ပစ္စည်းတွေဆိုတာ တစ်ပုံကြီး၊ သမီးသုံးယောက်ကို အရင်းပြုပြီး သူဌေးဖြစ်နေတာ မိဝင်းရဲ့ ညည်းကြားဖူးလား၊ ကြွက်သေတစ်ခုအရင်းပြုလို့ သူဌေး ဖြစ်တယ်ဆိုတဲ့ ပုဏ္ဏားကြီးတစ်ယောက်အကြောင်း။ အဲ အဲ . . . အမတ်ဆိုလား၊ ပုဏ္ဏားဆိုလား၊ သူကလေ သူကလေ၊ သူ့ယင် အရေးပိုင်ကြီး ဦးအောင်ဘော်မသေခင်ကတဲက အရေးပိုင်ကြီးတို့ ကြိုးဆွဲနေတာ၊ အဘိုးကြီးလဲသေရော၊ ကြွက်သေ သမီး သုံး ယောက်ကိုအရင်းပြုပြီးသူစားနေတာ။ သားမက်တွေဆီက လစဉ် တလ ၁၀၀ိ ပို့ရင်ပို့၊ မပို့ရင် အိမ်တိုင်ယာရောက်သွားပြီး အခွန် ကောက်သလိုလို မရ ရအောင် ကောက်တာ၊ ငါကလေ ကိုကြီး ဘာဘာနဲ့မပန်းထည် သဘောကျလို့သာပေးစားတာ၊ ဒီမိဆွေ အပျော့ဆွဲ၊ ပျော့ပျော့နဲ့ နံတဲ့ ကြောင်ချေးမနဲ့ အစကတဲက သဘောမတူပေါင်။ ခုတော့ မီးဖိုချောင်မှာ ဘာအသုံးကျလဲ၊ လင်နားက တစ်ဖဝါး မခွာ၊ မဒ္ဒီလိုလို သမ္ဘူလိုလိုနဲ့။ အိုလေ သူတို့အကြောင်း ပြောရတာ ရှေ့ကြီးပါတယ်။ အဲ အဲ . . . ဒီနေ့ လက်သမားတွေ အလုပ်ကြိုးစားလုပ်အောင် ထမင်း ကျွေးတဲ့ အပြင် နေ့လယ်စာကို ဆီ ထမင်းနဲ့ ငါးရံ့ခြောက် ဖုတ်ကျွေး ဒါနဲ့ ညည်းကရော ဆီထမင်း ထိုးတတ်ရဲ့လား၊ မလုပ်တတ်ရင် မပန်းထည်မေး ငါလဲ မလုပ်တတ်ဘူး"

ဟန်နှင့် ပန်နှင့် လက်ညှိုးတစ်ထောင်ထောင်ထိုး၍ ခါးတစ် ဖက်ထောက်ကာဒေါ်စိန်ညိုသည် သူ့အား ရှည်လျားသောမိန့်ခွန်း ပေး၍ သူ့အပါးမှ ထွက်ခွာသွားသည်။ ဦးနှောက်ကတော့ ကျပ်ပြည့်ပုံမပေါ်။ ဘုရား ဘုရား သူပြောသည့်စကားတွေထဲမှာ





ဟုတ်တာတွေရော၊ မဟုတ်တာတွေရော အစုံပါသည်။ အဝင်း၏ စိတ်ထဲ တစ်ချို့ကြားရသော စကားလုံးများအတွက် ရယ်ချင်သော် လည်း တစ်ချို့ကြားရသော စကားလုံးများအတွက်မူ သူရှင်းလင်း အောင်ပြ ပြောဆိုချင်သည်။

ဩော် . . သူက အိမ်စေပဲ။ ခုတောင် သူချစ်သော မမဆွေ ဘက်က ဝင်ရောက် ကာကွယ်သည်ဟု ဒေါ်ဒေါ်စိန်က ပြော သွားသည်။ မမဆွေ၏ပြဿနာသည် လွယ်မယောင်နှင့် တဖြည်း ဖြည်းခက်လာပြီကို အဝင်း တွေးမိသောအခါ ရင်လေးသွားမိ တော့သည်။

ဒေါ်စိန်ညိုသည် သဒ္ဓါတရားတော့ ထက်မြက်ပုံရပေသား။ လက်သမားများအပေါ် ထမင်းအပြင် နေ့လယ်စာအတွက် ဆိုနံ့ခါရှားပါးသော ဆီထမင်းနှင့် ငါးရံ့ခြောက်ဖုတ်ကို ကျွေး မွေးဖို့ စီမံအမိန့်ပေးသွားသည်။ မဆိုးလှပါချေ။

သူတတ်နိုင်သောအပိုင်းကနေ၍ဆွေဆွေ့အပေါ် ဒေါ်စိန်ညို တို့ သဘောထား ပြောင်းလဲလာနိုင်အောင် သူကြိုးစားချင်သည်။ ဆွေမျိုးကြား တိုက်ပေးသောအနေ မရောက်ဘဲနှင့် ဆွေဆွေ သိသင့်သော အကြောင်းများကိုလည်း သူသည် တင်ပြလို၏။

အခွင့်သာပါစေဟူ၍သာ သူဆုတောင်းမိသည်။

❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၅ ]

"ကိုရွှေလတ်"

အစ်မဖြစ်သူ၏ ခေါ်လိုက်သံကြောင့် အပြင်ထွက်မည့်ဆဲဆဲ ကိုလတ်၏ခြေသည် တုံ့သွား၏

"တကထဲမှဘဲ၊ မောင်နှမ တစ်အိမ်ထဲနေပြီး တစ်ခါမှ မျက်နှာ ချင်းဆိုင် စကားပြောချိန် မရသေးဘူး"

ကိုလတ်သည် သံဆွဲတံခါးရှိရာသို့ မသွားတော့ဘဲ ဧည့်ခန်း တွင်းသို့ ပြန်ဝင်လိုက်သည်။ မြမြကြိုင်၏ဘေးတွင် ဝင်ထိုင်ရင်း

"မမကြီးကလဲ တစ်ခါမှမအားဘဲကိုး" ဟု ပြောလိုက်၏။

"အေးပါ၊ မနေ့ကလဲ စောစောပြန်လာမလားလို့ မမကြီး စောင့်နေသေးတယ်။ မလာတာနဲ့ အိပ်ရာဝင်လိုက်ရော"

"မနေ့ကမပြောနဲ့တော့၊ မေဝင်းလတ်ရဲ့မောင် မင်္ဂလာဆောင် အစီအစဉ် အသေးစိတ် သိချင်တာ ဝင်မေးရင်းနဲ့ဗိုလ်မြတ်ထွန်း လမ်းအိမ်မှာ ညဉ့်နက်သွားရော၊ မိန်းကလေး မိဘတွေက ရန်ကုန် ကလေ၊ အဲဒီ နေ့ကျရင်လဲ တစ်အိမ်သားလုံးလာပါတဲ့"





"အေးပါဟယ်၊ တစ်လ တစ်လလဲ မင်္ဂလာဆောင်ရယ်၊ ရှင်ပြု ယ်နဲ့၊ ငါဖြင့် ကရဝိတ်၊ အင်းလျားနဲ့ စထရင်းဟော်တယ် သုံးခု ကြားမှာ ဘယ်တော့ လေဖြတ်သေမလဲ မသိဘူး။ ဒါတောင် ရေးတွေ မပါသေးဘူး။ ခုကော ဘယ်ကြွမလို့လဲ"

"မေဝင်းလတ်နဲ့ ကလေးတွေ ရုပ်ရှင်အပြီး သွားကြိုမလို့၊ ကျွန်တော် သူတို့ကြည့်တဲ့ဇာတ်ကား မကြိုက်လို့ပြန်လာတာ"

"မမကြီးက ကိုလတ်ပါ ကြည့်တယ် အောက်မေ့လို့၊ အချိန် ရှာပါသေးတယ်ဟယ် . . ."

"ကဲ၊ ဘာအကြောင်းလဲ ပြောလေ၊ ဆွေဆွေ့ကိစ္စလား"

လက်နှစ်ဘက် မေးထောက်ကာ မော့မော့လေးလုပ်၍ ကိုလတ်က မေးလိုက်၏။ ပြီးတော့ သူသည် မြမြကြိုင် စကား စခင် သူကပင် ပြောလိုက်သည်။

"ဆွေဆွေခမျာလဲဗျာ၊ တကယ်တွေးကြည့်တော့ သနားစရာ ဘဲ၊ ကျွန်တော်ဖြင့် ရောက်ရောက်ချင်းနေ့ကလေ၊ ညီလေးကိုမြင်ရ ကီး သနားလဲသနား၊ စိတ်လဲမချမ်းသာဘူး။ သူ့ဒုက္ခကိုလဲ ကိုယ်က င်မကယ်နိုင်၊ ကာယကံရှင် ဆွေဆွေဆိုတာတော့ မပြောနဲ့တော့"

"အေးပါ၊ ဒါကြောင့် မမကြီးတို့လဲ ဆွေဆွေကို လူလဲ ဘားပြီး အနည်းဆုံး နှစ်ပတ်တစ်ခါလောက် အပြင်ထွက်ဖို့ ပြော ပါတယ်။ အကြံပေးပါတယ်။ တဖြည်းဖြည်းတော့ ဆွေဆွေ့ ရဲ့သနာလဲ ပြေလည်အောင် လုပ်ရမှာပေါ့၊ မောင်လေး တစ်ယောက်လုံးလဲနေကတဲက မြိတ်နဲ့ထားဝယ် ရာဘာခြံကို တွေကို မမကြီးပဲ ဝင်ကူနေရတာပဲ။ ခုလဲ မောင်ဖေသက် အုပ်ချုပ် တာ မဆိုးပါဘူး။ ကိုလွန်းဘော်ကတော့ ပြောပါတယ်၊ သူ့ညီရဲ့



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရည်ကိုင်ရည်ကို ကြိုက်ရင် ဆက်သုံးပေါ့တဲ့၊ သူညီရဲ့ အရည် အချင်းကို ဖေဖေ လက်တွေ့ခိုင်းပြီး အကဲခတ်စေချင်တဲ့ သဘော ပေါ့၊ အဲဒီကိစ္စတွေလဲ ကိုလတ်နဲ့အချိန်ယူ စကားပြောမလို့ဟာ အချိန်ကိုမရနိုင်ဘူး"

"ကဲ၊ အခုပြောမှာ ဆွေဆွေ့ကိစ္စ မဟုတ်ရင်"

"မင်းကိစ္စ၊ မင်းကိစ္စ၊ ကိုလတ်ရဲ့ကိစ္စ၊ ဖေဖေကလဲ ဒီကောင် မသွားခင် ငါလဲသတိပေးဦးမယ် ဆိုပေမင့် ခုတလော သူ့မှာ အမြတ်တော်ကြေးအတွက် အသေးစိတ် စာရင်းတွေ လုပ်နေရလို့ မအားနိုင်ဘူး၊ သူကဖြင့် ရောက်ကတဲက မိန်းမနဲ့အတူ ထွက် လိုက်ရတဲ့လမ်း၊ သူ့ကိုပဲ အိမ်သားတွေက ဖမ်းမမိနိုင်ဘူး၊ ကိုလတ် ကိစ္စ၊ ကိုလတ်အကြောင်း ဆိုပေမင့် မေဝင်းမရှိတုန်း ပြောချင် တာ"

ကိုလတ်သည် အထူးအဆန်းလို မျက်လုံးပြူးသွား၏။

"ကဲ၊ ဆိုစမ်းပါအုံး၊ ကျွန်တော့်အကြောင်း"

"အေး . . . မမကြီးကိုတော့ ရှည်တယ်မထင်နဲ့၊ ကျွန်တော့် အကြောင်း ကျွန်တော်မသိသေးတာတွေရှိသေးလို့မမကြီးကသတိ ပေးရတာ။ တစ်နေ့ကလဲ စနိုကမ် အိမ်သုတ်ဆေးကိစ္စ၊ ဒီဆေးတို့ သွားမရှာခင်ကတဲက မမကြီး ဂိုဒေါင်ထဲသွားပြီး အေးမောင်တို့ တောင်းပန်ထားရတယ်။ အဲဒီလင်မယား ဘယ်သွားချင်သွားချင် စိတ်ရှည်လက်ရှည်ပို့ပါ။ စိတ်မရှည်စရာအကြောင်းတွေ့လဲသည်းခံ ပါလို့။ ကိုယ့်အိမ်က ဒရိုင်ဘာပဲ ပိုက်ဆံပေးငှားရတာ မလုပ်ချင် ထွက်သွားပေါ့လို့ ဆိုနိုင်ပါတယ်။ သူထွက်သွားတော့ နောက် ဒရိုင်ဘာက ရှိုးအုံးမှ။ သူ့လိုကားပစ္စည်းမခိုးပါမှ၊ ကလေးတစ်ပြ





...ရော၊ ကလေးတွေထက်ဆိုးတဲ့ ကိုလတ်မေမေနဲ့ ဒေါ်ဒေါ်စိန် ...ည်းညည်းခံနိုင်အုံးမှ၊ ကိုလတ်သိတယ်မို့လား၊ ဒီအိမ်ပြဿနာ ...ရုပ်ရပ်"

"သိပါတယ်လေ၊ ဒီအိမ်ကို ပြဿနာပေါင်းစုံတယ်"

"မထင်ပါနဲ့၊ မထင်ပါနဲ့၊ သုံးဆယ့်တစ်ဘုံ ပြဿနာမစုံတဲ့အိမ် ...ဘူးမှတ်"

"ကဲ . . . ဆိုစမ်းပါဦး"

"ဆိုပါ့မယ်၊ ဆိုစရာတွေအများကြီး၊ မောင်ရင်တို့က လာလိုက် ...တုန်း၊ ပြန်သွားလိုက်ဝုန်းဝုန်းနဲ့ လုပ်ချင်တာတွေ လုပ်သွား၊ ...ိုင်ဘာကစိတ်ဆိုး၊ အလုပ်ကထွက်ပြီ ဆိုပါတော့၊ ကိုလတ်တို့ ...တော့ သံဖြူဇရပ်ပြန်သွားရော၊ အေးချမ်းလို့၊ လူသစ်နဲ့ ပြဿ ...သစ် ရင်ဆိုင်ရမှာက မမကြီး၊ ဒီတော့ မမကြီးကို သနားရင် ...စေ ဒရိုင်ဘာပေါ် ဆက်ဆံရေး၊ ကိုလတ် သတိထားပါ။ ...င်းကတော့ ဘာမှအလိုက်သိမှာမဟုတ်ဖူး။ သူ့အဖို့သိစရာလဲ ...သိဘူး။ သူတို့အိမ်မှာ သူတို့ကြီးပြင်းလာပုံ၊ သူတို့အိမ် စနစ်က ...စ်မျိုးကို။ စယူကတဲက သစ်စက်ပိုင်ရှင် သူဌေးတစ်ဦးရဲ့ တစ်ဦး ...ည်းသော သမီး၊ ၉-တန်းတောင်မအောင်သေး၊ ကျောင်းကမှ ...ဘာမစုံသေးသူကို ကိုလတ်ကကြိုက်လှပါချည်ရဲ့ဆိုလို့ မမကြီး ...တ တောင်းပေးရတာ။ ကလေးနှစ်ယောက်ရလဲ သူ့အသိက ...သမီးနှစ်ယောက် သာသာရယ်။ မိဘကလဲ အလိုလိုက်၊ ခုလဲ ...လမြိုင်က အဘိုးအဘွားတွေအိမ်မှာ ကလေးတွေ ထားခဲ့တယ် ...လေ"

ကိုလတ်သည် ခေါင်းညိတ်ပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ အဘိုးအဘွားတွေကလဲ ချမ်းသာလို့ အထိန်းနဲ့ထားနိုင်လို့ပဲတဲ့၊ အဘိုးကြီး မမာဘူးနော်၊ ကိုယ့်ကလေးတွေကို ကိုယ့်ဖာသာ တာဝန်ယူပါ။ ဘယ်လိုဘဲ အထိန်းနဲ့ထားနိုင်ထားနိုင်၊ အဘိုးအဘွားဆိုတာ သူတို့မျက်စိရှေ့ မြေးတွေလာထားရင် မှန်လိုကြည့်နေတာ။ ဒီကိစ္စ ထားပါလေ။ အခု မမကြီးပြောချင်တာကတော့ အေးမောင်ကို ခေါ်သွားတဲ့အခါ ကားကိုလဲ သုံးချင်သလိုသုံးပါ သုံးနိုင်ပါတယ်၊ အချိန်တန်ရင်အလိုက်သိမှပေါ့၊ ဒါက ကိုလတ်က လုပ်ရမှာ၊ ဒီအချိန် စားချိန်ရောက်ပြီ၊ ဆာတော့မယ်ဆိုတာသိရမယ်၊ ကိုယ်ဆာဆာ မဆာဆာ သူတို့ကိုဝယ်ကျွေးပါ၊ ကိုယ့်ဖာသာကိုယ် ဘာဝယ်စားစား၊ ကားပေါ်က ဒရိုင်ဘာကိုလဲ ဝယ်ကျွေးဖို့ မမေ့ပါနဲ့ မောင်လေးရယ်"

ကိုလတ်သည် အမကြီးလုပ်သူ၏စကားလုံးများကိုနားထောင်ရင်း အေးမြချမ်းငြိမ့်သော မမကြီးမျက်နှာကို လေးလေးစားစားကြည့်လိုက်၏။

"အဲဒါက ကိုလတ်လုပ်ရမှာ၊ ဒုတိယက ကိုလတ်ပြောရမှာ ဘာပြောရမှာလဲဆိုတော့ စနိုကမ်ကိစ္စ၊ ချမ်းသာလို့ ငွေတွေအလျှံပယ် ကြွယ်ဝနေလို့ အကောင်းဆုံးမှ ကိုယ့်အိမ်မှာသုံးချင်တာ မမကြီး မတားပါဘူး၊ ဒါပေမင့် နိုင်ငံခြားဖြစ် ရှားပါးနေတဲ့အချိန်၊ အဲဒီအိမ်သုတ်ဆေးမရတော့ကော ကိုယ့်တိုင်းပြည်ဖြစ် ဘားမားပိန့်၊ အီနားမဲလ်တို့၊ ဒိုင်းမွန်းတို့ သုံးလဲ ဖြစ်ပါတယ် ကိုလတ်ရယ်။ ရေခဲစိမ်းအရောင် မရတော့လဲ ဖက်ဖူးရောင်နုနုအပြာနုနု၊ မီးခိုးရောင်မှိုင်းမှိုင်းတွေဟာ အိပ်ခန်းအတွက် ကောင်းတဲ့အရောင်တွေဘဲ။ စိတ်ကိုငြိမ်ငြိမ်သက်သက်နဲ့ အိပ်ပျော်စေတဲ့



အရောင်တွေပါ။ ဒီမှာနေပါဦး ကိုရွှေလတ်ရဲ့၊ မင့်မိန်းမက ဒါလောက် စည်းစိမ်တစ်ပုံနဲ့ အိပ်မပျော်နိုင်ရအောင် ဘာရောဂါလို့လဲ"

မမကြီးပြုံး၍ အရွှမ်းဖောက် မေးလိုက်၏။ ကိုလတ်သည် ခုံးတွန့်ကာ အားပါးတရရယ်လိုက်ရင်း . . .

"လိုချင်တာတွေ အလျှံပယ်ရနေသော ဆင်းရဲလေ၊ မမကြီးရဲ့"

ဟု ပြောလိုက်၏။ မမကြီးသည် မောင်လုပ်သူ စကားကိုသဘောကျကာ အားရပါးရ သူပါလိုက်၍ ရယ်လိုက်၏။

"ဟုတ်တယ်လေဗျာ၊ ကျွန်တော်ကြားဖူးတာကတော့ လိုချင်တာမရသော ဆင်းရဲလို့သာ ကြားဖူးတယ်၊ ခု မိန်းမရတော့မှ မောင်လတ်တို့ ပညာစုံတယ်၊ လောကကြီးမှာလေ လိုချင်တာတွေ အလျှံပယ်ရသော ဆင်းရဲက ပိုလို့တောင် ဆိုးသေး၊ ဒါဟာ လာကာသစ်မှာ လူတန်းစားသစ်အတွက် ရောဂါသစ်တစ်ခုဆိုတာ မကြီး မှတ်ထားပေတော့"

"ငါ့မောင် ဒါတွေကိုလဲ သိရက်နဲ့ ဘာဖြစ်လို့ မဝေင်းကို မပြောသလဲ၊ ထိန်းထိန်းသိမ်းသိမ်း ပြောပေးအုံးမှပေါ့ကွယ်"

"မမကြီးရေ ငလတ်တို့ယောကျ်ားသားတွေဟာ တစ်ခါတစ်ခါ နွားတွေပဲဆိုပါတော့၊ ကာသိက တိုင်းကြီးရှင်၊ ဘုရင်ရင့်မကြီး မောင် မိဖုရားစူဠသုဘဒ္ဒါက ဆဒ္ဒန်ဆင်မင်း အစွယ်ကိုမှ နားမှာ ပန်ချင်ပါတယ်ဆိုတော့ ရှာငါးရွှာတောင် အပိုင်စားပေးပြီး သာနုတ္တိုရ်ကိုလွှတ်ပြီး ဘုရားလောင်းကြီးရဲ့ အစွယ်သွားပြီး ဖြတ်ခိုင်းတယ်မဟုတ်လား၊ မပန်ချင်ပါနဲ့လို့ တစ်ချက်မပြော၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



လဲကာသိကတိုင်းပြည့်ကြီးရှင်၊ ဘုရင်ကြီး အန္တယ်ဘွားယောက်ျား သားဆိုတော့ မပြောရက်ဘူးမမကြီးရေ မပြောရက်ဘူး၊ နောင်ကိုတော့ ဆင်ခြင်ပါ့မယ်၊ မမကြီး သတိပေးတာလဲ ကျေးဇူးတင်ပါတယ်"

"မမကြီး သတိပေးရတာက မင်းတို့လင်မယား နှစ်ယောက်ကြား တိုက်ပေးချင်လို့လဲ မဟုတ်ဘူး၊ မေဝင်းအတင်းကို ပြောချင်လို့လဲ မဟုတ်ဘူး၊ တို့မိသားစုကြီးရဲ့ အရှည်ရှေ့ရေး ရှိသေးတယ် ကိုလတ်"

သူသည် စကားကိုနိဒါန်းချီပြီးမှ အေးအေးဆေးဆေး ဆက်ပြော၏။

"ခု ကိုလေး အခြေအနေက ဘယ်လိုဖြစ်မယ် မသိ၊ နိုင်ငံခြားသွားကုလို့ ပျောက်တောင် အနည်းဆုံးခြောက်လကြာမယ်၊ ကိုလေးကိုင်နေတဲ့ ထားဝယ်နဲ့ မြိတ်ရာဘာခြံကို မမကြီးနဲ့ ကိုလွန်းဘော်တို့ဟိုမှာသွားနေပြီးပဲတာဝန်ယူရမှာလား၊ ဖေဖေပဲသွားမလားတော့မသိ၊ အခုထားတဲ့ မောင်ဖေသက်ကိုဘဲ ဆက်ထားမလား၊ ခုတော့ ရန်ကုန်က အလုပ်တိုက်ရော မြိတ်ကိုရော ကိုလွန်းဘော် ကူးချီသန်းချီနဲ့ လုပ်နေရတာ၊ အစိုးရက ရာဘာခြံတွေ မသိမ်းခင် ရော၊ စစ်မဖြစ်ခင်ကရော၊ အစိုးရသိမ်းချိန်မှာရော၊ ခုတို့များလက်ကို ပြန်ပေးလို့ ပုဂ္ဂလိက လုပ်ပိုင်ခွင့် ရှိလာတဲ့ အချိန်မှာရော၊ မမကြီးတို့မှာ ဘာမှ ကသိကအောက် မဖြစ်ခဲ့ရဘူး အလုပ်သမား ပြဿနာ မဖြစ်ခဲ့ရဘူး၊ အဲဒါ အလုပ်သမားတွေ တော်လို့ပေါ့။ ကဲ . . . သူတို့က တစ်ခုခု ညစ်ပတ်ပါဘီတဲ့၊ တို့များ





ဘာတတ်နိုင်မှာလဲ၊ ရာဘာတောကြီးတွေက မျှော်မဆုံး ကြည့်ဆုံး . . ."

"မော်လမြိုင်က ဦးတိတ်စိန်တို့ ရာဘာခြံကို အလုပ်သမားက ဆုတ်ရတာနဲ့၊ မှောင်ခိုသမားနဲ့ပေါင်းပြီး နယ်စပ်ပို့နဲ့၊ ဘယ်ယောက်ဒုက္ခရောက်လဲ၊ အလုပ်သမားတွေက ကျွမ်းကျင်ပြီးသား ဆိုတော့ ရာဘာစေးခြစ်ပြီး ခံထားတဲ့ နေရာတဲ့တဲ့မှာ မြေတွင်းတူး မြေတွင်းထဲမှာ သံခွက်တွေမြှုပ်ထား၊ ရာဘာစေးတွေ ပြည့်တော့ အသာအဖုံးဖုံး၊ အပေါ်ကမြေကြီးဖို့ထားတော့ ဘာသိနိုင်မလဲ၊ ပိုင်ရှင်ကလဲ အပင်စေ့၊ တပင်စီလိုက်ပြီး ကြည့်နိုင်တာလဲ မဟုတ်ဘူးကိုလတ်၊ တစ်ပင်မှာ နို့ဆီဘူးတစ်လုံးစာဘဲ ခိုးကြည့်စမ်း"

"ကျွန်တော်တို့ ရာဘာခြံ အလုပ်သမားတွေမှာ ဒီလိုစိတ်မရှိဘူး"

"အေးလေ သူတို့ သစ္စာရှိတာကိုပဲ တို့များက ကျေးဇူးတင်ရမယ်၊ ဒီလို သူတို့က သစ္စာရှိအောင်လဲ ဖေဖေ့ရဲ့ ဆက်ဆံရေး သူတို့အပေါ်မှာ ကောင်းခဲ့တယ် ကိုလတ်၊ မဖေဖေကလေကြီး အပျိုတုန်းက အမြဲလိုလို သံဖြူဇရပ် ရာဘာခြံနဲ့ ထားဝယ်ရာဘာခြံကို သွားတိုင်းခေါ်သွားတယ်။ မောင်လေး ယောက်က ငယ်သေးတော့ ငါ့သမီးဘဲ ဖေဖေ မရှိရင် ဦးစီးဘဲဆိုပြီး ရာဘာစေး ခြစ်တာကအစ အတုံးလိုက် စက်ပေါ် ဆင်းတဲ့အထိ ပြတယ်။ အလုပ်သမားနဲ့ ဆက်ဆံရေးကိုလဲ သင်ပေးတယ်။ ထားဝယ်က ဦးရာမင်းလေ ဦးတိတ်စိန်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဖပေါ့၊ ရာဘာတောထဲမှာ အသက်ခံရတော့ မမကြီး
အဖို့ဘာဝဘဲရှိသေးတယ် . . .

"ဦးရာမင်းက အလုပ်သမားတွေနဲ့ ဆက်ဆံရာမှာ မပြေလည်ခဲ့ဘူး၊ အလုပ်သမားနဲ့ ဆက်ဆံရာမှာ အလုပ်သမားဘက်က
ကြည့်၊ ပြီးတော့ တခုခု ပြဿနာပေါ်လာရင် တို့ဘက်ကရော
ဘာချို့ယွင်းလဲဆိုတာ အမြဲစဉ်းစားပါ၊ မမကြီးက စိတ်ပူလွန်း
လို့၊ အခု ဒရိုင်ဘာအေးမောင် ပြဿနာလိုပေါ့။ အေးမောင်
တစ်ယောက်ထဲရယ်၊ ရာဘာခြံအလုပ်သမားတွေက အစုနဲ့အ
နဲ့၊ ထစ်ဆို တစ်ခြားခြံက အလုပ်သမားတွေ မြှောက်ပေးလို့ သူ
အလုပ်သမားတွေ ထုတ်ပစ်မှ ဆိုတဲ့ အမြင်နဲ့မကြည့်နဲ့။ သိမ်း
လဲ မပြောနဲ့၊ အလုပ်သမားမှာလဲ ကိုယ့်သိက္ခာ ကိုယ်ရှိသေတဲ့
ရှိတယ်။ မေဝင်းလတ်ကလဲ အလုပ်ခွင်နားမလည်၊ ဝင်စွက်ဖက်
လာရင် ကိုလတ်စိတ်ညစ်ရမှာစိုးလို့ မမကြီး ကြိုသတိပေးရတာ
အလုပ်သမားတွေ ဘဝင်ကျကျ အလုပ်ခွင်မှာ မလုပ်တာဟာ
အုပ်ချုပ်သူရဲ့ အရည်အချင်း မပြည့်ဝမှု၊ ခန့်ခွဲမှုလျှော့လို့ဆိုတာ
အများကြီးပါတယ် . . .

"အပြေအလည် ကျေနပ်မှုရအောင် အမြဲတမ်း ကြိုးစား
ပြဿနာကို ရဲရဲဆိုင်ပါ ကိုလတ်၊ ပဋိပက္ခမှုရှိမှ တိုးတက်တယ်
ဘာတယ်ဆိုတာ အနောက်တိုင်းက လူတွေစိတ်နဲ့ အနောက်တိုင်း
က ပြဿနာဖြေနည်း၊ တို့အလုပ်သမားနဲ့ တို့ပြဿနာက၊ စေတနာ
နှစ်ဘက်ကြား သက်ရောက်လာအောင် ဘယ်လို ဆက်ဆံရ
မလဲဆိုတာက တို့လုပ်ငန်းခွင်မှာ တို့ဖာသာ ရှာရမယ့်နည်း . . .





"တဲ . . . သွား၊ သွား၊ တစ်ယောက်တစ်ယောက် စကား
ပြောရတာကလဲ ဒီလိုမှမပြောရင် မပြောဖြစ်နိုင်ဘူး၊ တစ်အိမ်ထဲ
အတူနေပြီး မောင်နှမတွေ မျက်နှာချင်းမဆိုင်မိပါဘူးဆိုရင် လူယုံ
တောင် မဟုတ်ဘူး၊ ရန်ကုန်လူနေမှုက တကယ် ဇိမ်မရှိတာ
ပါဘဲ"

ကိုလတ်သည် သွားတော့ ဆိုတော့မှ မသွားသေးဘဲ ဆိုဖာ
နောက်မှကို အသာပစ်၍ မှီလိုက်၏။

"ဖေဖေ ကျွန်တော့်ကိုတော့ အထင်မလွဲပါဘူးနော်။ ကျွန်
တော် ခုတလောရောက်ရောက်ချင်းအလုပ်ရှုပ်နေလို့ မမကြီးရာ၊
သွားခင်ကို ဖေဖေနဲ့ အချိန်ယူ တွေ့ပါဦးမယ်။ ကျွန်တော် ခုန
ရယ်စရာလုပ်ပြီးသာ ပြောတာပါ။ အပြင်မှာသာ မေဝင်းလတ်
တို့ သူလုပ်ချင်တာ အလိုလိုက်ပေမင့် အလုပ်သမားတွေနဲ့
ဆက်ဆံရေးမှာ သူ့ဝင်ပြီး မစွက်ဖက်စေရပါဘူး"

"အေးပေါ့လေ မမကြီး ပြောချင်တာက မိန်းမတွေ၊ ဘာတွေ
လုပ်တယ်ဆိုတာ လင်ယောက်ျားတွေ သိချင်မှသိတာ၊ ဒါ့ကြောင့်
ခဏခဏ အရာရှိတွေ ဒုက္ခရောက်ရတာ၊ မေဝင်းလတ်အဆိုးလဲ
မဟုတ်ဘူး၊ ခုန မမကြီး ပြောခဲ့သလို သူက ဘဝကို ဘာမှ
မစုံသေးတဲ့လူ။ မမကြီးထင်တာက ၉-တန်း မအောင်သေးဘဲ
လက်ထပ်ပေမင့် စာဆက်သင်မယ် အောက်မေ့နေတာ၊ ဘာစာမှ
ဆက်မသင်တော့ ကျောင်း ဗဟုသုတရော၊ ကာဝဗဟုသုတရော
သူ့မှာက နုသေးတယ် . . .

"မမကြီးတို့မှာတော့ နာမယ်ကသာ သူဌေးသမီး၊ ဖေဖေက
ကိုလတ်ရော၊ ကိုလေးရော၊ ယောက်ျားလေးတွေပေမင့် မောင်

www.burmeseclassic.com



ငယ်တွေမို့လား။ ဒီတော့ မမကြီးကို သမီးဦးအနေနဲ့ အား... တယ်။ မီးဖိုကို မေမေတို့ သမီးယောင်းမ ဦးစီးနိုင်တော့၊ မမကြီး... ကို မီးဖိုချောင်က ဆွဲထုတ်ပြီး သူ့လုပ်ငန်းခွင်မှာကို ဆွဲသုံးတော့ သူ့လက်ကျကို မမကြီးက ရနေတာကို၊ မေဝင်းလတ်ကိုပြော... နေရာမှာလဲ လိမ္မာပါဦး ကိုရွှေလတ်။ ပြဿနာတင်ပြပုံမဟုတ်... ရင် မမကြီး ကြားထဲက လင်မယားနှစ်ယောက်ကြားတိုက်ပေး... တဲ့ ယောင်းမ ဖြစ်သွားပါအုံးမယ်"

"စိတ်ချပါ၊ မဖြစ်စေရပါဘူး မမကြီးရယ်။ ကျွန်တော် သွား... ဦးမယ်၊ အချိန်နီးနေဘီ"

ကိုလတ်သည် ကားရုံရှိရာသို့ ထွက်သွား၏။ မြမြကြိုင်သည် မောင်လုပ်သူကို သတိပေးစကားပြောပြီး ဧည့်ခန်းမှ ထွက်မသွား... သေးဘဲ ငြိမ်သက်စွာ ထိုင်နေ၏။ တခါမှ မရောက်ဖူးသော ဧည့်သည်သည် အိမ်သစ်၏ အလှကို စူးစိုက် ကြည့်ရှုနေသလို ခုမှ ဖက်ဖူးရောင် ဆေးသုတ်ထားသော နံရံပေါ်သို့ မီးရောင် လေးများ ဖြာကျနေသော အလှကို ဂရုတစိုက် ကြည့်မိ၏။ ခါတိုင်းညဦးဆိုလျှင် သမီးတစ်ယောက် သားလေးယောက်နှင့် အတူ စာကြည့်စားပွဲ ထိုင်ကာ ကျောင်းမှ ပေးလိုက်သော သင်ခန်းစာရော၊ ကျူရှင်ဆရာမကပေးသော သင်ခန်းစာများ ကိုရော ကလေးတွေ မှန်မှန်လုပ်-မလုပ် ကြည့်ရှု စစ်ဆေးရသေး ၏။ နားမလည်တာတွေကို ရှင်းပြောရ၊ ခဲဖျက် ပျောက်လို့ ပေတံကျိုးလို့၊ ခဲတံချွန်စက် လုကြလို့နှင့် ကျွက်ကျွက်ညံသော စာကြည့်စားပွဲဝိုင်းကို ငြိမ်သက်အောင်လည်း ထိန်းသိမ်းပေးရ သေး၏။





အားလုံး စာကြည့်ပြီး အိပ်ခန်းသို့ ကိုယ်စီဝင်သွားမှ ဟင်း ...နိုင်သည်။ တစ်ခါတစ်ရံအဖေလုပ်သူနှင့် လင်လုပ်သူ ရှင်း၍မနိုင် ...နိုင်သော တစ်နေ့တာ စာရင်းအင်းများကို ဖေဖေက ခေါ်ယူ၍ ...နိုင်းလျှင် သူဝင်ကူရသည်။

လင်ဆိုသည်ကိုလည်း မယားနှင့်တူအောင်တော့၊ သူအပန်း ပြေ နားချိန်တွင် စိတ်ဓာတ်ရော၊ ခန္ဓာကိုယ်ရော ချမ်းမြေ့ အေးချမ်းအောင် ဖန်တီးပေးရသေးသည် မဟုတ်ပါလား။ တစ်ခါ တစ်ရံတော့လည်း ကလေးတွေ စောစောသိပ်၍ ရုပ်ရှင်ရုံသို့ နှစ် ယောက် ပြေးထွက်လိုက်ရ၏။

ခုလို ညဆိုသည်မှာ မြမြကြိုင်သည် ရှာမှရှားဆိုသလို ဖြစ်နေ သည်။ စားပွဲလေးထောင့်လေးပေါ်မှ ဖန်ပြားခွက်လေးပေါ် တွင် အင်ဒိုနီးရှား မရမ်းစေ့ရောင် သစ်ခွပန်းလေးသည် အပြစ် တင်သော မျက်နှာလေးနှင့် သူ့ကို ကြည့်ရှုနေပုံရ၏။ သူသည် သည်း ခုမှ စူးစူးစိုက်စိုက် ပန်းလေးပေါ် မျက်စိ အာရုံကျ ရောက်သွား၏။ ပန်းစိုက်ဖန်ပန်းအိုးသည် ဘဲဥပုံပွံ့ပွံ့လေး ဖြစ် ၍ ရေရောင်နှင့် မီးရောင်ဟပ်နေသော ပြာလဲ့လဲ့မျက်နှာပြင် တွင် ကျောက်ခက်ရွက် စိမ်းစိမ်းလေးများသည် ညွတ်ကျ... သည်။ အကျယ်ဖြန့်၍ ပန်းချီဆွဲလိုက်လျှင်တော့ မြကန်သာ၏ အလှခင်းတစ်ခု။

ဩော် . . . မနုဿလူသား ခံစားနိုင်သော အချိန်နှင့်စူးစိုက် နိုင်သောအာရုံ မပေးနိုင်လေတော့ သူ့အလှမှာလည်း ပစ်ပယ်ခံရ သူ ဘဝပေဘဲ။ ကြာလှုင်တော့ မြမြကြိုင်သည်ဘာမှခံစားမှုဝေဒနာ

www.burmeseclassic.com



မရှိသော၊ ကျောက်ခဲများဖြင့် ထုထားသော အသည်းနှလုံးနှင့် လူ့ကျောက်ရုပ်များဖြစ်လာလေမည်လား၊ သူသည် အမောဖြေ သီလို ပင့်သက်ကလေးကို မှုတ်ထုတ်လိုက်၏။

"မမကြီး . . . ဆွေ ဝင်လာခဲ့မယ်နော်"

ဆွေဆွေသည် ဝင်ခွင့်တောင်းရင်း ယောင်းမကြီး၏အနား တွင် ဝင်၍ ထိုင်၏။

"လာလေ ဆွေဆွေ . . . ကြည့်ပါဦးနော် . . . သစ်ခွပန်း လေး လှလိုက်တာ"

"ဟုတ်တယ်မမကြီး၊ ခြံထဲမှာလေ အရိုးသစ်ခွတွေရော၊ ပင့်ကူ သစ်ခွ၊ ဇလက်ထော်ရော၊ ဖယောင်းပန်းတွေရော စုံနေတာပဲ ပွင့်လိုက်တာ၊ ဒါနဲ့ ဆွေလဲ ဘုရားပန်းအိုးလဲရင်းဧည့်ခန်းကိုပဲ ပြင်ထားတာ"

"အေး ဒီအလှတွေရဲ့အရသာဟာ တို့နဲ့များ မဆိုင်သလိုဘဲ နော်၊ တို့များနေရတဲ့အဖြစ်ကလဲပေါ်ပြန်လဲမသက်သာဇာတ်လမ်း ဘဲဆွေဆွေ။ မနက်ကလဲဒေါ်ဒေါ်စိန်က သူ့ဘုရားခန်းကအထွတ် ဟဲ့ . . . ဒိဋ္ဌိမ၊ ဘုရားများ ဝင်ဦးချသွားပါဦးတဲ့။ ငေါက်လို့ မမကြီးမှာဝင်ရှိခိုးရသေးတယ်။ ဒေါ်ဒေါ်စိန်ကလဲ ဘုရားလဲ သူ့လောက် ကြည်ညိုတာမရှိ။ အဲဒီဂိုဏ်းတွေ၊ ခါတ်လုံးတွေ နောက် ဘာဖြစ်လို့များ ဒါလောက် လိုက်နေလဲ မသိပါဘူး မနက်ကလဲ အေးမောင်နဲ့ ချက်ပလက်ကားကို မောင်လတ်တို့ လင်မယားမဆွဲခင် အဘွားကြီးသမီးယောင်းမကို ပို့ပေးဖို့အချိန် ညှိရသေးတယ်။ ဒေါ်ဒေါ်စိန်က ဖင်မလီယာကို ငါမစီးဘူးတဲ့





ဒေါ်ဒေါ်စိန်ပြောလဲပြောစရာ။ ကိုလတ်ကို မမကြီးက မင်း ကိုယ်တိုင်မောင်း၊ ဖင်မလီယာယူသွားဆိုတာ မေဝင်းလတ်ကလဲ ချက်ပလက်နဲ့သွားချင်တယ်ဆိုလို့တဲ့။ ဖေဖေတို့တောင် အလုပ် ကိုကို မာဇဒါနဲ့သွားရတာ။ ကဲဆိုစမ်းဆွေဆွေ၊ ဘာ ပြော လို့လဲ"

"မေမေကလေ ပထမအစီအစဉ် မြစ်ကြီးနားကို သွားဖို့ကိစ္စ ဖျက်လိုက်တယ်။ ပုသိမ်အိမ်ကို ပြန်ဦးမယ်တဲ့"

"အေး တို့အိမ်ရဲ့ ပျာရာခတ် ဇာတ်လမ်းတွေကို ကြည့်ပြီး သူလဲ အားနာလာတယ်ထင်ပါရဲ့ကွယ်။ တကယ်ပဲနော်၊ နယ်က ဧည့်သည်တွေမျက်လုံးနဲ့ကြည့်ရင် တို့ရန်ကုန်ရဲ့ နေထိုင်ရပုံဟာ ပိုက်ဆံရှိရှိ မရှိရှိပါဘဲ။ ပျာရာခတ်နေကြတာဘဲ။ အန်တီသွယ် အာများလိုသေးလဲ။ မမကြီးလဲ ဒီညအန်တီသွယ်မအိပ်ခင် သွား တွေ့လိုက်ပါဦးမယ်"

"ဟုတ်ကဲ့ မမကြီး၊ ဆွေသွားမယ်နော်"

ဆွေသည် အိမ်ပေါ်သို့တစ်ပျမ်းချင်း တက်လာခဲ့၏။ ကိုလေး ကြိုင်၏ ခုတင်ဘေးတွင် ညင်သာစွာ ထိုင်လိုက်၏။ သူသိပ် ထားခဲ့သည့်အတိုင်း ကလေးငယ်လေးသဖွယ် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေ၏။ မေမေလည်း ပြန်တော့မည်။ သူသည် မေမေ့ကို ရင်ထဲရှိသမျှ ပွင့်ပွင့်လင်းလင်း ပြောခဲ့၏။ သူ့အပေါ် စိတ်နာ ကျည်း၍ မေမေပြန်လာလေသလား။ မိဘတို့ စေတနာ မေတ္တာကို စော်ကားလို၍ သူပြောခဲ့ခြင်းမဟုတ်ပါ။ သို့သော်လည်း မေမေ သည် ရွှေဘုံပေါ်မှာ စံစေချင်သောဝါဒကို ကျင့်သုံးလာ၍ တရား

www.burmeseclassic.com



လွန်သည်ဟုထင်သည်။ မိခင်တစ်ယောက်အနေနှင့် သမီးများအ... နေရာချထားရာတွင် ဆင်စီး၍မြင်းရံသောအဖြစ်ကို မိဘတိုင်း ကြည့်ချင်သည်ကို ဆွေလက်ခံပါ၏။ ဒါပေမင့်ဆင်သည် ယော... ရိုင်းဆင်လား၊ မုန်ယိုနေသော ဆင်လား၊ ယဉ်ပါးနေသော ဆင်လား၊ ကျုံးသွင်းပြီးစလား၊ ဆပ်ကပ်ဆင်မျိုးလား၊ တိုင်... ဆင်လိုအစွယ်မဲ့ဆင်မျိုးလား၊ စွယ်စုံဆင်မျိုးလာဆိုသည်ကိုတော... သမီးများကို လက်ထပ်မပေးခင် မေမေသည် ကြိုတင် လေ့လာ သင့်ပါသည်။

အဘယ်ကြောင့်ဆိုသော် မေမေ သမီးရ ကံကောင်းလေ... သမီးသုံးယောက်တွင် ဆတ်ကော့လတ်ကော့ တစ်ယောက်မှမ... လက်ညှိုးထောင် ခေါင်းညိတ် ကြိုးဆွဲရာ က, သော ရုပ်သေး... သမီးများအပေါ်တွင် အုပ်ချုပ်သူအနေနှင့် မေမေ တာဝ... အများကြီးရှိသည်။ လက်မထပ်ခင်ကတည်းက ကွင်းဆင်းလေ့... လာသင့်သည်။ သမီးများကို လက်ထပ်ပေးပြီးလျှင်လည်း ပေါ် လာသော အကျိုးတရားကို မိခင်အနေနှင့်ခံစားချင်သလိုဖြစ်လာ သော ဆင်းရဲဒုက္ခကိုလည်း မေမေဝေမျှ ခံစားသင့်သည်။

သမီးများက တို့ဘဝ တို့အကြောင်းပေဘဲဟု ကောင်းသော နှလုံးသွင်းခြင်းဖြင့် နှလုံးသွင်းနိုင်ပေလို့ပဲ တော်တော့သည်... ယောနိသော မနသိကာရဖြင့် အဆင်ခြင်မှားသည့် သမီးစွာ... ကျဲတွေဆိုလျှင် မေမေ့ကိုပြန်လှန်၍ ပယ်လှန်သည် ဆိုကြပါ... မေမေဘာတတ်နိုင်မည်နည်း။ ဤ တော်လှန်ခြင်းမျိုးကို တော... မတရားသောတော်လှန်ရေးဟု ဘယ်သူကရော စွပ်စွဲပါ... မည်နည်း။





တော်ပါသေး၏။ ဆင်ကြီးကမုန်ယို၍ ဆင်ပေါ်က လှသူဇာကို နှာမောင်းနှင့် ဆွဲချ။ နောက်က အခြံအရံ မြင်းတွေကလည်း ခိုင်းတက်နင်းကြဆိုလျှင် အရိုးစိစိကျေပေတော့မည်။

သူ၏ လက်ထပ်ပြီး အိမ်ထောင်သက်သည် တနှစ်မျှပင်မပြည့်သေး။ အစ်မကြီး မေမျိုးဝေနှင့် ညီမလေး မေမျိုးငွေတို့ရော အိမ်ထောင်ရေး အခြေအနေ ဘယ်သို့ရှိသည်မသိ။ အစ်မနှင့်ညီမ သူတို့နှစ်ယောက်သည် အရာရှိကတော်များ ဖြစ်၍ နယ်အနှံ့ ပြောင်းသွားနေကြရသည်။ သူသည် ပုသိမ်အိမ်ကြီးမှ နောက်ဆုံး ထွက်ခွာလာခဲ့ရသူဖြစ်၏။ သူလက်ထပ်ပွဲနေ့ ပုသိမ်အိမ်ကြီးတွင်ကျင်းပနေစဉ်ကတော့ မမဝေနှင့် ညီမလေးတို့ လာကြသည်။ သူ့ထက် စောစွာ အိမ်ထောင်ကျသူများဖြစ်၍ ကလေးတွေကိုယ်စီနှင့် ဖြစ်နေကြပြီ။ ဒီကတည်းက ညီမတွေ မဆုံမိကြသေး။ သူ့ဒုက္ခကို ညီမနှင့် အစ်မများသည် သတင်းစကားသာ ကြားကြသည်။ သူ့ကိုလာ၍ မတွေ့နိုင်ကြသေးပေ။ မေမေကတော့ ကိုလေး ရောဂါဖြစ်စက တစ်ခါ၊ ယခုတစ်ခါ နှစ်ကြိမ်လာရောက် တွေ့ဆုံသည်။ သူ့ဒုက္ခကို မျက်မြင်တွေ့ရပေပြီ။ သူသည် တကယ်ကို မိခင်နှင့်တူသောမယား ဖြစ်နေပေပြီ။ သားတစ်ယောက်လို မွေးရ၏။ အိပ်ရာကနိုးလျှင် အာရုံကြောများ ထိန်းနိုင်သူမဟုတ်၍ ဆီးကိုလဲ အိပ်ရာပေါ်ပါချ။ ရေသောက်ချင်ရင်လည်း လက်ဟန် ခြေဟန်နှင့် ပါးစပ်ကမပြောနိုင်။ ကလေးစို့သော နို့ဘူးလေးနှင့် ရေကိုသောက်စို့ရသည်။ ဝမ်းသွားလျှင်လည်း တစ်ခါတစ်ရံ အိုးပေါ်အရောက် ထိန်းနိုင်သည်။ တစ်ခါတစ်လေတော့



www.burmeseclassic.com

www.burmeseclassic.com



မွေ့ရာပေါ်မှာ တင် သွားလိုက်တော့သည်။ ပလတ်စတစ်ပြား
သားရေပြင် တွေမှာ သူဌေးများမို့လို့ဘဲ၊ ဆင်းရဲသားဆိုလျှင်ဒုက္ခ
လက်ထပ်ပြီး ခြောက်လကတည်းက တစ်ခန်းထဲ အတူနေ
သော်လည်း ကိန္နရီမောင်နှံ ချောင်းခြားဇာတ်ကို သူခင်းလာခဲ့
သည်။ သို့သော် သူ၏ချောင်းကလေးသည် မိုးသည်းထန်သော
ညတစ်ညက ကိန္နရီ မောင်နှံကြားတွင် ဖြတ်သန်းစီးဆင်းခဲ့သော
ချောင်းကလေးမဟုတ်။

မုန်တိုင်းလည်းမထန်၊ မိုးသံလည်း မပြင်းခဲ့ပါ၊ ညဥ့်ကလည်း
မမှောင်ပါ။ ချောင်းကလေး၏ ဘေးတွင် ပန်းများလည်း
နေပေသား။ စမ်းချောင်း၏ မျက်နှာပြင်က ကြည်လင်၍တောက်
နေ၏။ ကန္တာရတွင် ခရီးပန်းသူအား သောက်လှည့်ပါဟု ဖိတ်
ခေါ်နေသောရေသီတာ။

ခြော် . . . ဘယ်ဘုရားသွား၍ ဘယ်ဆုတောင်းရမည်
မသိ။ မိုးစဲပါစေ မုန်တိုင်းစဲပါစေဆုတောင်းရဖို့က ရာသီဥတု
အမြဲ ကြည်လင်နေပေသား။ ဘုရား . . . ဘုရား ဤလိုဝဋ်ဆင်း
က တစ်မျိုးပါလား။

ခြင်ဇကာရှိပေမင့် တစ်ကောင်တစ်လေ ဝင်ရောက်လာ
ကိုက်မည်စိုး၍ သူတို့အိပ်ခန်းများတွင် ခြင်ထောင် ထောင်
သည်။ သူသည် ဇာခြင်ထောင်စကိုဆွဲချ၍ အိပ်ရာအောက်
ထိုးသွင်းလိုက်၏။ အသာပင်ခွာကာ သူ့ခုတင်ရှိရာသို့ ဖြည်းညင်း
စွာ လျှောက်သွား၍ လှဲချလိုက်သည်။

နောက်နေ့မနက်တွင်တော့ ကိုလေးကြိုင်၏ မနက်ခင်းတာ





များကို လုပ်ဆောင်ပြီး မေမေ့အခန်းသို့ ကူးခဲ့၏။

ဟိုတစ်ညက သူပြောခဲ့သော စကားများကို မေမေ စိတ်ခုနေ
သလား။ သို့သော် သူသည် မေမေ၏ မျက်နှာထားကြည်သည့်
ကြည်သည်ကိုလည်း မော့မကြည့်။ လက်ထဲမှ ငွေစက္ကူအထပ်
လိုက်ကို မေမေ့လက်ထဲသို့ ထည့်လိုက်၏။ ပါးစပ်ကတော့ စကား
ပြောသလို မပြော၊ စာရွတ်သလို ဆိုနေမိ၏။

"ကိုလေး နေမကောင်းပေမင့် သမီးတို့ လစဉ် နှစ်ယောက်
သုံးဖို့ ဖေဖေကြီးတို့က တစ်လခြောက်ရာ ပုံမှန်ဘဲ ဆက်ပေးတယ်၊
သမီးလဲ ကိုလေး အိပ်ရာပေါ် လဲကတဲက ဘာမှမဝယ်ဘူး၊
သုံးဘူး၊ ဘယ်မှလဲ မသွားဘူး၊ အဲဒါ သမီးစုထားသမျှ
အကုန်ဘဲ"

ဆွေဆွေသည် ကြမ်းပေါ်ထိုင်ချကာ စကားအဆုံးတွင်
ဘန်တော့လိုက်၏။

"ညနေ မေမေ သင်္ဘောဆင်းရင်ကော သမီးလိုက်ပို့ဦးမှာ
လား"

မေမေ့အသံကိုသာ သူကြားရ၏။ သူသည် မျက်စိမှိတ်ကာ
ဖြေရင်း မျက်ရည်တွေ စီးကျလာသည်။

"မေမေ သင်္ဘောကြီးနဲ့ ပုသိမ်ကိုပြန်သွားတာ သမီး မကြည့်
ပါရစေနဲ့တော့၊ သမီး အမြဲဘဲငိုချင်တယ် မေမေ၊ သင်္ဘောဆိပ်
သူတွေရှေ့မှာ သမီး ငိုမိမှာဘဲ၊ သမီး ပုသိမ်အိမ်ကြီးကိုဘဲ ပြန်ချင်
နေတယ်၊ သမီး စိတ်တွေကို မေမေ နားလည်ပါတော့ မေမေ
ရယ်၊ မအေကိုတောင် အပြန်လိုက်မပို့တဲ့သမီးရိုင်းကြီးလို့ဘဲမေမေ



www.burmeseclassic.com

www.burmeseclassic.com



ထင်ချင်ထင်လိုက်ပါတော့"

မေမေက သူ့ကိုဘာမှ ပြန်မဖြေ။ ဆုတောင်းနေသံများလည်း သူ့နားတွင် ရောထွေးနေသည်။ ကြမ်းပေါ်တွင် ချထားသော မျက်နှာကို မော်မရ။ မေမေက သူ့ပခုံးကိုကိုင်၍ ဆွဲမသည်အထိ မေမေ့ကို စေ့စေ့မကြည့်တော့ဘဲ အခန်းထဲမှ ဖြည်းညင်းစွာ ထွက်ခွာလာခဲ့တော့သည်။

မေမေပြန်မည့်နေ့တွင် သင်္ဘောပေါ်တွင် ဒေါ်မေသွယ်စား သွားရန် ထမင်းချိုင့်ကိုတော့ အားလုံး အပြည့်အစုံ အဝင်း အကူအညီနှင့် လုပ်ပေးလိုက်သည်။ ကားကိုလည်း စီစဉ်ပေးလိုက်၏။ သင်္ဘောအခန်းရအောင်လည်းမြမြကြိုင်နှင့် ကိုလွန်းဘော်က လုပ်ပေးရုံမက သင်္ဘောဆိပ်အထိ လိုက်ပို့ပေးကြသည်။

အိမ်သားများသည် ဆွေဆွေလိုက်၍ မပို့သည့်အတွက် ဘာမှ ဝေဖန်ပြောဆိုခြင်း မပြုကြပါ။ အမှန်တော့လည်း သူတို့ သားအမိနှစ်ယောက်၏ ကိုယ်ပိုင်ပြဿနာဖြစ်၍ ပါဝင်စွက်ဖက်ရန် မလိုကြောင်းကို အိမ်သားများ နားလည်ထားကြ၏။

မိဝင်းတစ်ယောက်ကသာ ဆွေဆွေပြုမူပုံကို နားမလည်သလို ဖြစ်နေ၏။ ဆွေဆွေ ဒီနေရာမှာ ဝတ္တရားချို့ယွင်းသည်ဟု သူ ထင်သည်။ သူ့အမေ ဒေါ်မယ်ခင်ကတော့ မရှိ။ သူလာရောက် လည်ပတ်ချိန်ပြီး၍ အပြန်တွင် အိမ်ရှင်ကို ခွင့်တောင်း သူ့ကို လိုက်ပို့ရသည်။ မလိုက်ပို့နိုင်ပါဟုဆိုလျှင် မဝင်းကိုနားရင်းပိတ် အုပ်မည်မှာ သေချာသည်။ ဒေါ်မယ်ခင်သည် အမြဲပင် သူမနှစ် သက်က နားရင်းအုပ် ဇာတ်လမ်းက တစ်ပြားမလျှော့။ သူသည်





ဒေါ်မေသွယ် ပြန်သွားသည့်ညတွင် ဆွေဆွေကို စကားစပ်၍ မေးလိုက်၏။

"အန်တီသွယ်ကို မမဆွေ လိုက်မပို့တာ ဘာဖြစ်လို့လဲ"

"မေမေ ကိုယ့်ကို နားလည်ပါတယ် အဝင်းရယ်"

အဝင်းသည် ဒေါ်မေသွယ့်အကြောင်းကို ဆက်မမေးတော့ဘဲ တစ်နေ့က ဒေါ်စိန်ညို ဆွေဆွေ့အပေါ် ထားရှိသောသဘော အားကို သူပြောပြချိန် သင့်ပြီထင်၍ သူသည် ပြောပြလိုက်၏။

"အဝင်းကို ခွင့်လွှတ်ပါ မမဆွေ၊ ကိုယ့်အမေနဲ့ကိုယ်ကတော့ ပြဿနာတွေ ပြေလည်ပြီးသားပေါ့။ ဒေါ်ဒေါ်စိန်တို့နဲ့ကတော့ ကိုယ့်အမေလို မဟုတ်တော့ အစစ၊ ကိုလေး ဆေးကုဖို့ကိစ္စရော၊ မမဆွေ့နေထိုင်ရေးမှာရော ဆင်ခြင်သင့်တာတွေ၊ စဉ်းစားသင့် တာတွေ အများကြီး ရှိသေးတယ်လို့ အဝင်း ထင်တယ်လေ၊ မမဆွေကသာ ခွင့်ပြုရင် အဝင်း ပြောပြချင်တယ်။ အဝင်းကို တော့ အထင်မလွဲနဲ့နော်"

"ဟေ . . ."

ဆွေဆွေက အလန့်တကြားလို အာမေဍိတ်ပြုလိုက်သောအခါ အဝင်းကလည်း လန့်သွား၏။ သူ့စိတ်ထဲမှာ တကယ်ဘဲ စဉ်းစား ချင့်၍ ပြောလိုက်ခြင်းဖြစ်၏။ သို့သော် ခုမှ နောက်ဆက်တွဲ စဉ်းစားမိသည်က သူပြောလိုသော စကားလုံးသည် သူ့နေရာ နှင့် တန်မတန်၊ သူ ပြောသင့် မပြောသင့်၊ ကြီးမားလှသော အိမ်ထောင်စုတစ်ခု၏ပြဿနာတစ်ရပ်တွင် သူသည် အိမ်စေ တစ်ယောက်အနေနှင့် စွက်ဖက်ခြင်းသည် သင့်လျော်ပါမည်လော။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့စကားမဆက်ဘဲ ကြောင်တက်တက် ဖြစ်နေသည်။

"ဘာတွေ စဉ်းစားရမှာလဲ၊ အဝင်း ပြောစမ်း၊ မမဆွေ ကိုယ့်ပြဿနာနဲ့ကိုယ် ဦးနှောက်ခြောက်နေတော့ တစ်ခါတစ်လေ လွတ်နေတတ်တယ်၊ ဟုတ်တယ် အဝင်း၊ ဘာတွေ စဉ်းစားသင့်လဲ၊ ပြောစမ်း၊ မင်းဟာ အိမ်ဖော်အနေနဲ့တင် မဟုတ်ပါဘူး မမဆွေရဲ့ ဆွေမျိုးတစ်ယောက်လိုပါဘဲ၊ ပြောစမ်း အဝင်း"

"ဟုတ်ကဲ့ တစ်ခုဘဲ၊ အဝင်းက ဝင်ရှုပ်ပါတယ်လို့ မထင်စေချင်ဘူး။ အဝင်းပြောတဲ့ စကားလုံးထဲမှာ မမဆွေနားကျည်းစရာ ကြားရတောင် ပြောသူတွေကို ခွင့်လွှတ်နိုင်ပါ့မလားဟင် . . ."

"အဝင်း"

ဆွေဆွေသည် မျက်ရည်ဝဲလာသည်။

"မမဆွေ ပြီးခဲ့တဲ့အချိန်တွေကလဲ ခွင့်လွှတ်ခဲ့ရတာဘဲ၊ ခုလဲ ခွင့်လွှတ်ရမယ်၊ နောင်လဲ ခွင့်လွှတ်ရမယ်။ သည်းခံစိတ်တွေ သိပ်ရှိလို့ ရဟန္တာမကြီးလို တရားတွေပြည့်ဝနေလို့ မဟုတ်ဘူး။ သည်းမခံ ခွင့်မလွှတ်လို့ ငါဘာလုပ်ရမလဲဟင် . . .။ ငါ့မှာဘာမှ လှုပ်ရှားခွင့်၊ ငါ့ကြမ္မာ ငါဖန်တီးပိုင်ခွင့်မှ မရှိဘဲ၊ ဒေါသဖြစ်ရင် ငါဘဲ ရှုံးသေမယ်၊ ဖြစ်ရမယ်၊ အဖြစ်က ဦးတည်ပြီး ပြန်တိုက်ရရင်၊ ကလန်ကဆန် လုပ်ရရင် ပထမ ကျေးဇူးရှင်မိခင်၊ ဒုတိယ မိဘလိုကောင်းကြတဲ့ ယောက္ခမ၊ တတိယ အစ်မအရင်းလိုကောင်းတဲ့ ယောင်းမကြီး၊ ဒီတော့ မမဆွေ့ဘဝကို အဝင်း စဉ်းစားကြည့်စမ်း"

အဝင်းသည် ဆွေဆွေ့မျက်နှာကို စိုက်ကြည့်နေ၏။ သူ့တို





ကယ်ပင် မဟာမိတ်ကြီးသဖွယ် ရင်းရင်းနှီးနှီး ပြောပြတိုင်ပင်နေသော ဆွေဆွေ့အပေါ်တွင် သူသည် သစ္စာရှိစွာနှင့် ပြောပြအကြံပေးသင့်သည်ဟု ပြောပြရမည်ဟု အဝင်း ဆုံးဖြတ်လိုက်၏။

"မမဆွေ အဝင်းက စာတွေ သိပ်တတ်တာတော့ မဟုတ်ဘူး။ အိမ်တကာ့အိမ်စုံပြီးနယ်အနှံ့လိုဘဲ ကျင်လည်ခဲ့ရတဲ့၊ ဘဝအသိဉာဏ်နဲ့ပေးရတဲ့ အကြံဉာဏ်ပါနော်၊ မမဆွေကိုယ်တိုင်လဲ စဉ်းစားပါ။ ကိုလေးဟာ မမဆွေယောကျာ်းပါ။ မမဆွေ့အပေါ်မှာ ဖေဖေကြီး ဦးဘာကြိုင်ရော၊ မမကြီးတို့ လင်မယားရော၊ ကိုလတ်ရော၊ စေတနာထားကြတယ်ဆိုတာ အဝင်းသံသယဖြစ်ပါဘူး။ ဒါပေမင့် မေမေကြီးနဲ့ဒေါ်ဒေါ်စိန်ရဲ့ စိတ်ထားကိုတော့ မမဆွေထည့်စဉ်းစားသင့်တယ်။ သူတို့စိတ်ပုတ်၊ စိတ်ယုတ်တာတော့ မဟုတ်ဘူး၊ ဒါပေမင့် သူတို့အယူအဆ၊ လူတစ်ယောက်အပေါ် သဘောထားဟာ ဖေဖေကြီးတို့နဲ့ တူချင်မှတူမယ်။ မမဆွေ့အပေါ်မှာလဲ ဖေဖေကြီးတို့ သဘောထားသလို ထားချင်မှထားမယ်။ သူတို့သဘောထားကို ကိုယ်ကဂရုမစိုက်ပါဘူးလို့ ပစ်ထားဖယ်ထားလို့လဲ မဖြစ်ဘူး။ ဘာဖြစ်လို့လဲဆို ဖေဖေကြီးအပေါ်မှာ သူတို့ စွက်ဖက်နိုင်တယ်၊ လွှမ်းမိုးနိုင်တယ်ဆိုတာ မမဆွေ ထည့်စဉ်းစားရမယ်"

"ဟုတ်တယ်"

"အဝင်းပြောမှာက မေမေကြီးနဲ့ ဒေါ်ဒေါ်စိန်က မမဆွေ ကိုလေးနဲ့ရလာကတဲက ကိုလတ်လို သီးခြားနေတာမဟုတ်ဘူး။ အဝင်းမရောက်လာခင်ကတော့ မသိဘူးလေ၊ အဝင်းရောက်လာပြီးတော့ မမဆွေလဲ လင့်အပါးက ခွာရတယ်မရှိ၊ ဒုက္ခိတလူနာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရောထွေးနေရတော့ ဒီဘုရားဝေယျာဝစ္စကလွဲလို့ အဘွားကြီးတွေ စိတ်ကြိုက် ဘာမှမကူညီနိုင်ဘူးလေ။ အဘွားကြီးတွေမျက်လုံးက ရှေးလူကြီးတွေ မျက်လုံးလို၊ သူတို့အိမ်ကို ချွေးမအနေနဲ့ ရောက်လာရင် ချွေးမလို ဦးကျိုးပြီး မီးဖိုမှာ သူတို့အလိုကျ ကျိုးကျိုးနွံနွံလုပ်မှ ကြိုက်ပုံရတယ်။ မမဆွေက မလုပ်နိုင်ဘူး"

"ဟုတ်တယ်၊ မမဆွေ လုပ်လဲ မလုပ်ဘူး"

"အဲဒါကိုလဲ မကျေနပ်ဘူး။ ပြီးတော့ သူတို့က သံသယရှိနေပုံရတယ်။ မမဆွေဟာ ဒေါက်တာမျိုးခိုင်နဲ့ တကျိတ်ထဲ၊ တညာဏ်ထဲဘဲလို့။ ဒီတော့၊ ဒီသူတို့ကုစေချင်တဲ့ ဘာဘာမာယီ ဂိုဏ်းဆရာနဲ့ မကုရင် သူတို့ ကျေနပ်မှာ မဟုတ်ဘူး။ သူတို့က ဒီလိုဘဲနေရင်ကောင်းမယ်၊ ဒီဆရာဝန်နဲ့ စွပ်စွဲပြောဆိုလာရင် ပြဿနာကို ပုံကြီးချဲ့ပြီး၊ ဒါ့ထက် မြင့်တက်လာအောင်လုပ်ရင် မခက်ပါလား။ အဲဒီအန္တရာယ်ဟာ မိန်းမတစ်ယောက်အဖို့ အကြီးမားဆုံးလို့ အဝင်းထင်တယ်"

"ဟုတ်တယ် အဝင်း . . .၊ မင်းပြောတာ မှန်တယ်"

ဆွေဆွေသည် သက်ပြင်းကို ရှိုက်လိုက်၏။ အဝင်း စကားပြန်မစခင် ဆွေဆွေက ဆက်ပြော၏။

"ဒါ့ကြောင့်ဘဲ ထင်တယ်၊ မမဆွေနဲ့ ဒေါက်တာမျိုးခိုင် နှစ်ယောက်ထဲ စကားပြောနေဘီဆို၊ အဘွားကြီးနှစ်ယောက် တစ်ယောက်မဟုတ် တစ်ယောက်ကတော့ မလှမ်းမကမ်းမှာ ရစ်သီရစ်သီ လုပ်နေတာကို၊ မမဆွေလဲ ခုတလော သတိထားမိတယ်၊ ကိုယ့်အပူနဲ့ကိုယ်ဆိုတော့ သူတို့ကို မမဆွေ အမှန်အတိုင်းကို ဂရု





မစိုက်ဘူး၊ အေးလေ၊ ဟုတ်ပါတယ်၊ အဘွားကြီးတွေရှေးမျက်စိနဲ့ သက်ာမကင်းစရာဘဲကိုး၊မမဆွေ့အဖြစ်က ရိုင်းရိုင်းပြောရရင်လင်ပြင့်ရလို့ ခြောက်လလောက်ဘဲ အတူအိပ်လိုက်ရတယ်ဆိုပါစို့၊ ကျန်တဲ့အပိုင်းက လူမမာကြီး ရှေ့တဲ့တဲ့ထားပြီး ဝေဒနာနုပဿနာ ရှုနေရတယ် ဆိုပါတော့၊ ငါဖြင့် ထင်တယ်လေ၊ တရားဘာဝနာအခံရှိတဲ့ သူတွေသာဆိုရင် အဲဒီဒုက္ခိတ ရောဂါသည်ကို ကြည့်ရင်းနဲ့တရားရကြမှာ၊ မမဆွေကတော့ တရားအခံမရှိလို့ ထင်ပါရဲ့ ဘာတရားမှ မရျဘူး။ အဘွားကြီးတွေ နေရာကကြည့်ရင်လဲ မမဆွေ တခြားယောက်ျားတစ်ယောက်နဲ့ နီးနီးစပ်စပ်နေတာ တွေ့ရင် ဖောက်ပြန်လာတော့မှာဘဲလို့ သူတို့ ထင်မယ်ဆိုရင်ထင်စရာဘဲ၊ မနေ့ကရောမမဆွေထွက်သွားပြီး အဝင်းကို ဒေါ်ဒေါ်စိန် ဘာတွေ မေးနေလဲ"

"ဩော် အဆောင်ကလေးကိုဆောက်တဲ့ လက်သမားတွေကို ကျွေးမွေးဖို့ ကိစ္စပါ၊ ပြီးတော့ အဝင်းကတော့ ရယ်ချင်တာပါ၊ မမဆွေလဲ ရယ်ပစ်ပါနော်"

"ဘာလဲဟင် . . ."

"မမဆွေဟာ မဒ္ဒီလိုလို သမ္မုလိုလို မိန်းမတဲ့ . . ."

"ဘာပြောတယ်"

"မဒ္ဒီဒေဝီဟာ ဝေဿန္တရာမင်းကြီးကို ထီးနန်းစည်းစိမ်ကိုစွန့်ပြီး လုပ်ကျွေးတယ်မို့လား၊ သမ္မုလကလဲ လင်အနာကြီးကို လုပ်ကျွေးတယ်မို့လား၊ ခုလဲမဒ္ဒီတို့ သမ္မုလတို့လို လင်ကိုလုပ်ကျွေးယောင်နဲ့ ဆရာဝန်နဲ့လဲ မရှုင်းမရှင်းနေတယ်၊ အိမ်မှု မီးဖို



www.burmeseclassic.com

www.burmeseclassic.com



ချောင် လုပ်ငန်းတွေမှာလဲ အချောင်ခိုနေတယ်ပေါ့"

ဆွေဆွေသည် အဝင်းစကားဆုံးလျှင် ဟက်ဟက်ပက်ပက် ရယ်၏။

"အေးပေါ့ . . . အေးပေါ့၊ မိဆွေတစ်ယောက် လင်အ ကောင်းလိုက်တာ၊ မဒ္ဒီလိုလို သမ္မုလိုလိုတဲ့ ဘွဲ့အချီးအမြှော အပေးအအပ်ခံရတာပေါ့လေ"

ရယ်လိုက်သောအခါ ဆွေဆွေ့ရင်ထဲတွင်ရှင်း၍ ပေါ့သွား သလို ဖြစ်သွား၏။ ပြီးတော့မှ ဆက်ပြော၏။

"မှန်တယ် အဝင်း၊ သူတို့စိတ်ထဲမှာ ထင်မယ်ဆိုလဲ ထင်စ ဘဲ၊ မကျေနပ်ဖြစ်ရင်လဲ မကျေနပ်စရာဘဲ၊ မမဆွေ သူတို့ အပြစ်မယူပါဘူး၊ မမဆွေကလဲ ကိုယ့်အဖြစ်ကို ကိုယ့်ဖာသာ နာကျည်းလာတယ်၊ ပေချင်လာတယ်၊ ကာမဂုဏ် အာရုံတွေ ခံစားချင်တာဘဲ၊ ကာမဂုဏ်ဆိုလို့ အလွဲမထင်နဲ့ဦးနော်၊ လှ လှချင်တယ်၊ ပချင်တယ်၊ ပျော်ချင်တယ်၊ လူဆန်ဆန်နေချ တယ်၊ တကယ့်အဖြစ်က အဲဒီလို ဖြစ်မလာဘူး၊ အမြဲလိုလို စိ ကို ထိန်းချုပ်ရလွန်းတော့လဲ ပေတေတေ ဖြစ်လာတယ်။ အပြ ထွက်ပေမယ့် တေမယ့်အစား၊ စိတ်ရဲ့ထွက်ပေါက်ရှာမယ့် အစ နပ်စ်လဲမငှားတော့ဘဲ၊ အမြဲမပြတ် သူ့အနား နေလိုက်ထ ကောင်းသောထွက်ပေါက်လဲ ဖြစ်တယ်။ ငွေလဲမကုန်ဘူး။ အ အဘွားကြီးတွေအနေနဲ့ကတော့ မီးဖိုချောင်ကို ဆင်းလို့မကြ ပို့ဆွမ်းစားပြီး သူတို့အိမ်မှာ ဗိုလ်ကျနေတယ်လို့ထင်မှာပေါ့လေ ဒါလောက်အထင်ခံရတာ သိက္ခာမကျဘူးပေါ့။ လူမမာယ





ဒီ အိပ်ရာပေါ်ပစ်ထားခဲ့ပြီး အပြင်ထွက် ပွေတယ်ဆိုတဲ့ အဖြစ် တ်တော့တော်သေးတာပေါ့။ ဒေါက်တာမျိုးခိုင်နဲ့ အစွပ်စွဲမခံ အောင် သူတို့ဂိုဏ်းနဲ့စမ်းသပ်ခံဖို့ အဝင်း အကြံဉာဏ်ပေးတာ ကျေးဇူးတင်ပါတယ်။ မမကြီးလဲဒီညနေ တို့လက်ဖက်ရည်ဝိုင်းကို င်းမလာနိုင်တော့ဘူးထင်တယ် မင်းပြောတာတွေကို ကျေးဇူး င်တယ် အဝင်း . . ."

ဆွေဆွေသည် သီပြီး ပန်းများကိုယူကာ ထိုညက စောစော င် အိမ်ပေါ်သို့ တက်သွားတော့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၆ ]

"ထွက်စံ စံပယ်တော်မူပါတော့ မဖုရား"

ကိုလတ်၏ အသံသည် သူတို့၏ အိပ်ခန်းမှ ကျယ်လောင်စွာ ထွက်လာ၏။

"ဟဲ့ ကိုရွှေလတ်ရေ၊ ဘာတွေများ အော်ဟစ်နေလဲ။ ငါတို့ အားလုံးပြင်ဆင်ပြီးနေဘီ၊ အောက်မှာ ကားလဲ အဆင်သင့်၊ မေမမတောင် ဧည့်ခန်းက ထိုင်စောင့်နေတယ်"

မြမြကြိုင်သည် မောင်လုပ်သူကို အော်လိုက်ရင်း ပွဲထိုင်သွား မည့် အဝတ်အစားများနှင့် သူ့ကလေးလေးယောက်နှင့်အတူအိပ် ခန်းထဲမှ ထွက်လာသည်။

သားလေးများသည် ချိတ်ပုဆိုး၊ မြန်မာတိုက်ပုံအင်္ကျီနှင့်ဖြစ် ၏။ သမီးလေး ခင်မြလွန်းကလည်း ဘလာထမိချိတ်အဆင်နှင့် ထိုင်မသိမ်းအင်္ကျီအနီ့တပ်လက်ရှည် နန်းတော်သူလေးလို ဝတ် လာသည်။ သူသည် သတို့သားနှင့် သတို့သမီးရှေ့မှ ပန်းခြင်း





လေးများကိုင်ကာ၊ အခြားအဖော် မိန်းကလေးငယ်တစ်ယောက် နှင့်ပွဲထုတ်လျှင် အတူထွက်လာရမည်ဖြစ်သည်။ ဒါကြောင့်သူ့ကို နန်းတွင်းသူလေးလို ဝတ်ပေးရခြင်းဖြစ်၏။

ယခုတလော မြန်မာမင်္ဂလာဆောင် အခမ်းအနား တို့သည် တရုတ်နှင့် ခရစ်ယန် လက်ထပ်ပွဲအသွင်နှင့် ရောနှောနေ၏။

"တို့များက စောစောသွားဖို့လိုတယ်"

မမကြီး၏နှိုးဆော်မှုကြောင့် ကိုလတ်သည် ရယ်မောကာ သူ့ အခန်းမှထွက်လာ၏။

"ကျွန်တော်မောင်မောင်လတ်အစောကြီးကတဲက ပြင်ပြီးပါပြီ မမကြီးဘုရား၊ မမကြီးရဲ့ယောင်းမတော်ထိပ်စုဖုရား မေဝင်းလတ် ထွက်စံပယ်တော်မူဖို့ စောင့်နေရလို့ပါ။ ပြင်လို့ ခုထိ မပြီးသေး ပါဘူး"

"အဲ . . . ဒါနဲ့ ယိုးဒယားပြည်တွေ၊ အိန္ဒိယပြည်ခတွေ ဘာဆိုင် လဲ၊ အော်ဟစ်နေလိုက်တာ"

"ဆိုင်တာပေါ့ မမကြီးရဲ့ယောင်းမ ယွက်လာရင်ဘဲကြည့်။ ထက်ထရန်ရှန်လား၊ လက်လက်ရှန်လား၊ ဘာလားတော့မသိ၊ တစ်ကိုယ်လုံးကို ပြိုးပြိုးပျက်ပျက်နဲ့၊ ယိုးဒယားက ရှန်မျိုးစုံကို အိန္ဒိယကမှောင်ခိုတင်သွင်းလာတဲ့ စက်ခေါင်းတပ် အပ်ချုပ်စက်နဲ့ ဂျပန်ပုံစံသစ်အပ်ချုပ်ဆိုင်ကတရုတ်မောင်စိန်ချုပ်တာကို ဝတ်ပြီး၊ ကျွန်တော်တို့မဟာသာကီဝင်များ၊ အမေရိကန် ချက်ပလက်ကား၊ ဂျပန်ဖင်မလီယာကားများနှင့် ပွဲထိုင်သွားပါတော့မည်။ မဖုရား ထွက်တော်မူပါလော့"



www.burmeseclassic.com

www.burmeseclassic.com



ကိုလတ်သည် ဒုတိယအကြိမ်ထပ်၍ အော်ပြန်၏။

"ကိုကိုလတ်နော် ဒါဘဲ၊ မေဝင်းကိုဘဲ သူ အမြဲနောက်နေတယ်"

မေဝင်းလတ်သည် ခန်းဆီးကိုမကာ အခန်းထဲမှ ထွက်လာ၏။ တကယ်ပင်ကိုလတ်ပြောသလိုပင် မေဝင်းလတ်သည်တစ်ကိုယ်လုံး ပြိုးပြက်နေ၏။

သို့သော် သူ့အင်္ကျီသည် မြန်မာအမျိုးသမီးပုံတော့ မဟုတ်တော့ပြီ။ ဟိုလီးဝုဒ်ကရုပ်ရှင်မင်းသမီးများတစ်ခေတ်ကဝတ်သော ညဝတ်အင်္ကျီနှင့်ဆင်တူ၏။ ဘာပုံစံလဲဟုမပီသ။ အဖြူရောင်ငွေဇာပြင်နှင့်လက်ရှည်ချုပ်ထားပါသော်လည်း လက်ကပွပွ၊ အဖျားရောက်မှအတွန့်တွေနှင့် လက်စည်းထည့်ထားသည်။ လည်ပင်းပေါက်သည် ရင်ညွန့်ထိဝိုက်၍ဆင်းလာ၏။ လည်တိုင်အောက်မှ ပေါ်လွင်နေသောအသားကို မြတစ်ရစ်၊ စိတ်တစ်ရစ်လည်ဆွဲများနှင့်ဖုံးထား၏။ မြရောင်နှင့် ရွှန်လုံချည်ပေါ်တွင် ပုလဲခက်လားဘော်ကြယ်များနှင်လားမသိ၊ ပန်းပွင့်ခိုင်များကို နွယ်၍နွယ်၍ ယှက်လိမ်ထိုးထားသည်။ လုံချည်ကကွင်းစွပ်၊ အပေါ်တွန့်နှင့် ပုံစံသစ်ဖြစ်၍ ရန်ကုန်သူ မြမြကြိုင်ပင် ငေးကြည့်နေရသည်။

"ဟင်း သူ့ကိုယ်က အပေါ်အင်္ကျီရော၊ ရှုပ်အင်္ကျီရော၊ တက်ထရန်ရှုန်တွေမဟုတ်လို့ ဘာရှုန်တွေလဲ"

မေဝင်းလတ်သည် ပိုးသားယပ်တောင်ကလေးနှင့် ကိုလတ်ပခုံးကို ခပ်နွဲ့နွဲ့လေး ရိုက်လိုက်ရင်း တောက်ပစွာ ပြုံးလိုက်၏။





"ဤပုံကိုကြည့်ပါ၊ အဝေးက မြင်နိုင်ပါ၏။ ကျွန်တော်ပြောသည်မှာ လွန်ပါသလား ခင်ဗျာ"

"ကဲပါ မေမေအော်တော့မယ်၊ မေမေရယ် ကိုလတ်နဲ့ မေဝင်းတို့ နှစ်ယောက်ရယ်၊ ချက်ပလက်ကားနဲ့ ကလေးတွေပါသွားနှင့်၊ မကြီးနဲ့ ကိုလွန်းဘော် ဖင်မလီယာကားနဲ့ လာခဲ့မယ်"

"ဖေဖေနဲ့ ဒေါ်ဒေါ်စိန် မလိုက်တော့ဘူးလား"

"ဒေါ်ဒေါ်စိန် မအားဘူး၊ ခြံထဲက အဆောင်ကိစ္စ ဖေဖေနဲ့ တိုင်ပင်စရာရှိလို့ နေရစ်တယ်"

သူတို့အားလုံးသည် အစီအရီမဟော်ဂနီရောင် ကျွန်းလှေကားကြီးပေါ်မှ ဆင်းသွားသည်ကို လှေကားထိပ်မှပြုံးပြုံးလေး ကြည့်နေသူမှာ မေမျိုးဆွေဖြစ်၏။

"အန်တီဆွေ သားသားတို့ သွားတော့မယ်၊ တာ့တာ"

ကလေးတွေသည် လှေကားအောက်ကို ပြေးလွှားဆင်းသွားကြ၏။ လှေကားရင်း သံဆွဲတံခါးဝမှ လှပသော ကွဋ္ဌာရုံရှုခင်းကို ကြည့်နေသူတို့မှာ အဝင်းတို့ ညီအမ။

ကားများ ထွက်ခွာသွားပုံကို ခြံထောင့်တစ်နေရာမှ ကြည့်နေသူများမှာ ဒေါ်စိန်ညီတို့ မောင်နှမ။

ဆွေဆွေသည် လှေကားထိပ်မှ သူတို့ပုံစံများပျောက်ကွယ်သွားသည်အထိ ငေး၍ကျန်ရစ်၏။

တစ်ချိန်သော ဆောင်းဦးက သူသည်လည်း ဆောင်း၏ဧကရီ သလား။ ထင်မှားရလောက်အောင်ပင် နှင်းပွင့်ရောင် ပဝါများ



www.burmeseclassic.com

www.burmeseclassic.com



နှင့်တန်ဆာတင်ထားသော သတို့သမီးဝတ်စုံကိုဝတ်၍ လှေကားကြီးမှ ကိုလေးနှင့်အတူ လက်ချင်းချိတ်တွဲကာ ဧည့်ခန်းမကြီးသို့ ဆင်းသက်ခဲ့၏။ ပုသိမ်မှာလက်ထပ်ပွဲပြီးခဲ့သော်လည်း ဤရန်ကုန်အိမ်ကြီးတွင် ဦးဘာကြိုင်၏ ပရိသတ်အတွက် ဧည့်ခံပွဲ ထပ်မံလုပ်ရသေးသည်။ သူ့နောက်တွင် သူ၏ ရှည်လျားသော ငွေဇာပြင်တို မချီ၍ အပျိုရံတို့က လိုက်၏။

ဤနေ့တုန်းကတော့လည်း အနောက်တိုင်းမှ ပြည်ကြီးမှ ဘုရင်မကြီးများ ဘိသိက်ပွဲခံသလို သူ၏အလှနှင့် ကျက်သရေသည် တင့်တယ်ကြွရွလှသည်။ ဧည့်ခန်းမကြီးမှသည်မြရောင်လွှ နှင့် တောက်ပနေသော အိမ်ရှေ့မြက်ခင်းသို့ထွက်၍ ကြွလာသော ပရိသတ်ကို နှုတ်ဆက်ရသေးသည်။ တစ်ချို့ကများ သူ့လက်ဖျားလေးကို မချီ၍ နမ်းရှုပ်သွားကြသေးသည်။

"ဒီနှစ်ယောက်လိုလှတဲ့ လိုက်တဲ့ စုံတွဲ မတွေ့ဘူးပါ"

ဟု ချီးမွမ်းထောမနာသံများ သူတို့ အပေါ်တွင်လှိုင်းခတ်သွား၏။ မှန်၏။ ဒီတုန်းက ကိုလေးကလည်း ကြွားကြွားရားရားနှင့် ယောကျ်ားပီပီ၊ ခန့်ချောချောခဲ့သည်။ သြော် မိဆွေ အပျိုဘော်ဝင်စ မိန်းကလေးငယ်တိုင်းလိုလို တောင့်တခဲ့သော ဆန္ဒ၊ မက်ခဲ့သော စိတ်ကူးယဉ် အိမ်မက်တို့ မှန်ခဲ့သည် မဟုတ်ပါလား။

တစ်နေ့သော် တို့များ မင်္ဂလာဆောင်ရင် သတို့သမီးဘဝနှင့် ဘယ်လို အလှပြင်လိုက်မည်ဆိုသည်ကို မိန်းမပျိုလေးတိုင်းစိတ်ကူးယဉ်ခဲ့ကြဖူးသည်ပဲ ဖြစ်သည်။





မေမျိုးဆွေသည် ပင့်သက်ချလိုက်၏။ သူ့အိပ်ခန်း ရှိရာသို့ ပြန်ဝင်လာ၏။ အိပ်ပျော်နေသော လင့်အပါးတွင် ထိုင်လိုက်၏။

"ဆွေ့ကိုခွင့်လွှတ်ပါ ကိုလေးရယ်၊ မင်္ဂလာဆောင်တဲ့နေ့တုန်းတလေ ဆွေ ကိုလေးရဲ့ အလှကိုရော၊ ဆွေတို့လက်ထပ်ပွဲရဲ့အခမ်းအနားကိုရော ဆွေ သိပ်သဘောကျပြီး သာယာခဲ့တာပါပဲ၊ ခုကိုလေး အိပ်ရာပေါ်လဲနေချိန်မှာ ဆွေ တစ်ခါတစ်ခါ ပြစ်မှားမိတာတွေ၊ စိတ်နာကျည်းတာတွေ၊ ကိုလေးရဲ့ မိဘတွေအပေါ်မှာရော၊ မေမေ့အပေါ်မှာရော၊ အခဲမကြေနိုင်သလို ဖြစ်လာရတဲ့ ဆွေရဲ့ အာဃာတစိတ်တွေကို ခွင့်လွှတ်ပါ . . ."

ဆွေသည် စိတ်ထဲမှ တတွတ်တွတ် ရေရွတ်ရင်း ကိုလေး၏ လက်ဖမိုးကို ညင်သာစွာ နမ်းရှုပ်လိုက်၏။

ကိုလေးသည် မျက်လုံးကို ဖွင့်ကာကြည့်၍ တဖိတ်ဖိတ် တောက်ပသော အရောင်ဖြင့် မျက်လုံးမှ စကားလုံးများကို ပြန်ပြောရှာ၏။

"ကိုလေး မှိန်းနေတာပေါ့နော်၊ မအိပ်ချင်ရင် သီချင်း နားထောင်မလား၊ ဆွေကက်ဆက် ဖွင့်ပေးမယ်"

ကိုလေးသည် ခေါင်းခါလိုက်၏။ လက်ကလေးများ သန်လာလျှင်လည်းတော်ပေသား။ ကိုလေး၏ အိပ်ရာပေါ်ရှိအချိန်ကို ပန်းချီဆွဲရင်းဖြစ်ဖြစ်၊ ကျားထိုးရင်းဖြစ်ဖြစ်၊ ကုန်လွန်အောင် သူဖန်တီးပေးချင်သည်။ ကိုလေးက နာရီပိုင်းပြည့်အောင်ပင် မထိုင်နိုင်ပေ။ လက်ချောင်းများကလည်း လှုပ်ရှားနိုင်ရုံသာဖြစ်၍ ရေတစ်ဖန်ခွက်ပိုင် မ မနိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"နေ့လယ်ကျတော့မှ ဆွေဥပ္ပါတသန္တိကျမ်းရွတ်ပြမယ်နော်"

ကိုလေးသည် ခေါင်းညိတ်ပြ၏။

"မင်္ဂလာအသစ်တွေလဲ ရောက်လာတော့မယ်၊ ကိုလေးကြိုက်တဲ့ဝတ္ထု ဆွေ ရွေးပြီးဖတ်ပြမယ် ဟုတ်လား"

"အဘူး . . . ဘူးဝါးဝါး . . . ဝါးဝါး"

ဤအာမေဋိတ်သံမျိုးကို ကိုလေးသည် ဝမ်းမြောက်ရွှင်လန်းစရာ အာရုံကိုတွေ့လျှင် အသံပြု၏။ ဆွေသည် နားလည်ပြီးဖြစ်သည့်အတိုင်း အခန်းဝသို့ ကြည့်လိုက်သောအခါ ဖေဖေကြီးကို တွေ့ရသည်။

"ဟော . . . ဖေဖေကြီး လာပြီ"

ဆွေသည် ထိုင်ရာမှထ၍ ယောက္ခမကြီးကို ရှင်ပျစွာဆီးကြိုလိုက်သည်။ ကိုလေး၏ အနေအထားမတ်လာအောင် သစ်သားထောက်မှီကုရှင်ကို ထောင်လိုက်သည်။

"သမီးလဲ ထိုင်"

ဦးဘကြိုင်သည် ဆွေနှင့် မျက်နှာချင်းဆိုင် ခုတင် တစ်ဖက်တွင် ထိုင်ရင်း မေးလိုက်သည်။

"သားလေး နေကောင်းလား"

ကိုလေးသည် ခေါင်းညိတ် ပြကာ သူ၏ အသံမျိုးစုံနှင့် ရင်ဘတ်ကို ပုတ်ကာ မပီမသ ဖခင်ဖြစ်သူကို ပြောပြနေ၏။

"ဒီမနက်စာ ဘာကျွေးမလဲ ဆွေ"





"အာလူးကတ်တလိတ်လဲ လုပ်ထားတယ်၊ ပြီးတော့ ကတ်ကတစ်ကိုတရုတ်လို ပဲရည်နဲ့နှပ်ထားပြီး စွပ်ပြုတ်တစ်ခုချက်ထားတယ် ဖေဖေကြီး၊ ဒေါက်တာက တတ်နိုင်သလောက် အသားပြုတ်ကို ကျွေးပါတဲ့"

"အေး . . . သားကလဲ ကြိုက်တယ်မို့လား"

ကိုလေးသည် ခေါင်းညိတ်ပြလိုက်၊ ဆွေ့ကို လက်ညှိုးထိုးပြလိုက်နှင့် ပြုံး၍ပြ၏။

"ဆွေရေ . . . ခုတလော သားမျက်နှာကြည့်ရတာ ရွှင်ရွှင်လန်းလန်း သိပ်ရှိတာဘဲနော်၊ အေးကွယ် တဖြေးဖြေးကောင်းလာပါစေလို့ ဖေဖေလဲ ဆုတောင်းပါတယ်"

"ဟုတ်ကဲ့ ဖေဖေကြီး၊ သူ့လက်ဖျားလေးတွေ စမ်းကြည့်စမ်း၊ အရင်ကထက် အပူငွေ့ များလာသလိုဘဲနော်"

ဦးဘကြိုင်သည် သားလက်ဖျားများကို ကိုင်လိုက်၏။

"သားလေး နေကောင်းလာတော့မယ်၊ သူတို့တွေ လူရှင်းတုန်း အေးအေးဆေးဆေး ဒို့သားအဖသုံးယောက် ဒီအိမ်ပေါ်ခန်းမှာ ထမင်းစားမယ်နော် ဟုတ်လားသား။ ဒီမနက်စာ ဖေဖေကိုယ်တိုင် သားကိုကျွေးမယ်၊ ဆွေရေ မဝင်းကို သွားပြောလိုက်ပါ။ အားလုံးချက်ပြုတ်ပြီးရင် မနက်စာကို ဖေဖေ့အတွက်ပါ ဒီအပေါ်ကို ယူခဲ့ပါလို့ . . ."

"ဟုတ်ကဲ့ . . . ဖေဖေကြီး"



www.burmeseclassic.com

www.burmeseclassic.com



ဆွေသည် အောက်ကို ဆင်းသွား၏။ သူပြန်တက်လာသော အချိန်တွင် ယောက္ခမကြီးကို လှေကားထိပ်ရှိ ဧည့်ခန်းငယ်တွင် ထိုင်လျက်တွေ့ရ၏။

"ဆွေဆွေ ဖေဖေ သားလေးနားမှာ ဗောဓိသွင်သုတ်ကို ရွတ် ပေးလိုက်တယ်၊ သူမှိန်းနေတယ်၊ တို့များ ထမင်းစားဖို့ တစ်နာရီ လောက် လိုပါသေးတယ်နော်"

"ဟုတ်ကဲ့. . . ဖေဖေကြီး"

"ကဲ. . အိပ်ခန်းထဲ မသွားနဲ့ဦး၊ ဒီမှာ ထိုင်အုံးနော်"

ဦးဘကြိုင်နှင့် အနီးကပ်ဆုံး ကပ်လျက်ဆိုဖာတွင် ဆွေဆွေ ထိုင်လိုက်၏။

"ဖေဖေတို့အိမ်လဲ တစ်အိမ်ထဲသာနေတယ်၊ ဧည့်သည်ကြီး တွေ ကျနေတာဘဲ၊ စီးပွားရေးအလုပ်က ပိနေတော့ မလှုပ်သာဘူး။ တနေ့တနေ့ သမီးကိုစကားပြောမယ် ပြောမယ်နဲ့ မပြောနိုင်ဘူး။ ဖေဖေ့မှာ သမီးကို ပြောစရာစကားတွေ အများကြီးရှိတယ်"

ဆွေသည် ယောက္ခမကြီးကို ရိုသေစွာနှင့် ခေါင်းလေးငုံ့၍ နားထောင်၏။

"ဆွေဆွေရဲ့နေရာမှာ ဖေဖေ့သမီးသာဆိုရင် ဖေဖေလဲယူကျုံး မရ ဖြစ်မှာဘဲကွယ်။ မောင်လေးကြိုင် ဒီရောဂါ ရလာကတဲက သားလေးအတွက် စိတ်မချမ်းသာတဲ့အပြင် ဆွေဆွေကိုလဲ သမီး ချင်း စာနာစိတ်နဲ့ ဖေဖေအများကြီး သနားပါတယ်။ ဖေဖေ ဟာ တယုတယ သားအနားကို မလာနိုင်ပေမယ့် သမီးကြီးက





တစ်ဆင့် ဆွေဆွေအတွက် လိုလားအပ်သမျှ ကုဖို့ ဖေဖေကြီး အမြဲပြောပြခဲ့ပါတယ်။ ဖေဖေတို့အနေနဲ့ ဝတ္တရားတွေ ချို့ယွင်း တာရှိချင်ရှိမယ်"

"မရှိပါဘူး. . . ဖေဖေကြီးရယ်"

"သားလေးအနားမှာ ဆွေဆွေသာခွင့်ပြုရင် ဘယ်လောက်ဘဲ ကုန်ကုန်၊ နာ့စ်အမြဲထားဖို့ ဖေဖေစီစဉ်ပါတယ်။ ခု ဆွေဆွေက ကိုယ်ဖိရင်ဖိ ဒီလို ပြုစုနေတာမြင်ရတော့ ဖေဖေဟန်လုပ်ပြောနေ တာ မဟုတ်ဘူး၊ သမီးကို သိပ်ကျေးဇူးတင်တာဘဲ"

ဆွေသည် ယောက္ခမကြီး၏ သိမ်မွေ့သော စကားသံကို နား ထောင်ရင်း မျက်ရည်က ဝမ်းတွင်း အဆွေးခံ ရှိသူမို့ စိမ့်ယို လာ၏။

"မငိုပါနဲ့တော့ သမီးလေးရယ်. . . မငိုနဲ့နော်၊ ဒီတော့ ဒီလိုဆို ရင် မောင်လေးကြိုင် နိုင်ငံခြားသွားကုဖို့အတွက် အချိန်ဆွဲနေ တယ်လို့ သမီးအထင်လွဲကောင်း လွဲမယ်။ ဖေဖေလဲ အချိန်ရတဲ့ ခါ ဒေါက်တာတွေနဲ့ တိုင်ပင် ဆွေးနွေးလျက်ပါဘဲ။ ခု လောလောဆယ်မှာတော့ ဖေဖေက မစိန်ညိုရဲ့ ဂိုဏ်းဆရာနဲ့ ပြကြည့်ဖို့ သဘောတူထားတယ်။ ဒီအတွက် ဆွေမကျေနပ်ဖြစ် ချင်လဲ ဖြစ်မယ်"

ဦးဘကြိုင်သည် ခဏရပ်ပြီးမှ ဆက်ပြော၏။

"ဖေဖေခေတ်နောက်ကျလို့ ဒီဂိုဏ်းတွေ ဘာတွေ အယုံသီးလို့ မဟုတ်ပါဘူး။ မစိန်ညိုရဲ့ ဆန္ဒကိုလဲ မလွန်ဆန်ချင်ဘူး၊ လိုက်လျော



www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်လေ။ သူ့တူကိုလဲ သူ့ဆရာနဲ့ ပြချင်တာ ပြခွင့်ပြု
သဘောပါဘဲ။ အကြောင်းတိုက်ဆိုင်ရင် ပျောက်ချင်လဲပျော
သွားမှာပါဘဲ၊ အေး. . . သမီးက ပြောစရာရှိမယ်၊ ဖေဖေကြီးက
ရန်ကုန်မြို့ကြီးမှာ လူကြီးလူကောင်းတယောက် အနေနဲ့ ဒါမျ
ကို ယုံသလားလို့ မေးမယ်၊ ယုံတာ မယုံတာ အသာထား
ဖေဖေ့မှာ မစိန်ညိုရဲ့ ဆန္ဒကို အမြဲအလေးထားရမယ့် ဝတ္တရာ
ခေါ်မလား၊ ငဲ့ညှာရမယ့်စိတ်ခေါ်မလား အမြဲရှိနေတယ် သမီး
ရယ်၊ ဖေဖေ ရှင်းပြမယ်"

ဆွေဆွေသည် မျက်ရည်စလေးများကို သုတ်ရင်း စူးစူးစိုက်
စိုက် နားထောင်နေ၏။

"ဖေဖေရဲ့အဖေက ထားဝယ်သား၊ အမေက ရန်ကုန်သူ
အဖေတို့က ထားဝယ်မှာ သတ္တုတွင်းပိုင်ရှင်ဆိုတော့ သိပ်ချမ်း
သာတယ်။ သူကိုယ်တိုင် စွန့်စွန့်စားစား သတ္တုကြောကို ရှာ
တွေ့ပြီး ချမ်းသာလာခဲ့ရတဲ့သူ။ မိဘအမွေကို အသာစံခဲ့တဲ့သူ
မဟုတ်ဘူး။ ဖေဖေတို့ မောင်နှမ နှစ်ယောက်ထဲဘဲ မွေးတယ်။
အဖေက ညီမလေးကို ခုနှစ်တန်းအထိဘဲ ကျောင်းထားပေး
တယ်။ သူနဲ့မကွာအမြဲနေရတယ်။ နောက် ရာဘာခြံလုပ်ငန်းကို
စတင် တိုးချဲ့တော့လဲ ဖေဖေကြီးကသာ ယောကျ်ားလေး ဆိုတော့
အိမ်ထောင်ခွဲသွားတယ်။ ညီမလေးက သူ့အဖေနဲ့ ကျန်ရစ်သည်။
ညီမလေးက အဖေ့ရဲ့မိတ်ဆွေ ပုလောက သတ္တု တွင်းပိုင်ရှင့်
သားတယောက်နဲ့ စေ့စပ်ထားတယ်။ သူတို့ချင်းလဲ မေတ္တာမျှပုံ





ရပါတယ်။ အကြောင်းက ဖန်တီးလာတော့ စစ် မဖြစ်ခင်လေးမှာ
အဖေရော၊ ညီမလေးရော၊ သူ့ချစ်သူရော သတ္တုတွင်းအိမ်မှာ
ရှိနေတုန်း ပြန်ပေးဆွဲခံရတာယ်"

"ဩော်. . . ဖြစ်မှ ဖြစ်ရလေ"

"ပြန်ပေးတွေဟာ ငွေထက် လူကိုငြိုးတယ် ထင်တယ်။ မရွေး
ခင်မှာဘဲ အဖေနဲ့ ညီမလေးချစ်သူကို သတ်ပစ်တယ်။ ဖေဖေတို့
သောနင်းလိုက်ရှာလို့ ညီမလေးကိုတွေ့တဲ့အချိန်မှာ ညီမလေးဟာ
မွေ့ရာတမယ်ဘဲ အသက်ရှင်လျက်တော့ တွေ့ပါရဲ့။ အဖေနဲ့ ချစ်သူ
တို့ ရက်ရက်စက်စက် မျက်စိရှေ့မှာ ညှဉ်းပန်းနှိပ်စက်တာကို
သူတွေ့ရ၊ အသတ်ခံရတာကို တွေ့ရတော့ စိတ်ကို ထိခိုက်
သွားတယ်။ အမှန်တော့လဲ စိတ်ရောဂါဝေဒနာရှင် တစ်ဦးပေါ့"

ဆွေသည် ဒေါ်စိန်ညို၏ နောက်ကြောင်းကိုသိရတော့လည်း
စိတ်မောသွား၍ သက်ပြင်းလေး ချလိုက်၏။

"အတော် ဆေးကုယူရတယ်။ နောက်ပိုင်းမှာတော့ ကုလို့
အသက်သာ ရှင်လာတယ်၊ စိတ်ကတော့ တယ်မမှန်ဘူး။ အခု
သမီး မြင်ရသလိုဘဲ သွက်သွက်ခါအောင် ရူးသွားတာတော့
မဟုတ်ဘူး။ ဒါပေမင့် ကျပ်ပြည့်တဲ့သူလို့လဲ မဆိုနိုင်ဘူး။ အဲဒီ
တတဲက ဘုရားလဲရှိခိုးတာဘဲ။ ခတ်လုံးတို့ လက်ဖွဲ့တို့နဲ့ဂိုဏ်းတွေ၊
ဝိဇ္ဇာတွေ ဘာတွေလဲ သိပ်ယုံတော့တာဘဲ။ ဖေဖေကြီးလဲမပြော
သာ။ အလိုလိုက်ရင်းနဲ့လျှော့ရ ငဲ့ညှာရတာဘဲ သမီးရယ်။ အခု
အရွယ်လွန်သွားလို့ ခပ်ငယ်ငယ်ကဖြင့်သနားစရာမျိုးပါဘဲလေ။
ဗေဒင်မေး၊ နတ်မေး၊ သူ့ချစ်သူရော၊ အဖေကိုရော၊ ဘယ်ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေလဲဆိုတာ မေးရ၊ ညောင်ပင်ရှိသမျှ ဆီမီး ထွန်းရ ရွှေဆိုင်းချထားတဲ့ ဆေးဖယောင်းတိုင်တွေ ထွန်းနဲ့ သူချစ်သူ ပျောက်ကိုရှာနေတာပေါ့လေ။ ဒါတွေ မလုပ်ဖို့ ပြောတဲ့သူဟာ သူ့ရန်သူဘဲ။ အဲဒါ မပန်းထည်နဲ့တွဲမိတော့ပြီးရော၊ ဖေဖေကြီးလဲ သူတို့နှစ်ယောက်ကို လက်မြှောက်ထားလိုက်တယ်။ ဖေဖေကြီး အမေကလဲ အစစ ညီမလေးကို စောင့်ရှောက်ဖို့ ဖေဖေကြီးကို အပ်ခဲ့တယ်။ သေခါနီး စိတ်မှ ဖြောင့်ရဲ့လားမသိပါဘူးကွယ်။ ဖေဖေကြီးကတော့သူ့ကို ခုထိဘဲ ကလေးငယ် တယောက်လိုဘဲ သဘောထားပြီး ပြုစုလာခဲ့ရတာဘဲ”

ဦးဘာကြိုင်သည် သူ့စကားကို ရှေ့မဆက်သေးဘဲ ခဏနား လိုက်ပြီးမှ ဆက်ပြော၏။

“ပြီးတော့လဲ သူဟာသူ နေပေစေလို့စီးပွားခွဲပြီး ဖေဖေကြီး က လျစ်လျူရှုထားရင် သူချမ်းသာသမျှကုန်မယ်။ ဘာဖြစ်လို့လဲ သိလား”

ဆွေဆွေသည် ခေါင်းခါပြလိုက်၏။

“ရန်ကုန်မှာ အဲဒီခေတ်လုံး၊ လက်ဖွဲ့တို့၊ ဂိုဏ်းတို့နောက်ထို လိုက်နေတဲ့ မိန်းမတွေဟာ ဘာမှ မသိ နားမလည်တဲ့ ကုန်စိမ်း သည်တွေ၊ တောကပြောင်းလာကြတဲ့ ပျံကျ ဈေးသည်တွေထို မထင်နဲ့။ မြို့မျက်နှာဖုံးဆိုပါတော့။ ပွဲတိုင်းပါ စိန်နားကပ်ကြီး တဝင်းဝင်းနဲ့ မိန်းမတွေလဲ ပါတာဘဲ။ ဘုရားနဲ့ပင့်ပြီး ဘုရား တည်ဖို့လိုလိုနဲ့ ဂိုဏ်း အတုတွေက အပေါသား။ သူတို့အုပ်စု နောက်ကို မစိန်ညို လိုက်မိသွားရင် ရှိသမျှကုန်ရုံမက အရင်တ





တော့ ရှိုင်းရှိုင်းဆိုကြပါစို့။ အချစ်ရူးလောက်ပါဘဲ။ နောက် ဆိုရင် ဉစ္စာရူးပါဖြစ်မှာ။ ဒီတော့ ဖေဖေကြီးက အဟန့်အတား ဖြစ်အောင် ဖေဖေကြီးနဲ့အတူနေတော့ တော်ရုံတန်ရုံ လူတွေ ဆွယ်လဲပါမသွားနိုင်ဘူး. . .

“ဒါကြောင့် သူ ကိုးကွယ်ချင်တာဆိုလဲ အိမ်မှာကိုးကွယ်။ အထိန်းအချုပ်အနေနဲ့ ဖေဖေကြီးက နောက်မှာ အသာလေး နေပေးတာ။ ခုလဲ သူ့ဆရာဟာဘယ်လိုလူလဲဆိုတာ အကဲခတ် နိုင်အောင်။ ကဲ. . . အိမ်ပေါ်တော့မတင်နဲ့ အဆောင်တခု ဆောက် ပေးမယ်။ သူ ကိုးကွယ်ပေါ့။ မဟန်ရင်လဲ ဖေဖေကြီး ကြည့် လုပ်ရမှာဘဲ။ တကယ်တော်တဲ့ဆရာဆိုလဲ ဖေဖေကြီးတို့က ကူညီ ရတာပေါ့. . .။

“ဖေဖေကြီးတို့ မိတ်ဆွေတယောက် အပျိုကြီးဘဲ။ သူ့သူငယ် ချင်းက ဂိုဏ်းဆရာနဲ့ပေါင်းပြီး ဘုရားတည်ဖို့ အကြောင်းပြပြီး ငွေတွေလှည့်ချူတာ တက်တက်ကို ပြောင်ရော။ အထက်က အမိန့်ဆိုတာလဲ သူတို့အထက်ကလဲ ဘယ်နေရာမှန်းမသိပါဘူး။ အဲဒီတော့ ဖေဖေကြီးက မစိန်ညို အဲဒီ အပျိုကြီးလို မဖြစ်ရ အောင် သူသုံးချင် စွဲချင်သမျှ မသိမသာ နောက်ပိုင်းကကိုင်ချုပ် ထားတော့ ဥပမာ အဲဒီဘုရားပြစား၊ အထက် အထက် ဆိုတာ တွေပြောပြီး နတ်နဲ့ပူးသတ်မယ့် လူတွေနဲ့ကြုံရင် သောင်းချီ လူ ယုံနေရာမှာ ထောင်လောက်နဲ့ပြီးအောင်၊ ရာလောက်နဲ့ ပြတ် အောင် ကြည့်လုပ်နေရတာဘဲ သမီးရေ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဥဝမာဆိုပါစို့။ မျက်စိနဲ့ ဒိဋ္ဌ မြင်ရတဲ့ မဟာစေတီ
မြင်ဖို့ လှူချင်တယ်ဆို ဖေဖေ ပေးလိုက်တာဘဲ။ အားလုံး
ဖေဖေကြီးဘာမှ မသိဘူး မထင်ပါနဲ့။ လက်လွတ်စပယ်
အောင် ဖေဖေကြီး အသေးစိတ် လေ့လာနေလျက်ပါ"

"ဖေဖေကြီးတို့ မိသားစု ပြဿနာမှာ ဆွေဘာမှစွက်ဖ
ဝေဖန်ဖို့မလိုပါဘူး"

"ဟုတ်တော့ဟုတ်ပါတယ်လေ၊ ဒါပေမင့် မောင်လေးကြိုင်
ပြသ ကုသကြည့်ချင်တဲ့ ဆန္ဒ၊ သူ့အမေ မပန်းထည်မှာရော
သူ့အဒေါ်ဖြစ်တဲ့ မစိန်ညိုမှာရော ရှိနေတော့၊ ဒါ ဆွေ
သဘောပေါက်အောင် ဖေဖေကြီးရှင်းပြနေရတာပါ။ မောင်လေး
ကြိုင်ဟာ ဆွေဆွေရဲ့ ယောကျ်ားတစ်ယောက် ဖြစ်နေသေးတာကို"

ယောက္ခမကြီး တစ်ယောက်လုံး ဤအိမ်၏အဓိပတိ၊ အကြီး
အမှူးကြီး တစ်ယောက်လုံးက သူ့အား လေးလေးစားစားနှင့်
ပြဿနာတရပ်ကို တင်ပြ ဆွေးနွေးလာသည် ဆိုတော့လည်း
ဆွေဆွေသည် သူ့ဟို့စေတနာကို ပြန်လည်လေးစားဖို့ ဖြစ်လာ
ပြန်သည်။

"ကဲ. . . ဖေဖေကြီး စကားပြောတာလဲ ရှည်သွားပြီ၊ တို့
သုံးယောက် ထမင်းစားစို့"

ဦးဘကြိုင်သည် ထိုနေ့မနက်က သားကို ကိုယ်တိုင် ထမ်း
ကျွေးပြီး၊ အိပ်ရာပေါ်မှာသိပ်ပြီး၊ အိပ်ပျော်သွားတော့မှ
အခန်းထဲ သူပြန်၍ နားနေတော့သည်။





ခြံထဲတွင်တော့ ဆောက်ပြီးစ အဆောင်ငယ်လေး အနားတွင်
ဒေါ်စိန်ညိုသည် အလုပ်ရှုပ်နေ၏။ အိမ်ထဲရှိသမျှအစေခံတွေကို
တစ်ယောက်ပြီးတစ်ယောက် အော်ခေါ်နေသည်။ အဝင်းရော
ဆန်းအေးပါ အဆောင်သစ်ကလေးကို ရောက်လာကြသည်။
ခိုင်ဘာ့မိန်းမ မထွေး၊ မာလီ့မိန်းမ အေးပုတို့လည်း ရောက်
နေနှင့်ကြသည်။

"ကဲ. . . ရေပိုက်ယူ၊ ကြမ်းတွေကို အုန်းဆံနဲ့ တိုက်ဆေးကြစမ်း၊
ပေါလစ်သုတ်တဲ့ကုလားလာရင် ခြောက်သွေ့နေမှ ကြမ်းပြင်က
သုတ်လို့ကောင်းမှာ။ နောက် တနင်္ဂနွေ အားလုံးအဆင်သင့်
ဖြစ်နေရမယ်။ ဒီ မိမြကြိုင်ကလဲ ခုထိမင်္ဂလာဆောင်က ပြန်
မရောက်သေးဘူးလား။ မထွေး. . . အေးမောင်ကားက မြမြနဲ့အတူ
ပြန်လာမှာလား၊ ဟို မိဝင်းလတ်နဲ့ တခြားကိုများ ဆက်သွား
မှာလား။ ကိုယ့်အမျိုး မင်္ဂလာဆောင်ကို၊ ကိုယ့်လင်ကို မောင်း
ခိုင်းတာ မဟုတ်ဖူး။ တခါလာ အေးမောင်၊ တခါလာ အေး
မောင်။ သူတို့မို့ ရောက်လာရင် အေးမောင် နားမနေရဘူး"

"ဟို. . . မမကြီးနဲ့ ပြန်လာမှာပါ ဒေါ်ဒေါ်စိန်"

"အေး. . . မြမြလဲ ယောင်းမတွေကို ချီးမြှင့်ပသရတာအမော၊
ငါ့ဆရာကျတော့ ပေ့ါဆဆနဲ့၊ မိဝင်း. . . ငါသတိမေ့ရင်ပြောစမ်း၊
မြမြ လာလာချင်း သံဇလုံအလုံးငါးဆယ် ဈေးသွားဝယ်ရမယ်။
တွက်မြီးကောင်းကောင်း အုန်းသီးဘယ်နှစ်လုံး တို့အပင်က ရမလဲ၊
အေးပု. . . နင့်လင်သွားခေါ်စမ်း၊ မြမြကို လိုတဲ့ အုန်းသီး ဈေးမှာ



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ခိုင်းရမယ်။ အိမ်တွင်းရော၊ နတ်ကြီးငါးပါး၊ မယ်တော်ကြီးရော၊ နဝရတ်သေလာ 'စံအိမ်တော်'က ကိုယ်တော်လေးအတွက်ပါ အားလုံး ပွဲပေးရမှာ။ ကန်တော့ပွဲစာရင်း မပန်းထည်ဆီမှာရှိတယ် မိဝင်း သိလား။ မပန်းထည်လာလာချင်း စာရင်းယူပြီး၊ မြမြလက်ထဲ ထည့်ထား"

အေးပုမှာ လင်ဖြစ်သူ မာလီစံကွန့်ကို ခေါ်လာ၏။

"စံကွန့် . . . အုန်းပင်ပေါ်တက်၊ ကြွက်မြီး ကောင်းကောင်းဘယ်နှစ်လုံးရမလဲ။ အကုန်ချ၊ လိုရင် ဈေးသွားဝယ်ရမှာမို့လို့"

"ဟုတ်ကဲ့၊ ဒေါ်ဒေါ်စိန်"

စံကွန့်သည် နောက်ဖေးဂိုဒေါင်သို့သွား၍ အုန်းပင်တက်ရှိုးကြိုးတို့၊ ဓားတို့ယူကာ အုန်းသီးချရေးအတွက် လုံးပန်းရသည်။

"ဟော . . . မြမြပြန်ရောက်လာဘီ"

ဒေါ်စိန်ညိုပြောရာသို့ အားလုံးလှမ်းကြည့်လိုက်၏။ ဆင်ဝင်အောက်တွင် ကားပေါ်မှ မင်္ဂလာဆောင်သို့သွားသော အဝတ်အစားနှင့်ပင် ဒေါ်ပန်းထည်၊ မြမြကြိုင် ကလေးများနှင့် ကိုလတ်တို့ဇနီးမောင်နှံပါ ဆင်းလာကြ၏။ မြမြကြိုင်နှင့် ဒေါ်ပန်းထည်သည် အဆောင်သစ်ရှိရာသို့ လျှောက်လာကြသည်။ ကားဆိုက်ဆိုက်ချင်း အိမ်ပေါ်သို့ အပြေးအလွှား တက်သွားကြသော ကလေးများနှင့် ကိုလတ်တို့ဇနီးမောင်နှံကို ဒေါ်စိန်ညိုသည် ခါးထောက်၍ ခပ်စိမ်းစိမ်းကြည့်နေသည်။

"မြမြ၊ ဟို ဟာရှတ်ရေပေါ်စာ ဆံထုံးနဲ့ မိန်းမက ကားတို့ပြန်သုံးဦးမှာလား"





"ဟုတ်ကဲ့၊ ဟိုဒင်း၊ အေးမောင်ကို ချက်ချင်းပြန်လွှတ်မှာပါ။ ကလေးတွေအဝတ်အစားလာလဲပြီး မင်္ဂလာဆောင်အိမ် ပြန်သွားမှာ၊ ဟိုမှာ ခဲဖိုးရတဲ့ပိုက်ဆံနဲ့ အပျော် ထမင်း ဝယ်စားကြမှာ ဒေါ်ဒေါ်စိန်ရဲ့။ ဟော်တယ်သွားဖို့ ကိုလတ်ဖာသာ မာဇဒါလေးဘီးကားလေးကို မောင်းလိမ့်မယ်။ ဗိုလ်မြတ်ထွန်းလမ်း အိမ်မှာ ကားလေးကို ထားခဲ့တယ်။ အေးမောင် မြန်မြန်ပြန်လာမှာပါ။ ဒေါ်ဒေါ်စိန် ဘာလိုသေးလဲ"

"လိုတာပေါ့၊ လိုတဲ့စာရင်း မပန်းထည်ဆီမှာ တောင်းယူ။ စိတ်အဖြူရော၊ အနီရော၊ ကန်တော့ပွဲစင်ကိုပတ်ရမှာနော်၊ ပြီးတော့ ကန့်လန့်ကာ ခုနစ်ထပ် ကာရလိမ့်မယ်"

"ဘာဖြစ်လို"

မြမြကြိုင်သည် မရှင်း၍ မေး၏။

"အို . . . လူနာတွေကို ကုရမှာ ဘဘမာယီ က ကန့်လန့်ကာ ခုနစ်ထပ်ကာပြီးမှ ကုတာ သိရဲ့လား"

"ဩော် . . . ဟုတ်ကဲ့ ဒေါ်ဒေါ်စိန်၊ အိမ်က ခန်းဆီးတွေနဲ့ သုံးလို့မဖြစ်ဘူးလားဟင် . . ."

မြမြကြိုင်သည် ဒုတိယမေးခွန်း ထပ်မေးလိုက်၏။

"အဟောင်းဆိုလို့ လုံးဝ မသုံးရဘူး၊ မိမြမြ၊ ဘာလဲ ကျုပ်ကို သုံးတယ်ဖြုန်းတယ် ပြောဦးမလို့လား။ မပန်းထည်ရော၊ မိမြမြရော တူတူဘဲ။ သူတို့ချွေးမ၊ သူတို့ယောင်းမ၊ အိမ်သုတ်ဆေးဝယ်တာကျတော့ လက်ပိုက်ကြည့်နေကြတယ်။ ကားရဲ့ စက်ခေါင်းကို မီးပွင့်ထွက်မတတ် အိမ်သုတ်ဆေး ရှာနေတာလေ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ငါမသိဘူးမှတ်လို့ မနေ့က တစ်ရက်လုံးလုံး ဒီရေပေါ်စာ ဆုံထုံးကို အလှပြင်ဆိုင်သွားရ၊ အစမ်းကြည့်ရ တကယ်ထုံးရ ဆံထုံးထုံးခကြီး ၂၅ဝိ ကုန်ခဲ့သတဲ့။

"ငါမောင်လတ်ကိုမေးခဲ့ပြီးပြီ၊ သူကဖြင့် သတို့သမီးလဲမဟုတ် ဘဲနဲ့ အလှပြင်လိုက်ရတာ။ လေတ်ဆိုတဲ့ အကောင်ကလဲ သွေ့မိန်းမလုပ်တာတွေကျတော့ ပါးစပ်အဖြသားနဲ့ တဟီးဟီးနဲ့ ငါ့ကျတော့ ဒေါ်ဒေါ်စိန် ပိုက်ဆံကုန်ပေါက် ရှာတယ်တဲ့ ဒီဂိုဏ်းတွေ ကိုးကွယ်ရမလားတဲ့ . . ဟင်း၊ သွေ့မိန်းမမျက်နှာကမှ ခြယ်လာတော့ လူ့သားမျက်နှာနဲ့လဲ မတူ။ ဟိန္ဒူနတ်သမီးရဲ့ အရုပ်မျက်နှာ။ ဝတ်ထားတာကလဲ မြန်မာပြည်အစစ်က တို့တိုင်း ပြည် တာရာဏသီဖြစ်နေတော့တယ်။ အင်္ကျီတွေကလဲ ဘာအင်္ကျီ တွေမှန်းလဲမသိ၊ ဘာပုံစံမှန်းလဲမသိ။ ခေါင်းပေါ်မှာ ဘာဆံထုံး ပုံတွေလဲမသိပါဘူး တော်ရယ်။ ဆံထုံးထုံးပုံ ထုံးနည်း ခြောက် ဆယ်ထဲမှာ သူတို့ထုံးတဲ့ပုံစံ တစ်ခုမှ မပါဘူး။ ငါ့အဘွားတွေသာ သေရာက ရှင်လာရင် ဒီသူငယ်မတွေ ဝတ်ပုံစားပုံမြင်ရရင်လား အဲဒါ ဘာလူမျိုးလဲလို့ မေးမှာ. . .

"ကျုပ်တို့ အပျိုတုန်းကလဲ ခေတ်ဆန်ပါတယ်၊ ဆံထုံးနဲ့ အင်္ကျီလုံချည်အမျိုးမျိုးဖက်ရှင်ထွင်ခဲ့ပါသတော့။ ဒါပေမင့် ဘယ် တော့မှ ဗမာအမျိုးသမီး ပုံစံကတော့ မပျောက်စေရပါဘူး ခုတော့ သူတို့ကြည့်ရတာ ဆံပင်ကလဲ စုတ်ဖွားကျက်သရေမရှိသူ တို့များအနားဖြတ်လျှောက်သွားရင် ဆံပင်စုတ်ဖွားဖွားက ခွေးနံ့ က နံ့ပြီးကျန်ရစ်တယ်၊ သူတို့ရည်းစားတော့ မသိ၊ ကျုပ်တော့





ရှုလိုက်တာ။ မြန်မာပြည်က ပူက-ပူသနဲ့၊ နေပူပူ ချွေးကထွက်၊ ဆံပင်က စုတ်ဖွားဆိုတော့ ခေါင်းထဲက အနံ့က အနားကပ်ရင် သားက လူအတွက် သိပ်သိသာသာ. . .

"မိသန်းအေးတို့ အဲဒီ စုတ်ဖွား သူငယ်မတွေအနား ကပ်သွား ကြသလား၊ ပွဲထိုင်သွားတော့လဲ အစိမ်းတွေ၊ အပြာတွေ၊ အဝါ တွေက ပင်ကိုယ်မျက်ခုံးအောက်မှာတရစ်စီခြယ်လို့၊ တကတဲ ဟို. . တို ဂျပန်ရယ်၊ ကုလားရယ်၊ တရုတ်ရယ် ပန်းချီဆရာသုံးယောက် ပေါင်းဆွဲထားတဲ့ ချစ်တီးဘုရားကျောင်းနံရံက ချစ်တီးနတ်မရဲ့ မျက်နှာစိမ်းမျိုး။ လေတ်တို့ကိုယ်တိုင် ချစ်တီးနတ်မကို ကိုးကွယ် နေတာ၊ ပ-သနေတာ၊ မိန်းမကိုများ ရှိခိုးနေလား အောက်မေ့ ရတယ်"

မိသန်းအေးနှင့် အထွေးမှာ ဣန္ဒြေ မဆောင်နိုင်၍ ကျိတ် ရယ်ကြသည်။

"အိုး. . ဒေါ်ဒေါ်စိန်ကလဲ၊ မေဝင်း ကြားသွားပါ့မယ်။ တိုးတိုးပြောပါ၊ မကောင်းပါဘူး"

မြမြကြိုင်က လေသံနှိမ့်၍ ပြောလိုက်၏။

"ပြောနိုင်ပေါင်၊ ကြားပစေ၊ မပန်းထည်ကလဲ မတော် ဘူး ဘာဘူးလို့ သားကိုရော၊ ချွေးမကိုရော တစ်လုံးမပြော၊ ဆံထုံး ထုံးခ ၂၅ဝ-ကျပ် ဆိုတာ စာရေးတစ်ယောက်၊ တစ်အိမ်ထောင် လစာ သိရဲ့လား"

"ဒေါ်ဒေါ်စိန်ကြိုက်တာလဲ မြမြတို့ဒီအဆောင်သစ်မှာတစခု သုပ်ပေးပါမယ်။ သူတို့လဲ သူတို့ဖာသာ ခေတ်အလျောက် ပြင်



www.burmeseclassic.com

www.burmeseclassic.com



ပေစေပေါ့၊ ဧည့်သည်အဖြစ် ခေတ္တနေတုန်း ဘာမှမပြောပါ ဒေါ်ဒေါ်စိန်ရယ်၊ ဟိုတစ်ညက မြမြလဲ ကိုလတ်ကို သိသင့်သ ထိုက် ပြောသင့်ပြောထိုက်တာတွေ ပြောပြီးပါပြီ"

"ငါကတော့ ဘယ်သူ့မှ မကြောက်ပေါင် ပြောမှာဘဲ၊ မယ် ထည် စာရင်းထပ်ကြည့်ပြီး လိုတာဖြည့်ရအောင်၊ မထွေး၊ စံတွ ချတဲ့ အုန်းသီးထဲက ကွက်မြီးမကောင်းတဲ့ အုန်းသီးတွေ ဖယ် ထား၊ အဲဒီဖယ်ထားတဲ့ အုန်းသီးနဲ့ နင်တို့အားလုံး အုန်းထမင်း ကြက်သားဟင်း ဒီနေ့ ချက်စား၊ အဲဒါ မထွေးချက်ရမယ် မိဝင်းမအားဘူး၊ ငါမိဝင်းကို ခိုင်းစရာတွေရှိတယ်။ မိဝင်း ညည်းသိထားရမှာက ဘဘမာယီ က လူနာကုသမှု ကာလပတ် လုံး အသားမစား အုန်းထမင်းနဲ့ ကပ်ရမယ်။ သတ်သတ်လွတ် အမြဲချက်နော်"

"ဟုတ်ကဲ့. . . ဒေါ်ဒေါ်စိန်"

ဒေါ်စိန်ညိုသည် သူပြောချင်သည်များကို အားရပါးရပြော ပြီး ဒေါ်ပန်းထည်ကိုခေါ်ကာ သမီးယောင်းမနှစ်ယောက် အိမ် ပေါ်သို့ တက်သွားကြသည်။ ဒေါ်စိန်ညို တာဝန်ချထားသော အလုပ်များကို အဆောင်လေးတွင် အပြီးသတ်အောင် ဝိုင်းလုပ် နေကြသည်။ ဒေါ်စိန်ညို၏ လက်စွဲတော် မိသန်းအေးက ဒေါ်စိန်ညိုကိုယ်စား မိန့်ခွန်းဆက်ပေး၏။

"အခု ကြွလာမယ့် ဘဘမာယီ လွှတ်လိုက်တဲ့ အထက်ဆရာ တော်က 'နဝရတ်သေလာ ကိုယ်တော်လေး'တဲ့. . ."

"ဒီကိုယ်တော်လေးက ကိုယ်တိုင် ကြွလာမှာ မဟုတ်ဘူး လား"





မသိသော မထွေးက နားမလည်သော မသန်းအေးကို မေး လိုက်၏။

"ဟင့်အင်း. . . တကယ်ကြွလာမှာက ဘဘမာယီ ဘဲ၊ နဝရတ် သေလာတောင်ကိုယ်တော်လေးက နဝရတ်အိုင်ကြီးရဲ့ အလယ်မှာ ဒွန်းစံအိမ်တော်နဲ့ စံနေတာ၊ အဲဒီနေရာမှာ ခု- ဘုရားတည်ဘို့ အထက်က အမိန့်ကျလာဘီတဲ့။ ဘဘမာယီ ဂိုဏ်းဝင်များက အေးကုလို့ရတဲ့ ငွေကို သူတို့မသုံးဘူး၊ ဒီနဝရတ်သေလာတောင် ကိုယ်တော်လေးကို သွားလှူမှာ"

"မိသန်းအေးရယ်၊ နင့်ဒါတွေ ဘယ်သူပြောလဲ"

မဝင်းက ညီမပြောသည်များကို မကြိုက်သလို မယုံသလိုဟန် နှင့် မေးလိုက်၏။

"ပြော် . . . မမဝင်းကလဲ ညအိပ်ရာဝင်ခါနီးတိုင်းလိုလို ဒေါ် ဒေါ်စိန် ညီမလေးကို ပြောပြနေတာ၊ သိပ်ထူးဆန်းတာဘဲတဲ့၊ ဒီရန်ကုန်မှာ ဘဘတို့ဂိုဏ်းက လှယမင်းဆိုတာကို ခါတ်စီးပြီး ကိုယ်တော်လေးက ပြောပြတာတဲ့။ တစ်နေ့ ခါတ်စီးပြီးပော့လဲ ဒေါ်ဒေါ်စိန်ကို သူများတွေခေါ်သလို စိန်စိန်လို့ မခေါ်ဘဲ၊ အဲဒီလှယမင်းက ညိုညိုလို့ ခေါ်သတဲ့။ ဒေါ်ဒေါ်စိန်ကလဲ သိပ် အံ့အားသင့်သွားတယ်။ သူ့ကို ညိုညိုလို့ခေါ်တာ အသတ်ခံရတဲ့ သူ့ချစ်သူတယောက်ထဲ ခေါ်တာတဲ့၊ ဘုရားတည်ဖို့လဲ ငွေထည့် ပါ၊ ဒီနဝရတ်အိုင်ကိုလဲ လာဖြစ်အောင်လာပါ၊ သူစောင့်နေ မယ်လို့ပြောသတဲ့၊ ဒေါ်ဒေါ်စိန် အဲဒီညအိပ်တော့ အိပ်မက်ထဲ မှာ နဝရတ်သေလာစံအိမ်တော်က ကိုယ်တော်လေးကို ဖူးရသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူချစ်သူရုပ်နဲ့ တစ်ဖုံထဲဘဲတဲ့၊ ဖေဖေကြီးတို့ကို သူတဖြေးဖြေး ပြောပြရရင် ဘဘမာယီ ဂိုဏ်းဝင်တွေအသွားမှာ နဝရတ်သေလာ ကိုယ်တော်လေးရှိရာကို သူကိုယ်တိုင်လိုက်သွားမှာတဲ့၊ ဘုရား တည်ဖို့လဲ သူငွေငါးသောင်းလှူမတဲ့။ ဖေဖေကြီးတို့ကမပေးရင် သူ့စိန်နားကပ်ကြီးကို ရောင်းလိုက်မယ်တဲ့. . . .

"ဒေါ်ဒေါ်စိန်ဟာလေ အဲဒီအကြောင်းတွေ ပြောရင်းမျက် ရည်တွေ လည်လာတယ်၊ သနားစရာဘဲ မမဝင်းရယ်၊ အပြင်မှာ စကားပြောသလို အသံလဲမမာဘူး၊ စကားလုံးလဲ မကြွမ်းဘူး တရှုံ့ရှုံ့ငိုတာဘဲ၊ ကိုယ်တော်လေး ကိုယ်တော်လေး၊ ညီညီ့ကို တဘဝပြောင်းတောင် စောင့်နေသေးတာဘဲနော်၊ ညီညီလိုက်ဖြစ် အောင် လိုက်လာမှာပါ ကိုယ်တော်လေးရယ် ဆိုပြီး ငိုတာဘဲ"

မထွေးတို့ အေးပုတို့သည် စုတ်သတ်လိုက်ကြ၏။

"အဲဒီ လှယမင်းကို တို့ဘယ်လို တွေ့ရမှာလဲဟင်. . ၊နဝရတ် သေလာတောင်ကရော ဘယ်နေရာမှာလဲ ဟင်. . .'

မဝင်းသည် လက်တွေ့စုံစမ်းလိုသူ ဖြစ်သည့်အတိုင်း သူ့ညီမ ကို မေးခွန်းထုတ်၏။

"ဩော်. . . ဘဘမာယီ ဒီအဆောင်လေးကြွလာရင် လှယမင်း တို့အုပ်စု မကြာမကြာလာမှာ၊ အဲဒီတော့ ကျွန်မတို့ တွေ့ရမှာဘဲ၊ နဝရတ်သေလာတောင်က ကားတစ်ဆင့်၊ လှည်းတစ်ဆင့်၊ ခြေ လျှင်သွား၊ နောက်ပြီး လှေနဲ့သွားမှ အိုင်ကြီးကိုရောက်မှာ"

"စာ ခင်ဗျာ၊ စာ. . . စာ"

စာပို့သမားလေး အော်သံကြောင့် သူတို့ စကား ရပ်သွား၏။





ခါတိုင်း အိမ်ဝတွင် ဆွဲချိတ်ထားသော အိမ်လုပ် စာတိုက်ပုံးထဲသို့ စာထည့်နေကျ မထည့်၊ စာပို့သမားလေးသည် သူတို့အုပ်စုကို မြင်သည်နှင့် လက်ထိလက်ရောက် စာများကို ပေးကာ ပြန်ထွက် သွား၏။

အဝင်းသည် စာများကို ကြည့်ရာမှ. . .

"မမဆွေ နာမယ်နဲ့ စာတစောင်ပါလာတယ်၊ ငါအိမ်ထဲကို စာသွားပို့အုံးမယ်"

ဆို၍ အလုပ်လက်စသတ်ကာ အိမ်ထဲသို့ ဝင်သွားသည်။

"အေး ငါလဲ သွားရဦးမယ်၊ ကိုစံကွန့် အုန်းသီးချပြီးရင် နင်တို့လုပ်အားပေးတဲ့ လူတွေစားဖို့၊ ငါ အုန်းထမင်းနဲ့ ကြက် သားဟင်း ချက်ရဦးမယ်၊ တကယ်တော့ဟယ် မသန်းအေးရယ်၊ ဒေါ်ဒေါ်စိန်မှာလေ သူရဲ့ သဒ္ဓါတရားကတော့ ချစ်ဖို့ ကောင်း ပါတယ်"

မထွေးကလည်း ဒေါ်ဒေါ်စိန်ကို ချီးမွမ်းခန်းဖွင့်ကာ သူ၏ လုပ်လက်စ အလုပ်ကို လက်စသတ်၍ အိမ်ဘက်ဆီသို့ ထွက်သွား တော့သည်။ ကျန်အလုပ်များကို မအေးပုနှင့် မိသန်းအေးတို့ ဆက်၍ လုပ်နေကြသည်။

မဝင်းသည် မေမျိုးဆွေကိုရှာ၍ သူ့လက်ထဲသို့ စာထည့် လိုက်၏။ ဆွေသည် စာကိုဖတ်ပြီး မျက်နှာ ရွှင်ပျသွားပုံရသည်။

"အဝင်းရေ. . . ရှေ့အပတ်မှာ တို့များအိမ် ဧည့်သည် များမှာ နော်၊ အဲဒီဂိုဏ်းဆရာကြီး ရောက်လာရင် သူ့ကို ကိုးကွယ်သူတွေ၊ ဆေးကုသချင်တဲ့လူတွေ လာတဲ့အခါ လက်ဖက်သုပ်နဲ့ ရေနွေး

www.burmeseclassic.com



ကြမ်း တစ်နေ့ကျွေးတဲ့၊ နောက်နေ့ ဆီထမင်း၊ နောက်နေ့ ကောက်ညှင်းပေါင်းနဲ့ ငါးကြော်၊ အဲဒီလို ကျွေးသွားရမယ်တဲ့၊ ခုနစ်ရက်ကျွေးပြီးမှ ကိုလေးကို ဆေးကုမှာတဲ့၊ မေမေကြီးက မမကြီးတို့ပြောပြနေတယ်၊ မမကြီးလဲ ပွဲရုံဆင်းပြီး ငါးရံ့ခြောက်ကို ပိသာလိုက်သွားဝယ်ရမယ်"

"သူတို့မှာ ချမ်းသာလိုက်တာနော်"

"အေးပေါ့ဟယ်၊ သူတို့ဒါနကို တို့ကကူရင်း တို့လဲရတာပေါ့လေ၊ ဖေဖေကြီးကလေ မနက်စာ မစားခင်က သူ့ဘာဖြစ်လို့ဒီလို မေမေကြီးနဲ့ ဒေါ်ဒေါ်စိန်ကို အလိုလိုက်ရတယ်ဆိုတာရှင်းပြပါတယ်၊ အလုပ်များလဲ သည်းခံပေတော့ အဝင်းရေ့ဖေဖေကြီး ပြောပြတာ ကြားရတော့လဲ မမဆွေဖြင့် ကိုယ့်ဒုက္ခကိုယ်မေ့များတောင် သွားသေးတယ်၊ ဖေဖေကြီးလဲ အတော်ဒုက္ခကြီးတာဘဲ၊ ငါပြောမယ့် စကားက တခြားရောက်သွားပြန်ပြီ၊ ပြောချင်တာ ခုစာထဲမှာ ပါလာတယ်၊ ဒီစာက မမဆွေ့အမ မေမျိုးဝေ ဆီကလာတာ၊ သူတို့တောင်ကြီးကို ပြောင်းရမယ်တဲ့ ပစ္စည်းတွေလဲ သူ့ယောက္ခမကြီးနဲ့ အစေခံတွေနဲ့အတူ ပို့နှင့်ဘီတဲ့၊ သူ့ယောက်ျားနဲ့ ကလေးတွေက သွားနှင့်မယ်၊ သူတော့မမဆွေကိုလာကြည့်ရင်း ဒီမှာတညဘဲအိပ်မယ်တဲ့၊ ကိုလေး နေမကောင်းတာကိုလဲ တွေ့ချင်လို့တဲ့၊ ဒီမှာ မတည်းပါဘူးတဲ့"

"တည်းပါစေတော့ မမဆွေရယ်၊ အဝင်းတို့မှာ အလုပ်များပေမင့် မမဆွေအစ်မတစ်ယောက်အတွက် တာဝန်ပိုပြီး မကြီးပါဘူး"





"သူ့ဖာသာ သူ့ကိစ္စရှိလို့ တစ်ညပဲအိပ်တာပါ၊ အဝင်းစိတ်မကောင်းမဖြစ်ပါနဲ့၊ မမဝေ တာဝန်ကိုလဲ မမဆွေယူပါမယ်၊ အဲဟိုရက်ကျရင်တော့သာ မိဝင်းတို့ ခါးတောင်းကျိုက်ထားရမတတ် အလုပ်များမှာ"

"အို. . . သိပ်မများတော့ဘူး၊ ခုန စာတွေ သွားပေးရင်း၊ မမကြီးက မေမေကြီးကို ပြောနေသံကြားတယ်၊ သဘက်ခါကို ကိုလတ်တို့လင်မယား သံဖြူဇရပ်ကို ပြန်တော့မယ်တဲ့. . ."

"အဲဒီလိုဆို မိဝင်း ခေါင်းပေါ့သွားတာပေါ့လေ၊ ကိုကိုလတ်တို့ကအတွက် မမဝေက အဝင်ဖြစ်မှာပေါ့၊ ငါလဲ ဆုတောင်းပါတယ် မိဝင်းရယ်၊ တိုက်တိုက်ဆိုင်ဆိုင် ဒီဆရာနဲ့ဘဲ ပျောက်ပါစေလို့၊ ကိုလေးနေကောင်းရင်လေ ညီမလေးငွေဆီကိုလဲသွားမယ်၊ မြစ်ကြီးနားကနေ ကော့သောင်းအထိကို လယ်ပစ်လိုက်မယ်၊ မမဝေနေတဲ့ ရှမ်းပြည်နယ် တောင်ကြီးကိုတော့ နောက်မှသွားမယ်၊ ငှက်လိုကို ပျံလိုက်ဦးမယ်၊ မိဝင်းရော လိုက်မလား. . ."

"မမကြီးတို့ကသာ ခွင့်ပြုရင် အဝင်း မမဆွေသွားရာ အမြဲလိုက်မယ်"

အဝင်းသည် စိတ်ပါလက်ပါ ပြန်ပြောပြီး အောက်ထပ်သို့ဆင်းသွားတော့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ကန်တော့ပွဲ တစ်ခုရှေ့တွင် ကျောက်ဖယောင်းတိုင် တစ်ခုစီ၏ အလင်းရောင်းကြောင့် ဘာဘာမာယီ အဆောင်သည် ညဘက်တွင် ဝင်းထိန်နေသည်။ ဘေးပတ်လည်အဆောင်ကို ဝိုင်းပတ်၍ရောင်စုံ ဓာတ်မီးလုံးများကို ထွန်းညှိထားသည်။

ဘာဘာရောက်လာကတည်းက အဝင်းတို့အုပ်စုမှာ မနားရ လှယမင်းဆိုသူကိုလည်း သူတို့တွေ့ကြသည်။ လှယမင်းဆိုသည် အတိုင်းလှပချောမွေ့သူဖြစ်ရုံမက ဝတ်စားထားပုံမှာလည်းခေတ် မီသည်။ ဆေးကုသလိုသူများမှာ ပထမသူနှင့်တွေ့ပြီးမှ ဘာဘာ၏ ကန့်လန့်ကာအတွင်းသို့ဝင်ရသည်။ လာကြသည့် ပရိသတ်မှာ မှန်ကားပရိသတ်အထက်လွှာမှသည် ကုန်စိမ်းသည်၊ ငါးစိမ်း သည်၊ ဆိုက်ကားနှင့် ခြေကျင် ပရိသတ်အထိပါ၍ မေမျိုးဆွေ သည် အံ့အားသင့်နေသည်။





လူခြေတိတ်စပြုသော ည ဆယ်နာရီကျော်ကျော်လောက်တွင် မှ တခါတခါ လှယမင်းသည် မြန်မာဘာသာနှင့် မဟုတ်သော သီချင်းကိုသီဆိုကာ လှပစွာက၍ အဝေးမှ ဂီတနှင့် နဝရတ် သေလာတောင်မှ ကိုယ်တော်လေးကို ပူဇော်သည်ဟုဆို၏။

ထိုညကမူ ဒေါ်ဒေါ်စိန်နှင့် အိမ်နောက်ဖေးပရိသတ်တို့သည် အိပ်နိုင်ကြပေ။ သုံးနာရီလောက်မှ လူခွဲကာ အိပ်ကြရသည်။

နက်ဖြန်တွင်တော့ ခုနစ်ရက်မြောက်သောနေ့၊ ကိုလေးကြိုင် ကို ကုတော့မည့်နေ့ဖြစ်သည်။

ဆွေဆွေသတိပြုမိသည့်အချက်တစ်ခုမှာ ဆေးကုသည့် ဘာဘာ မာယီ ၏ အဝတ်များသည် လှပတောက်ပြောင်ဖို့ မလိုပါ။ သို့သော်သန့်ရှင်းသပ်ရပ်ဖို့တော့လိုသည်ဟု ထင်သည်။ ခုတော့ ဆံပင်ကလက်ရှိလူငယ်များလောက် မရှည်သော်လည်း ဂုတ်ပေါ် တွင် ဖွာကျဲနေသည်။ ဘန်ကောက်လုံချည်နွမ်းကြေကြေ အဝါ ပျော့ကိုဝတ်လေ့ဝတ်ထရှိ၏။ ရုပ်အင်္ကျီမှာလည်းဂုတ်စုတ်နေ သည်။ အသားအရေမှာ ကြည်လင်ခြင်းမရှိ။ ညစ်ထေးနေသည်။ ဦးဘာကြိုင်အရွယ်နီးနီး ရှိပြီဖြစ်သော်လည်းဥပဓိရုပ်မှာ ဘယ်နေ ရာမှ ကြည့်ကြည့် တင့်တယ်ခံ့ညားခြင်းမရှိ။ အလှဆိုသည်မှာ ချောမွေ့လှပသောရုပ်ရည်ဟုမဆိုလိုပါ။ ထူးချွန်သော ပညာရှင်၊ သို့မဟုတ်စွမ်းရည်သတ္တိရှိသူတို့မှာဘယ်လိုပင် အရုပ်ဆိုးဆိုး၊တစ် ချက် တစ်နေရာတွင် ကျက်သရေ၊ သို့မဟုတ် ငြိမ်သက်သော ငြိမ်းချမ်းသာ ရနံ့အသွင်၊ သမာဓိ၏အရှိန်ရှိနေရမည်ဟု ဆွေဆွေယူဆသည်။ သူ့ကိုယ်က မကြည်ညိုလိုသူမို့ စိတ်ကလည်း ထင်ခြင်းပင်ဖြစ် သည်ဟု သူ့စိတ် ကိုဖြေလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည်ညိုသူအများ အဆိုကတော့ ကိုးကွယ်သူ အများစုမှာ အမျိုးသမီးများဖြစ်၍ ဘဘ၏ပင်ကိုယ်ရုပ်ချည်နှင့် သန့်ရှင်းသပ်ရပ်စွာ ဝတ်ထားလျှင်အကြည်ညိုလွန်ကာတဏှာကျွံကျမည့်အရေး ကိုမြင်၍ ဘဘက ယခုလိုဝတ်စားနေထိုင်သည်ဟုဆို၏။ ဆွေဆွေ အနေနှင့်ဘာမှမပြောသာပါ။ ဒေါ်စိန်ညို၏ညွှန်ကြားချက်အရ မိဝင်းချက်ပေးသမျှသက်သတ်လွတ်ကို မသန်းအေးက အဆောင် ငယ်၏နောက်ဖက်လှေကားမှ ဘဘ ရှိရာသို့ပို့ရ၏။ ကိုယ့်အလုပ် နှင့်ကိုယ် မအားကြပေ။

ဘဘစတင်စီးချိန်တွင် ဘဘ၏အလှမှာ လူသားများအလှနှင့် မနှိုင်းယှဉ်လောက်အောင် လှသည်ဟု လှယမင်းတို့ အုပ်စုက ဆို သော်လည်း ထိုအချိန်ကို ဆွေဆွေမှာ မကြုံကြိုက်ခဲ့ပါပေ။

ယခုလည်း ပထမနေ့အိမ်သားများနှင့်အတူ ဂိုဏ်းဆရာကြီး ကို တွေ့ခဲ့ရသည်မှာလွဲ၍ ဆွေဆွေသည် ခြံထဲသို့ ပန်းခူးဖို့ပင်မဆင်း နိုင်ပေ။ ကိုလေး တာဝန်တွင်မက ချည့်သည်များ စားဖို့မီးဖိုထဲ ဝင်ကူရ၏။

ယခုညမှာတော့ဆွေဆွေ၏အစ်မ မေမျိုးဝေ တညဝင်၍ သူ့ အိမ်တွင်အိပ်သည်။ ညဉ့်ဦး ကိုလေးကြိုင်တာဝန်များ ပြီးသွား၍ ကိုလေးကြိုင်သည် အိပ်မောကျသွားပြီး၊ ညီမနှစ်ယောက်အိပ် ခန်း၏ အပြင်ဝရံတာတွင် စိတ်အေးလက်အေး စကားပြော ကြသည်။

ခြံထောင့်ရှိ မီးထိန်ထိန်ဝေနေသော အဆောင်ကို အိမ်မကြီး ပေါ်မှ လှမ်း၍မြင်နေသည်။ ညဉ့်နက်သော်လည်း ပရိသတ် မှု မစဲသေးပေ။

☺ ပြီးစာပေ ☺



မိဝင်းနှင့် မသန်းအေးတို့ နောက်ဖေးပရိသတ် အုပ်စုမှာ ခါပတိုင်းအလုပ်ရှုပ်နေကျထက် ကျွက်စီကျွက်စီဖြစ်နေပုံ ရသည်။

ဆွေဆွေကတော့ အောက်ကို မဆင်းတော့ပေ။ သူ့ဖာသာဘဲ အိမ်ပေါ်တွင် လက်ဖက်တစ်ပန်းကန်ကို အမျိုးသမီးအကြိုက်ပြင် ကာ ညီမနှစ်ယောက်ရေနွေးကြမ်းနှင့် သောက်နေကြ၏။ ညီမ အထွေး မေမျိုးငွေပေးလိုက်သော ဆတ်သားခြောက်ကိုလည်း ရှနေအောင်ဖုတ်ကာ ဆီအိအိဆမ်း၍ အစ်မလုပ်သူကို ဆွေဆွေ က ဧည့်ခံသည်။

"နက်ဖြန်ကိုလေးကို ဆေးကုမယ့်အချိန်နဲ့ မမဝေလာတဲ့ အချိန်ကိုက်နေတော့ ဆွေအားရှိတာပေါ့။ အချိန်ရှိလို့ ကိုကိုနှင်း ဖေညွှန့်က ခွင့်ပြုရင် ၃-၄ ရက်ဆက်နေပါ မမဝေရယ်။ ဘာ ပြောပြောဆွေအားငယ်နေသလိုဘဲ၊ ကိုယ့်ဘက်ကတိုးတိုးဖော်လို ဆွေရဲ့အနားမှာ မမဝေရှိနေတော့ ဆွေစိတ်ချမ်းသာလို့ပါ"

"ဖြစ်နိုင်ပါလိမ့်မယ်၊ ကလေးတွေက သူ့အဖေရှိရင် ရပါဘယ် တောင်ကြီးကို ကိုကိုရဲ့မေမေနဲ့ပစ္စည်းတွေရော၊ အစေခံတွေရော သွား‌နှင့်ဘီလေ။ ပြီးတော့လဲ ကိုကို့ကိုပြောထားတယ်၊ ဆွေနဲ့ မမဝေမတွေ့ရတာကြာတဲ့အကြောင်းရောမောင်လေးကြိုင်ရောဂါ အကြောင်းလဲပြောပြတယ်။ သူလဲဒီကိုတပါတည်းလိုက်လာမလို့ ဘဲ ကိစ္စတစ်ခုကမပြီးပြတ်လို့ မလိုက်လာရတာ။ ကိုကိုကဒီလိုနေရာ မျိုးတွေမှာ အချုပ်အချယ်မရှိဘူး။ သဘောကောင်းတယ်။ သူ့ အမေကြီးနဲ့အမတွေကသာ သိပ်တရားလွန်တာ။ မမဝေဖြင့် ပထမ ကလေးရပြီး နှစ်က ကလေးပိုက်ပြီး၊ မေမေ့ဆီပြန်မလို့ ဒိုကို့ ရောက်နှာကြောင့်"

☺ ပြီးစာပေ ☺

www.burmeseclassic.com



"ဟုတ်လား . . . ဘာဖြစ်လို့လဲ"

"မေမေစိတ်မချမ်းသာမှာစိုးလို့ မေမေ့ကိုဒီတိစ္စတွေဖွင့်မပြောဘူး။ အကြောင်းကိစ္စတစ်ခုခုရှိလို့လင်မယားအဆင်မပြေ၊ စကားပြောမတဲ့ရင် သူတို့က ကိုကို့ဘက်က ဝင်ပါရုံမကဘူး၊ လက်ထိလက်ရောက် မမဝေကို ဝင်ရိုက်တယ်လေ"

"ဟယ်"

ဆွေဆွေသည် အစ်မဖြစ်သူကို အရိုက်ခံရသည်ဟုကြားရသော အခါ မျက်နှာထားပျက်၍ ဒေါသရောင်သည် မျက်နှာကို လွှမ်းလာသည်။

"မမဝေက နောက်ပိုင်းတော့ ခပ်တင်းတင်းဘဲ ပြောတယ်၊ 'မိခင်က ပညာသင်ပေးလို့ ဒီသားရဲ့ပညာရိပ်၊ ဘုန်းရိပ်တွေကို ဝေခိုလှုံနေရတဲ့အတွက် ယောက္ခမကို မိဘလိုကျွေးမယ်လို့၊ အဲဒီမောင်နှမတွေတော့ ဝေဝေတို့သွားရာမခေါ်နိုင်ဘူး၊ ဝေဝေရဲ့ အသားကိုလဲ ဘယ်သူမှ လက်ဖျားနဲ့မတို့ပါနဲ့၊ ဝေဝေမခံနိုင်ဘူး၊ ကလေးဆယ်ယောက်ရနေပေစေ၊ ကိုကို့ကိုချစ်လို့ သေပေစေ ရင်ထဲမှာ အချစ်ကို အောင့်ခံသိမ်းထားပြီးနေမယ်၊ ဘယ်တော့မှ ကိုကို့အိမ်ပြန်မလာဘူး၊ ဝေဝေ အငတ်ခံပြီးနေမယ်၊ ရသမျှလခလဲ နှမတွေဆီပို့ချင်ပို့၊ ဝေဝေ တို့ပြောင်းလေရာ ကိုကို့မေမေကလွဲလို့၊ နှမတွေ မလိုက်ရလို့ ကိုကို့ကို တခါထဲ မမဝေအပြတ်ပြောလိုက်တယ် . . .

"မမဝေတို့ဟာ ဆိုနိုင်ခက်ခဲတဲ့ မိသားစုက ပေါက်ဖွားလာတာလဲ မဟုတ်ဘူး။ စကားနဲ့မသိတာ၊ မတတ်တာ၊ မလိမ္မာ





တာရှိရင်ပြော၊ လက်တော့ ဘယ်သူမှမပါ ပါနဲ့၊ ကိုကိုကအစ နောင်ကို မမဝေကိုရိုက်ရင် ရှယ်ရင်တောင် အပြတ်ဘဲလို့ ခပ်တင်းတင်းဘဲ မမဝေက ပြောလိုက်တယ်။ မမဝေ ဘာမဆို ယောက္ခမ အစီအမံလဲခံတာဘဲ ၊ ခုပြောင်းမြက သူတို့အိမ် နှမတွေထားရစ်တယ်၊ ပိုက်ဆံ ဘယ်လောက်ပို့ပို့၊ ကန့်လဲမကန့်ကွက်ဘူး၊ မေးလဲ မမေးဘူး၊ တို့မျှားလင်ယူတာ ထမင်းငတ်လို့၊ ပိုက်ဆံ မရှိလို့မှ မဟုတ်ဘဲ၊ ခုတော့ ကိုကိုကလဲ သဘောပေါက်ပါတယ်၊ ယောက္ခမကြီးကလဲ မမဝေကို ဘာမှ မပြောတော့ဘူး"

"ဘုရား . . . ဘုရား ကြောက်စရာကြီးနော်၊ ဒီလိုဆို ဖေဖေကြီးတို့၊ မမကြီးတို့က တော်သေးတာပေါ့။ ဆွေဆွေ အများကြီး ကံကောင်းတာပေါ့နော် . . ."

ဆွေသည် သူ့အပေါ်ထားရှိသော ယောက္ခမကြီးနှင့် ယောင်းမကြီး မြမြကြိုင်၏ စိတ်ထားအကြောင်းကို ပြောပြ၏။ ဒါတွင်မက သူ့ဘာကြောင့် ကိုလေးကြိုင်ကို သူမယုံကြည်သော ဒီဂိုဏ်းဆရာနှင့် အကုအသခံသည်ကိုလဲ ဦးဘာကြိုင် ရှင်းလင်းပြောသမျှ ဒေါ်စိန်ညို အကြောင်းကိုပါ ပြောပြလိုက်၏။

"အေးပေါ့၊ ဒါတွေက မဆန်းပါဘူး၊ တောနေအမျိုးသမီးတွေက အသိဉာဏ်နဲပါးလို့ ဒီလိုဂိုဏ်းအတုအယောင်တွေနဲ့ နတ်တွေ ဓာတ်လုံးတွေ၊ လက်ဖွဲ့တွေကို ကိုးကွယ်တယ်၊ ဆောင်ကြတယ်။ မြို့က မိန်းမတွေကလဲ သူတို့ရဲ့ လက်ရှိစည်းစိမ်းကိုမြဲစေချင်တယ်၊ ရှိတာထက် ပိုလာစေချင်တယ်၊ အရာရှိကတော်တွေကလဲ သူတို့လင်တွေ ရာထူးမြဲစေချင်၊ တိုးစေချင်တယ်။ ပြီးတော့အရေး

www.burmeseclassic.com



အကြီးဆုံးက မိန်းမတွေအဖို့ အချစ်လေ၊ သူတို့ရဲ့ အချစ်တခြား မိန်းမအပေါ် ဝေမျှသွားမှာစိုးလေတော့။ ယင်မယားငယ်ယူမှာ စိုးပြီး ဒီဂိုဏ်းတွေနောက်လိုက်ကြတာ အမောဘဲ၊ ရတနာဒိဗ် ဆေးဖယောင်းတိုင်တွေထွန်း၊ ပီယဆေးတွေလုပ်နဲ့လင်တွေမယား ငယ်ထားတဲ့အရာရှိကတော်တွေပိုဆိုးသေးတယ်။ ဒါပေမင့်သနား စရာပါဘဲလေ၊ သူတို့ လင်တွေသူတို့အနား ပြန်ရောက်မရောက် တော့မသိဘူး၊ ဂိုဏ်းတုဆရာတွေနောက် မိန်းမတွေ ပါပါသွား တာကို မမဝေတော့ တွေ့ရတယ်။ ယောကျ်ားတွေ၊ အရာရှိတွေ ကြီးကြီးမာစတာတွေဟာလဲ မစဉ်းစားလို့ပါ. . .

"ဗုဒ္ဓဟောကြားတဲ့ ကံ-ကံ၏အကျိုးတရားဆိုတာ တကယ် ရှိတာ၊ အတိတ်ကံပြုသမျှကိုတော့ ဝင့်ရှိရင်ခံရမယ်၊ ခုဘဝမှာလဲ ကိုယ်ကြိုးစားမှ ကိုယ်ရမှာ၊ မမဝေ သိသမျှတစ်ခုဘဲ ပြောမယ်၊ မမဝေနဲ့ ဒီဂရီအတူယူလာတဲ့ ဖရော်ဒါဟာ နာမယ်ကသာ ဖရော်ဒါ။ ယုံလိုက်တဲ့ ဗေဒင်၊ နတ်လဲကိုးကွယ်၊ သူတို့ဂိုဏ်းဆရာ ကြီးကိုလဲ ပေးလိုက်ရတဲ့ပွဲ၊ တစ်နေ့တော့ ..နုံးအထွက်မှာ တောင် ပေါ်လမ်းမှာ ကားတိုက်မိပြီး၊ ခါးကျိုးသွားတာ သေတဲ့အထိ လူစဉ်မမီဘူး၊ သူတို့ ဆရာကြီးတွေက တန်ခိုးနဲ့ကယ်ပါလား မဖြစ်ခင်က တားပါလား၊ အတိတ်ကံ ဖန်လာရင် မရှောင်လွှဲနိုင် ဘူး၊ ခုလဲ စိတ်ဖြေပါ ညီမလေးရယ်၊ မောင်လေးကြိုင်ရောဝ ဟာ ကြိုးစားပြီးကုရမှာက တို့များနဲ့တာဝန်၊ ပျောက်ဖို့မပျောက်ဖို့ တာ သူ့ရဲ့ကံတရားအပေါ်မှာလဲ တည်သေးတယ်"

"ဆွေလဲ တတ်နိုင်သလောက် စိတ်ဖြေပြီး ကိုလေးကို ပြုစုပါ တယ်၊ ကိုလေးကိုပြုစုရင်း ခေတ်ပေါ်စာအုပ်တွေနဲ့ ဗုဒ္ဓကျမ်းစာ တွေကိုလဲ ဖတ်ပါတယ်၊ စိတ်ကိုမဖြေနိုင်တဲ့အခါလဲရှိတယ်၊ ဖြေ နိုင်တဲ့အခါလဲရှိတယ်။ စေတနာသန့်သန့်နဲ့ ပြုစုမိတဲ့အခါလဲရှိပါတယ် ငြိစ်မှားမိတဲ့အခါလဲ ရှိတာကိုတော့ ဆွေဝန်ခံပါတယ် မမဝေရယ် ဒါပေမင့် ဆွေရဲ့ ဝဋ်ဒုက္ခ ဘယ်လောက်ကြီးတယ် ဆိုတာကိုတော့ ဒီအိမ်မှာရှိတဲ့ မိသားစုတွေထဲက မေမေကြီးနဲ့ ဒေါ်ဒေါ်စိန်တို့ နှစ်ယောက်ဟာ စာနာစိတ် မရှိဘူးထင်တယ်"

ဆွေသည် သူသိသမျှ ဒေါ်ပန်းထည်နှင့် ဒေါ်စိန်ညိုတို့ သူ့ အပေါ် သဘောထားကို အမဖြစ်သူအား ပြောပြလိုက်၏။ အဆုံးသတ်မှတ်ချက်ကိုလည်း ပြောပြ၏။

"သူတို့ သမီးယောင်းမ နှစ်ယောက်က ဆွေကို 'မဒ္ဒီလိုလို သမ္ဘာလိုလို မိန်းမ'တဲ့၊ ဘွဲ့တံဆိပ်ကြီး ချီးမြှင့်ခံရတယ် မမဝေ"

"အင်းပေါ့လေ ညီမလေးရယ်၊ တခြားနာမယ်နဲ့ အစွပ်စွဲ ခံရတာထက် ဒီနာမယ်တွေအပေးခံရတာက မကောင်းဘူးလား"

ဆွေဆွေသည် အမကြီး၊ ျပ်သူ၏ စကားကို နားထောင်းရင်း မချိပြုံး ပြုံးလိုက်၏။

"မဒ္ဒီတို့သမ္ဘာလတို့ကတော်လေးဝ ဝင်တဲ့အမျိုးသမီးကြီးတွေ ပေါ့၊ မိဆွေမှာတော့ ဘယ်အထဲ ဝင်မလဲမသိဘူး၊ ပြီးတော့ ဆွေ အယူအဆ မှားသလားမသိဘူး မမဝေ၊ မဒ္ဒီဒေဝီရော၊ သမ္ဘာ လရော ပြုစုရတဲ့သူတွေက ဘုရားလောင်းလင်တွေ၊ လင်သူတော် ကောင်းတွေ ဆိုပါတော့၊ ဒီလိုလင်တွေ ပြုစုရတော့ စတော် လေးဝ ဝင်တဲ့အပြင်၊ ဘုရားလောင်းကို ပါရမီဖြည့်ဘက်အဖြစ်

www.burmeseclassic.com



ရောက်ခဲ့ရတယ်၊ မိဆွေလုပ်နေရတာက ပါရမီဖြည့်ရတာ မဟုတ်ဘူး၊ ရိုင်းရိုင်းပြောရရင် ဘာ. . . ဘာ. . ဘာကုသိုလ်မှ. . .

"အမလေး. . . ဘုရား ဘုရား"

မေမျိုးဝေသည် ဆွေဆွေပါးစပ်ကို လှမ်းပိတ်လိုက်၏။

"ညီမလေး ဆွေ၊ စကားလုံးတွေ ရိုင်းလိုက်တာ၊ အမလေး ညီမရယ်၊ ငါ့ညီမလေးပါးစပ်ထဲ ဒီလိုရိုင်းပြတဲ့ စကားလုံးတွေ ဘယ်လို ရောက်လာတာသလဲ"

ရှိုက်၍ ငိုချလိုက်သောဆွေသည် ဝမ်းနည်း ကြေကွဲစွာနှင့် သူ့ပါးစပ် ပိတ်ထားသော အစ်မ၏လက်ကို တင်းကြပ်စွာဆုပ်ကိုင် လိုက်၏။

"ခွင့်လွှတ်ပါ မမဝေ၊ မိဆွေဒီစကားလုံးထက် မှန်ကန် တိကျတဲ့ စကားလုံးတွေကို ရှာမတွေ့လို့ သုံးလိုက်ရတာပါ၊ ရိုင်းချင်လွန်းလို့ ရိုင်းပြတာ မဟုတ်ပါဘူး"

"မမဝေလေ၊ ညီမလေး အဖြစ်ကိုရော၊ ခံစားရချက်ကိုရော စာနာမိပါတယ် ကွယ်. . .၊ မျက်ရည်လေးတွေ သုတ်လိုက်ပါဦး"

ညီမ၏ ပါးပေါ်သို့ စီးကျနေသော မျက်ရည်များကို ယုယုယယ မေမျိုးဝေသည် လက်ကိုင်ပဝါဖြူဖြင့် တို့ကာ တို့ကာ သုတ်ပေးလိုက်၏။

"စိတ်ကို ငြိမ်အောင်ထား။ မမဝေ ဖြေးဖြေးဆေးဆေး ပြောပြချင်တယ်။ ညီမလေး ဒီစကားလုံး သုံးသုံး မသုံးသုံး။ ကိုယ့်လင်အပေါ်မှာ စေတနာ သက်ရောက်စွာနဲ့ ပြုစုတာကိုက ဆွေနှလုံးသွင်းတတ်ရင် အင်မတန့်ကြီးမားတဲ့ ကုသိုလ်ပါ။ သူက





ဘုရားလောင်း ဟုတ်ဟုတ် - မဟုတ်ဟုတ်၊ လင် ဘိန်းစားဘဲ ဖြစ် နေပါစေ၊ သိကြားမင်း တစ်နေ့ သုံးကြိမ်ရှိခိုးလဲ လူသားထဲမှာ လင်ကို ရိုသေစွာလုပ်ကျွေးတဲ့ မိန်းမပါတယ်နော်။ အမလေး ညီမလေး ခုနလိုယူဆပုံ၊ နှလုံးသွင်းပုံ မှားလိုက်ရင် ခြောက်လ ကျော် ပြုစုခဲ့တဲ့ ကုသိုလ်စေတနာဟာ သံပုရာတခြမ်းနဲ့ ကြေ သွားမယ်၊ အဟောသိကံဖြစ်သွားတော့မယ်၊ မမဝေ ပြောတာ သဘောပေါက်လား"

ဆွေဆွေသည် ခေါင်းညိတ်ပြလိုက်၏။

"တကယ်တွေးကြည့်တော့လေ ကြာပန်းကိုင် ညီမလေး မှား ခဲ့တာကိုး"

"ဘာ. . . ကြာပန်းကိုင်လား၊ ကြံပန်းခိုင်လား"

ဆွေဆွေသည် သူ့ မမဝေ၏စကားလုံး အဆန်းကြောင့် ခပ် ကြောင်ကြောင်ကြည့်ကာ မေးခွန်း ထပ်၍မေးလိုက်၏။

"ကြာပန်း. . . ကြာပန်း. . . ကြာပန်းကိုင် မှားခဲ့တယ်။ မမဝေ ပြောချင်ဇာနဲ့ ညီမလေးကို ပြောချလိုက်တော့ စကားလုံးက မရှင်းမလင်း ဖြစ်သွားတယ် ညီမလေး။ မမဝေပြောချင်တာက ညီမလေးကိုယ်တိုင် ကြာပန်း အကိုင်မှားခဲ့တယ်. . .

"တို့ဘုရားဟာ သုမေဓာ ရှင်ရသေ့အဖြစ် ရောက်ခဲ့စဉ်က ဒီပင်္ကရာဘုရား လက်ထက်မှာ ဘုရား ဆုပန်ခဲ့တယ်ဆိုတာ ဗုဒ္ဓ ဘာသာဝင်တိုင်းသိတယ်။ ဒီပင်္ကရာ ဘုရား ကြွလာမယ့်လမ်းမှာ လမ်းကိုပြုပြင်ကြတော့ ကိုယ်တလျှားစာ ဝွက်ထနေတဲ့ နေရာ



www.burmeseclassic.com

www.burmeseclassic.com



ကျန်တယ်တဲ့။ သူက အဲဒီနေရာကို အုတ်တွေ၊ သဲတွေမခင်းတော့ဘဲ သူ့ကိုယ်သူ ဝွက်ထဲမှာ မှောက်လျက် လှဲချပြီး လမ်းခင်းပေးတယ်ဆိုပါတော့။ ဒီကုသိုလ် အဖို့ဟာ အရှင်ဘုရားကဲ့သို့ ဘုရားအဖြစ် ရ - ရပါလို၏ လို့ ဆုတောင်းခဲ့တယ်။ ဘုရားဆု ပန်ခဲ့တယ်လေ. . .

"ဒီသုမေဓာရဲ့ ဘုရားအဖြစ် ဆုတောင်းသံကို ကြားလိုက်တဲ့ သုမိတ္တာဆိုတဲ့အမျိုးသမီးက ကြာပန်းကို ဒီပင်္ကရာဘုရားကိုလှူပြီး သုမေဓာရသေ့လဲ သိတာမဟုတ်။ သူ့ဟာသာ သူ့ဆန္ဒနဲ့ ဆုတောင်းခဲ့တယ်။ 'ဒီသုမေဓာရသေ့ဟာ ဘုရားအဖြစ်သို့ ရောက်တဲ့အထိ ကျင့်ကြံအားထုတ် ပါရမီဖြည့်ဆည်းပြီး ဘုရားလောင်းအဖြစ် ကျင်လည်သမျှကာလပတ်လုံး သူဟာဖြင့် ဘုရားလောင်းရဲ့အလုပ် အကျွေး ပါရမီဖြည့်ဘက် ဖြစ်ရပါလို၏' လို့ ဆုတောင်းခဲ့သည်။ ညီမလေး ဒီ ပုံဝတ္ထုတွေဟာ ဗုဒ္ဓဘာသာတွေအဖို့ ကြားဖူးလို့ ရိုးနေပါပြီ။ ညီမလေးလဲ သိပါတယ်"

"သိတိုင်းလဲ နှလုံးသွင်း မဆင်ခြင်မိဘူး မမဝေ"

"ခုချိန်မှာပေါ့ စိတ်ထားကို ပြင်လိုက်ပါတော့ ညီမလေး။ မမပြောချင်တာက ဘုရားလောင်း ပါရမီကိုဖြည့်ခဲ့တဲ့ သုမိတ္တာဘဝကို ဆင်ခြင် ကြည့်စမ်းပါ။ နောက်ဆုံး ဘုရားအဖြစ်တို့ ရောက်ရမယ့်ဘဝ၊ သိဒ္ဓတ္ထမင်းသားရဲ့ကြင်ယာတော် ယသော်ဓရာဒေဝီဖြစ်လာတဲ့အချိန်အထိ ယသော်ဓရာရဲ့ ဇာတ်လမ်းဟာ အခွေးနဲ့ကင်းခဲ့ရဲ့လား။ ပူပန်သောက ဗျာပါဒနဲ့ကင်းခဲ့ရဲ့လား. .

"လက်ရှိ ခေတ်ပေါ် ဝတ္ထုတွေကို ခေတ် စကားနဲ့ ရေးလို့ ခေတ်မီဝတ္ထုတွေလို့သာ ဆိုကြတာကိုး၊ အဲဒီ ဝတ္ထုတွေ၊ ဇာတ်





လမ်းတွေထဲမှာ အရှေ့တိုင်းသားစာရေးဆရာဘယ်ရေးခဲ့တဲ့ ဇာတ်လမ်းကိုဘဲ ကြည့်ကြည့်၊ အနောက်တိုင်းက ဇာတ်လမ်းကိုဘဲ ကြည့်ကြည့် ယသော်ဓရာရဲ့ ဇာတ်လမ်းတွေထက် ထူးထွေ ဆန်းပြား ရင်ကွဲစရာ ရင်နင့်စရာရယ်လို့ မရှိပါဘူးဆွေရယ်"

ဆွေဆွေသည် အမဖြစ်သူ၏စကားကို ပိုမိုစိတ်ဝင်စားလာ၏။

"ဆွေဆွေကတော့ အပူသောကတွေက များနေတော့ သတိထားမိဘူးပေါ့။ မမဝေမှာတော့ အပူတွေ များတဲ့ကြားက ကလေးတွေကြီးလာတော့ စာဖတ်ချိန်ရလာတယ်။ စာဖတ်ပြီးလဲ တွေးမိတယ်. . .

"တရားရှိသူတွေကတော့ ဘာအကြောင်းကိုဘဲဖြစ်ဖြစ် လောကုတ္တရာနည်းနဲ့ ဆင်ခြင်နှလုံးသွင်းနိုင်တော့ စိတ်အေးတာပေါ့။ မမဝေမှာကတော့ ခုမှဘဲဆွေဆွေကို စိတ်သက်သာအောင်ပြောပြနိုင်တယ်။ မမဝေ ငယ်ငယ်ကဆို ယသော်ဓရာ အကြောင်း တွေးမိရင်ငိုချင်တယ်။ ငိုလဲငိုမိတယ်။ တို့များက လောကီမျက်စိနဲ့ ကြည့်တာကိုး"

"ဘာကိုလဲ ဟင်. . ."

"ယသော်ဓရာရဲ့ အဖြစ်ကိုလေ။ လောကီမျက်စိ၊ သာမန်မိန်းမ ဘယောက် အနေဆို ဘယ်လိုလုပ် ဖြေနိုင်မှာလဲ. . .၊ ကဲ. . နောက်ဆုံးဘဝ ဆိုပါတော့၊ သူ့မှာ သားဦးလေးမွေးတော့ မင်းသာအားရ ကိုယ့်လင်ကို သွားပြတာပေါ့၊ ခေတ်စကားနဲ့ဘဲ မမဝေပြောပြချင်တယ်။ ဘုရားလောင်းကို မရှိမသိလို့ မဟုတ်ပါဘူး၊ ဘယ်မိန်းမဖြစ်ဖြစ် သားဦးကိုမြင်ရတော့ ဝမ်းသာ

www.burmeseclassic.com



သလို၊ ဘယ်ယောက်ျားဖြစ်ဖြစ် သားဦးမွေးတယ်ဆိုရင် လှိုက်လှိုက်လှဲလှဲ ဝမ်းသာတာဘဲ။ ယသော်ဓရာအဖြစ်က သားဦးလေးတို့သွားပြချိန်မှာ လင်တော်မောင်ဘုရားအလောင်းက ငါဟာဘုရားအဖြစ်ကျင့်ကြံအားထုတ်လို့တဲ့စိတ်ဟာလဲ လဝန်းကဲ့သို့ ကြည်လင်ဝင်းပနေဆဲ၊ သားဆိုတဲ့သံယောဇဉ်နှောင်ကြိုး၊ သံယောဇဉ်အမျိုးဖြစ်တဲ့ ရာဟုဂြိုဟ်ဟာ လဝန်းအပေါ် ထိုးကျလာသလို ဖြစ်ရပြန်ပြီလို့ဆိုတဲ့ အတွေးနဲ့ သားတော်လေးနာမယ်ကို ရာဟုလာလို့ အမည်ပေးလိုက်တယ် ဆွေ. . .

"မြန်မာလိုရှင်းရှင်းပြောရရင် လဝန်းကို လငပုပ်ဖမ်းပြီပေါ့ (မောင်ငပုပ်ပေါ့)၊ ရာဟုဂြိုဟ်ဟာ လဝန်းကို အရိပ်ထိုးစေတဲ့ဂြိုဟ် အမှောင်သွင်းတဲ့ဂြိုဟ်ပေါ့။ မမတို့က တက္ကသိုလ်မှာတုန်းက စိတ်ကြိုက်မြန်မာစာရော၊ အပိုမြန်မာစာရောယူတော့ ဆုတောင်းခန်းပျို့လဲ သင်ရတယ်၊ ဗုဒ္ဓဘာသာအကြောင်း တခြားစာအုပ်တွေလဲ သင်ရတယ်။ ယသော်ဓရာအကြောင်း သူငယ်ချင်းတွေ ပြောရင်းက ဆွေ့ နွေးမိရင်၊ ဒီနေရာရောက်ရင်ဘဲ မမလေ ငိုမျှားတောင် ငိုမိတယ်"

"ဆွေဆွေတို့ ဒါတွေ မသင်ရဘူး"

"ဆွေတို့က မြန်မာစာယူလာတာမှ မဟုတ်ဘဲ။ ကဲ. . . မမပြော ပြောတာကို ဖြေးဖြေးစဉ်းစားကြည့်၊ လုပ်ကြံပြောတာလဲ မဟုတ်ဘူး။ လင်အနူကြီးကို လုပ်ကျွေးရတဲ့ သမ္ဘူလာဘဝလဲ ဖြစ်ခဲ့ရတာဘဲ။ မဒ္ဒီဘဝရောက်တော့လဲ ထီးနန်းစည်းစိမ်စွန့်၊ လင့်နောက်ကို ဖဝါးခြေထပ်လိုက်ပြီး ပြုစုတာတောင် လင်တော်မောင်က





ပုဏ္ဏားလာအလှူခံတော့ ပုဏ္ဏားကိုလဲ လှူလိုက်တာဘဲ၊ ဒိဋ္ဌမင်္ဂလိက ဘဝမှာလဲ သူတောင်းစားမာဒင်ကို ဆွေမျိုးတွေ အစွန့်အပယ်ခံ သင့်တမျက်နှာ တရွာလုပ်ပြီး ပြုစုလုပ်ကျွေးခဲ့ရတာဘဲ. . .

"စင်စစ် သေသေချာချာတွေးကြည့်၊ ဘယ်သူမှ ခိုင်းတာ မဟုတ်ဘူး။ ဒီကြာပန်းကို သူဟာသူကိုင်၊ သူဆုတောင်းနဲ့သူ ဖြစ်လာရတာညီမ။ ခုလဲ မမဝေပြောချင်တာက ဘယ်သူ့ကိုမှ အပြစ်မတင်လိုပါနဲ့တော့။ ညီမလေးမှာလဲ ဘယ်ဘဝမှာတုန်းက ကြာပန်းကိုင်ပြီး ဘာဆုတောင်းခဲ့သလဲ မသိ၊ မောင်လေးကြိုင်အပါးမှာ ဒီလိုလာပြုစုနေရတာ"

ဆွေဆွေသည် အမလက်ကိုကိုင်၍ သက်ပြင်းချလိုက်၏။

"ပြီးတော့ မမဝေ တခုထပ်ပြောချင်သေးတယ်။ မေမေ့အပေါ် ထားတဲ့ သဘောထား။ မေမေ ညီမလေးဆီက အပြန် မဝေ့ဆီ ဝင်သွားတယ်"

"ဒီလိုဆို မေမေ ရန်ကုန်ကအပြန် မမဝေနဲ့ တွေ့ခဲ့ပြီပေါ့"

"ဟုတ်တယ်၊ ဒါကြောင့် ဆွေဆွေ သူ့ကိုဘာတွေပြောတယ်ဆိုတာ မမဝေ သိခဲ့တာပေါ့။ မေမေ့ကို ဒီလိုပြောလို့ မမဝေ ဆွေဆွေကို အပြစ်မတင်ပါဘူး။ ဆွေဆွေ့နေရာက ကြည့်ရင် ဒီလိုဘဲ ပြောမိမှာဘဲ။ ဘာကြောင့်လဲဆိုတော့ ကိုယ့်မေမေ့အကြောင်းကိုလဲ မမဝေ သိခဲ့တာဘဲ။ မောင်လေးကြိုင်အပေါ် ထားခဲ့တဲ့ သဘောထားတွေကိုလဲ ပြောင်းလိုက်ပါတော့ညီမလေးရယ်။ မေမေဟာ ဂုဏ်ကိုမက်တယ်၊ ပိုက်ဆံကို မက်တယ်။ ဒါဟာ မေမေတစ်ယောက်ထဲမှ မဟုတ်ဘဲ၊ တချို့မိခင်တွေဟာ ဒီလိုပါဘဲ။ ဒါပေမယ့် တဘက်ကလှည့်တွေးရင် သူတို့ရဲ့ထားရှိရင်း စေတနာက



www.burmeseclassic.com

www.burmeseclassic.com



သားသမီးကောင်းစားဖို့ဆိုတဲ့ စေတနာက ရှေ့ဆောင်နေတယ်ဆိုတာတော့ ဆွေဆွေသတိပြုပါ"

"ဟုတ်ပါတယ်၊ မမဝေ၊ ဒါတွေကို သံသယ မဖြစ်ပါဘူး။ ဒါကြောင့် မေမေ့ကိုတွေ့ရတိုင်း ပြောလဲပြောချင်တယ်၊ ငိုလဲငိုချင်တယ်။ ရိုင်းရိုင်းပျပျ ဆွေဆွေဘာမှမလုပ်ပါဘူး။ ရင်ထဲမှာရှိသမျှတော့ ထုတ်ပြောလိုက်တာပါ။ ခုနလိုလဲ၊ ခုနလိုဘဲ ဆွေဆွေရဲ့ စကားလုံးသုံးပုံဟာ ရိုင်းရိုင်းသွားရတာပါ မမဝေရယ်"

"ဆွေဆွေတို့ ငယ်ငယ်က ပုသိမ်မှာ ဦးဘဇံဆိုတာ ဘုရားလူကြီးဘဲ၊ စက်သူဌေးလဲ ဖြစ်တယ်။ သူ့သမီးကို ယောက်ျားပေးစားတုန်းကများ ခေတ်မျက်စိနဲ့ဆိုရင် သိပ်ရှက်ဖို့ ကောင်းတာပေါ့။ မင်္ဂလာပွဲထိုင်ကို ယောက်ျားလေးဘက် တင်တောင်းတဲ့ငွေကိုတပြားစီ တီးယူတယ်။ ဟိုခေတ်က ငွေဒင်္ဂါးအစစ်သုံးတဲ့အပြင် ဇလားမှ ငွေကို တပုံစီ ပုံရတယ်။ ငွေဒင်္ဂါးစစ်မစစ်အသံကို ကြမ်းပေါ်မှာ တီးကြည့်ရတယ်။ အသံ 'အ'ရင်၊ ငွေသံမစစ်ရင် မယူဘူးလေ။ ကဲလေ တို့မေမေသာ အဲဒီလိုမျိုးဆိုရင် မမဝေတော့ ရှက်လို့ မင်္ဂလာပွဲကကို ထပြေးမိမှာ ၊ မေမေဟာ ဦးဘဇံလိုမိဘမျိုးမဟုတ်သေးတာကိုဘဲ ကျေးဇူးတင်အုံး. . ."

"အင်းပေါ့လေ၊ ဖက်ပေါ်ဆူးကျ ဖက်လဲပေါက်မယ်၊ ဆူးပေါ်ဖက်ကျတော့လဲ ဖက်ပေါက်ရမယ့်ဘဝပေကိုး၊ တို့က ဖက်လူတန်းစားပေါ့၊ ရောက်သမျှဘေးဒဏ် ပုဏ္ဏားခံပေါ့လေလို့ဆိုတဲ့ ငိုချင်းနဲ့ ဘဝသိမ်းရမယ့်အဖြစ် ရောက်နေရတာပေါ့၊ ယဉ်ယဉ်





ကျေးကျေး သိမ်သိမ်မွေ့မွေ့နဲ့တော့ ဆွေဆွေ ပြောသင့်ပြောထိုက်တာကို ရင်ထဲရှိသမျှတော့ ပြောခွင့်ပြုပါ။ ပြောပါရစေ မမဝေရယ်။ မေမေ့ကိုလဲ ဆွေရင်ထဲမှာရှိသမျှ ပြောလိုက်တာပါ၊ သမီးဝတ္တရား မေမေ့အပေါ် ဆွေမပျက်ခဲ့ပါဘူး။ ကိုလေးအပေါ်မှာလဲ မမဝေကတော့ လောကုတ္တရာစာပေ ကျွမ်းကျင်တဲ့သူဆိုတော့ မိဆွေတယောက် (ကြာပန်းကိုင်) မှားခဲ့တယ်ပေါ့။ မိဆွေကတော့ ဒါလောက် ဒီစာတွေ မဖတ်မိခဲ့ပါဘူး။ တစ်ခုပါဘဲ၊ ကိုယ့်ဖာသာကိုယ် ဆင်ခြင်မိပါတယ်. . .

"မေမေတို့ ပေးစားလိုက်တုန်းက ညားစမှာ ကိုလေးနဲ့နေခဲ့ရတဲ့အချိန်တွေကို ဆွေသာယာမိခဲ့မိတာ အမှန်။ ခုမှပစ်ပယ်ရင် လျစ်လျူရှုရင် ဆွေမတရားဘူးဆိုပြီး သည်းခံပြုစုတာပါ။ ရင်ထဲရှိတာကိုတော့ ပွင့်ပွင့်လင်းလင်း အန်ချချင်တာပေါ့။ တော်ကြာမျိုးသိပ်ဖန်များတော့ နှလုံးရောဂါနဲ့ ကိုလေးမသေဘဲ မိဆွေသေမှာဘဲ။ မိဆွေ မေမေ့ကိုဖွင့်ပြောလိုက်တော့ မိဆွေတို့မှာလူးလှိမ့်ခံရသမျှ မေမေသိရင် တော်ပါဘီ။ သူ သမီးတွေ၊ သားမက်တွေဆီက ရသမျှစည်းစိမ်းကို ခံစားရတာတွေကို ဆွေဘာမျှ မသဒ္ဒါစရာ၊ တိုထွာစရာ မရှိပါဘူး။ ဆွေ ဒါလောက်မမိုက်ပါဘူး မမဝေရယ်"

ဆွေဆွေ၏စကား လက်စမသိမ်းခင် ကိုလေးကြိုင် ခုတင်ဆီမှ လူးလွန့်သံကြား၍ ဆွေသည် စကားစဖြတ်ကာ လူနာအပါးသို့ ခပ်သွက်သွက်လေး ထသွား၏။

"ကဲ. . . ညဉ့်နက်ပါပြီ ဆွေရယ် အိပ်တော့၊ မမဝေလဲ အိပ်



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်"

မေမျိုးဝေသည် ညီမကို နှုတ်ဆက်ကာ သူ့အိပ်ခန်းသို့ ထွက်သွား၏။

နောက်နေ့နံနက်တွင် ကိုလေးကြိုင်ကို အစားအစာ ကျွေးမွေးပြီး ဘီးတပ်လှည်းနှင့် ဘဘမာယိ ရှိရာခြံထောင့်ရှိ အိမ်ကလေးကို ခေါ်သွားသည်။ သူစိမ်းဧည့်သည်များကို ထိုနေရာတွင် လာခွင့်မပေးပေ။ ကန့်လန့်ကာအပြင်တွင် အိမ်သားများနှင့်အတူ လှယမင်း ရောက်နေ၏။ လှယမင်းသည် အကျီအဖြူ လက်ရှည် လုံချည်အဖြူ ပိုးသားပေါ်တွင် ငွေချည်ထိုး၍ ငွေကျင်ခတ်အဖြူ ပဝါကို လက်ကန်တော့ သိုင်းထား၏။ နန်းဆန်ဆန် နှစ်ပတ်ရွှေဆံထုံးတွင် စိန်ဘီးစိုက်ထား၏။ သူ့ရုပ်ရည်နှင့်သူ့အဝတ်မှာ လိုက်ဖက်မော၍ ငေးကြည့်ရအောင် ချောမွေ့သူဆိုလျှင် မမှားပေ။ ကိုလေးကြိုင်အား ဆရာကြီးရှေ့တွင်ထား၍ ဦးဘကြိုင်က သူ့သားကို ဆရာကြီးနှင့် ကုမည့်အကြောင်း လက်ဟန်ခြေဟန်နှင့် ရှင်းလင်းပြောပြ၏။ မေမျိုးဆွေသည် လင်ကို ထားရစ်ကာ ကန့်လန့်ကာအပြင်ဘက်တွင် အိမ်သားများနှင့် အတူစောင့်နေရသည်။

လှယမင်းသည် ပထမဆုံး ကန့်လန့်ကာတွင်းသို့ ဝင်သွားပြီး ဆယ်မိနစ်လောက် အကြာတွင် ဦးဘကြိုင်နှင့်အတူပြန်ထွက်လာသည်။

"ကျွန်မတို့ ထုံးစံအတိုင်း ကိုလေးကြိုင်ကို ဘဘ ကုသပါတော့





ယ်၊ မိဘဖြစ်သူ ဦးဘကြိုင် ဒေါ်ပန်းထည်နဲ့၊ ဇနီးဖြစ်သူ မေမျိုးဆွေတို့က ကိုလေးကြိုင်ရဲ့ ဝေဒနာကို ကုသဖို့ ဆရာကြီးထံ အပ်ကြပါ..."

"ဟုတ်ကဲ့ .. အပ်ပါတယ်"

ဦးဘကြိုင်တို့ ဇနီးမောင်နှံက သံပြိုင်လိုလို ပြောလိုက်၏။

"ဟဲ့...မေမျိုးဆွေ၊ အပ်တယ်လို့ ပြောလိုက်လေ"

ဒေါ်စိန်ညို၏ ပြောသံကြားတော့မှ မေမျိုးဆွေသည် ကြောင်ဘက်တက် ဖြစ်နေရာမှ ...

"ဟုတ်ကဲ့၊ အပ်ပါတယ်"

ဟု ပြောလိုက်သည်။

"ဒါဟာ ကျွန်မတို့ဆရာကြီးရဲ့ ထုံးစံပါ။ အုပ်ထိန်းသူများ ပိုင်ဆိုင်သူများက ကုသခွင့်အပ်နှံမှ လူနာကို ကုရပါတယ်၊ လူနာကို ဆရာကြီး ပိုင်ဆိုင်မှ ရောဂါဖြစ်အောင် ပြုလုပ်ထားတဲ့သူကို ဆရာကြီးက ခေါ်ယူပြီး ဒီရောဂါကို နုတ်ယူဖို့ မေတ္တာရပ်ခံရပါတယ်"

"ကျွန်မယောကျ်ားအနားမှာ ကျွန်မ မနေရဘူးလား"

"သည်းခံပါ၊ ဒါကိုတော့ ခွင့်မပြုနိုင်ပါဘူး"

လှယမင်းသည် မေမျိုးဆွေ မေးသည်ကို ဖြေလိုက်၏။ ပြီးလျှင် သူတို့ရှေ့တွင်ထိုင်ကာ မျက်စိမှိတ်၍ လက်နှင့်ကြမ်းပြင်ကို တဒေါက်ဒေါက် ခေါက်လျက်ရှိ၏။ ငြိမ်သက် တိတ်ဆိတ်သော အိမ်ကလေးတွင် ခေါက်သံသည် မပြင်းထန်လှသော်လည်း ကျယ်လောင်လာသည်ဟု ထင်ရသည်။

"ဆရာကြီး၏ အမိန့်နှင့် ကျွန်ုပ် ခေါ်ယူပါသည်။ ဝေဒနာ



www.burmeseclassic.com

www.burmeseclassic.com



ရှင်အား ရောဂါဖြစ်အောင် ပြုလုပ်ထားသူသည် ယခုမကြာ
ရောက်လာပါရန် ဒမတ္တာရုပ်ခံအပ်ပါ၏"

လှယမင်း၏ အသံသည် ကြည်လင်စွာပေါ်လာ၏။ သို့
ငါးမိနစ်ခန့်သာကြာသည်။ အထဲမှ ဘာသံမှ မကြားရ
လှယမင်းသည် ကန့်လန့်ကာတွင်းသို့ ဖြည်းညင်းစွာ ဝင်
သွား၏။

"အတော် ဇွဲခက်တဲ့အကောင်၊ လေးမမ ခေါ်တာလော
မဝင်လာဘူး"

ဒေါ်စိန်ညိုသည် သူတို့အထဲတွင် အတွေ့အကြုံရှိပြီးသူ
ဝင်ပြောလိုက်သည်။ လှယမင်းကို ဘာကြောင့် 'လေးမမ'
ခေါ်သည်ကိုတော့ မသိကြပေ။ မကြာခင် လှယမင်းသည်
ထွက်လာ၏။

"ဆရာကြီးကိုယ်တိုင် ခေါ်ယူပါတော့မယ်"

လှယမင်း၏ကြမ်းပြင်ခေါက်သံမျိုးကန့်လန့်ကာခေါက်တွင်
ကြားရ၏။ သို့သော်ကန့်လန့်ကာ ခုနစ်ထပ်ကာထားသောကြော
အသံမှာ ခုနလောက်မကျယ်။ ညင်သာနေသည်။ ကိုလေး
၏ တီးတိုးညည်းသံလိုလို အသံမှာ၊ ငါးမိနစ်လောက်အ
တွင် ပေါ်လာပြီးတိတ်ဆိတ်သွားပြန်သည်။ နောက်ထပ် တခေါ်
ခေါက်နှင့် ကြမ်းပြင် ခေါက်သံကို ဆက်လက် ကြားနေရ
ရုတ်တရက် ဝူးဝါးနှင့် ကိုလေးကြိုင်၏ ငယ်သံပါအောင် အော်
ကို ကြားလိုက်သည့်တပြိုင်နက် မေမျိုးဆွေသည် ဘယ်သူ





ဆွဲမမီလိုက်ခင် ကန့်လန့်ကာတွင်းသို့ ပြေးဝင်သွားသည်။

"ဟဲ့ . . . ဟဲ့ အဲဒီကောင်မကို ဆွဲထားကြ။ ဒီလိုဘဲ ကုရတာပဲ"

ဒေါ်စိန်ညို အော်သံမဆုံးခင် ဝုန်းဒိုင်းနှင့် ကန့်လန့်ကာ အတွင်းမှ အသံများပေါ်လာ၍ ဦးဘာကြိုင်ရော၊ မေမျိုးဝေပါ ကန့်လန့်ကာတွင်းသို့ ဝင်သွား၏။ သူတို့သည် ရုတ်တရက်သော် ဘာလုပ်ရမှန်းမသိ။ မြင်ကွင်းကို ကြက်သေသေသလို ကြည့်နေမိ၏။ မေမျိုးဆွေသည် ကျားသစ်မငယ်၏ ရဲရင့်ခြင်းမျိုးနှင့် ကန်တော့ပွဲထဲရှိ အုန်းသီးများကို တလုံးပြီး တလုံး ကောက်ယူကာ 'ဘဘ မာယိ' ခေါ် ဆရာကြီးအား ပစ်ပေါက်လျက်ရှိ၏။ မေမျိုးဝေက ညီမကိုလိုက်ဆွဲစဉ် ဦးဘာကြိုင်သည် သားရှိရာသို့ ပြေးဝင်သွား၏။

"ကျွန်မလင်ကို ရိုက်နှက်ပြီး မကုပါဘူးဆို၊ အခုဒီကြိမ်လုံးကို ချလိုက်၊ ဆေးကြိမ်လုံးမကလို့ ၊ ဘာကြိမ်လုံးဖြစ်ဖြစ် . . ."

"ဟဲ့ . . . ဟာမ၊ လူနာကိုထိတာမဟုတ်ဘူး။ ပယောဂကောင်ကိုသာ ထိတာ"

ဒေါ်စိန်ညို့အသံကလည်း စူးစူးရှရှပေါ်လာ၏။ လျှပ်တပြက်အတွင်း ဘာတွေဖြစ်မှန်းမသိအောင် ကန့်လန့်ကာတွေက ပြုတ်ကျ၊ ဖယောင်းတိုင်များပေါ်သို့ ပြုတ်ကျသွားသော ကန့်လန့်ကာပိတ်စကိုမီးစွဲလောင်၍ အဝင်းတို့၊ အထွေးတို့ ၊ အေးမောင်တို့ အုပ်စုမှာ ရေပိုက်နှင့်ဖျန်း၊ မီးသတ်ကြနှင့် ရှုပ်ရှက်ခတ်သွားတော့သည်။

မီးကိုရေနိုင်၍တမုဟုတ်ချင်း ငြိမ်းသွားသော်လည်း လူနာမှာ



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံး ပေကလပ်၊ ပေကလပ်နှင့် မောပန်းစွာ အသက်ရှူနေ၏။

"ကိုအေးမောင် ကားထုတ်ပါ။ ကိုလေးကို အမြန်ဆုံးဆေးရုံ ရောက်အောင်ပို့ရမယ်၊ အမေလေး. . . ဖေဖေကြီးရဲ့ ကိုလေး လက်တွေခြေတွေ စမ်းကြည့်ပါအုံး၊ အေးစက်လာပြီ၊ ဒေါက်တာမျိုးခိုင်ဆီ တယ်လီဖုန်း ဆက်ပေးပါ"

ဆွေသည် တစ်ခုပြီးတစ်ခု အော်ဟစ် စီစဉ်နေ၏။

နာရီဝက်ပင်မကြာ လူနာရော၊ မေမျိုးဆွေညီအမနှင့် ကိုလွန်းဘော်၊ မြမြကြိုင်တို့ကားပေါ်ရောက်သွားကြ၏။ ဆေးရုံကြီးကို သူတို့ရောက်ရောက်ချင်း၊ အရေးပေါ်ဌာနက ချက်ချင်းပင်စီစဉ်၍ ကိုလေးကြိုင်ကို ဆေးလည်းထိုး၊ အောက်စီဂျင်ပေး၊ ဂလူးကို့စ် သွင်းကြပါသော်လည်း ကိုလေးကြိုင်၏ လက်ဖျားများသည် ပြန်လည်၍ မနွေးလာကြတော့ပေ။

ကိုလေးကြိုင်လက်ဖျားများကို ဆုပ်ထားသော ဆွေသည် မတ်တတ်ကြီး၊ ကျောက်ရုပ်လို ငြိမ်သက်နည်းမျိုးနှင့် ငြိမ်သက်သွား၏။

"ဆွေ. . . ဆွေ. . . ညီမလေး. . . သတိထား"

မေမျိုးဝေကရော၊ မြမြကြိုင်ပါ မေမျိုးဆွေကို ကိုင်လှုပ်လိုက်ကြ၏။ ဆွေသည် ယောင်းမနှင့်အစ်မလက်ပေါ်တွင် အရုပ်ကြိုးပြတ်သလို ခွေပျော့ကျသွားတော့၏။

ဖြူဆွတ်သောအဝတ်များနှင့် ဖုံးလွှမ်းလိုက်သော ကိုလေးကြိုင်၏ နောက်ဆုံးအချိန်ကို ဆွေမတွေ့ရတော့ပေ။

☺ ပြုံးစာပေ ☺



ကိုလေးကြိုင်အား ရေခဲတိုက်သို့သွင်းချိန်တွင် ဆွေကိုသူတို့ မော်တော်ကားနှင့် အိမ်သို့ ပြန်ခေါ်လာကြသည်။ ဆွေသည် အိမ်၏ပြဿနာကိုလည်းမသိ၊ သိခွင့်လည်းမပေးကြ။ အိမ်ကြီး၏ နောက်ဆုံးဘက်သူတို့၏ ဒေါက်တာမျိုးခိုင်သာ သူ့အနားတွင် နေရစ်ကြသည်။

အဘယ့်ကြောင့်ဆိုသော်၎င်းအိမ်ကြီး၏ဦးစီးဖြစ်သူ ဦးဘကြိုင်မှာ မြွေပါလည်းဆုံး၊ သားလည်းဆုံးအဖြစ်နှင့် ကြုံနေသောကြောင့်ဖြစ်၏။

အခြေအနေရှုပ်ရှက်ခတ်နေစဉ် ဂိုဏ်းဆရာကြီး ဘဘမာယီ ရော၊ လှယမင်းရောပျောက်ခြင်းမလှပျောက်သွား၏။ သူတို့ခြံဝင်းထဲသို့လည်းရဲဌာနမှလုံခြုံရေးအရာရှိများ၊ ရပ်ကွက်လူကြီးများပါ ရောက်လာရုံမက၊ သူတို့အံ့ဩသည်မှာ သူတို့အိမ်သို့စာပို့နေကျ စာပို့သမားလေးပါ၊ ပါလာသောကြောင့်ဖြစ်၏။ ဦးဘကြိုင်နှင့်ဒေါ်ပန်းထည်မှာ သားရှိရာဆေးရုံသို့ မလိုက်နိုင်သေးဘဲ၊ ညှော်ခန်း ဘွင်လုံခြုံရေးမှူးတို့က ရှင်းလင်းပြောပြနေသည်ကို နားထောင်ရ၊ သူတို့ စစ်ဆေးသမျှ ဖြေဆိုနေရ၏။

"စိတ်မရှိပါနဲ့ခင်ဗျာ၊ ကျွန်တော်တို့က ရပ်ကွက် လုံခြုံမှု၊ အေးချမ်းသာယာမှုကို တာဝန်ယူနေရသူတွေပါ။ အန်ကယ် ဦးဘကြိုင်ဟာ ဒီပတ်ဝန်းကျင်မှာ လူကြီးလူကောင်းတစ်ယောက်ဖြစ်ရုံမက၊ ကောင်းစွာအသက်မွေးတဲ့ သူဖြစ်တယ်လို့ ရပ်ကွက်ကော်မီတီလူကြီးတွေကတစ်ဆင့်သိရပါတယ်။ ဒါပေမဲ့ တစ်နေ့တော့ရဲဌာနကို ဟောဒီစာပို့သမားလေး ရောက်လာပါတယ်။

☺ ပြုံးစာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သူ့အပြောကတော့ ဒီအိမ်မှာ ဆေးကုမယ့် ဆရာကြီးအကြောင်း စုံစမ်းပေးပါတဲ့. . . ဘာဖြစ်လို့လဲဆိုတော့ သူဟာပုပ္ပားတောင်ခြေက ဆိတ်ထိန်းရွာသားတဲ့၊ သူတို့ရွာကို ဆရာကြီး တစ်ယောက် ရောက်လာပြီး၊ ဆေးကုတယ်။ နောက်ဆုံးတော့ အကျိတ်ရှိ-မရှိ မိန်းမတွေ ရင်ဘတ်ကိုစမ်း၊ ဗိုက်ကိုစမ်းပြီး ကုသလို့"ရင်စမ်းတိုယ်တော်" လို့ နာမယ်ကြီးတယ်. . .

"နောက်ဆုံးမိန်းမတွေနဲ့ရှုပ်လို့ ရွာက မောင်းထုတ်ကြတယ်တဲ့။ သူကတော့ သူ့နှမရင်ဘတ်၊ အပျိုပေါက်စလေးကို စမ်းလို့ သူနဲ့နဲ့မှမကျေနပ်ဘူးတဲ့။ သူစာပို့သမားလေးအဖြစ် အလုပ်လုပ်တဲ့ မြို့တိုင်းမှာ ဒီဆရာကြီးအကြောင်းစုံစမ်းနေတယ်တဲ့. . .

"အဲဒါ အခု ဒီအိမ်က ကိုးကွယ်နေတဲ့ ဒီဆရာကြီးကိုလဲ သူမသက်ာလို့၊ သူတွေ့ခွင့်ရအောင်လုပ်မယ်။ ဟုတ်ရင်လဲ သူ့ကို အကူအညီပေးပါလို့ဆိုပါတယ်. . .။

"အန်ကယ်ဦးဘာကြိုင်ခင်ဗျား၊ ကျွန်တော်တို့ကလဲ လူမှုရေးအရတော့ တို့လဲကူညီစုံစမ်းပေးမယ်၊ လက်ဆုပ်လက်ကိုင်ရာဇဝတ်ကျူးလွန်တဲ့အပြစ်မရှိရင်၊ လူတစ်ယောက်ကို တို့များဟာ ဖမ်းဆီးချုပ်နှောင်အပြစ်မပေးနိုင်ဘူး။ ဒီတော့စောင့်ကြည့်မယ်လို့ သူ့ကို ပြောပြပါတယ်။ ဒီနေ့တော့ လှယမင်းဆိုတဲ့ မိန်းမဟာ ကျောက်စိမ်းနဲ့ရွှေချောင်းခိုးထုတ်နေတဲ့ အမျိုးသမီး ဂိုဏ်းနဲ့ပတ်သက်နေတော့၊ ကျွန်တော်တို့ဟာ ဒီမိန်းမကို အလိုရှိနေတယ်၊ သက်ာမကင်းလို့လာအတွေ့ အန်ကယ်တို့အိမ်မှာ မလှမပတဲ့ ဒီဇာတ်လမ်းနဲ့လာကြုံရတာ အများကြီး ဝမ်းနည်းပါတယ်။ ကျွန်တော်တို့





ထဲကလဲအခုတော့ လှယမင်းနောက်ကို လိုက်သွားကြပါပြီ။ ချိန်မီ-မမီတော့ မသိပါဘူးခင်ဗျား"

ဦးဘာကြိုင်မှာသူဘာကြောင့်ဒီဂိုဏ်းဆရာကို လက်ခံမိကြောင်း ဒေါ်စိန်ညိုကိုစွပါမကျန် ရှင်းလင်းပြောပြနေဆဲ၊ မသန်းအေးသည် ဧည့်ခန်းတွင်းသို့ အထိတ်တလန့်နှင့် ပြေးဝင်လာ၏။

"ဖေဖေကြီးနဲ့ မေမေကြီး၊ မြန်မြန်လာပါ။ ဒေါ်ဒေါ်စိန် ဘာဖြစ်မှန်းမသိဘူး"

ဦးဘာကြိုင် အိမ်ပေါ်ပြေးတက်သွားချိန်တွင်မူ အမြှုပ်များ ပါးစပ်မှ ထွက်ကာ၊ ခုတင်ပေါ်တွင် လဲကျနေသော အသက်မရှိတော့သည့် ဒေါ်စိန်ညို သူတို့တွေ့ရတော့သည်။

ဒေါ်စိန်ညို အိပ်ရာဘေးတွင်မူ -

ကိုကြီးဘာသာ

ညီမလေးကို ခွင့်လွှတ်ပါတော့၊ ညီမလေး စိန်နား ကပ်လဲ ဘုရားတည်မယ်ဆိုလို့ အလှူအနေနဲ့ လှယမင်းဆီ ပါသွားပါပြီ။ ကိုကြီး မသိအောင် ပေးလိုက်တာပါ။ အားလုံးရဲ့ ဒုက္ခတွေဟာ ညီမကြောင့် ဖြစ်ရတဲ့အတွက် ကိုယ့်ဇာတ် ကိုယ် သိမ်းသွားပါပြီ။

ညီမလေး

စိန်ညို

ဟူသောစာကိုသာတွေ့ရတော့သည်။ ဦးဘာကြိုင်၏ ကိုယ်ရေးရာဇဝင်နှင့် အပြစ်ကင်းသော အသက်မွေးဝမ်းကျောင်းကြောင့်သာ ဥပဒေကြောင်းအရ ဆက်လက် အရေးယူခြင်း မခံရ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း နှမလည်းဆုံး၊ သားလည်းဆုံး၊ ငါးသောင်းတန် စိန်နားကပ်ပါ အဆစ်ထည့်လိုက်ရတော့သည်။

ရဲဌာနမှ လုံခြုံရေး အရာရှိများမှ ဥပဒေကြောင်းအရ ဂိုဏ်းဆရာနှင့် လှယမင်းအား ဆက်လက်အရေးယူရန် ဦးဘာကြိုင်အား နှုတ်ဆက်ထွက်ခွာသွားကြ၏။

ဦးဘာကြိုင်သည် မမျှော်လင့်ဘဲ အဖြစ်တွေကို အိမ်ထောင်ဦးစီးတစ်ယောက်အနေနှင့် ကြံ့ကြံ့ခံနိုင်အောင် မနည်းစိတ်ထိန်းဖြေရ၏။ သူ စိတ်ဖြေသာအောင် ပထမဆုံး ဆေးပညာရှုဒေါင့်မှ ရှင်းလင်းပြသူများမှာ ဒေါက်တာမျိုးခိုင်နှင့် စိတ်ရောဂါကုဆေးရုံမှ ဒေါက်တာဂွန် ဖြစ်သည်။

“အမှန်တော့လဲ အန်ကယ်ရယ်၊ မြန်မာလိုတော့ ဥပါဒါန်ဆိုရမှာပေါ့၊ ဒေါ်ဒေါ်စိန်ဟာ သူချစ်သူကို တနေ့ပြန်လည်တွေ့ရလိမ့်မည်။ သူချစ်သူဟာ ဘဝခြားပေမင့် ဟိုဘဝက စောင့်နေလိမ့်မယ်လို့ သူအစဉ်ယူဆနေတယ်။ ဒီဥပါဒါန်ကို ပိုမိုပြင်းထန်အောင် လွှမ်းမိုးနေသူ တွေကတော့ ရိုက်ဒါဟတ်ဂတ်နဲ့ ရွှေဥဒေါင်းပါ။ ဒီစာရေးဆရာကြီးတွေကို ကျွန်တော် အပြစ်ဆိုနေတာမဟုတ်ပါဘူးနော်၊ ဟောဒီ ကျွန်တော့် မိတ်ဆွေ ဒေါက်တာမျိုးခိုင်က ဒီအိမ်ကလူနာတွေကို တာဝန်ခံကုသူ ဖြစ်တော့ ကျွန်တော့်ကို ခဏခဏလာဆွေးနွေးပါတယ်။ ဒေါ်ဒေါ်စိန်ရဲ့မသိမသာ စိတ်ဝေဒနာ ခံစားလာပြီဆိုတဲ့အချိန်မှာ သူလာတိုင်ပင်တော့ ကျွန်တော် သူဖတ်တဲ့စာအုပ်တွေကို လေ့လာခိုင်းတယ်။ သူနောက်ကြောင်းကိုလဲ စုံစမ်းခိုင်းတယ်”





“ဟုတ်ပါတယ် အန်ကယ်၊ ဒေါ်ဒေါ်စိန်နဲ့ သူချစ်သူအကြောင်းကို မေမျိုးဆွေက ကျွန်တော့်ကို ပြောပြပါတယ်။ အန်ကယ့်ဆီက သူသိရသမျှ ပြောပြတာပါ။ ဘာကြောင့်ပြောလဲဆိုတော့ သူရော၊ အန်ကယ်ရော၊ ဒီဂိုဏ်းဆရာနဲ့ ကိုလေးကြိုင်ကို တုသဖို့ သိပ်စိတ်မပါကြသော်လဲ ဒေါ်ဒေါ်စိန်ကို အန်ကယ်နဲ့လဲ စိတ်ရှိတဲ့အကြောင်း ဆွေက ရှင်းပြလို့ပါ။ ပြီးတော့ ဂွန်ကလဲ ဒေါ်ဒေါ်စိန် ငယ်ငယ်ကတဲကနဲ့ ခုထိ စွဲစွဲမြဲမြဲဖတ်တဲ့စာအုပ် လေ့လာခိုင်းတော့ ကျွန်တော်သိရသမျှ အင်္ဂလိပ်လို (SHE) ရှိ မြန်မာလို ရူပနန္ဒီဘဲလို့ သိရတယ်”

ဒေါက်တာမျိုးခိုင်က ဝင်ရောက်၍ စွက်ဖက်ပြောလိုက်၏။ ဒေါက်တာဂွန်သည် သူ့စကားကို ဆက်လက်ရှင်းပြ၏။

“အခု အသက်ခြောက်ဆယ်ဆိုတဲ့အမျိုးသမီးကြီးတွေ၊ အချစ်စိတ်ဝေစအရွယ်မှာ ရွှေဥဒေါင်းတို့ ဆရာကြီးများ တခေတ်တက်သစ်စနဲ့ ကိုက်နေပါတယ် အန်ကယ်”

“မှန်ပါတယ်”

“မိန်းမတွေဟာ အချစ်ကိစ္စနဲ့ပတ်သက်လာရင် သေကွဲ ကွဲကြရတဲ့အခါ သူတို့ချစ်သူဟာ ခုဘဝတွင်မက နောက်ဘဝမှာတောင် စောင့်နေရစ်မယ်လို့ ယူဆကြတယ်။ စိတ်စွဲကြတာမှာ ပိုပါတယ်။ အဲဒါကနေ ဒေါ်ဒေါ်စိန်က ရူပနန္ဒီဝတ္ထုကိုဖတ်၊ စိတ်ကလဲ စွဲလမ်း၊ ဒီလို မိန်းမမျိုးတွေရဲ့ ပျော့ကွက်ကို နားလည်တဲ့ လှယမင်းလို အမျိုးသမီးတွေနဲ့၊ ဂိုဏ်းတူ ဆရာတွေပေါင်း၊ ဘုရားကိုကြည်ညိုတဲ့ အမျိုးသမီးတွေဆီက ငွေချွေရလွယ်အောင်

www.burmeseclassic.com



ဘုရားတည်ဖို့ဆိုတဲ့ ဦးတည်ချက်နဲ့ပြုပြီးတော့လဲ ထိုးဇာတ်များ အမျိုးမျိုးကိုလဲ သူတို့ဟာ ပုဂ္ဂိုလ်အလိုက် ပြောပြတတ်ပါတယ်။ ခု ဒေါ်ဒေါ်စိန်ခံရသလိုပေါ့၊ အန်ကယ်ရော၊ ကျွန်တော်တို့ရော၊ နဝရတ်သေလာအိုင်နဲ့ တောင်ဟာ ဘယ်မှာရှိမှန်း မသိဘူး။ ဒေါ်ဒေါ်စိန်ကို သူတို့ကအပြောကောင်းတော့ သူ့ချစ်သူဟာဖြင့် သူ့ကို ဒီအိုင်ကြီးမှာ နဝရတ် သေလာ ကိုယ်တော်လေးအဖြစ် စောင့်နေဘီ ဆိုတာကို သူအစဉ်စွဲလမ်းနေပါတယ်။ လှူယမင်းတို့ အလှူခံတဲ့ငွေကို အန်ကယ်တို့ဆီ ရုတ်တရက်တောင်းမရမှာစိုးတော့ သူဟာ ငါးသောင်းတန် စိန်နားကပ်ကို တိတ်တိတ် လှူယမင်းကို ပေးလိုက်ပြီး ဖြစ်နေပါတယ်ခင်ဗျာ၊ ဒါဟာ အန်ကယ်တို့တင် ခံရတာမဟုတ်ပါဘူး၊ ရန်ကုန်မှာ ကြေးရည်တတ် အမျိုးသမီးတွေ များများဟာ ဒီဂိုဏ်းတု ဆရာတွေနဲ့ လှူယမင်းတို့ ပူးပေါင်းပြီး လိမ့်ယူလို့ ထောင်နဲ့သောင်းနဲ့ချီပါသွားကြတဲ့အဖြစ်တွေ အများကြီးဘဲ။ တချို့လဲ လူပါ ပါသွားကြတာပါ။ ရှက်လို့ ဖုံးဖိထားကြလို့သာပါ ခင်ဗျာ”

“ဟုတ်ပါတယ်လေ၊ ဒေါက်တာတို့နှစ်ယောက် ပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အန်ကယ်အပြစ်လဲပါတယ်ဆိုရမှာပေါ့။ ဘုရားစစ် ဘုရားမှန်၊ တရားစစ် တရားမှန်၊ သံဃာစစ် သံဃာမှန်တွေ ရှိပါရက်နဲ့ ကိုယ်ကိုယ်တိုင်က ညီမနဲ့ဇနီးကို သဘောပေါက်အောင် ရှင်းလင်းပြနိုင်လောက်အောင် ကိုယ်ခံ အရည်အချင်း မပြည့်ဝခဲ့ဘူး၊ အန်ကယ် စီးပွားရေးတခုထဲသို့ ဇောက်ချ အလေးထားမိတာမှာ အန်ကယ်မှာ တာဝန်မကင်းပါဘူးလေ၊ စီးပွားရေးနဲ့ ထပ်တူထပ်မျှ တခြားပြဿနာတွေပါ





အန်ကယ် တာဝန်ယူရမှာပေါ့”

“ဒီလိုရှိပါတယ်၊ အန်ကယ်တို့ မပြောနဲ့၊ ခေတ်မှီသိပ္ပံပညာရှင် ဆရာဝန်ဘဝ ရောက်လာတဲ့ ကျွန်တော်တောင် ငယ်ငယ်က ကြောမင်းလေးကို သိပ်မျှော်တာဘဲ”

ကျွန်၏ စကားကြောင့် ဦးဘာကြိုင် အံ့အားသင့်သွား၏။

“ဟုတ်ပါတယ် ခင်ဗျာ၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ကို ငယ်ငယ်ကထိန်းတဲ့ အထိန်းဟာ မန္တလေးသူပါ။ ခေတ်မီနာနီများ မဟုတ်ပါဘူး။ အမေ့နို့ဟာ နို့ပူဆိုပြီး မတိုက်၊ နို့ဘူးကိုလဲ တိုက်ရ၊ ချွတ်ရ၊ ဆေးကြောရတဲ့ တာဝန်ကြောင့်လဲ တကြောင်း ကျွန်တော့်အဘိုးနဲ့အဘွားဟာ တနည်းတော့ ခေတ်မီသူ ဆိုရမယ်။ နွားနို့လိုတိရစ္ဆာန်နို့နဲ့သူ့မြေး မကြီးရဘူးဆိုပြီး၊ ကျန်းကျန်းမာမာ မြန်မာ့အမျိုးသမီးစစ်စစ်ကို ဆေးစစ်ပြီးမှ သူကနို့ထိန်းအဖြစ် ငှားပြီး ကျွန်တော့်ကို ထိန်းစေတာပါဘဲ။ အဲဒီနို့ထိန်းသည်ကြီး ကျွန်တော့်ကို ပြောတဲ့ပုံပြင်ထဲမှာ စကြာမင်းတလေး အကြောင်းနဲ့ သူ့ချစ်သူ မြစိမ်းရောင်မင်းသမီးလေး အကြောင်း အမြဲပါတယ်။ ဒီမင်းသမီးလေးဟာ စကြာမင်းလေးဝတ်ဖို့ချိတ်ပုဆိုးကို ရက်နေတယ်တဲ့။ ချိတ်ပုဆိုးပြီးရင် စကြာမင်းလေးလာတော့မယ်လို့ ပြောတယ်။ အဲဒီ ပုံပြင်ကို ကျွန်တော်သိပ်ကြိုက်တာဘဲ။ ခုမှဘဲ မရှိတဲ့ စကြာမင်းကလေးကို မမျှော်မိတာ. . .”

“ဟုတ်ပါတယ်၊ ဒါပေမင့် ရန်ကုန်မှာ အန်ကယ်ဟာ ခေတ်မီလူကုံထံ ကြေးရည်တတ်တဦးဖြစ်ပါရက်နဲ့ ဒီဂိုဏ်းဆရာနဲ့ ဒီမိန်းမ



www.burmeseclassic.com

www.burmeseclassic.com



လှိမ့်သွားတာ ခံလိုက်ရတယ်။ သားလဲဆုံး၊ နှမလဲသေ၊ စိန်နားကပ်လဲ ပါသွားရတယ်ဆိုတဲ့အဖြစ်ဟာ ရှက်ဖို့ကောင်းတာပေါ့"

"ဒါတော့လဲ အန်ကယ်ရယ်၊ ဇာတ်ရုပ်ရှင်လို နန်းတော်မှာတောင် ကဝေဆရာလိုလို၊ မှော်ဆရာလိုလို ရုပ်စပြုတင်ဟာ မွှေခဲ့သေးတာဘဲ"

ဆရာဝန်နှစ်ဦးသည် သူတို့ ဆေးပညာသည်များ ရှုထောင့်မှ ကြည့်ကာ ဦးဘာကြိုင်အား နှစ်သိမ့်ကြ၏။

"ဒေါက်တာတို့ကို အများကြီး ကျေးဇူးတင်ပါတယ်။ ကျန်ခဲ့တဲ့ အန်ကယ့် ချွေးမ မေမျိုးဆွေကိုသာ ကျန်းမာရေးကောင်းလာအောင်သာ ကူညီကြပါတော့"

"ကျွန်တော် အကြံတစ်ခု ပေးပါရစေ၊ ကျန်းမာလာတာနဲ့ တပြိုင်နက် သူသွားချင်ရာကို ခရီးရှည် ထွက်ခွင့် ပေးလိုက်ပါ အန်ကယ်"

ဒေါက်တာမျိုးခိုင်သည် သူ၏ ဆန္ဒကို ထုတ်ဖော်ပြောလိုက်သည်။

အိမ်၏ အရှေ့အဆောင်လေးမှာမူ အခြေအနေ အားလုံး ပြောင်းလဲသွား၏။ ယခင်ကလို သူလည်းမရှုပ်၊ ခတ်လုံး လက်ဖွဲ့နှင့် ဂိုဏ်းသမားများလည်း ရှင်းသွား၏။

ဒေါ်စိန်ညိုတခါက ဝမ်းထဲ အပ်ကျသွားသည်ဟု ဖြစ်သွားသော အဖြစ် ရောက်အောင် ချုပ်လုပ်တဲ့ ခြေသုတ်အခင်းကို လျှို့ဒါန်းခဲ့ပါသော မြိတ်မှ ဆရာတော်ကြွရောက် သီတင်းသုံးလာ၏။ ဆရာတော်၏ မေတ္တာအရှိန်ဖြင့် အေးမြ ချမ်းငြိမ်းသော





ကျောင်းသင်္ခမ်းအဖြစ်သို့ ပြောင်းလဲသွားတော့၏။

"ဒကာကြီးတို့ မောင်နှမ၊ မိသားစုရဲ့ ဆရာဒကာဖြစ်နေတော့ ဆရာတော်လဲ ပြောဆိုဆုံးမစရာရှိသမျှ တိတိလင်းလင်း ပြောပြရမှာဘဲ။ တကယ်တော့ ဆရာဝန်များကို ကျန်းမာရေးချို့တဲ့မှု၊ နာမှု၊ သေခါနီးမှ သတိရကြသလိုဘဲ၊ တို့များ ဘုန်းကြီးတွေကိုလဲ လူတွေဟာ တကယ်ဆိုတော့ သေခါနီးမှ ကြွပါဘုရား၊ ပရိတ်ရွတ်ပေးပါဦး ဘုရား၊ သရဲခြောက်လို့ မြေကြမ်းလို့ ကမ္မဝါစတ်ပေးပါဦး ဘုရားနဲ့ပင့်ကြတယ်။ ဆရာဝန်များနဲ့ တို့ဘုန်းကြီးတွေနဲ့ ခပ်ဆင်ဆင်ပါဘဲ။ မစိန်ညိုကိစ္စရော မောင်လေးကြိုင်ကိစ္စရော ဖြစ်ခဲ့ရတာ စိတ်လှုပ်ရှား ထိခိုက်စရာဘဲ။ ဒါပေမယ့် တွေးကြည့်စမ်း၊ ဘဝကိုစွဲပြီး သူ့ချစ်သူ ဟိုဘဝက သူ့ကို စောင့်နေမယ်အထင်နဲ့ ဘဝကို စွဲလမ်းတဲ့စိတ်၊ ဘဝဆိုတဲ့ အပေါ်မှာ အယူအဆ အတွေးအခေါ် ခံယူချက်မှားခဲ့လို့ မစိန်ညို သေခဲ့ရတာဘဲ . . .

"ဒီတော့ ၁၁၀ ဆိုတာ ဘာလဲ၊ ဘဝဆိုတာ ရှိတယ် ဆိုတဲ့ အယူအဆမှာ ဗုဒ္ဓခံယူချက်ဆိုတာ ဘာလဲဆိုတာ ဒကာကြီးလဲ မသိသေးဘူး။ ဘုန်းကြီးဟောပြောလဲ တရားအခြေခံမရှိလို့ ဒကာကြီး နားလည် သဘောပေါက်ဖို့ မလွယ်ဘူး။ ဒါ့ကြောင့် အားလပ်တဲ့တချိန် အနားယူပြီး၊ ဝိပဿနာတရားကို အားထုတ်၊ အခြေခံရတယ်ဆိုရင်ဘဲ ဆရာတော် ဘဝ ပြဿနာကို ဒကာကြီး နားလည်အောင် ဟောပြောပြမယ်။ ဖြစ်ပြီးခဲ့တဲ့ ပူပန်သောကကိုလဲ ပြန်တွေးမနေနဲ့တော့၊ မဖြစ်သေးသောအပူကိုလဲ ကြိုတင်



www.burmeseclassic.com

www.burmeseclassic.com



မပူနဲ့တော့ ဒကာကြီး။ ဖြစ်ပြီးအကုသိုလ် သောကတွေကိုသာ နောက်ထပ် မဖြစ်ပွားမိအောင် ကုသိုလ်တရားတွေကိုသာ ဆက်လုပ်ပေတော့"

မြိတ်ဆရာတော်က သူသီတင်းသုံးနေစဉ် တိုတိုနှင့် လိုရင်းကိုသာ ပြောပြ ဆုံးမ၍ ဦးဘာကြိုင်အား နှစ်သိမ့်ခဲ့၏။

ကိုလေးကြိုင်စျာပနတုန်းကရှိနေသော အစ်မကြီး မေမျိုး သည် ရက်လည်ပြီး တောင်ကြီးသို့ ပြန်သွားတော့သည်။ ပြောချင်ရာ ပြောခဲ့သော မိခင်ကြီးသည် အရေးအကြောင်း လာသောအခါ သမီးအနားမှ မခွာရက်၊ ပြုစုရန် သူနာပြုဆရာ အစဉ်ရှိသော်လည်း သူသည် သမီးလေးနှင့် တစ်ခန်းထဲ အိပ်

"သမီးတို့အပေါ်မှာ မေမေ့ရဲ့ အမှားတွေလဲ အများကြီး ခဲ့ပါတယ် သမီးလေးရယ်၊ ဒီအတွက် မေမေလဲ စိတ်မချမ်း ခဲ့ပါဘူး။ ငါမိခင်ဘဲ ငါထင်တာလုပ်ခဲ့တာကို သူတို့က ဘာ ပြန်လည် ချေပ ပြောဆိုဖို့ မလိုဘူးဆိုတဲ့ မေမေ့ ယူဆချက် မေမေ ပြောင်းလဲလိုက်ပါပြီ။ မေမေ ဟိုတလော လာလည်တုန်း က သမီး မေမေ့ကို ပြောခဲ့သမျှတွေ မေမေ ခွင့်လွှတ်ပါတယ် သမီးလေး စိတ်ချမ်းသာအောင် နေနော်. . ."

အေးမြချမ်းငြိမ်သော မိခင့်စကားနှင့်စိတ်ထားမှာ မေမျိုး ဟာ ပိုက်ထွေးယုယလျှက်ရှိ၏။ မေတ္တာ၏သိမ်မွေ့သောရေစင် သူ၏ နွမ်းနယ်ပင်ပန်းလာခဲ့သော စိတ်နှင့်ခန္ဓာကိုယ်ကို ပြန် လန်းဆတ်လာခဲ့စေပါသည်။

မေမျိုးဆွေ အံ့အားသင့်လောက်အောင် ထူးခြားပြောင်း





တစ်ခုမှာတော့. . .

"သမီးလေး. . . နေကောင်းပြီးလာပြီ။ ရွှေ့လထဲ ရောက်ရင် မဝင်းကို အဖော်ခေါ်ပြီး သမီးရဲ့ညီမလေး မေမျိုးငွေရှိတဲ့ မြစ်ကြီးနားကို သွားလည်တာပေါ့။ မောင်လေးကြိုင် ကိစ္စတုန်းက မေမျိုးငွေ ခရီးလွန်ပြီး မောင်သိန်းနောင်ရဲ့နောက် လိုက်သွားရလို့မလာနိုင်တဲ့အကြောင်း မေမေကြီးတို့ဆီ မေမျိုးငွေ စာရေးလိုက်တယ်။ သမီးလေး အနားယူဖို့ အေးအေးဆေးဆေးသွားနော်။ မေမေကြီးဟာ သမီးအပေါ်မှာ ချွေးမဟာ ချွေးမဘဲ ဆိုတဲ့ စိတ်နဲ့ ဒီအိမ်ကြီးပေါ် ရောက်လာကတဲက မကျေမနပ်ပြောဆိုခဲ့၊ ဆက်ဆံခဲ့တာတွေကို ခွင့်လွှတ်ပါ"

မေမေကြီးသည် မေမျိုးဆွေ လက်ကိုဆုပ်နယ်ရင်းပြောပြ၏။ ပြောင်းလဲလာသော ယောက္ခမကြီး ဒေါ်ပန်းထည်၏ အပြုအမူကြောင့် ဆွေသည် ရှိုက်၍ပင်ငိုမိ၏။ မေတ္တာပန်းနှင့် တူသော ယောက္ခမကြီး၏လက်ကို ဖြည်းညှင်းစွာ လှိုက်လှိုက်လှဲလှဲနမ်းရှုပ်မိပါသတည်း။

သြော်. . . ညှိမှောင်သော တိမ်တောင်တို့အထဲတွင် လျှပ်ပန်းနွယ်တို့သည် လူးလွန့် လှုပ်ရှားလာခဲ့ကြပြန်ပြီကော။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

မြစ်ကြီးနားရှိ ညီမထွေး မေမျိုးငွေ အိမ်မှာ အစိုးရအိမ် မဟုတ်ပေ။ မေမျိုးငွေ ယောက္ခမများသည် မန္တလေးတွင် ခေတ်မပျက်ခင်ကတည်းက အခြေချနေကြသော ပိုးကုန်သည် များဖြစ်သော်လည်း ဇာတိမှာ မြစ်ကြီးနား ဇာတိ ဖြစ်၏။

ထို့ကြောင့် မေမျိုးငွေတို့ သစ်တောဝန်ထောက်အဖြစ် မြန် မာပြည် မြောက်ပိုင်းတခွင်သို့လှည့်လည်ပြောင်းသွားရစဉ် အစိုးရ အိမ်မျ ားတွင် အမြဲနေခဲ့ရသော်လည်း မြစ်ကြီးနားတွင်မူ ယောက္ခမများအိမ်တွင်နေရ၍ သူတို့မှာ အိမ်ပြဿနာ မရှိပေ။ တဧကခန့်ကျယ်ဝန်းသော ခြံထဲတွင် တိုက်ခံ နှစ်ထပ်အိမ်နှင့် နေနိုင်ကြခြင်းဖြစ်၏။

မေမျိုးငွေယောက္ခမများသည် ရိုးရိုး ပိုးအချိတ်များသာမက လွန်းတရာချိတ်များ အထိ ရက်လုပ်သော ရက်ကန်းစင်များကို မန္တလေးနှင့် တောင်မြို့တွင် အခြေစိုက်ထား၍ မြစ်ကြီးနားအိမ် ကြီးကို တခါတရံမှ အလည်ရောက်နိုင်ကြသည်။





မေမျိုးဆွေရော အဝင်းပါ သူတို့၏ ရန်ကုန်အိမ်ကြီးလိုပင် ခန့်ပြောကျယ်ဝန်းသော အိမ်တွင် တည်းခိုရ၍ စိတ်သက်တောင့် သက်သာရှိလှသည်။ လေဆိပ်တွင် လာ၍ကြိုသော မောင်သိန်း နောင်နှင့် မေမျိုးငွေ၏ ဖော်ရွေမှုက သူတို့ နှစ်ယောက်အား ပို၍စိတ်ချမ်းမြေ့စေပါသည်။ ရောက်ရောက်ချင်း ခေတ္တအပန်း ဖြေကာ ညစာ စားကြရသည်။ ညစာမှာ ဆတ်သား အစိမ်း ခြောက်ပြန်ချက်၊ ဂေါ်ဖီပန်းကြော်နှင့် မုန်ညှင်း ချဉ်ရည်ဟင်းဖြစ် သည်။ ညီမအထွေး မေမျိုးငွေသည် ဟင်းချက် ကျွေးချက် ကောင်းပေသား။ အားလုံး အသားများကလည်း လတ်ဆတ်၊ ဟင်းသီး ဟင်းရွက်များကလည်း လတ်ဆတ်သည်။ ထမင်းမြိန်မြိန် စားပြီး ညဦးတွင် စောစောပင် သူနှင့် အဝင်း အိပ်ရာဝင် ကြသည်။ မြစ်ကြီးနား၏ဆောင်းညသည် အေးမြလှ၏။

နံနက်စောစောတွင် အိပ်မောကျနေသော ဆွေ့ကို အဝင်း နှိုးမှပင်နိုးတော့သည်။ သူ နံနက်စာ စားပွဲသို့ ဆင်းလာချိန်တွင် အိမ်သားအားလုံးသည် ကော်ဖီစားပွဲတွင် လူစုံနေကြလေသည်။ မေမျိုးငွေ ယောကျ်ား မောင်သိန်းနောင်ကိုသာ ခရီးထွက်မည့် ပုံနှင့် တွေ့ရ၏။

'မမဆွေ၊ ကျွန်တော်တို့ အိမ်မှာ အစား ကောင်းကောင်း စားပြီး စိတ်ပန်း ကိုယ်ပန်းဖြေပါ။ ကျွန်တော်ကတော့ ခရီး တပတ်လောက် ထွက်စရာရှိတယ်။ မနက်စာ စားပြီး ငွေက မမဆွေကို မြစ်ဆုံလိုက်ပို့ဖို့ ကျွန်တော်စီစဉ်ပေးခဲ့တယ်။ စာပေ သမားတွေ၊ စိတ်ကူးယဉ်သမားတွေ အတွက် မြစ်ကြီးနားက မြစ်ဆုံဟာ ဂုဏ်ယူစရာ အပန်းဖြေစရာ နေရာဘဲ မမဆွေရေ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုတော့ မမဆွေ ညီမက တပွဲစားကြီးပဲ့။ သူက ခင်နှင်းယု ပရိသတ်၊ ခင်နှင်းယုစာပေ အလွှမ်းအမိုးခံနေရတဲ့သူလေး။ သူနဲ့ကျွန်တော် ရန်ဖြစ်ပြီးရင် မြစ်ဆုံ တစ်ရက်သွားလည်ပြီး နားသိုက်တာဘဲ၊ ဟုတ်တယ်မို့လား ငွေ"

"မောင်. . . နော်၊ စောစောစီးစီး ငွေ့ရဲ့အတင်းတွေကို မမဆွေကိုပြောမနေနဲ့၊ ငွေက မမဆွေ မပြန်သမျှ မောင့် အတင်းတွေကို ပြောနေမှာသိလား"

မေမျိုးငွေသည် ချစ်စဖွယ် မျက်စောင်းလေး ချိတ်၍ လင်တို့ပြုံး၍ ပြောလိုက်၏။

"ကဲပါ. . . အိမ်ရှေ့မှာ တောခေါင်းကြီးတို့လူစု ဂျစ်ကားနဲ့ရောက်နေဘီ၊ မောင့်ပစ္စည်းတွေဘာလိုလဲကြည့်ဦး၊ တော်ကြာစခန်းရောက်မှ ပစ္စည်းလိုရင် ငွေ့ကိုအပြစ်တင်ဦးမယ်၊ မမဆွေငွေ မောင်ခရီးထွက်ဖို့ လုပ်ပေးလိုက်ဦးမယ်နော်"

"အို. . . မမဆွေက ဧည့်သည်မှမဟုတ်ဘဲ၊ သွားပါ၊ လုပ်စရာရှိတာသာ လုပ်"

စိတ်ပင်ပန်းလာသော အစ်မလုပ်သူ၊ အပန်း လာဖြေချိန်တွင်တွေရသည်မို့ ငွေသည် ကောင်းမွန်စွာပြုစု၏။ ဖျတ်လတ်သွက်လက်စွာ လင်ခရီးထွက်စရာကို လုပ်ပေးပြီး သူသည် ထမင်းစားခန်းသို့ ပြန်ဝင်လာသည်။

"မမဆွေရေ ရန်ကုန်မှာ ပေါင်မုန့်တို့၊ ထောပတ်တို့၊ ကိတ်မုန့်မျိုးစုံတွေက မမဆွေလို သူဌေးချွေးမ တယောက်အဖို့ ငြီးငွေ့အောင်စားနေရမှာ၊ ဒါကြောင့် ငွေက ဒီမှာတမျိုး စီစဉ်ထား





တာ။ ကောက်ညှင်းပေါင်း ပူပူနွေးနွေးဆတ်သားခြောက်ဖုတ် နဲ့ အားရပါးရစားပါ၊ ဒီဝက်အူချောင်းက ငွေကိုယ်တိုင်လုပ် တာ၊ ကြက်ဥနဲ့ကြော်ထားတယ်၊ ကော်ဖီကလဲ နက်စ်ကော်ဖီ အားရပါးရ သောက်၊ နားနားနေနေ နေပါ မမဆွေရယ် နော်. . .

"မနက်စာကိုလေ မြစ်ဆုံမှာ စားဖို့၊ ညီမလေး စီစဉ်ထားတယ်၊ သူခရီးထွက်ချိန်နဲ့ကြုံကြိုက်နေတော့ အားလပ်ချိန်အပြည့်ရသမျှ မမဆွေကို ငွေပြုစုပါရစေ၊ ငွေလဲ မမဆွေ့အကြောင်း မမဝေ့ဆီက စာတွေဖတ်ရလို့ အားလုံးသိပြီးပါပြီ၊ မေမေကလဲလေ၊ လာတုန်းက အားလုံးပြောပြသွားတယ်။ တခါတခါတော့လဲ ပုသိမ်အိမ်ကြီးမှာ တို့ညီအမသုံးယောက် ပြန်ဆုံရရင်ကောင်းမယ်လို့ စိတ်ကူးမိတယ်. . .

"အို. . . အပျိုဘဝတုန်းကလို လွတ်လွတ်လပ်လပ်၊ ပျော်ပျော်ရွှင်ရွှင်ကြီးနေပစ်လိုက်ချင်တယ်နော်၊ မမဆွေရယ် ဩော်. . . ဒီတော့လဲ ချစ်တဲ့သူနှောင်ကြိုးက တန်းလန်းကြီး ဖြစ်နေပြန်တော့ အရင်လိုပျော်ချင်မှ ပျော်မှာနော်၊ ငွေဖြင့်လေ 'ပျောင်နောက်ဆံထုံးပါ' ဆိုတဲ့ သီချင်းရေဒီယိုကလာရင်အကျယ်ကြီးဖွင့်လိုက်လဲဆို၊ ငိုလဲငိုတာဘဲ"

မေမျိုးငွေသည် ရေပက်မဝင်၊ ပါးစပ်ကလည်း တွက်တွက်တွတ်တွက်နှင့်ပြောသလို၊ မျက်ရည်ကလည်း လည်နေသေး၏။ လက်ကလည်း ဆွေဆွေ၏ ပန်းကန်ထဲသို့ ကြက်ဥကြော်တွေရော၊ ဝက်အူချောင်းရော၊ သွက်သွက်လက်လက်ထည့်ပေး၏။

အဝင်းကိုလည်း ကောက်ညှင်းပေါင်းတွေ ဆတ်သားခြောက်



www.burmeseclassic.com

www.burmeseclassic.com



မီးဖုတ်တွေ ထည့်ပေး၏။ အဝင်းမှာ သူတို့ညီအစ်မ ပြန်လည်တွေ့ကြပုံကို ကြည့်ရင်း စိတ်ထဲမှာ အလိုလိုကြည့်နူးနေသည်။

"အဲဒီလို. . . ညီမလေး ငိုရင်လေ မောင်က အရှူးမတဲ့၊ ငွေတာတော့ သူ့ကိုတပွဲစားကြီးလို့ ခေါ်တယ်"

"ဘာဖြစ်လို့ ခေါ်ရတာလဲ"

"မမဆွေနောက်တော့ အားလုံးသိလာရပါလိမ့်မယ်၊ အနည်းဆုံး မြစ်ကြီးနားမှာ တပတ်တော့ နေပါနော်"

"နေနိုင်ပါတယ် စိတ်လွတ်လက်လွတ်ကို လာပြီး နားတာဒါနဲ့ သားကြီးရော"

"သားကြီး ရန်နောင်ကို မောင်ရဲ့ ဖေဖေ မေမေ တွေနဲ့ မန္တလေးမှာပို့ထားတယ်၊ အဘိုးကြီးတွေကလဲ မြေးကိုချစ်တာလဲ တကြောင်း၊ ငွေတို့ပြောင်းလာရာ ကလေးက လိုက်ရရင်စာသင်ပျက်၊ အတန်းတွေနောက်ကျနေမှာစိုးလို့ ကျောင်းရက်ရှည် ပိတ်ရက်တွေမှာသာ အိမ်ကိုပြန်ခေါ်ထားတယ်"

"သူကလဲ ခွဲနိုင်တယ်နော်၊ သူ့အဖေကရော ခွဲနိုင်သားဘဲ၊ ညီမလေးကလဲ သားလေးတစ်ယောက်ထဲကို မချစ်ဘူးလား"

"ချစ်သမှုမမဆွေရယ် တုန်နေအောင် ချစ်တာပေါ့၊ ရန်နောင်ရဲ့ ပညာသင်ရေးကို ငဲ့တာလဲတကြောင်း၊ ပြီးတော့ အဖေတူသားဖြစ်လာမှာကို ညီမလေးသိပ်စိုးတာဘဲ"

"အို. . . ငွေစကားပြောတာတွေဟာ သိပ်ဆန်းတာဘဲ၊ သူ့သားသူ့အဖေကိုတူတာ ဘာဖြစ်ရမှာလဲ"

ဆွေသည် တအံ့တသြမေးလိုက်၏။

☺ ပြုံးစာပေ ☺



"ဒီမေးခွန်းကို မမဆွေ မေးထိုက်တယ်၊ ငွေ နောက်တော့ အားလုံးရှင်းပြပါမယ်လို့ ဆိုနေ၊ ကဲလေ. . . အဝင်းရေ တို့များညီအစ်မစကားတွေပြောတာ စကားထာဝှက်သလို ဖြစ်နေမှာဘဲနော်။ ကဲ. . . မင်းရဲ့မမဆွေ ခရီးသွားရင် ယူနေကျပစ္စည်း၊ နေ့ဝက်စာ ပြင်ခဲ့၊ မြစ်ဆုံမှာ နံနက်စာ စားမယ်။ ငွေ နောက်ဖေးမှာမနော်နဲ့အစားအသောက်တွေ ထည့်လိုက်ဦးမယ်။ အဝတ်အစားအပိုတစုံယူခဲ့"

အဝင်းနှင့်ဆွေသည် အစားကို လတ်စသတ်၍ အပေါ်ထပ်သို့ တတ်လာခဲ့ကြသည်။

သူတို့အားလုံး မြစ်ဆုံကို မနက် ၈ နာရီလောက်တွင် ထွက်လာခဲ့ကြသည်။ မြစ်ဆုံကိုရောက်လျှင် အဝင်းနှင့် မနော်က နေရာတခုယူကာ ပါလာသော အစားအသောက်များကို ပူပူနွေးနွေး နံနက်စာ စားနိုင်အောင် ပြင်ဆင်နေကြ၏။ မေမျိုးဆွေနှင့်မေမျိုးငွေတို့ နှစ်ယောက်သည် မြစ်ကမ်းသောင်စပ်တွင် လက်တွဲ၍လျှောက်ကြသည်။ ပင်လယ်ကမ်းခြေလိုလည်း သဲပြင်ကြီးမဟုတ်။ မြေနုကျွန်း ကမ်းပါးများလိုလည်း ရွှံ့နွံပြင်ကျယ် မဟုတ်ပေ။ မြစ်ဆုံ၏ ကမ်းပြင်သည် ကျောက်ခဲပြားလေးများနှင့် သဲ အညီအမျှ ရောစပ်ထားသလို ကမ်းခြေကို လမ်းလျှောက်ကောင်းရုံမျှ သဘာဝသည် စီမံထား၏။ ရေပြင်ပေါ်တွင် မိုးနေသော သစ်ပင်များသည် လှပသော သူတို့ရုပ်သွင်ကို ရေကြေးမုံတွင် ကြည့်၍ကျေနပ်နေဟန်ရှိ၏။

မေမျိုးငွေသည် မြစ်၏ အကြေသို့ ကြည့်ကာသက်ပြင်းကို

☺ ပြုံးစာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဖြည်းညှင်းစွာ ချလိုက်၏။

"မမဆွေရယ် သဘာဝကတော့ သဘာဝပါဘဲ၊ အဲဒီတော တောင် ရေမြေတွေဟာ သူတို့ရဲ့ရှိတတ်သမျှ အစွမ်းနဲ့ လောကကို အလှဆင်ရာမှာ ဝတ္တရား ကြေကြေပါတယ်"

ဆွေသည် ညီမငယ်၏ ရွှတ်ဖတ်သရဇ္ဈာယ်နေသောစကားလုံး များကိုလည်းကောင်း၊ ငယ်ရုပ်မပျောက်သေးသော ဖြူဖြူလွလွနှင့် ညီမထွေးအလှကိုလည်းကောင်း၊ နောက်ခံတောတန်းအလှနှင့် ပြဇာတ်ထဲတွင် သရုပ်ဖော် မင်းသမီးလေးကို စူးစိုက်ကြည့်သလို စိုက်၍ကြည့်ရင်း စကားလုံးများကို နားထောင်နေ၏။

"ဒါပေမယ့် အဲဒီသဘာဝကို ကြည့်တတ်မြင်တတ်တဲ့သူအဖို့ သိပ်အဖိုးတန်တာဘဲ၊ 'ကြည့်သောသူ မြင်၏'ဆိုတာ ကြည့်တတ်မှလဲ မြင်တာပါမမဆွေရယ်၊ မြင်တတ်မှလဲ အရသာ ခံစားတတ်တာပါ"

ဆွေသည် ညီမငယ်၏ စကားကို နားထောင်ရင်း သူသည်ရော ဘယ်လိုလူသတ္တဝါမျိုးလဲ၊ သူ့ညီမ၏ စကားလုံးပါ လူတန်းစားထဲကွင် ဘယ်လူတန်းစားထဲတွင် ပါသလဲဟု သူ့ကိုယ်သူ စဉ်းစားနေမိ၏။

"မမဆွေ ထိုင်ဦး"

ဟု ဆိုကာ မေမျိုးငွေသည် ကျောက်တုံးလေး တခုပေါ်၌ ထိုင်ရင်း ဆွေ့ကိုလည်း နေရာပေးလိုက်၏။ သူ့စကားကို ဆက် ပြော၏။

"သူ့ခုလို တောတက်သွားရင် ငွေလေ စာအုပ်တွေဖတ်





ဘက္ကသိုလ်မှာ နေတုန်းက ငွေကြိုက်တဲ့ အင်္ဂလိပ်ကဗျာ၊ မြန်မာ ကဗျာတွေကို ပြန်ဖတ်တော့ သိပ်အရသာတွေ့တာဘဲ၊ ဝီလီလျံ ဇစ်ဝသ်ရေးတဲ့ကဗျာဆို သူ့ခမျာ ဗုဒ္ဓဘာသာမဟုတ်လို့ ဗုဒ္ဓရဲ့ လောဘ၊ ဒေါသ၊ မောဟ နယ်မြေက သတ္တဝါတွေစိတ်ကို ဗုဒ္ဓဟောကြားတဲ့ တရားနဲ့တော့ မမြင်ဘူးပေါ့၊ ဒါပေမင့် ကဗျာ ဆရာတဦးရဲ့အမြင်၊ အနုပညာသမား တယောက်ရဲ့ အမြင်နဲ့ လောကကို နှလုံးသွင်းပုံဟာ သိပ်မှန်တာဘဲ၊ လူတွေဟာ ငွေရယ်၊ အာဏာရယ်၊ စည်းစိမ်ရယ် နောက်ကို လိုလားအပ်တာထက် ပိုမိုပြင်းထန်ပြီး အရူးအမူး လိုက်နေကြရလေတော့ လောကရဲ့ သဘာဝ အလှကို မြင်တာတောင် မခံစား တတ်ကြဘူးတဲ့ 'The World is too much With us 'ဆိုတဲ့ ကဗျာမှာ သူ ရေးထားတယ်၊ တကယ်တော့။ အမှောင်ဆိုတဲ့ စွဲလမ်းမှုတွေ ဆန္ဒတွေဟာ ပုထုဇဉ်လူသားတစ်ယောက်မှာ ရှိသင့်ရှိထိုက်တာ ထက် လွန်ပြီး ဖုံးလွှမ်းနေတော့ သူတို့မှာ အင်မတန်နုနယ် သိမ်မွေ့ တဲ့ သဘာဝရဲ့ အလှလက်ဆောင်ကို ပေးသူက ပေးပေမင့် မယူ တတ်ကြတော့ဘူးနော်။ ဒီနေရာမှာအနုပညာသမားတွေရဲ့ စိတ်ဓာတ်ဟာ တူညီကြတယ်၊ ချစ်စရာကောင်းတယ်၊ ဘယ်ဘာသာ အယူဝါဒကိုဘဲ ယူယူ၊ ဘယ်နိုင်ငံရေးဝါဒကိုလဲ ဆက်ခံလက်ခံ၊ တကယ့် အနုပညာသမားတွေရဲ့ ခံယူချက် ဦးတည်ချက်ဟာ တခုထဲဘဲရှိတယ်၊ မြစ်မကြီးတွေ စီးဆင်းလာသမျှ သမုဒ္ဒရာကြီး ထဲကို စီးဝင်သွားကြသလိုပေါ့"

သူ့ညီမငယ်သည် အနုပညာနှင့် လောက၏အလှ၊ သဘာဝ



www.burmeseclassic.com

www.burmeseclassic.com



၏အလှ၊ သတ္တဝါတို့၏ နှလုံးသားအကြောင်းများကို စတင် ဆွေးနွေးနေပြီ ထင်ပါရဲ့။ သူသည် ညီမငယ်၏ ဆွေးနွေးချက်ကို တစုံတရာ ပါဝင်ပြောပြရန် စကားလုံးရှာမရသလို ဖြစ်နေ၏။ ထို့ကြောင့် ဆွေသည် ခေါင်းတညိတ်ညိတ်နှင့် ငြိမ်သက်စွာ နားထောင်နေ၏။

"ညီမလေးကတော့ ဗုဒ္ဓရဲ့အဘိဓမ္မာကို စာဖတ်ရုံ၊ စာရွေး သဘောတော့ အပေါ်ယံလောက် လေ့လာမိရုံဘဲ ရှိပါသေး တယ်၊ တဖြေးဖြေးတော့ စာတွေ့ရော၊ လက်တွေ့ရာ လေ့လာ ချင်တယ်လေ။ အချိန်က မပေးသေးဘူး၊ ညီမလေး ပြောချင် တာက တနေ့က ညီမလေးသူငယ်ချင်း စန်သီရာ၊ ခဏလော ဝင်လာတယ်၊ သူက လေယာဉ်မယ် လုပ်နေတယ်။ ဒါပေမဲ့ ခရစ်ယန်၊ သူက ဘာပြောလဲဆိုတော့ သူတို့ အခုလာတဲ့လေယာဉ် ပျံမှာ အမေရိကန် မိသားစု ခုနစ်ယောက်ပါလာတယ်တဲ့၊ အဲဒီ မန္တလေးမှာ ချရစ်ခဲ့တယ်။ သူတို့ မိသားစုဟာ မဟာစည် ဆရာ တော်ဘုရားရှိတဲ့ ဆိပ်ခွန်ကို အမီသွားကြမယ်၊ အမှန်ကတော့ ရန်ကုန်သာသနာ့ရိပ်သာမှာ ဖူးမျှော်ဖို့လာတာ ဆရာတော်က သူ့မွေးရပ်မြေကို ခဏပြန်နေတယ်တဲ့။ ဆရာတော်ပြန်ကြွလာ တဲ့အထိ စောင့်ဖို့ ဗီဇာကလဲ ရက်မရှိတော့ အမေရိကန်ဒေါ်လာ နဲ့ကို လေယာဉ်ပျံလက်မှတ်ဝယ်ပြီး ဆိပ်ခွန်ကို လိုက်လာကြတာ ဘဲ၊ အဲဒါ ဘာလုပ်ဖို့လဲ သိလား"

မေမျိုးဆွေသည် ဤကဲ့သို့သော သာသနာရေး ဆိုင်ရာ သတင်းများနှင့် သူတို့အိမ်ကြီးမှာ ဝေးကွာလွန်း၍ သူသည်





ခေါင်းခါပြလိုက်၏။

"အဲဒီအမေရိကန်မိသားစုထဲက ဆွေ့ဗိုုးတယောက် မဟာစည် သာသနာ့ရိပ်သာမှာ တရားလာအားထုတ်တော့ ဝိပဿနာတရား ဟာ တကယ်ဘဲ သတ္တဝါတွေရဲ့ စိတ်နှလုံးချမ်းမြေ့မှုကို ရတယ်။ မူစလင်ရော၊ ခရစ်ယန်ရော၊ ဟိန္ဒူရော၊ ဆိုရှယ်လစ်ရော၊ ကွန်မြူနစ် ရော၊ အရင်းရှင်ရော၊ တကယ်သာအားထုတ် တကယ်ချမ်းမြေ့ မှုကိုလောကီရော လောကုတ္တရာမှာရော ရရှိစေတယ်ဆိုတာ သူ လက်ခံသွားတယ်၊ ယုံကြည်တယ်။ သူကတော့ ပယ်ပယ်နယ်နယ် အားထုတ်ချိန် ရသွားတာကိုး။ ဒါကြောင့် သူအပြန်မှာ သူ့ မိသားစုကိုပြောပြတော့ နိုင်ငံခြားသားတွေမို့လား။ တကယ် လက် တွေ့တွေ့မှ ယုံကြည်သူတွေဆိုတော့ ကျန်မိသားစုက လိုက်လာတာ တဲ့ မမဆွေရဲ့"

ဆွေသည် မြန်မာ့မြေပေါ်တွင် မွေးသော်လည်း ကမ္ဘာက အာရုံစူးစိုက်လာသော ဤဗုဒ္ဓအဘိဓမ္မာနှင့် လက်လှမ်းဝေးနေ သော သူ့အဖြစ်ကို သူသတိရလာ၏။

"စန်သီရာက သူလဲ ခရစ်ယန်ပေမင့် ရက်ရှည် ခွင့်ရရင် ဝိပဿနာဆိုတာ ဘာလဲလို့သိအောင် အားထုတ်ကြည့်မယ်တဲ့။ ဘာသာခြား လူမျိုးခြားကတောင် လေ့လာစိတ်ဝင်စားလာတဲ့ ဗုဒ္ဓရဲ့ခံယူချက်တရားကို တို့များက လျစ်လျူရှုထားတာ ရှက်ဖို့ ကောင်းတယ်တဲ့။ စန်သီရာပြောသလိုဘဲ ညီမလေးလဲ မောင်ကို ပြောလို့ရတဲ့တချိန် ရန်ကုန်ကို ဆင်းလာဦးမယ်။ ဗုဒ္ဓဘာသာမို့လို ဘုရားရှိခိုးရင် တရားတော်ရဲ့ ဂုဏ်တော်ကို ရွတ်ဆိုတဲ့နေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



'အားထုတ်လှဲ့ကုန်၊ စမ်းသပ်လှဲ့ကုန်၊ အခါမလင့်၊ အကျိုးပေးသောဂုဏ်နှင့် ပြည့်စုံသောတရားတော်' အစစ်အမှန် ဖြစ်ပါပေ၏ လို့ ဆိုသာဆိုရတယ်၊ ဘာကိုအခါမလင့် အကျိုး ပေးတယ်ဆိုတာလဲ ညီမလေးတို့လဲ မသိသေးဘူး"

"ညီမလေးတင် မဟုတ်ပါဘူး၊ မမဆွေလဲ မသိသေးဘူး"

ဆွေသည် ရိုးရိုးပင် ဝန်ခံရ၏။

"အဲဒါနဲ့ မမဆွေက မေးစရာရှိတယ်၊ ညီမလေး ခုလာပြောနေတာက ကဗျာရယ်၊ အနုပညာရယ်ကနေ ဘယ့်နှယ် ဝိပဿနာရောက်လာလဲလို့ဆိုမယ်၊ ငွေရဲ့ ယူဆချက်ကို တဖြေးဖြေး ရှင်းပြမယ်နော်။ အဲဒီဘာသာ အယူဝါဒ၊ နိုင်ငံရေး လက်ခံယုံကြည်ချက်တွေ ဘယ်လိုလဲ ကွဲပြား ကွဲပြား၊ ခြားနား ခြားနား လူနဲ့သတ္တဝါများဟာ နောက်ဆုံး စိတ်ဓာတ်တည်ငြိမ် ချမ်းမြေ့မှုကို လိုလားကြတယ်ဆိုတာတော့ ထင်ရှားမနေဘူးလား မမဆွေ"

"ဟုတ်ပါတယ်၊ ဒါကတော့ မငြင်းနိုင်းပါဘူး"

"အဲ. . . အဲ ညီမလေးဆိုလိုချင်တာက လောကီမှာလဲ အနုပညာသည် သတ္တလောက၊ သတ္တဝါအားလုံးရဲ့ စိတ်ဓာတ်တည်ငြိမ်ချမ်းမြေ့မှုကို ဦးတည်တယ်ဆိုတာကို ဆိုလိုချင်တာပါ။ ညီမလေးကလဲ အနုပညာကို မြတ်သာ မြတ်နိုးတယ်၊ သူတို့လို စကားလုံးမကြွယ်တော့ ရင်ထဲမှာရှိတာကို ပြတ်သားအောင် မရှင်းနိုင်ဘူး၊ မမဆွေကတော့ သဘောပေါက်ပါလိမ့်မယ်"

"အင်း. . . ဆိုပါဦးလေ မမဆွေ၊ ဝင်မစွက်နိုင်တာ စိတ်မဝင်စားလို့ မဟုတ်ဘူး၊ မမဆွေမှာလဲ ဒီဘာသာရပ်ကို ဆွေးနွေးဖို့





အခံမရှိဘူး"

"တချို့ကလဲ ကလောင်ကိုင်ရုံ၊ သီချင်းဟစ်ဆိုရုံနဲ့ အနုပညာနယ်မြေမှာ အနုပညာသမားတွေလို့ သူတို့ကိုယ်သူတို့ထင်တယ်၊ သူတို့အတွက်လဲ သနားစရာပါဘဲ၊ အပြစ်ပြောဖို့ မရှိပါဘူး။ သူတို့ဟာ ငွေရှာသူများနဲ့ သီချင်းသည်များသာ ဖြစ်နေတယ်ဆိုတာ သူတို့ကို သူတို့ မသိရှာဘူး မမဆွေ၊ ညီမလေး အတင်တော့ တကယ့်အနုပညာသမားတွေဟာ ဗုဒ္ဓ၏ အဘိဓမ္မာလို လောကုတ္တရာ အထိ ချမ်းမြေ့ငြိမ်းချမ်းမှုကို ပေးနိုင်စွမ်းအောင် အဆင့်မမြင့်သေးပေမင့် လောကီမျက်မှောက်လောကမှာ သတ္တဝါတွေရဲ့ စိတ်ငြိမ်းချမ်းမှုကို အမြဲ ဦးတည်ရွေ့ရှားနေတယ်ဆိုတာ ညီမလေးတော့ ယုံကြည်တယ်"

မေမျိုးငွေသည် သူ၏ ရှည်လျားသော စကားအစဥ်ကို နောက်ဆုံး လေးလေးတွဲ့တွဲ့ သက်ပြင်းချကာ အဆုံးသတ်နိဂုံးကို ဆို၏။

"ဘာဖြစ်လို့လဲ ဆိုတော့ မြန်မာစာရေးဆရာတွေ၊ ကဗျာဆရာတွေ၊ နိုင်ငံခြားသား အနုပညာသမားတွေရဲ့ စာပေ၊ ကဗျာတွေကိုသာ မလေ့လာ မလိုက်စားရင် ညီမလေး ရှုံးမှာ"

ညီမငယ် မေမျိုးငွေသည် မျက်ရည်လည်လည်နှင့် သူ့စကားကို အဆုံးသတ်သောအခါ ဆွေသည် အံ့အားသင့်သွား၏။ သူ၏ လက်ကိုင်ပဝါဖြူနှင့် ညီမငယ်၏ ဝင်းပသော မျက်လုံးများမှ မျက်ရည်စများကိုညင်သာစွာ တို့လိုက်သည်။ တခါန်တည်းမှာပင် သူ့အမကြီး မေမျိုးဝေက သူ၏ မျက်ရည်စများကို သုတ်ပေး

www.burmeseclassic.com



သော ဝရံတာပေါ်မှ ညတညကို သူပြန်လည် သတိရ၏။

"ခုတော့လဲ ဗုဒ္ဓရဲ့ အဘိဓမ္မာကို မလေ့လာနိုင်ခင် လောက အနုပညာသမားကြီးတွေရဲ့ စာပေ၊ ကဗျာတွေကြောင့် မိမိုးရှေ့ တယောက် နှလုံးသွင်းမှု မှန်သွားပြီး မရှူးတော့ဘူး ဆိုပါတော့ အိမ်ရောက်တော့ ညီမလေး ဘာတွေ ပြောတယ်ဆိုတာ မမဆွေ ပိုပြီး သဘောပေါက်မှာပါ၊ ကဲ. . ကဲ. . ထ ထ၊ တခေါက်လောက် ဟိုဘက်လျှောက်သွားပြီး ထမင်းစားရအောင်နော်"

ဆွေသည် ညီမငယ် မေမျိုးငွေပြောသမျှ နားထောင်၊ တွေး သမျှ စား၏။ မြစ်ဆုံမှ ပြန်ရောက်လာသောအခါတွင်လည်း မဝင်း က ရေနွေးစပ်ပေးသော ရေကိုပင် ချိုးကာ ကောင်းကောင်းပင် နား၏။ အဝင်းကို ကြည့်ရသည်မှာလည်း မနော်နှင့်တွဲဘက်၍ ကူညီလုပ်ကိုင်ပေးကာ ပျော်ရွှင်နေရပုံရေလေသည်။

နောက်နေ့ နံနက်တွင်တော့ မေမျိုးငွေသည် ဆွေကို သူ့ အိပ်ခန်းထဲသို့ခေါ်သွား၏။ သပ်ရပ်သော ကျွန်းသား မဟော် ဂနီရောင် ဘီရိုတလုံးကို ဖွင့်ပြ၏။

"မမဆွေ ကြည့်စမ်း"

ဆွေသည် ဘီရိုထဲရှိ ပစ္စည်းများကို ကြည့်ရင်း အံ့အားသင့် သွားသည်။ ဘီရို၏တဘက်ခြမ်းသည် တောက်လျှောက် အဆင့် မပါ၊ အင်္ကျီချိတ်များတန်းလန်းချိတ်ထား၍ရအောင် ဟင်းလင်း ဖြစ်၏။ တဘက်ခြမ်းကမူ အဆင့်သုံးဆင့် လုပ်ထားသည်။

"မမဆွေ တခုစီ ကိုင်ကြည့်နိုင်ပါတယ်၊ ယူကြည့်သေ"

ငွေသည် ပြောပြောဆိုဆိုနှင့် ချိတ်များနှင့် ဆွဲထားသော





အနွေးထည်အင်္ကျီများကို တခုချင်းဖြုတ်ယူကာ ဆွေ၏ရှေ့ ဖျာ ပေါ်တွင်ချပေး၏။ အင်္ကျီများသည် အနောက်တိုင်း ကြေးရည် ဘတ်တို့သာ ဝတ်လေ့ရှိသော (Fur coat)ခေါ် သားမွေးအင်္ကျီ ပုံစံအမျိုးမျိုးဖြစ်သည်။ တချို့ကတော့ ယုန်မွေးဖြူများနှင့် အနား သတ်ထားသော တရုတ် ဂွမ်းထိုးပုံ ဖြစ်၏။ အနောက်တိုင်းသူ များ ကပွဲတွင် ခြုံလေ့ရှိသော ပိုလာခေါ် ဝက်ဝံဖြူအမွေးနှင့် ချုပ်ထားသော ပုဝါရှည်ပုံစံကို ယူ၍ ယုန်အမွေးနှင့် ချုပ်ထား သောခြုံပုဝါမှာ အလွန် လှသည်။

"အဲဒါတွေ တခုမှ နိုင်ငံခြားက မဟုတ်ဘူး၊ မောင်လေ. . မောင်ပစ်လို့ရတဲ့ သားကောင်တွေက အရေတွေ ဆုတ်ဆုတ်ပြီး ချုပ်ထားတာ၊ ဒီမှာ တရုတ်အပ်ချုပ်သမား သားအမိနှစ်ယောက် ဘာ သိပ်တော်တာဘဲ။ ကတ်တလောက်ပြပြီး ညီမလေးကြိုက် တဲ့ ပုံစံချုပ်ခိုင်းရင် သူတို့ ချုပ်တတ်တယ်၊ ပြီးတော့ ဒီဘက်မှာ ကြည့်စမ်း"

မေမျိုးငွေသည် ဘီရိုအဆင့်ထပ်များမှ အပေါ်ဆုံး အဆင့်မှ အောက်ဆုံးအဆင့်ထိ ပစ္စည်းများကို ချပြပြန်သည်။ ပထမဆင့်မှာ လက်ကိုင်အိတ် ပုံစံ အမျိုးမျိုးကို သားကောင်မျိုးစုံတို့ အရေနှင့် ချုပ်ထားသည်မှာ အရောင်စုံလှသည်။ သမင်ရောင်မှာလည်း ရွှေရောင်တောက်နေသော အရောင်၊ ကော်ဖီရောင်၊ လက်ဖက်ရည် ရောင်၊ အုံးခွံရောင်၊ အနုအရင့်ပြောင်များဖြစ်၏။ ဆွတ်ဆွတ်ဖြူ သော လက်ကိုင်အိတ်နှင့် နွားနောက်အရေနှင့် ချုပ်ထားသော တောက်ရွှေနေသည့် လက်ကိုင်အိတ်၊ ကျားရေဖြင့် ချုပ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



အနက်နှင့် အဝါစင်း လက်ကိုင်အိတ်မှာလည်း ရွှေရောင်ရင့်နှင့် မဟုရာရောင် တောက်ပနေသည်။ ကျားသစ်ရေမှာ အကွက် အပြောက်များနှင့် တမျိုးဆန်း၍ နေသည်။

"ကဲလေ. . . မိုးကုတ်က ကျောက်ကုန်သည် သူဌေးသမီးချော တောင် ငွေ့ကို ဒီနေရာမှာ ဖက်ရှင်ထွင်ဖို့ လိုက်မမီပါဘူး"

ပစ္စည်းများကိုတခုချင်းယူပြနေသောမေမျိုးငွေ့ မျက်နှာသည် ရွှင်ပျတတ်ကြွနေဟန်မရှိသည်ကို ဆွေသတိပြုမိ၏။ အကျီ၊ လက် ကိုင်အိတ်များအပြင် အောက်နှစ်ဆင့်မှာမူ ဖိနပ်များဖြစ်သည် ဖိနပ်ကလည်း သုံးမျိုးသုံးပုံစံဖြစ်သည်။

"အဲဒါတွေကတော့ မောင်ရဲ့မေမေတို့ မန္တလေးပြန်ရင် ငွေကြိုက်တဲ့သားကောင်ရဲ့အမွေးကိုပေးပြီး မြန်မာဖိနပ်ပုံ၊ ပုံတော် ဖိနပ်တွေချုပ်ခိုင်းတာ၊ မမဆွေရဲ့မေမေ ပုသိမ်ပြန်တော့တောင် ပုံတော်ဖိနပ်တရံနဲ့ အိပ်ခန်းထဲမှာစီးတဲ့ဖိနပ်တရံ ကန်တော့လိုက် သေးတယ်"

မေမျိုးငွေသည် မြန်မာဖိနပ်များကို ချပြ၏။ ဒုတိယ ချပ် သည်မှာ ခုံမြင့် အနောက်တိုင်းပုံစံဖိနပ်များဖြစ်၍ ဆွေပင် အံ့ဩ လောက်အောင် ပုံစံများမှာ ဆန်းပြားသစ်လွင်လှသည်။ တတိယ ပုံစံမှာမူ တရုတ်ဖိနပ်ပုံ အမျိုးမျိုးများနှင့် ရှေးခေတ် မြန်မာ အမျိုးသမီးများသာ စီးလေ့စီးထရှိသော မော်လမြိုင်ရှေ့ထိုး ဖိနပ် ပုံဖြစ်၏။

"ဒါတွေကိုတော့ ငွေလေ၊ အိပ်ခန်းနဲ့ အိမ်ပေါ်မှာဘဲ စီး တယ်။ ဒီမှာဆောင်းတွင်းရောက်ရင် သိပ်အေးတော့ အိမ်ပေါ်မှာ





အမြဲဖိနပ်စီးရတယ်။ မမဆွေလဲ ကြိုက်တာတွေ တစ်ရံဆီ ယူသွား၊ အဝင်းကိုလဲ သူကြိုက်တာ တစ်ရံ လက်ဆောင်ပေးပါ။ လက်ကိုင် အိတ်က တစ်လုံးပေါ့"

မေမျိုးငွေသည် အမလုပ်သူအနားတွင် ဒူးထောက်ရက် ထိုင်ချ လိုက်ရင်း. . .

"မမဆွေ၊ ညီမလေးလေ၊ ပွဲထိုင်ဖြစ်ဖြစ်၊ အရာရှိကတော်တွေ မိတ်ဆက်ပွဲ၊ ဘုရားကိုးဆူဆွမ်းကျွေး၊ ရှင်ပြု၊ အို. . . ဘယ်သွားသွား ကုန်ကုန်ပြောမယ်၊ နာရေး သတင်းသွားမေတောင် ဖိနပ်ရယ်၊ လက်ကိုင်အိတ်ရယ်၊ ခြုံပုဝါရယ် ဆင်တူ အမြဲဝတ်သွားတယ် သိလား" ဟု ပြောကာ မျက်ရည်တွေကျလာ၏။

"ရင်ထဲမှာလဲပျော်တယ်၊ ကြည်နူးတယ်၊ နွေရာသီ ညေ့ခံပွဲ တွေကို သွားတဲ့အခါမှာဆိုရင်တော့ ယပ်တောင်ကို ကိုင်တယ် မှိုလား၊ ငှက်ခါးတောင်တွေနဲ့ချုပ်ထားတဲ့ ယပ်တောင်ကို ကိုင် သွားရင် ကျောက်စိမ်း တစ်ဆင်စာကို ထုတ်ဝတ်တာဘဲ။ တခါ တလေ နီလာ တစ်ဆင်စာကို ထုတ်ဝတ်တယ်၊ ငှက်ခါးတောင်ရဲ့ အရောင်ဟာ စိမ်းလဲ့လဲ့ ပြာလွလွလေးမို့လား၊ ငွေ တကယ်ပျော် တာပါ မမဆွေရယ်။ ငါ့လင်က နိုင်ငံခြားမှာ မြို့စား နယ်စား တာတော်ကြီးတွေမှ ဆင်နိုင်တဲ့ ဒီလိုပစ္စည်းတွေ ဆင်နိုင်တယ်၊ ဝတ်နိုင်တယ်ဆိုပြီး ဂုဏ်ယူမိတယ်။ ငွေလေ အသားကလဲဖြူ၊ ညီမလေးတို့နေရသမျှ၊ ပြောင်းရသမျှကလဲ အပူပိုင်းဒုံ မဟုတ် တော့၊ ငွေထွင်နိုင်သလောက် အေးတဲ့ရာသီအလိုက် ဖက်ရှင်ဘာ ဝိုက်ဆံမကုန်ဘဲနဲ့ ထွင်လို့ရတယ်၊ ညီမလေး သိပ်ကိုပျော်တာဘဲ။



www.burmeseclassic.com

www.burmeseclassic.com



ငွေကလဲ လှတယ်မို့လား”

ဆွေဆွေသည် သူ့ညီမလေး၏ သွယ်သွယ်ဖြူဖြူ ကိုယ်လုံးနှင့် သူထွင်ထားသော အဝတ်ပုံစံများ လိုက်ဖက်တင့်မောမည်ကို သူ မှန်း၍ ကြည့်နိုင်ပါသည်။ သို့သော်လည်း. . .

“သိပ်ကို ပျော်တာဘဲ”

ဟူသော စကားမှ မဆုံးခင် သူ့ညီမငယ်သည် မျက်ရည်များ တွေတွေ စီးကျကာ ငိုချလိုက်သောကြောင့် သူသည် တုံလှုပ် သွား၏။

“ညီမလေး ညီမလေး၊ ဘာဖြစ်တာလဲ၊ ညီမလေး ပျော်တယ် ဆို ဘာလို့ ငိုရတာလဲ”

“ငွေလေ အဲဒီလိုပြောပြော ငိုချင်တာ ကြာလှပြီ၊ ပျော်ပါ တယ် ပျော်ရုံတင် မဟုတ်ဘူး ကြည်နူးတယ်၊ စိန်နဲ့လိုက်တဲ့ ယုန် မွေးဖက်ရှင်ကို ဝတ်တဲ့အခါဆိုရင် အငြိမ့်မင်းသမီးတွေလိုဘဲ ငန်းဖြူရဲ့ တောင်ပံနဲ့လုပ်တဲ့ ယပ်တောင်ကိုမှ ကိုင်တယ်၊ ဒီမှာ ကြည့်ဦး”

မမျိုးငွေသည် စက္ကူဘူးအဖြူကြီး တစ်ခုကို ဖွင့်ပြပြန်သည်။ ပရုတ်လုံးများ ထည့်ထားသော ဘူးကြီးထဲတွင် တရုတ်ပြည်ဖြစ် နံ့သာယပ်တောင် ပုံစံကို အတုယူကာ ယပ်တောင်အမျိုးမျိုးကို တွေ့ရ၏။ ငှက်ခါးတောင်ပံ၊ ဘဲငန်းတောင်ပံတို့တွင် မက ရှာရှာ ကြံကြံ သပိတ်လွယ်ငှက်ကလေးများ၏ အဝါနှင့် အနက်ရောင် ထားသော တောင်ပံများကို ဆက်စပ်၍ ချုပ်ထားသော ယပ်





တောင်များလဲ တွေ့ရသည်။

“ည ဧည့်ခံပွဲတွေသွားရင် သပိတ်လွယ်ငှက် ယပ်တောင်ကို ကိုင်တယ်၊ နွားနက်သားရေနဲ့ချုပ်တဲ့ လက်ကိုင်အိတ်ကို လက်မှာ ချိတ်တယ်၊ မဟူရာတစ်ဆင်စာကို ထုတ်ဝတ်တယ်၊ ခြုံတာကိုတော့ ယုံမွေးအဖြူကို ခြုံတယ်၊ ဒါပေမင့် သပိတ်လွယ် ငှက်ကလေးလို အဖြူရစ်ပါချင်တော့ ပုလဲသွယ်ကိုတော့ လည်ပင်းမှာ ဆွဲတယ်၊ အနက်နဲ့ အဖြူဖက်ရှင်ပေါ့၊ မမဆွေရဲ့ ညီမထွင်လိုက်တဲ့ အလှပုံစံ အမျိုးမျိုး၊ မောင်ကလဲ သူ့မိန်းမ မေမျိုးငွေ ပပဝတီအလှကို ချီးကျူးရတာအမော၊ ဒါပေမင့် ညီမလေးလေ အခု သိပ်ငိုချင် တယ်၊ ဒါတွေကို တစ်ခုမှ မကြည့်ချင်ဘူး၊ ဘာဖြစ်လို့ မကြည့်ချင် တာလဲဆိုတော့”

မေမျိုးငွေသည် ဘာမပြော ညာမပြော အစ်မဖြစ်သူ ဆွေဆွေ ကို လက်ဆွဲခေါ်သွားပြန်သည်။

မေမျိုးဆွေသည် အရှုံးသဖွယ် ဖြစ်နေသော ညီမငယ်၏ နောက်ကို လိုက်သွား၏။ မေမျိုးငွေ ဖွင့်ပြသော နောက်အခန်း တခန်းသည် မေမျိုးငွေ အိပ်ခန်းနှင့် ကပ်ရက်အိပ်ခန်းဖြစ်သည်။ အခန်းတံခါကို ဖွင့်လိုက်သောအခါ ဆွေသည်ပင် ခပ်ကြောင် ကြောင် ဖြစ်သွား၏။

အခန်းမှာ နှစ်ယောက်အိပ်ခန်းဖြစ်၍ မေမျိုးငွေအိပ်ခန်းထက် နှစ်ဆခန့်ကျယ်သည်။ ပထမဆုံး ဆွေ မျက်စိစူးစိုက်သွားသည် မှာ အိပ်ခန်းခေါင်းရင်းထောင့်တွင် ထောင်ထားသော ပန်းချီ ကားချပ်ကြီး ဖြစ်သည်။ ပန်းချီကားသည် လူတစ်ရပ်အရွယ်ကို ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ထား၍ ကြီးမားလှသည်။ ရုတ်တရက်ကြည့်လျှင်မူ အမေရိကန် ဟိုလီးဝုဒ် ရုပ်ရှင်ကားထဲတွင်ပါသော မင်္ဂလာဇီကိုပြည်သား ကောင်ဘွိုင်ဖွန်တေ့းနှင့်တူသယောင်ရှိသော်လည်း သေသေချာချာကြည့်မှ မောင်သိန်းနောင်၏ ပုံဖြစ်သည်။

အမဲပစ်သေနတ်ကို လက်တဖက်မှ ဆန့်တန်း၍ ကြမ်းပေါ်တွင် ထောက်၍ကိုင်ထားသော တဖက်မှာ ခါးထောက်ထားသည်။ ခြေတဖက်သည် ခုံနိမ့်တခုပေါ်တွင်တင်၍ မတ်မတ်ရပ်နေသောပုံဖြစ်သည်။ မျက်နှာထားသည် အားရနှစ်ခြိုက်စွာ ပြုံးထားသော်လည်း ထူပြောသော ပါးသိုင်းမွေးနှင့် နှုတ်ခမ်းမွေးကြောင့် ကြမ်းတမ်းနေသည်။

ဦးထုပ်ကမူ နွားကျောင်းသား၏ မြက်ဦးထုပ်မဟုတ်၊ တောလိုက်မုဆိုးတို့၏ သားရေဦးထုပ် ဖြစ်သည်။ ကျားသစ်ရေ ဂျာကင်ဝတ်ကာ တောစီးဖိနပ် ဘောင်းဘီရှည်နှင့် ဖြစ်၏။ ခါးပတ်မှာ ကျည်ဆံအပြည့် ထည့်ထားသော ခါးပတ်ဖြစ်သည်။

"အထဲကိုဝင်ပါလေ၊ မမဆွေ အဲဒီပန်းချီကားက သူ့ သူငယ်ချင်း ပန်းချီကိုငွေထွန်း ကချင်ပြည်နယ်ကို လေ့လာရင်း ရောက်တုန်းက ပုံတူ ဆွဲသွားတာ၊ ပိုက်ဆံပေး ဆွဲရရင်လား၊ လေး ငါးထောင် ပေးဆွဲတောင် ဘယ်ပန်းချီဆရာမှ ဆွဲနိုင်မှာ မဟုတ်ဘူး အမြဲလဲ အဲဒီပုံစံဘဲနေတယ်၊ ဝတ်တယ်၊ မမဆွေ လာခါနီးမှ မောင်ရယ်၊ မမဆွေအမြင်မှာ စိတ်ချမ်းသာအောင် ပါးသိုင်းမွေး ရိတ်ပါအုံး၊ မုတ်ဆိတ်မွေးလဲ နောက်မှပြန်ထားပါဆိုလို့ တနေ့က မမဆွေမြင်ရတဲ့ မုတ်ဆိတ်ကျင်စွယ် ပယ်ထားသော မောင်သိန်း





နောင်အဖြစ် မြင်ရတာ မမဆွေရေ"

ငွေသည် အစ်မဖြစ်သူကို အိပ်ခန်းထဲသို့ရောက်အောင်သွင်းသွား၏။

"ကဲ ဒီပုံနဲ့ ဘာတူတော့လို့လဲ"

မှန်၏။ မေမျိုးငွေပြသော နံရံပေါ်ရှိ ဓာတ်ပုံမှာ သူတို့ပုသိမ်အိမ်ကြီးတွင်လည်းရှိ၏။ သူတို့နှစ်ယောက် လက်ထပ်စဉ်က စုံတွဲရိုက်ထားသော ပုံဖြစ်သောကြောင့် သတို့သား တယောက်၏ ဘန်ပန်သည် တောလိုက်မုဆိုး၏ အသွင်နှင့် ဘာမှ မတူတော့ပေ။

"သူ့ဘဝကို သိချင်ရင် အဲဒီအခန်းကိုဘဲ ကြည့်ပေတော့"

ဆွေသည် ကြည့်ရင်း ကြက်သီးထကာ ပင့်သက်ရှူမိ၏။ စပါးကြီးမြွေ အရေခွံမှသည် အဖြူတစ်ရစ်၊ အနက်တစရစ်၊ ငန်းတော်ရေကျားမြွေဟောက်အရေခွံ၊ မြွေပွေးအရေခွံ၊ မြွေစိမ်းမြီးချောက် အရေများနှင့် ချုပ်ထားသော ခါးပတ်အကြီးအသေး အရွယ်အမျိုးမျိုးများသည် ခြေရင်းဘက် နံရံအနားရှိ သစ်သားစင်တွင် ချိတ်ဆွဲထား၏။ တောစီးဖိနပ်များကိုမူ ဆွေသည် ဖိနပ်ဆိုင်နှင့် စစ်ဗိုလ်အိမ်များတွင်ပင် မတွေ့ဖူးအောင် များလှသည်။

သားကောင်ရေမျိုးစုံနှင့် ချုပ်ထားသော ဂျာကင်ဝေ့စ်ကုတ်၊ ဘရောဇာကုတ် အင်္ကျီများကို မေမျိုးငွေကို ဘီရိုနှင့်မထား။ အပြင်တွင် ဆွဲချိတ်ထားသည်။ ကြမ်းပြင်သည် ကျားရေများကို မှိုင်းလုံးကော်ဇောကဲ့သို့ ပန်းပုံများဖြစ်အောင်ကို ပုံဖော်၍ သားရုံမက တချပ်တလေမဟုတ် အခန်းပြည့် ခင်းထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာခင်းသည် ပိတ်ဖြူမဟုတ်။ ကျားသစ်ရေဖြစ်၍ ခေါင်းအုံးမှာမူ ဖြူဆွတ်သော ယုံမွှေးအုပ်ထားသည်။

"ခေါင်းအုံးကို လဲ သွတ်တယ်ထင်လို့လား၊ ငှက်မွှေးနဲ့ ချုပ်ထားတာ မမဆွေရဲ့၊ ကုလားထိုင်တွေနဲ့ ဆိုဖာကိုလဲ ကြည့်ဦးလေ"

မေမျိုးငွေညွှန်ပြရာသို့ ဆွေသည် စူးစူးစိုက်စိုက် ကြည့်မိ၏။ ကုလားထိုင်သည် သစ်သားနှင့်မဟုတ်၊ သစ်သား နေရာတွင် သားကောင်၏ အရိုးများဖြစ်၍ ကြိမ်နေရာတွင် သစ်နက်ရေများဖြစ်သည်။ ဆိုဖာကူရှင်များကလည်း တဖိတ်ဖိတ် တောက်၍ နက်မှောင်နေသော နွားနောက်၏ သားရေဖြင့် ဖုံးအုပ်ထားသည်။ နွားနောက်မှာ မြန်မာပြည်မတွင် အလွန်ရှားသော သားကောင်ဖြစ်သည်။ နံရံများတွင်တော့ သားကောင်အမျိုးမျိုး၏ဦးခေါင်းပုံစံများ၊ ချိုများ ဆွဲချိတ်ထား၏။ ဖြူဆွတ်သော ဆင်စွယ် နှစ်ချောင်းကိုမူ သူ၏ ပန်းချီကား တဖတ်တချက်တွင် ထောင်ထားသည်။ ဤအခန်း၏ အလှကို ဘယ်လိုသရုပ်ဖော်ရပါမည်နည်း။ လှပသော်လည်း ကြမ်း၏ဟု ဆိုရမည်လား။ အလှဆိုသည်မှာ နုရမည်လား။ အရောင်စုံတော့မြယ်၍ ပြိုးပြက်နေပုံရသော်လည်း သာယာနှစ်သိမ့်ဖွယ်ကောင်းသော အိပ်ခန်းတခု၏ သွင်ပြင်တော့ မဟုတ်ဟု ဆွေက စိတ်ထဲမှ မှတ်ချက်ချမိ၏။

"အဲဒီ. . . အဲဒီ. . အိပ်ခန်းကြီးထဲမှာလေ ညီမလေး ဘယ့်နှယ်လုပ်ပြီး သူနဲ့အတူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နိုင်မှာလဲ မမဆွေ၊ ကဲ. . . မမဆွေ အိပ်နိုင်မှာလား၊ သားကောင်မျိုးစုံရဲ့ သင်းချိုင်းကြီး မမဆွေရဲ့"

"ဟဲ့ . . ဘယ်နဲ့ပြောလိုက်တာလဲ"





"အို. . . တကယ်ပြောတာ၊ မမဆွေ စိတ်ကူးနဲ့ အိပ်ကြည့်ပါလား၊ ချစ်တဲ့သူနဲ့အတူ သင်းချိုင်းတနေရာမှာ အိပ်ရဲလား"

မေမျိုးငွေသည် အစ်မလုပ်သူကို ဆိုဖာပေါ်ထိုင်စေ၍ သူက ယုံမွှေး အနားသတ်နှင့် သားရေကျက်ထားသော ကြိမ်ခွေခြေ အလိမ်လေးပေါ်တွင် မျက်နှာချင်းဆိုင် ထိုင်ချလိုက်၏။

"ငွေတော့ ညအိပ်ရင်း မပျော့်တပျော်လောက်ကျရင်လေ သူ့ရဲ့ ပေါ်ကြီးမြွေခါးပတ်ကြီးက တဖြေးဖြေးအသက်ဝင်လာပြီး ညီမလေးတို့ ခုတင်ရှိရာကို တလွန့်လွန့်လာသလို ဖြစ်လာပြီး သန့်နိုးလိုက်၊ တခါတခါတော့လဲ ကြမ်းပြင်ပေါ်က ကျားကြီးတွေ အသက်ဝင်လာပြီး ခုတင်ပေါ်ကို ခုန်အုပ်လိုက်တာ ငွေဖြင့် ငယ်သံပါအောင် အော်ပြီး သူ့ကိုဖက်ပြီး ငိုတာဘဲ၊ ကြာတော့ မတတ်နိုင်ဘူး၊ ငွေသူနဲ့ ခွဲအိပ်ပါရစေလို့ ခွင့်တောင်းပြီး ဟိုဘက်ခန်းမှာ သွားအိပ်ရတယ်။ ဒါတောင် ရိုးရိုးပြောလို့မရလို့ ဒေါက်တာကျော်ဇံကို အကူအညီတောင်းရတယ်၊ ဒေါက်ဘာတာလဲ ကြာရင် အိပ်မပျော်တာရယ်၊ နှလုံးရောဂါရယ်ဖြစ်လာလိမ့်မယ်ဆိုလို့ ခွဲအိပ်ခွင့်ပြုတာ တနှစ်ကျော်သွားဘီ မမဆွေ၊ သိစော်မနံဘူးလား ဟင်. . ."

ဟုတ်တော့လဲ ဟုတ်ပေသား။ ညအခါ မီးမှိန်မှိန်တွင် ဤအိပ်ခန်း၏ အလှသည် ဘယ်သို့ ရှိမည်ကို မေမျိုးငွေကိုယ်စား စိတ်ကူး ကြည့်မိ၏။

"ပြီးတော့. . . ပြီးတော့ မမဆွေ၊ သည်းခံနားထောင်ပါနော်၊ နားရှက်မသွားပါနဲ့ဦး၊ သူ့အဆောင်ကူးမယ့်ည ဆိုရင်လေ ငွေတော့ တခါထဲ ရေချိုးကျိုး ဆပ်ပြာမွှေးတွင် မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဟောလီးဝုဒ်က ရုပ်ရှင်မင်းသမီးတွေ ရေချိုးသလို ရေမွှေးအမျိုးမျိုးနဲ့ တခါထဲ သူ့ကို ရေချိုးစည်ပိုင်းထဲမှာ ငွေကိုယ်တိုင် ရေချိုးပေးပြီးမှ ငွေ့ရဲ့ အိပ်ခန်းကို လာအိပ်ခွင့်ပြုတယ်။ သူထတော့ဇိမ်ပေါ့၊ နို့မို့ရင်လေ စိတ်ထဲမှာ သူ့ကိုယ်ဟာ အရက်နံ့နံ့ ညှီနံ့ ရောနေသလိုဘဲ”

အသေးစိတ် သူ့ရင်ထဲရှိသမျှ ပွင့်ပွင့်လင်းလင်း ပြောပြနေ၏။

“ပိုဆိုးတာက နှစ်-နှစ်လောက်ရှိဘီ၊ ပေါရိသာဒ ဖြစ်တော့မယ်၊ ကြာရင်တော့ လူသား စားလာတော့မယ် ထင်ပါရဲ့ မမဆွေရယ်၊ အသားမပါရင် ထမင်းမစား၊ တခါတလေ ညစာ မစားတော့ဘူး၊ ဟောဒီ အခန်းထဲမှာ သူ့ထမင်းချက် ဦးပေါ်စံကြီးက သူ့ပစ်လာတဲ့ အမဲထဲက အသားမျိုးစုံကို ဖုတ်ကင် ကြော်လှော် အမျိုးမျိုးလုပ်ပေးသမျှ အရက်နဲ့သောက်၊ ညအိပ်ရာသာ ဝင်သွားရောဘဲ၊ တခြား လူတွေလဲ သစ်တောဝန်ထောက် လုပ်တာပါဘဲ၊ သူ့လောက်လဲ သားစားမကြူးဘူး၊ သူ့လိုလဲ အမဲမလိုက်ပါဘူး၊ ခုတော့ တောတက်ရင် တာဝန်ပြီးတာနဲ့တပြိုင်နက် အမဲပစ်တာ အလွန်ဘဲ၊ သစ်တောအလုပ်က တလ၊ တောပစ်တာက တလ ဆိုပါတော့၊ သူပြန်လာရင် ငွေတောင် မကြည့်ရဲဘူး၊ အမဲစိမ်းစိမ်းစိုစိုရော၊ ဦးပေါ်စံလုပ်လာတဲ့ အခြောက်ရော၊ အစုံဘဲ အစုံဘဲ၊ ကားတစီးအပြည့်၊ အသည်းလတ်လတ်ဆတ်ဆတ်များဆိုရင် ကျက်ရုံလေး ဒယ်အိုးပေါ်လှိမ့်ပြီး ပါးပါးလှီး၊ ပေါင်မုံ့နဲ့စားတာ၊ညီမလေးဖြင့် သွေးစိမ်းတွေ ပန်းကန်ထဲမျှားယိုကျလာသည် သူ့နှုတ်ခမ်းမှာ ပေကျံနေသလို မကြည့်ရဲတော့ဘူး၊ မကြည့်





ရဲဘူး”

ငွေသည် လက်ဝါးလေးနှင့် မျက်နှာကို အုပ်ကာ တကယ် မကြည့်ရဲဟန်ဖြင့် ငိုတော့သည်။

“ပြီးတော့ . . ပြီးတော့ အသဲယားလိုက်တာ၊ သူ့တောခေါင်းကြီးလုပ်ပေးထားလို့ အဆိပ်ထုတ်ပြီးသား မြွေမျိုးစုံ၊ အိမ်နောက်ဘက်အုတ်ကန်မှာ သူစားချင်တဲ့အချိန် ဦးပေါ်စံက သတ်ပြီး . . .”

“တော်ပါတော့ ညီမလေးရယ်၊ မမဆွေလဲ နားထောင်နိုင်ဖို့ အင်အား မရှိတော့ဘူး”

တကယ်ပင် ဆွေဆွေလို ပျော့ညက်ညက် မိန်းကလေးသည် နားထောင်ရင်း အသဲယားလာ၏။

“အို . . . ဟုတ်တယ် ညီမလေး၊ မမဆွေကို ပြောပြတာ လွန်သွားဘီ၊ လာလာ၊ ဒီအခန်းကြီးထဲမှာလဲ မနေကြပါနဲ့တော့”

မေမျိုးငွေသည် အစ်မလက်ကိုဆွဲကာ အိမ်ရှေ့ ဆင်ဝင် ဧည့်ခန်းကို ထွက်လာတော့သည်။ ဧည့်ခန်းသည် လေကောင်းစွာ ရ၍ အသက်ရှူရ သက်သာသွားတော့သည်။

“မမဆွေကို တနာရီလောက် စိတ်ပင်ပန်းအောင် ညီမလေး လုပ်မိသလို ဖြစ်သွားတယ်။ နောက်ပိုင်းမှာလေ မမဆွေ စိတ်ချမ်းသာရမှာပါ။ ကဲ . . . ကဲ . . မမဆွေ၊ ရေချိုးဖို့ရော စားဖို့ရော ငွေ၊ မနော်နဲ့ စီစဉ်လိုက်ဦးမယ်။ ခုတစ်ယောက်ထဲ ပျင်းရင် ညီမလေးပေးမယ့် စာအုပ်ကို ဖတ်နေ၊ အကုန်လုံးလဲ မဖတ်နဲ့ မမဆွေအဖို့ စိတ်ဝင်းစားစရာ ဖြစ်ချင်မှလဲ ဖြစ်မယ်။ ဒါပေမင့် ညီမလေး နောက်ထပ် ပြစရာ ပြောစရာတွေနဲ့ ဆက်စပ်နေလို့၊



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ပြမှာ ပြောမှာတွေဟာ စိတ်ချမ်းသာစရာတွေပါ မမဆွေရယ်၊ မမဆွေကို ညီမလေး မနှိပ်စက်တော့ပါဘူး"

မေမျိုးငွေသည် သူ့အား ဧည့်ခန်းတွင်ထားရစ်၍ အိမ်ထဲသို့ ဝင်သွားပြန်၏။ ခဏကြာထွက်လာကာ သူ့ကို စာတအုပ်လာပေးသည်။ စာအုပ်မှာ ခင်နှင်းယုရေးသော 'မိချို' ဝတ္ထု ဖြစ်၏။ သူသည် ခင်နှင်းယု စာဖတ်ပရိသတ်မဟုတ်၍ ခင်နှင်းယုဝတ္ထုများမှာ သူနှင့်အကျွမ်းတဝင် မရှိလှပေ။ တအုပ်တလေတော့ ကိုလေးကြိုင်ကို တခြားဝတ္ထုများဖတ်ရင်းမှ ဖတ်ပြဖူး၏။

"ကဲ . . . အစအဆုံးဖတ်ဖို့မလို၊ ညီမလေး စာရွက်ဖြူလေးနဲ့ ညှပ်ထားတဲ့နေရာကစပြီး လေးငါးမျက်နှာဘဲ ရှိပါတယ်။ ကြယ်ပွင့်ပြထားတဲ့အထိဘဲ ဖတ်နော်"

မေမျိုးငွေသည် သူ့အား ဝတ္ထုစာအုပ်ပေးသွားပြီး အိမ်ထဲသို့ ဝင်သွားသည်။ သူသည် ဝတ္ထုစာအုပ်ကို ရုတ်တရက် မဖတ်သေးပေ။ သူကိုယ်သူလည်း ပြန်လည်စဉ်းစားမိ၏။ ဂုဏ်တော်ပုတီး စိပ်သူများလို ဖြစ်နေသည်။ တကယ်ပင် ဂုဏ်တော်ကို ကြည်ညို၍ စိတ်သူတို့က မြတ်စွာဘုရား၏ဂုဏ်တော်ကို အလေးအနက်အာရုံပြုကာ တစ်လုံးဆိုတစ်လုံးချင်း သမာဓိရအောင်စိပ်သော်လည်း ဝတ္တရားကျေရုံမျှ စိတ်သူတို့ကမူ နင်ပြီးနင်ဆင်း အပတ်ပြည့်ပြီးရော စိပ်တတ်ကြ၏။

သူ့မှာလည်း ကိုလေးကြိုင်မှ စိတ်အာရုံပြောင်းပါစေသော နှင့် ဝတ္ထု၊ မဂ္ဂဇင်း၊ ဂျာနယ်များကို တအုပ်ပြီးတအုပ် ဖတ်ပြခဲ့ပါသော်လည်း စာပေ၏အရသာကို ဘာတခုမှ မခံစားမိပေ နင်ပြီးနင်ဆင်းသာသာပင် ဖြစ်၏။





ခုမှ မေမျိုးငွေပေးသော မိချိုဝတ္ထု ကို စာရွက်ညှပ်ထားသော လေး ငါးမျက်နှာကို ကောက်၍ ဖတ်လိုက်၏။

× × ×

မန္တလေးတွင် လေယာဉ်ပျံအလှည့်မသင့်၍ ခေတ္တနားကာ မြစ်ကြီးနားသို့ ကျွန်တော်ခရီးဆက်ခဲ့ပါသည်။ မြို့ပေါ်တွင် ကျွန်တော် ရပ်နားနေမည်ဟု ထင်ပါသလား။ မရပ်နားခဲ့ပါ။ ညနေစောင်းတွင် ကားအငှားနှင့် မြစ်ဆုံသို့ ဆက်၍ ထွက်လာခဲ့ပါသည်။

ကျွန်တော့် နှလုံးသားထဲရှိ အရှင် သခင်မကြီးက ကျွန်တော့်အား မြစ်ဆုံသို့ သွားရန် ညွှန်ကြား၍ နေပေတော့သည်။

ကားပေါ်တွင် ကျွန်တော်တယောက်တည်း သွေ့ခြောက်လှသည်။ မြေနီလမ်းပေါ်၌ ဂျစ်ကားသည် မြင့်ရာမှ လျှော၍လျှော၍ ဆင်းသွားသောအခါ အသည်းအေးသလိုလို ငြိမ့်သလိုလိုဖြစ်၍ နေပေသည်။ လမ်းနှစ်ဖက်သည် သစ်တောများဖြစ်၍ စွယ်တော်ပင်များမှာမူ လမ်းဘေးနှစ်ဖက်တွင် ဝဲလည်ကာ ကျန်ရစ်ခဲ့ကြပေတော့သည်။ ကျွန်တော်သည် တစုံတခုကို တွေ့ရတော့မလို ပြင်းစွာမျှော်လင့်၍ ဝမ်းသာနေပေသည်။ ကားသည် မြေနိမ့်ရာသို့ တဖြည်းဖြည်းမောင်းသွားကာ စမ်းချောင်းငယ်တခုကိုဖြတ်၍ ကျော်လိုက်၏။ ပြီးလျှင် တောင်



www.burmeseclassic.com

www.burmeseclassic.com



ကုန်းများပေါ်သို့ ပြန်၍ တက်ပြန်သည်။

နောက်ထပ် စမ်းချောင်းတစ်ခုကို ဖြတ်ကျော်၍ တောင်ခါးပန်းကို ကွေ့လိုက်လျှင်ကွေ့လိုက်ချင်း တောင်ခြေချောက်ထဲတွင် ကျွန်တော်အလွန်တွေ့လိုသော မေမေနှင့် မေလိခမြစ်ဆုံကို ရိပ်ခနဲ လှမ်း၍မြင်လိုက်ရလေသည်။

ကားသည် တောင်မြင့်ကြီးပေါ်သို့ ဖြတ်၍မောင်းနေလေသည်။ တဲငယ်များမှ ကလေးတို့သည် ပြေးထွက်လာကြ၍ ကျွန်တော့်ကားကို လက်ခုပ်လက်ဝါးတီးလိုက် အော်လိုက်နှင့် ဆူညံ၍ နေပေသည်။ ကလေးတို့ကို ဖြတ်ကျော်၍ ခပ်လှမ်းလှမ်းရှိ ခြံဝင်းတခုထဲသို့ ကားကိုမောင်းနှိုင်းလိုက်သည်။ ဝင်းထရံသည် ဝါးလုံးများနှင့် ဖရိုဖရဲခတ်ထားလေသည်။ ခြံအလယ်ရှိ ပျဉ်ထောင်အိမ်သည် ချောက်ဖက်ကိုကျောပေး၍ ဆောက်လုပ်ထားလေသည်။ ကျွန်တော်သည် ကားထဲမှ အိပ်ရာလိပ်နှင့် လက်ဆွဲအိတ်ကို မြေကြီးပေါ်သို့ ယူချလိုက်၏။

ပိုက်ဆံ ရှင်းလင်းပေးပြီး၍ ကားထွက်သွားသောအခါမှ အိမ်ထဲမှလူများ ထွက်လာကြသည်။ ကချင်အဘိုးကြီးလင်မယားသည် ကျွန်တော့်အနီးသို့ ခပ်သွက်သွက် ရောက်လာ၏။ ကျွန်တော့်ကိုမြင်လျှင် သူတို့နှစ်ဦးသည် ပါးစပ်အဟောင်းသား ဟရာမှ ပြေး၍ ပခုံးကိုဆွဲလှုပ်ကြသည်။

"မောင်မြင့်မောင် . . . မောင်မြင့်မောင်"





အဘိုးကြီးသည်ဗမာလိုပီသစွာ ကျွန်တော့်ကိုခေါ်၏။ အဘွားကြီးကမူ ကချင်သံဝဲဝဲနှင့် ဝမ်းသာအားရဘာတွေ ပြောနေမှန်း မသိလိုက်ပါ။

"မောင်ရင် . . . မချိုကောကွဲ့"

အဘွားသည် ကျွန်တော့် လက်ဆွဲအိတ်ကို မ-ချရင်း ပြော၏။

"မချိုဆုံးတာ နှစ်နှစ်ရှိဘီ"

"အို . . . "

သူတို့နှစ်ဦးလုံးသည် စိတ်ပျက်ဝမ်းနည်းစွာ အသံပြုလိုက်ကြ၏။ စကားတပြောပြောနှင့် ပစ္စည်းများကို အိမ်ဆီသို့ သယ်ပိုးကာ ယူသွားကြသည်။ ကျွန်တော့်အဖို့ ထိုအိမ်သည် ရစ်ချတ်၏တိုက်ထက် သက်တောင့်သက်သာရှိသလို ထင်ရသည်။

"ကဲ . . . ကျောဘက်ဆုံးခန်းမှာဘဲ နေနော်၊ ဒီအခန်းက မြစ်ဆုံကိုလဲ လှမ်းပြီးမြင်ရတယ်၊ မချိုနဲ့ အတူမနေသွားတဲ့ အခန်းလဲဖြစ်တယ်၊ ရေချိုးဦးမလား မောင်ရင်၊ ရေနွေးအဆင်သင့်ရှိတယ်။ ပြီးတော့ ထမင်းစားရအောင်၊ ဟင်းတွေတော့ ရှိပါတယ်။ ထမင်းတစ်လုံးဘဲ တယ်ရမယ်"

အဘွားသည် ပြောပြောဆိုဆိုနှင့် ကျွန်တော့်အိပ်ရာလိပ်များကို ဖြေ၍နေသည်၊ ပျဉ်ထောင်ခန်းလေးသည် မကျယ်ဝန်းလှသော်လည်း ရှုပ်ရှုပ်ထွေးထွေး မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အိပ် ခုတင်တခုနှင့် စားပွဲဟောင်း တစ်လုံးသာ ရှိလေသည်။ အဘွားသည် ခုတင်ကို ဖုံခါလျက် ရှိ၏။ အဘမှာမူ စားပွဲပေါ်ရှိ မှန်အိမ်ကို ပြင်၍နေသည်။ အလုပ်လုပ်ရင်း ပါးစပ်မှလည်း မိချိုအကြောင်းကိုပြော၍ နေပေသည်။ သူတို့သည် ကျွန်တော် လာရောက်ခြင်း အတွက် အလွန်ဝမ်းသာသော်လည်း မိချိုကို ပို၍သတိရ စရာအကြောင်းဖြစ်ကြောင်း၊ မိချိုသည် ကျွန်တော်နှင့် အတူ ပြန်၍သွားသော်လည်း မိချိုနေသွားစဉ်က ခြေရာ လက်ရာလေးများမှာ ဤအိမ်တွင် နေရာတိုင်းလိုလို ကျန် ရစ်ကြောင်း၊ မိချိုငြီး၍ဆိုသော သီချင်းသံလေးကိုပင် သူတို့သည် ကြားယောင်၍ အမြဲ သတိရနေသည်တို့ အဘိုးကြီးသည် ကြေကွဲစွာ ပြော၍ပြနေပြန်သည်။

မထူးဆန်းပေဘူးလား။ ဤဒေသမှာပင် မိချိုသည် လာရောက်၍ ကြီးစိုးနေပြန်ပါပကော။

ကျွန်တော်ရောက်ချိန်သည် ဆောင်းနှောင်းဖြစ်သော် လည်း မြစ်ကြီးနားတွင် ချမ်းနေဆဲပင် ဖြစ်ပေသည်။ မိချိုနှင့် အတူလာစဉ်ကမူ နွေဦးပေါက်ဖြစ်၍ ရာသီဥတု သာယာလှပေသည်။ အဘွားသည် ကျွန်တော်ကို ရေချိုး ရန် လာ၍ခေါ်၏။

ကျွန်တော်သည် အဘွားစပ်ပေးသော ရေနွေးနှင့် ရေချိုးလိုက်၏။ စိတ်ထဲတွင် ပေါ့ပါး၍ လန်းဆတ်နေ သလို ဖြစ်နေပေသည်။ နေဝင်သွား၍ ပိုမိုအေးစိမ့်လာ





လေသည်။ အနွေးထည်များကို ဝတ်နေစဉ် အဘွားသည် အခန်းထဲရှိ မီးလင်းဖိုကို ထင်းများ လာ၍ ထည့်ပေးနေ သည်။

"ကဲ. . . ထမင်း စားစို့"

အဘွားနှင့်အတူ မီးဖိုထဲသို့ ကျွန်တော် လိုက်သွား သည်။ အဘသည် ထမင်းစားပွဲတွင် ကျွန်တော်တို့ နှစ်ယောက်အား စောင့်၍နေပေသည်။ ထမင်းများသည် ညိုသော်လည်း အငွေ့တထောင်းထောင်းနှင့် စားချင့် စဖွယ် ဖြစ်၍နေသည်။ ကျွန်တော်သည် အဘွား ထည့် ပေးသမျှကို ကုန်း၍စား၏။ မုန်ညင်းချဉ်ရည်၊ ကြက်သား ဆီပြန်၊ ဆတ်သားခြောက်မီးဖုတ်နှင့် စား၍မြိန်လှသည်။

"လေးငါးခြောက်လရှိဘီ၊ ဒီတခါ ကျွန်တော် ထမင်း အမြိန်ဆုံးဘဲ"

သူတို့နှစ်ယောက်သည်ကျွန်တော်ပြောသည်ကို ငေး၍ နားထောင်နေကြသည်။ ကျွန်တော့်မျက်နှာကိုကြည့်ပြီးသာ စိတ်မကောင်းလည်း ဖြစ်နေကြဟန်ရှိပေသည်။

"ပိန်တာမှ သိပ်ပိန်တာဘဲ၊ ငါ့သား ဒီမှာ ပျော် သလောက် နေပေါ့"

အဘွားသည် စိတ်ထက်သန်စွာ ကျွန်တော့်ကိုပြော ၍ နေပေသည်။

"စိတ်မကောင်းစရာတွေကို မတွေးနဲ့ပေါ့၊ ဒီနေ့ ခရီးလဲပန်းလာတယ်၊ စောစောအိပ်လိုက်တော့၊ နက်ဖြန်ကျမှ



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ချင်တယ်ဆိုတာပြောပေါ့"

"ကျွန်တော် ဘာမှ မလုပ်ချင်ပါဘူး အဘရယ်၊ ဒီတခါ နားရအောင်လာတာပါ"

"အေး. . . ကောင်းတယ် ကောင်းတယ်၊ မချို ကတော့ အလုပ်လုပ်စရာရှိရင် တခါထဲ ကျုံးလုပ်တာဘဲ၊ နားတော့မယ်ဆိုရင်လဲ ပစ်ပြီး နားလိုက်တာဘဲ၊ သီချင်း တအေးအေးနဲ့ မြစ်ဆုံမှာ ကျောက်ခဲလေးတွေ ကောက် နေတာ အဘဖြင့် မြင်ယောင်သေးတယ်"

ဟိုတခါက အဘတို့နှင့် လဝက်လောက် အတူနေ ခဲ့ရစဉ်အတောအတွင်း အဘသည် မိချို၏ဓလေ့ အမူ အရာကို မှတ်သားမိလိုက်လေသည်။

"ကဲ. . . ကဲ။ နားလိုက်ပါဦးလေ"

အဘသည် ထမင်းဝိုင်းမှ ထလိုက်၏။ အဘွားသည် ကျွန်တော့် ရှေ့မှ စားပွဲတင် မှန်အိမ်လေးကို ယူကာ ကျွန်တော့်အခန်းရှိရာသို့ ယူသွားတော့သည်။

အိပ်ခန်းထဲသို့ ကျွန်တော်ဝင်လာသော အချိန်တွင်မူ အိပ်ရာများသည် သပ်ရပ်စွာ ခင်းကျင်းပြီးပေပြီ။

"အဘွား သွားတော့မယ်နော်၊ မင်းတို့ ဟိုတခါ ပြန်သွားပြီးကတဲက အဘွားတို့ ဒီအခန်းကို ဘာမှ မသုံးဘူး၊ ဒီလိုဘဲ ပိတ်ထားတယ်၊ သွားမယ်နော်"

ကျွန်တော်သည် ခေါင်းညိတ်၍ပြလိုက်၏။ ခုတင်





ပေါ်တွင် ခြေချ၍ထိုင်ရင်း အခန်းလေးကို ပတ်လည် လှည့်၍ကြည့်နေမိသည်။ အခန်းသည် မချိုနှင့်လာစဉ်က အတိုင်းပင် ဘာမှမပြောင်းလဲပေ။ ဟိုတုန်းက ကျွန်တော် သည် အိပ်ရာပေါ် လှဲနေလျှင် မိချိုသည် မီးတိုင်ရှေ့တွင် ကဗျာစပ်၏။ သူ့ကဗျာကို သူ့ဘာသာ ရွတ်ဖတ်ရင်း ရယ်မောရ၍ နေတတ်ပေသည်။

"မချိုက အလုပ်လုပ်စရာရှိရင် ကျုံးလုပ်တယ်၊ ပြီးတော့ နားလိုက်တာဘဲ"

အဘစကားလုံးများကို ကျွန်တော် ထပ်တူရေရွတ်၍ ဆိုနေမိပေသည်။

ကျွန်တော်သည် ခုတင်တဖက်ရှိ ပြတင်းပေါက်ဆီ ထ၍သွားမိ၏။ ပြတင်း သံတိုင်များသည် ကျွန်တော် ကိုင်လိုက်သောအခါ သံချေးများနှင့် ကြမ်း၍ နေပေ သည်။ တံခါးမှန်သည် ကြည်လင်ခြင်းမရှိပေ။ ဖုံနှင့် ချေးများ ပေနေ၍ အပြင်ကိုမြင်ရသည်မှာ မှုန်မွှားမွှား ဖြစ်၍နေပေသည်။

မှန်တံခါးတချပ်ကို ကျွန်တော် ဖွင့်လိုက်၏။ လေ အေးသည် စွတ်၍ဝင်လာလေသည်။ ကျွန်တော် လက် ဖျားနှင့် နားရွက်ဖျားများသည် အေး၍သွားလေသည်။ အပြင်တွင် လရောင်ဖျော့ဖျော့သည် ပြေပြေ လင်း၍ နေသည်။ အိမ်လေးသည် ကမ်းပါးထိပ်တွင် ဖြစ်၍ နေ့လယ်တွင် ထိုပြတင်းမှလှမ်း၍ကြည့်လျှင် ချောက်ထဲရှိ



www.burmeseclassic.com

www.burmeseclassic.com



မေခနှင့်မေလိခမြစ်ဆုံကို ပြတ်သားစွာ မြင်ရလေသည်။

လရောင်ကလည်း မှုန်ရီရီဖြစ်၍ မြက်ခင်းကလည်း လှပလေသည်။

မနက်မှပင် မြစ်နားသို့ သွား၍ကြည့်ရန် ဆုံးဖြတ် လိုက်၏။ ပြတင်းတံခါးကိုပိတ်လိုက်မှပင် ပြန်၍နွေး... သလို ဖြစ်လာတော့သည်။ မှန်အိမ်ကိုမှိန်လိုက်၍ ... ထောင်ကိုချလိုက်သည်။ အိပ်ရာပေါ်တွင် စန့်စန့်... အိပ်ရင်း ကျွန်တော်၏ အကြောများကို လျှော့... လိုက်၏။ ယခုတခါတွင်တော့ ကျွန်တော်သည် ... ချာစွာ နား၍ပစ်လိုက်တော့မည်။

"ပူးပေါင်းခြင်းရဲ့တန်ဘိုးကို ဘယ်သူမှ မဆုံးဖြတ် နိုင်ဘူးနော်၊ ဒီမေခနဲ့မေလိခ မြစ်ငယ်နှစ်ခုဟာ ဘယ်... ကများ စီးလာကြသလဲ မသိဘူး၊ သူတို့ မြစ်နှစ်သွယ် ဆုံကြတဲ့အခါတုန်းက သူတို့ဟာ သူတို့ မြစ်နှစ်သွယ် ဆုံကြတဲ့အခါ ဘာတွေ ဖြစ်မယ်ဆိုတာကို တွေး... မဟုတ်ဖူး၊ တကယ်လို့သာ မေခနဲ့မေလိခဟာ အသ... ရှိမယ်၊ ခုချိန်မှာ အဘိုးအဘွားတွေလို ဖြစ်နေမယ်ဆို... သိပ်ဝမ်းသာမှာဘဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့နှစ်... ပေါင်းဆုံပြီးဖြစ်လာတဲ့ ဧရာဝတီမြစ်ကြီးကိုမြင်ရလို့... ဧရာဝတီဟာ ရာဇဝင်ပြတိုက်ကြီးတခုလို အတိတ်ရာဇဝင် တွေနဲ့တည်ဆောက်လာခဲ့ရတဲ့ ယဉ်ကျေးမှုတွေကို ထိန်း သိမ်းထားတာကို သိသာသိတတ်လို့၊ တွေးသာတွေး... တတ်ရင် မေခနဲ့မေလိခတို့ဟာ ဝမ်းသာကြမှာဘဲ"

ကဲ့ မရွှေချို သည့်စကားများကို ဆိုပြန်လေပြီ။ ပထမဆုံး ကျွန်တော်နှင့် မရွှေချို ဤမြစ်ဆုံကို ရောက် စဉ်က မိချိုသည် တွေးတွေးခေါ်ခေါ် ဤကဲ့သို့ပင် ပြောခဲ့၏။ ဤဧရာဝတီ မြစ်ကမ်းခြေ တလျှောက်တွင် တကောင်း အဘိရာဇခေတ်မှသည် ဂျပန်ကို တော်လှန် ပြီးနောက်တည်ဆောက်ဆဲ ခုခေတ်ထိ ခေတ်များသည် အဆင့်ဆင့် ပြောင်းလဲလာလေပြီ မဟုတ်ပါလား။

အဘိုးနှင့်အဘွားတို့သည် မြေးငယ်၏ပေါင်ကို ပုတ် ရင်း ဤမြစ်ကမ်း၏ပုံပြင်များကို ပြောဆို၍ ချော့သိပ်ခဲ့ ကြလေသည်။ ကလေးတို့သည် တကောင်း အဘိရာဇ ခေတ်ကိုလည်းကောင်း၊ ဘဒ္ဒနုဝတီ မိဖုရား၏ အဆောင် ထဲသို့ ဝင်ရောက်လာသော နဂါးကြီးများကိုလည်းကောင်း မျက်လုံး ထဲတွင် ထင်ယောက် မြင်ယောင်လာခဲ့ကြပေ သည်။

ချစ်သူတို့သည်လည်း ဘဒ္ဒနုဝတီ မိဖုရား၏ နဂါး အပေါ်တွင် မေတ္တာသက်ဝင်ပုံ၊ ချစ်တဲ့သူအရိုးကို ဆံထိုး လုပ်ပုံများကို ပုံပြ ပြောဆိုခဲ့ကြသည်။ နဂါးနိုင်မင်း မောင်ပေါက်ကျိုင်း အကြောင်းကလည်း မရိုးသော ပုံပြင်တခုဖြစ်ခဲ့၏။ အချစ်၏ နက်နဲခြင်းဟူ၍ပင်ဆိုရမည် လား။ အချစ်၏ 'ကန်း'ခြင်း ဟူ၍ပင် ဆိုရမည်လား မသိပေ။ သူတို့သည် နဂါးမင်းသေးဆုံးချိန်တွင် ပူပန်





www.burmeseclassic.com

www.burmeseclassic.com



ဆွေးမြေ့ရာမည့်ဘဒ္ဒနုဝတီမိဖုရားအတွက် ကိုယ်ချင်းစာ သနားကာ အသည်းနာနေလျက်ရှိရာ ကြပေသည်။

ဩော်. . . ချစ်ခြင်းဆိုသည့် သဘောကလည်း တကောင်းခေတ်၊ ပုဂံခေတ် ဟူ၍ မခွဲပါပေ။ နည်း ကြီးစိုးသော တကောင်းခေတ်တွင်ပင် နဂဆိန်မိဖုရားနှင့် မျက်မမြင်သားနှစ်ယောက် အကြောင်းကလည်း အမြဲ သားပုံပြင်ပင်ဖြစ်ပေသည်။ ကလေးတို့သည် မိခင်ထံမှ ထိုပုံကိုကြားရတိုင်း ဖောင်တွင် အမျှောခံရသည့် စူဠ သမ္ဘဝနှင့် မဟာသမ္ဘဝအတွက် ငိုကြွေးချင်ကြသည်။ ဖောင်ပေါ်တွင် ဘီလူးမ ထမင်းခိုးစားခန်းကို ကြားရ သောအခါ ကလေးများသည် ရယ်မောပျော် ကြ၏။ ကလေးဆိုသည်မှာတော့ ခုငိုချင်ငို၊ ခုရယ်ချင်ရယ် သဘောရှိပေသကိုး။

ဤရောဝတီသည်ပင်လျှင် တကောင်းနှင့် သရေ ခေတ္တရာခေတ်ကို ပေါင်းကူးသဖွယ်ဆက်သွယ်ခဲ့လေသည် ဟု မိချိုက ဆိုခဲ့ပေသည်။

မိချိုသည် အကယ်၍သာ သူ့၌ ကလေးများ မွေး ဖွားလာခဲ့လျှင် ဧရာဝတီမြစ်တွင် မပေဒါရေခပ်ခန်းတို့ နူးညံ့လှပသော ပုံပြင်လေးဖြစ်အောင် လုပ်၍ ပြောဆို ပြမည်ဟု ဆိုသည်။ ဧနဝင်ရိုးရီတွင် မပေဒါရေခပ်ချိန်၌ ရေလှိုင်းကလေးမှားလှုပ်ရှားပုံ၊ ငှက်ငယ်များ အိပ်တန်း ဝင်ကြပုံ၊ နေရောင်ဝါရွှေရွှေ၌ ပေဒါ၏ညှိုးလျော့သော





မျက်နှာလေးလှပပုံကိုလည်း ကဗျာစပ်ကာ သားလေး ကို ချော့မည်ဟု ဆိုသည်။ ပေဒါရေခပ်ရာ ငွေသောင် စပ်၌ ရွှေသမင် လည်တံကြော့တို့ ရေသောက်ဆင်းပုံကို လည်း သားလေးအတွက် ပန်းချီဆွဲကာ ပြမည်ဆို၏။ သားမှာတော့ အမေ့ရင်ခွင်တွင် ချော့မြူသိပ်၍ အချစ် ရိပ်ကိုခိုလှုံရသည့်အတွက် အစဉ်ချမ်းငြိမ်း ပျော်ရွှင်နေရ သော်လည်း မိခင်မဲ့သော ပေဒါလေး၏ဘဝခန်းခြောက် ပုံ၊ သနားစရာကောင်းပုံကိုလည်း သားအားပြောပြဦး မည်ဟု ဆိုသည်။

"အဲဒီလိုဆိုတော့ ငိုချင်စရာချည်းပဲပေါ့ အစ်ကိုရယ် နော်၊ မဖြစ်သေးပါဘူး၊ ဒီဧရာဝတီရဲ့ အလယ်ခေတ်ကိုဆို ပါစို့၊ ပုဂံခေတ်အကြောင်းကိုသားနဲနဲကြီးလာတော့ ပြော ပြရအုံးမယ်။ ဧရာဝတီကို ဖြတ်ကူးတဲ့ ပုဂံခေတ်သူရဲ ကောင်းတွေအကြောင်း၊ နော်ရထာဘုရင်နဲ့ကျန်စစ်မင်း သားအကြောင်းပြောပြရင်တော့ သားဟာ သူတို့လို သူရဲ ကောင်း ဖြစ်ချင်တဲ့စိတ်ရှိလာမှာဘဲ။ ဗျတ်ဝိတို့၊ ဗျတ္တတို့ အကြောင်းပြောပြရင်တော့ သားဟာ ငိုများငိုမလား။ ကိုယ့်ဘုရင်တွေကိုများ မုန်းသွားမလား။ တတ်နိုင်ပါ ဘူးလေ။ သားကို အမှန်အတိုင်းသိရစေမပေါ့။ ရာဇဝင် ဆိုတာကတော့ အားတက်စရာပဲပါမယ်။ အားငယ် စရာလဲ ပါလိမ့်မပေါ့။ ချစ်စရာနဲ့ မုန်းစရာတွေလဲ ပါ လိမ့်မယ်။ ဒီဧရာဝတီကို မူတည်ပြီးသာ သားကို ပြောပြရ



www.burmeseclassic.com

www.burmeseclassic.com



မှာကိုး. . . "

ကဲ. . အံ့ဩဘွယ် မကောင်းပေဘူးလား။ ဒီမေခနှင့် မေလိခမြစ်ဆုံကို ကျွန်တော်နှင့်သူ အတူတကွ မြင်ကြရခြင်းပင် ဖြစ်၏။ ကျွန်တော် မျက်လုံးရှေ့ဝယ် ဤမြစ်ငယ်ကလေးနှစ်ခု တွေ့ဆုံ၍ တသားတည်းစီးသွားခြင်းမှာ တစ်နှင့်တစ်ပေါင်းနှစ်ခုဆိုသလို ရိုးလှသောမြင်ခင်းတခုပင်ဖြစ်သည်။ ဧရာဝတီကို ကျွန်တော် သတိပြုမိပါ၏။ သို့သော် ကုန်ကူးသန်းဖို့မှလွဲ၍ ကျွန်တော်တာ ဧရာဝတီကို ပိုမို မတွေးခေါ်ခဲ့ပါ။

မိချိုကတော့မေခနှင့်မေလိခကိုမြင်လျှင်ဘဲ ဧရာဝတီ တကောင်း၊ သရေခေတ္တရာနှင့် ပုဂံခေတ်များကို ရောက်၍ သွားတော့သည်။ ကျွန်တော်၏အတွေးများသည်လည်း ဧရာဝတီ မြစ်ရေယာဉ်ဝယ် မျောပါသွားကြလေသည်။

× × ×

နံနက်တွင်အေးသော်လည်း မြစ်ဆုံ ပတ်ဝန်းကျင်၌ နှင်းမြူများကို မတွေ့ရပါ။ လေသည် လတ်ဆတ်၍ အေးစိမ့်လှသည်။ တောတောင်နှင့် နှင်းဖွဲ့သော တောင်ထွတ်များကို ဖြတ်သန်းလာဟန် ရှိသည်။ တိုက်လိုက်တိုင်း စိမ့်၍စိမ့်၍အေးလာလေသည်။ နေဝန်းသည် ရှေ့ဘက် တောင်တန်း ပေါ်သို့ကျော်၍ တက်လာလေသည်။





စိမ်းညို့သောတောအုပ်ကြီးသည် နေရောင်ခြည်အောက်တွင် တောက်ပ၍လာလေသည်။

ခြံဝင်းထဲတွင် အဘသည် မုန်ညှင်းပင်များကို ရေလောင်း၍နေလေသည်။ မုန်ညှင်းပွင့်များသည် ဝါဝါထိန်၍ အခင်းတလျှောက်လုံးသည် ပိုးဝါနှ ပုဝါအားလေညှင်းခတ်သလို လှိုင်းထနေပေသည်။ အခင်းထဲသို့ ကျွန်တော်သည် ဖြတ်၍ လျှောက်လာ၏။ ပန်းပွင့်ဝါလေးများပေါ်တွင် ညက နှင်းစက်များ တင်နေဟန်ရှိပေသည်။ ပွင့်ဝါများသည် စွတ်စိုလျက်ရှိကြသည်။

ခြေသွားလမ်းအတိုင်း ကျွန်တော်သည် ကမ်းပါးအောက်သို့ ဆင်း၍လာသည်။ ကမ်းပါး၏အခြေတွင် ကျောက်ခဲများသည် မြစ်ကမ်းအပြည့် ဖုံးနေလေသည်။ အဝိုင်းနှင့် အလုံးလေးများ၊ ရေတ်ကျည်ပွေ့ သဏ္ဌာန်ကျောက်တုံးလေးများသည် လူချော သပ် ထားသည် ထက်ပင် ပြောင်လက်ချောမွေ့လျက်ရှိကြသည်။ ကျောက်ပြားဝိုင်းလေးများသည် ငါးကြေးခွံ ထပ်၍ထားသလို အထပ်လိုက်အထပ်လိုက် သဘာဝအတိုင်း အစီအရီဖြစ်၍ နေကြလေသည်။ ကျောက်ခဲလေးများ ပေါ်သို့ နင်း၍ ဖြည်းဖြည်းပင် ကျွန်တော်လျှောက်လာခဲ့သည်။ ရေစပ်သို့ ရောက်လျှင် ကျောက်ပြား တစ်ခုပေါ်တွင် ကျွန်တော် ထိုင်လိုက်၏။

မေခနှင့်မေလိခတို့သည် ဖြည်းညင်းစွာပင် စုန်၍စီး

www.burmeseclassic.com



ဆင်းနေကြသော်လည်း ပေါင်းဆုံကြသောနေရာ၌ဝဲလည် လှည့်၍သွားကြပြန်သည်။ စိမ်းညိုနေသော ရေဂယက်များ သည် မြသားကိုထုထားသလို တလက်လက်တောက်၍ သွားလေသည်။

မြစ်ကမ်းပါးသည် ချမ်းငြိမ်းအေးချမ်း လှသည်။ တောသစ်ပင်ကြီးများသည် ဣန္ဒြေရှင်ကြီးများလို မားမား ရပ်၍နေလေသည်။ ဝါးပင်အလက်များသာ ဆောင်း နှောင်းလေတွင်ယိမ်းနွဲ့၍နေကြလေသည်။ မြစ်နှစ်ခုအလယ် တွင်သန်လျက်စွန်းလို ကျွန်းကလည်း ညို့ညို့မှိုင်းမှိုင်းကြီး ဖြစ်၍နေလေသည်။

ကျွန်တော်သည် မြစ်ညာကို မျှော်၍မျှော်၍ကြည့် ၏။ မြစ်နှစ်သွယ် အစသည် ဘယ်မှာ များပါလိမ့် ဘယ်ကများစခဲ့ကြပါလိမ့်၊ မြစ်ဖျားစ, စဉ်အခါကသာ တောင့်သာယာမှ ဖြစ်ကြပါလိမ့်မလား၊ ချောက်ကမ်း ပါးကြီးများကို မကျော်လွှားရစဉ်က ရေတံခွန် အဖြစ်နှင့် တဟုန်ထိုး စီးဆင်းကောင်း စီးဆင်း ခဲ့ရပေလိမ့်မည်။ အကန်းလိုချောက်ထဲသို့ ခုန်ဆင်းရသည်မှာ ကြောက် စရာမောပန်းစရာပေဘဲ။ စမ်းချောင်းလေး ဆိုပေမယ့် သူ့ဘဝ၌ စွန့်စားခန်းဆိုသည်မှာပါချင်ပါခဲ့ပေလိမ့်မည်။ သစ်ပင်ပိတ်ပေါင်းကြီးများ အောက်တွင် နေရောင်ကိုမျှ ပြုံကြည့်ခွင့်မရဘဲ ခေါင်းငုံ့လျှို့ကာ တလူးလွန့်လွန့်နှင့် လည်းစီးဆင်းခဲ့ကြရပေမည်။





ကျွန်တော်နှင့် မိချို ဘဝ စ,ခဲ့သရလို ကမ်းမမြင် လမ်းမမြင် မျှော်လင့်ချက် ဆို၍ အရိပ်အယောင် တောင် မမြင်ခဲ့ရသောဘဝပါပေ။ မေခနှင့် မေလိခသည် မပူးပေါင်းခင်ကအခြံအရံမဲ့လှသည်။ အထီးကျန်လွန်းလှ သည်။ ကျွန်တော်တို့နှစ်ယောက်သည်လည်း မိဘမရှိရုံမက အခြွေအရံလည်း မဲ့ခဲ့လေသည်။

ကျွန်တော့်မျက်စိထဲတွင်ခြေမျက်စိအောက်သို့လုံချည် မကျဘဲ အင်္ကျီလက်တထောင့်ပင်၍ ငါးပိနှိုက်၊ ဆားနှိုက်၊ နှိုက်နေသောမိချို့သဏ္ဌာန်ကို မြင်ယောင် မိပြန်သည်။ ထိုစဉ်ကကျွန်တော်သည် ဖာတစ်လုံးပခုံးထမ်း၍ အောက်ပြည်အောက်ရွာသို့ဆင်းလာသော အခြေမဲ့အနေ မဲ့အညာ သားလေးမျှသာဖြစ်၏။ ရန်ကုန်တွင်ရှိသော ကျွန်တော့် သူငယ်ချင်းပွဲရုံတွင် ပွဲရုံလုပ်ငန်းများကို ဝင်ရောက်လုပ် ပေးရသည်။ မိချို့သည် သူ့ဖခင်နှင့်အတူ ကျွန်တော်တို့ ပွဲရုံသို့ငါးပိ၊ ငါးခြောက်၊ ဆန်၊ ဆီစသည် တို့ကို သုံးလစာ လေးလစာလာ၍ ဝယ်ယူတတ်သည်။

မိချို့ဖခင်သည် ဆန်စက်ပိုင်ရှင်ဖြစ်၍ ဆန်စက်အလုပ် သမားများစားသောက်ရန် မကြာခဏဆိုသလိုဈေးဝယ် ပေးရသည်ကိုသာ ကျွန်တော်သိခဲ့လေသည်။ ထိုစဉ်ကပင် ကျွန်တော်မျက်စိထဲတွင် မိချိုသည် စိတ်ဝင်စားစရာ ကောင်းသော မိန်းကလေးတယောက်ဖြစ်ခဲ့၏။ ညိုညို တုတ်တုတ်ခြေသလုံးများသည် သူ၏အလုပ်ကြမ်းလုပ်နိုင်

www.burmeseclassic.com



ပုံကို သရုပ်ဖော်ပြနေလေသည်။ သူသည်ကျောင်းနေ ပင်ဖြစ်သော်လည်း ကျောင်းသူတစ်ယောက်လို ယဉ်ကျေး သောဟန်ပန်၊ ရှက်ကိုးရှက်ကန်း ဖြစ်တတ်သော အ အရာတို့မိချိုတွင်မရှိခဲ့ပေ။ မိချိုသည်ရဲ၏။ ပွင့်လင်း သွက်လက်၏။ တုတ်ခိုင်တောင့်တင်းသည်မှလွဲ၍ ချော သည်မလှပါ။

သူ၏ဖခင်ကွယ်လွန်ချိန်တွင် အထီးကျန်ခဲ့သော အားလူကြီးများတိုက်တွန်းချက်ဖြင့်ကျွန်တော် လက်ထပ် ခဲ့သည်။ မိချို့ဖခင်၏ အကြွေးများကို ရှင်းလင်းလိုက် သောအခါ သူတို့၏ဆန်စက်ကြီးပါ အကြွေးထဲတွင် ပါ ၍သွားတော့သည်။ မိချိုသည် ကောလိပ်တွင် ဆက် နေနိုင်တော့ပေ။

လူ့စိတ်ဆိုသည်မှာ အံ့ဘွယ်ကောင်းလေစွ။ ခြေချင်း လက်ချည်းနှင့်ဘဝကိုစခဲ့စဉ်က ကျွန်တော်သည် တကယ့် အလုပ်သမားကိုအလိုရှိ၏။ မိချိုကို ပွဲရုံလုပ်ငန်းများတွင် အချိုးကျ ကျွမ်းကျင်အောင် ကျွန်တော် သင်ခဲ့၏။ ကျွန်တော်ကုန်သည်လုပ်ငန်းတွင် တိုးတက်လာသည်မှာ အမှု မိချိုသည် ကျွန်တော်၏ လူယုံအလုပ်သမားကြီး သာဖြစ်ခဲ့လေသည်။ မိချိုထံမှ အလုပ်ကလွဲ၍ ကျွန်တော် ဘာမျှအလိုမရှိခဲ့ပါ။ သို့သော်ယခုကျွန်တော်သူဌေးလေး ဘဝသို့ရောက်လာချိန်တွင်မိချို၏ညိုတုတ်သောခြေသလုံး တို့ကိုသွယ်ပျောင်းဖြူဖွေးစေချင်သည်။ နေလောင်သောသူ





၏မျက်နှာနှင့်လက်ချောင်းကိုလည်း ပန်းနုရောင်လိုအသွင် လှပစေချင်သည်။ ကျွန်တော်၏ နှုတ်ခမ်းပေါ်သို့ ပူနွေး မွှေးကြိုင်နေသောနှုတ်ခမ်းလေးများနှင့်ထိတွေ့စေချင်သည်။

ကျွန်တော်ပုံသွင်းခဲ့သော ကျွန်တော့်မိချိုသည်အလုပ် ကြမ်းသမားတယောက် ပုံအသွင်သာ ပေါ်ခဲ့လေသည်။ ယခုအချိန်ကျွန်တော်လိုချင်သော ဝဏ္ဏပဘာကဲ့သို့ သွယ် ပျောင်းလှပ၍ မလာတော့ပါ။

သို့သော်မိချို၏အသည်းနှလုံးတို့သည် ပန်းကလေးလို လှပ၏။ ပွင့်ဖတ်လိုနူးညံ့ပေသည်။ ထို့ကြောင့်ပင် သူသည် သဘာဝအလှအပတေးဂီတတို့၌ နူးညွတ်စိတ်ဝင်စားခဲ့ ပေသည်။

သူနှင့်အတူမြစ်ဆုံမှအပြန်တွင် သူသည် ကျွန်တော့် အားအမည်ဆန်းတခု မှည့်ခေါ်ခဲ့လေသည်။ ကျွန်တော် ၏ရောဂါလုံးလုံးပျောက်ကင်းအောင် မြစ်ဆုံတွင် အပန်း ဖြေဖို့ သူကပြောသည်။ ကျွန်တော်က ၁၅ ရက်ပြည့် သောနေ့တွင် မိုးကောင်းသို့သွားရန်စီစဉ်၍နေလေသည်။ မိုးကောင်းတွင် ကျောက်ကုန်သည်များနှင့် တွေ့ဆုံ၍ ကျောက်စိမ်းတုံးများကို ဝယ်သွားချင်သည်။ ရန်ကုန် ကျွန်တော်၏ ဖောက်သည်များသည် အမြောက်အမြား ရှိ၏။ နိုင်ငံခြားသားတို့သည် မြန်မာပြည် ကျောက်စိမ်းနှင့် ပတ္တမြားကို မြတ်နိုးကြ၏။ သည်အချက်တွင် ကျွန်တော် ကုန်သွယ်နိုင်လျှင် ခရီးစရိတ်လည်း ကြေ၊ အမြတ်လည်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်သော ကော်ပေါက်တခုပင် မဟုတ်ပါလား။

"အစ်ကိုဟာ အနားယူချိန်တောင်မှ အလုပ်လုပ်နေတာဘဲ၊ အစ်ကို့ခေါင်းထဲမှာ အလုပ်နဲ့ ငွေကလွဲလို့ ဘာမှ မရှိတော့ဘူး၊ အစ်ကိုဟာ တပွဲစားကြီးပါ"

သူသည် အိပ်ရာလိပ်နေ၍ အထုပ်အပိုး ပြင်ဆင်နေစဉ် . . .

"တပွဲစားကြီး တပွဲစားကြီး"

ဟူ၍ ကျွန်တော့်ကို နောက်ပြောင်ခေါ်၏။

မြစ်ကြီးနားမှ မိုးကောင်းသို့ မီးရထားနှင့် သွားနေစဉ် တလမ်းလုံး ကျွန်တော်သည် တပွဲစားဆိုသည် အဓိပ္ပာယ်ကိုတွေး၍ လာခဲ့ပါ၏။ မိချိုကလည်း ကျွန်တော့်အား မပြောပြပါ။

"တပွဲစား"

ဆိုသည်မှာ ဘာပါလိမ့်။

× × ×

ကျွန်တော့် မျက်စိရှေ့တွင် မြစ်ရေသည် စီးဆင်းနေသဲ ပင် ဖြစ်၏။ မြစ်ကမ်းရှိ သဲဖြူတို့အား ရေဝယက်များ ထိတွေ့လိုက်သော အခါတွင် ရွှေမှုန် ငွေမှုန်များသည် တလက်လက် တောက်ပ၍လာလေသည်။

ကျောက်တုံးငယ်များဘေးတွင် သဲခုံမြင့်မြင့်ကလည်း ဖြူဖြူလွလွနှင့် လူပြုပြင်၍ ထားသလို လှပလေသည်။ အကြေသို့ကြည့်လေလေ မြစ်ရေသည်စိမ်းလေလေဖြစ်၏။





ချောက်ကမ်းပါးထက်တွင် ခရစ်ယာန်ဘုရားရှိခိုးကျောင်းသည် မိုး၍ မြစ်ရေယာဉ်ကို ကြည့်နေသလို ဖြစ်၍ နေပေသည်။

"မင်းတို့ကို စိတ်ဝင်စားတဲ့ မိချိုတစ်ယောက်တော့ မပါလာတော့ဘူး၊ သွားတော့ မယ်နော်၊ မေခနဲ့မေလိခ"

ကျွန်တော်သည် အဓိပ္ပာယ်မရှိဘဲ ပါးစပ်မှ ရေရွတ်မိ၏။ လက်ထဲမှ ကျောက်ခဲဖြူကို မြစ်ရေပြင်သို့ လွှင့်၍ ပစ်လိုက်မိ၏။ ကျောက်ခဲနှင့် ရေမျက်နှာပြင် ထိတွေ့ကြသောအခါ ရေပန်းပွင့် အဝိုင်းသည် လှုပ်ရှား ကားပွင့်၍လာသည်။ တဖြည်းဖြည်းနှင့် ရေဝိုင်းသည် ကျယ်၍ ကျယ်၍ လာရာမှ မြစ်ပြင်ကျယ်ရောင် ပျောက်ကွယ်၍ သွားတော့သည်။

မေခနှင့် မေလိခ တွေ့ဆုံကြစဉ်က မြစ်မင်းဧရာဝတီ ဖြစ်ပေါ်လာလိမ့်မည်ဟု တွေးခေါ်မိကြဟန် မရှိသလို၊ ကျွန်တော်နှင့် မိချို တွေ့ဆုံပေါင်းမိကြစဉ်ကလည်း ယခုလို ချမ်းသာသော သူဌေး လင်မယား ဖြစ်ကြရလိမ့်မည်ဟု မမြော်လင့်မိခဲ့ပါပေ။

အဘတို့ အိမ်သို့ ပြန်ရောက်လျှင် အဘွားသည် ကျွန်တော့်ကို စောင့်မျှော်၍နေ၏။ သူ့ရှေ့ရှိ ခုံဝိုင်းလေးပေါ်တွင် ဆတ်သားခြောက်ဖုတ် ပန်းကန်ကို ဆီရွှဲရွှဲ ဆမ်း၍ ထားသည်ကို ကျွန်တော်တွေ့ရ၏။

"အဘွား မျှော်နေတယ် မောင်မြင့်မောင်ရဲ့၊ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မစားမသောက်ဘဲ ဆင်းသွားလိုက်တာ၊ လာ လာ"

အဘွားသည် ထိုင်ရာမှထကာ မီးဖိုထဲသို့ဝင်သွား၍ ပြန်ထွက်လာသောအခါ အငွေ့တထောင်းထောင်း ထနေသော ကောက်ညှင်းပေါင်း တပန်းကန်ကို ယူလာသည်။

အဘသည်လည်း ကျွန်တော်နှင့်အတူလာ၍ ထိုင်၏။ လက်ဖက်ရည်ကြမ်းများကို ပန်းကန်ငယ်များထဲသို့ အဘက ငှဲ့၍ထည့်ပေးနေသည်။

"ငါ့သားက အခြောက်ဘဲကြိုက်တယ်၊ ကဲ ကောက်ညှင်းပေါင်းနဲ့ စားစမ်း၊ မချိုကဖြင့် ဆတ်သားအမျှင် ငရုတ်သီးစပ်စပ်နဲ့ချက်ရင် တယ်ကြိုက်တာပဲ၊ သမီး ထေ ဘယ်လိုများ ဖြစ်ပြီး ဆုံးသွားတာလဲကွယ်"

အဘွားသည် ဆတ်သားခြောက် ပန်းကန်ကို ကျွန်တော်ဘက်သို့ တိုးရင်းမေးနေပြန်၏။ ထိုမေးခွန်းကို ကျွန်တော် မဖြေချင်ပေ။ ဖြေရမှာကို ကြောက်၍မေး သည်။ ကျွန်တော့်စိတ်ထဲ၌ မိချိုကို တွေးရင်သာ ဆွေး နေပေမည်။ တစုံတယောက်သော သူက မိချို့အပေါ် စိတ်ဝင်စားနေသည်ကိုတော့ ကျွန်တော် မလိုလားပေ။ သေဆုံးသွားသော မိချို့ဝိညာဉ်နှင့် ကျွန်တော့်ပတ်ဝန်း ကျင်ရှိ အဆက်အစပ်တို့ကို ကျွန်တော် လိုက်၍ ဖြတ် တောက်ပစ်လိုက်ချင်သည်။

"အပြင်းဖျားတာ ဆိုပါတော့ အဘွားရယ်"

ကျွန်တော်သည် ဘာမှ ရှေရှေဝေးဝေး မပြော





ဖြေလိုက်၏။ မိချိုသေဆုံးရခြင်း အကြောင်းကို ပြောပြ မည်ကြံတိုင်း သေနေပြီဖြစ်သော မိချို့မျက်နှာကို ကျွန် တော် ပြန်၍ပြန်၍ မြင်၏။ သေနေသော မိချို့မျက်နှာ သည် အဓိပ္ပာယ်တွေ အများကြီးပေါ်၍ နေပေသည်။

ထိုအချိန်က အိုဂျီအယ်လ် အထည် လိုင်စင်များ ပထမအကြိမ်ပိတ်လိုက်သောအချိန်ဖြစ်၏။ ထိုအကြောင်း ကို အရင်ဆုံးသိနေသော ကျွန်တော်သည် ကျွန်တော့် အထည်များကို ဘာမှထုတ်မရောင်းဘဲ၊ အထူးသဖြင့် တိုတယ်လ်နှင့် အမေရိကန် နိုင်လွန်ကို ဂိုဒေါင်တွင်လှောင် ၍ ထားရန် စီစဉ်လိုက်၏။ မိချိုနှင့် မန်နေဂျာကြီးကို ဂိုဒေါင်ငါးခုသို့ လွှတ်လိုက်သည်။ မိချိုသည် ထိုနေ့က သထုံမှ ပြန်ရောက်စဖြစ်၏။ ကျွန်တော်သည် ကုမ္ပဏီမှ ထိုင်ရင်း တက်ဈေးနှင့် ရောင်းရမည့် ကုန်စာရင်းများ နယ်ဖောက်သည်များကို အားလုံး စာရင်းလုပ်၍ နေပြန် လေသည်။ ကျွန်တော် ကံကောင်းသော၍လား မသိ။ အိုဂျီအယ်လ် ပိတ်လိုက်ချိန်တွင် အထည် ဈေးသည် တဟုန်ထိုး တက်လာ၏။ ရာဘာဈေး တခါတည်း တက်၍ လာလေသည်။

ညနေ နှစ်နာရီလောက်တွင် ကျွန်တော်ထံသို့ ဂိုဒေါင် စာရေးကြီး တယ်လီဖုန်း လှမ်း၍ဆက်လိုက်သည်။ မိချို သည်အထည်စာရင်းများလုပ်ရာမှ နံပါတ်(၅)ဂိုဒေါင် အရောက်တွင် မူးလဲ၍ ဆေးရုံသို့ ခေါ်သွားရကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com



အထူးခန်းတွင် တင်ထားရကြောင်း၊ ဖုန်းဆက်ချိန်အထိ
သတိမရသေးကြောင်း ဖြစ်၏။

ကျွန်တော်သည် စားပွဲမှ ထ၍မရသေးပေ။ သံကြိုး
များနှင့် အထည်များကို ရောင်း၍နေသည်။ ထိုစဉ်
ရာဘာ အရောင်းအဝယ်ကို အစိုးရ မကိုင်သေး၍ ကျွန်
တော်သည် နိုင်ငံခြား ကုမ္ပဏီများနှင့် ရာဘာ အရောင်း
အဝယ် ဖြစ်အောင် စာချုပ်၍ နေရသည်။

အားလုံးအလုပ်ပြီး၍ ကျွန်တော် စားပွဲမှ ထလိုက်
သောအခါ ကျွန်တော့်အခန်းသည် မီးလင်း၍ပင် နေ
သေပြီ။ အပြင်တွင်လည်း မှောင်၍ပင် နေပါပတော
မိချိုထံသို့ ကျွန်တော် သွားရမည်ကို သတိရလာ
ကျွန်တော်သည် ကားနှင့် ရန်ကုန်ဆေးရုံကြီး အထူးခ
ဘက်ဆီသို့ မောင်း၍လာ၏။

ဆေးရုံကြီး ရောက်မှပင် မိချို၏ နာမည်စာရင်း
ကျောက်သင်ပုန်းပေါ်၌ ရှာကြည့်ရလေသည်။ အခန်း
နံပါတ် (၅-ခ)အောက်ဆုံးထပ်တွင် မိချိုနာမည်ကို ဖော်
ပြထားသည်။ ကျွန်တော်သည် အခန်းရှိရာသို့ လျှောက်
သွားသောအခါ အခန်းတံခါးဝတွင် (No visit
ဟူသော ဆိုင်းဘုတ်ကို တွေ့ရလေသည်။ ဆရာ
တစ်ယောက်သည် အခန်းထဲမှ ရုတ်တရက် ထွက်လာ
ကျွန်တော့်ကို မြင်လျှင် သူသည် လက်ကာပြလိုက်၏

"ကျေးဇူးပြုပြီး အခန်းထဲကို မဝင်ပါနဲ့ရှင်"





"ဟင်. . . ကျွန်တော်က ချိုချိုရဲ့ ယောက်ျားပါ"

"ဟုတ်ကဲ့၊ သူ မှာသွားတယ်၊ အထူးသဖြင့် သူ့
ယောက်ျားကို ဝင်ခွင့် မပြုပါနဲ့တဲ့၊ သူရောက်လာပြီး
နှစ်နာရီလောက်ကြာတော့မှ သတိရလာတယ်။ ခုတော့
ဆရာဝန်က သူ့ကို အိပ်ဆေးထိုးထားပါတယ်။ သူကလဲ
မအိပ်ခင် ရှင့်ကို အခန်းထဲဝင်ခွင့်မပြုဘို့ အထူးမှာသွား
ပါတယ်"

ကျွန်တော်သည် အဓိပ္ပာယ်ကို နားမလည်ပေ။ သူ
အခန်းဝတွင်ခေါက်တုံ့ခေါက်ပြန် လျှောက်၍ နေမိသည်။
ရှစ်နာရီထိုး၍ ညှေ့သည်နှင့်ခေါင်းလောင်း ထိုးလိုက်မှ
ကျွန်တော် ပြန်၍လာသည်။

အိမ် ရောက်လျှင် မိချိုအတွက် စိတ်မကောင်း
သလောက် ထိုနေ့စာရင်းပိတ် အရောင်းအဝယ် တသိန်း
ငါးသောင်းဘိုး ဖြစ်လိုက်သည့်အတွက် ကျွန်တော်
စိတ်ချမ်းသာ၍သွားလေသည်။

နောက်နေ့နံနက်တွင်ဆေးရုံမှ တယ်လီဖုန်းဆက်ကာ
ခေါ်၍ ကျွန်တော်သည် မိချိုထံသို့ ထွက်လာခဲ့သည်။
ဆရာမသည် ချောချောချူချူပင် ကျွန်တော့်ကို အခန်း
ထဲသို့ ဝင်ခွင့်ပြုလိုက်၏။

မိချိုဘေးတွင် ဒေါက်တာ ဆင်မြူရယ်သည် ငြိမ်
သက်စွာ ထိုင်နေလေသည်။ ပက်လက်လှန်၍မှိန်းနေသော



www.burmeseclassic.com

www.burmeseclassic.com



မိချို့မျက်နှာကို ကျွန်တော် ကြည့်လိုက်သောအခါ မိချိုတွင် အသက်မရှိတော့သည်ကို ကျွန်တော်သိရ၏။

"ဟင်. . ."

ကျွန်တော်သည် အလွန် ကြောက်၍သွားသည်။ မိချိုသည် မျက်လုံးများ မှေးထားကာ နှုတ်ခမ်းကို တင်းတင်းစေ့၍ အံကြိတ်ထားပုံရလေသည်။ အသက်မရှိတော့သည့်နောက် အကြောများသည်လည်း လျော့သွားဖို့ကောင်းပါသည်။ သို့သော် မိချို့ စိတ်ပြင်းထန်လိုက်ပုံက သေပြီးနောက်တွင်ပင် တစုံတခုမကျေမနပ် ဖြစ်သွားရသလို စေ့စေ့ကြီး အံကြိတ်၍ ထားလေသည်။ ကျွန်တော်သည် မကြည့်ရဲတော့ပေ။ ကျွန်တော့်မျက်နှာကို လက်နှစ်ဖက်နှင့် အုပ်ထားလိုက်မိသည်။ အနားရှိ နောက်မှီကုလားထိုင်ပေါ်တွင် ပစ်ထိုင်လိုက်မိ၏။

"ဒေါက်တာရယ်. . . မိချို့မျက်နှာကို ပြင်ပေးပါ ဒေါက်တာရယ်၊ သူ့မျက်နှာဟာ ဒီလိုမဖြစ်ပါစေနဲ့"

"မပြင်တတ်ဘူး၊ ကျွန်တော်မပြင်တတ်ဘူး၊ အမှန်တော့ မိချို့မျက်နှာဟာ ဒါထက် မကျေမနပ်ဖြစ်ဖို့ ကောင်းတယ်"

ဒေါက်တာဆင်မြူရယ်သည် ကျွန်တော်ကို အေးစွာ ပြောလိုက်၏။

"ဟင်. . ."

ကျွန်တော်သည် ဘာပြောရမှန်း မသိ။ ကြောင်၍





နေပြန်သည်။

"မူးလဲသွားတော့ ဂိုဒေါင်ထဲကို ကျွန်တော် သွားကြည့်ပြီး သူ သတိရရချင်း ခင်ဗျားကို မေးတယ်၊ ခင်ဗျားကို သိပ်တွေ့ချင်တယ်။ သူသတိရတော့ ဆေးရုံရောက်ပြီး နှစ်နာရီကြာသွားပြီ။ ဒီအချိန်ထိ ခင်ဗျားဟာ ရောက်မလာဘူး။ သူ့ကို လာမတွေ့ဘူး ဆိုတော့ မိချို့မျက်နှာတွေဟာ တခါထဲပြာပြီး ဖြူဖျော့သွားတာဘဲ။ ခင်ဗျားဟာ နွားကိုခိုင်းတဲ့လယ်သမားလိုဘဲ။ သေအောင်အရိုးပြိုင်းပြိုင်းကျအောင် ခိုင်းပြီးတော့ ဒီနွား ကျန်းမာရေးကျတော့ လုံးလုံးဂရုမစိုက်ဘူး"

"မဟုတ်ဘူး ဒေါက်တာ၊ ဒီလို မနေ့က ငွေတစ်သိန်းကျော် ရမယ့်ကိစ္စဆိုတော့ ကျွန်တော် လုံးပန်းနေတယ်"

"ဘာဗျ. . . လူတစ်ယောက်အသက် လူတစ်ယောက်စိတ်ချမ်းသာမှုကို ခင်ဗျားက ငွေတစ်သိန်းနဲ့လဲတယ်။ တစ်ပြားမှ မရှိတဲ့လူက အသက်နဲ့လဲပြီး တစ်သိန်းကို မက်တယ်ဆို ထားပါအုံးတော့။ လေးငါးဆယ်သိန်း ချမ်းသာတဲ့လူက တော်ဗျာ ဦးမြင့်မောင်၊ ကျွန်တော် ဆက်ပြောရရင် စကားတွေ လွန်လိမ့်မယ်။ မချို. . . မချိုလောက်အဖြစ်ဆိုးတဲ့ မိန်းကလေး မရှိတော့ဘူး"

သူသည် အသံတုန်တုန်ရီရီနှင့် မိချိုနာမည်ကို ခေါ်ကာ အခန်းထဲမှ ထွက်သွားတော့သည်။ မကြာခင် ဆရာမများရောက်လာ၍ မိချိုအလောင်းကို သယ်ယူရန် ပိတ်ဖြူနှင့် ဖုံးလိုက်မှ ကျွန်တော်သည် မိချိုအလောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ကြည့်ရဲတော့သည်။

မိချို "ဆုံး" ခန်းကို ဒီနေရာတွင် ကျွန်တော်က ရပ်ပစ်လိုက်၏။

အဘနှင့် အဘွားတို့အား ရှေ့ဆက် ဘာမှ မပြောတော့ဘဲ ကျွန်တော် ငိုင်နေမိလေသည်။

"စောစောစီးစီး မဂျမ်းကလဲ ဘာတွေ မေးနေလဲ မသိဘူး။ ကဲ. . . ငါ့သား ဒီနေ့ ဘာဟင်းစားမလဲ"

အဘသည် အဘွားကို မန်လိုက်၏။ သူတို့ မေးခွန်းကြောင့် သူတို့ဖာသာ စိတ်မကောင်းဖြစ်ဟန် တူပေသည်။ ရှေ့တွင်ချထားသော ဆတ်သားခြောက်ပန်းကန်ကို စိုက်ကြည့်နေပေမင့် စားစရာ ဟူ၍ ကျွန်တော့်စိတ်ထဲတွင် မထင်ပေ။

"ကျွန်တော့်ကိုများ မချိုဟာ ကျိန်ခဲ့သွားသလားမသိဘူး အဘွားရယ်၊ သူသေသွားပြီးမှ ကျွန်တော်ဟာ တနေရာထဲမှာ အကြာကြီးရပ်တည်နေလို့ မရဘူး၊ ဒုတိယမယားကို လက်ထပ်ပြီးမှ ကျွန်တော့်စိတ်တွေ ငြိမ်သွားလိမ့်မယ်လို့ ထင်တယ်။ ထင်သလို မဟုတ်ဘဲ ပိုပြီး ဆိုးလာတယ်။ သူနဲ့အတူ သွားခဲ့တဲ့နေရာတွေကို ကျွန်တော်ဟာ မရပ်မနားဘဲ ဆက်ပြီး သွားနေချင်တယ်။ ကျွန်တော့် မိန်းမဟာ ကျွန်တော်နဲ့အတူ ကြာတော့ မလိုက်နိုင်တော့ဘူး၊ ခုလဲ ဒီကနေပြီးရင် သွားချင်သေးတယ်။ မောင်းမကန်ရယ်၊ ပုဂံရယ်၊ ရွှေစက်တော်ရယ် ကျန်သေး





တယ်"

"ဒီမှာ ကြာကြာနေပါ။ နေလို့ရပါတယ်။ အဘတို့နဲ့ အတူနေပြီး စိတ်ငြိမ်မှ ပြန်တာပေ့ါကွယ်"

အဘတို့ပြောသည့်အတိုင်းပင် ကျွန်တော်သည် မြစ်ဆုံတွင် တလနီးပါး ကြာခဲ့လေသည်။ မှန်သားလို ကြည်လင်သော မြစ်ရေတွင် တောအုပ်တောင်တန်းတို့၏အရိပ်ထင်နေပုံမှာ ပန်းချီကားသဖွယ် လှပငြိမ်သက် အေးဆေးပေသည်။

ယခု အနားယူနေခြင်းဖြင့် ကျွန်တော်၏ ကျန်းမာရေး အခြေအနေသည် တိုးတက်လာတို့ ကောင်းပေသည်။ သို့သော် တနေ့တခြား ပိန်ချုံးလာ၍ လာစကဲ့သို့ အစားအသောက် မကောင်းတော့ပေ။ သတိမေ့ရောဂါမပေါ်သော်လည်း ခေါင်းမှာ အမြဲလိုလို မူး၍လာလေသည်။

အဘသည် မြစ်ကြီးနားက ဆရာဝန်ကို ခေါ်ယူ၍ပြ၏။ ဆရာဝန်က အာရုံကြော်မကြီး အားနည်းလာသော ရောဂါဟူ၍ ပြော၏။ တခါတရံ ကျွန်တော့်လက်များသည် အလိုအလျောက် တုန်ရီ၍ လာပေသည်။

"ကျွန်တော်ပြန်ဦးမယ် အဘရယ်၊ ဆေးကုပြီး နေကောင်းမှ အဖြူနဲ့အတူတူ လာခဲ့မယ်"

တလပြည့်သော နေ့တွင် အဘတို့ကို ကျွန်တော်နှုတ်ဆက်၍မြစ်ဆုံမှ ခွဲခွါခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ကားပေါ်မှ လှမ်း၍ မြစ်ဆုံကို ကြည့်မိ၏။ မြစ်ဆုံသည် ရဟန္တာအသွင် တည်ငြိမ်လှသည်။ တည်မြဲလှသည်။ အာသဝေါကုန်သော သူတို့၏ မျက်နှာသည် စိုးရိမ်ပူပန်ခြင်း ကင်း၏။ ဝမ်းမြောက်ခြင်း ကင်း၍ တည်ငြိမ်၏။ မြစ်ဆုံသည်လည်း ကျွန်တော်နှင့် ခွဲခွါရ၍ ပူပန်ခြင်း မရှိ အေးဆေး ငြိမ်သက်စွာပင် တည်မြဲနေပေသည်။ ကျွန်တော် မမျှော်မှန်းနိုင်သော ခေတ်အဆက်ဆက်မှသည် ယခုထိ မြစ်ဆုံသည် ဘာမျှ မပြောင်းလဲခဲ့။

အစိုးရ၏။ မြဲ၏။ တည်ငြိမ်၏။ ဒါကြောင့် ကျွန်တော်သည် မြစ်ဆုံကို အာသဝေါကုန်သူ၏ မျက်နှာနှင့် နှိုင်းခြင်းပင် ဖြစ်ပေ၏။

"မိချို့ အရှင်သခင်မကြီးရယ်၊ ကျုပ်ဒီတခါ အိမ်ကို ပြန်ရင်တော့ အိမ်မှာ မြဲမြဲနေပါရစေတော့ ခွင့်လွှတ်ပါတော့. . ."

ကျွန်တော်သည် စိတ်ထဲမှ သူ့ကို တောင်းပန်မိပေသည်။

× × ×

စာဖတ်ပြီးချိန်တွင် မေမျိုးဆွေသည် ရေမိုးချိုးကာ ထမင်းစားပြီး အိပ်ရာပေါ် ကျောဆန့်လိုက်၏။ မေမျိုးငွေကတမနက်လုံး အစ်မလုပ်သူကို ပြောစရာတွေ၊ ပြစရာတွေ၊ ပြပြီးအနားသို့ မရောက် လာသေးပေ။ မေမျိုးဆွေသည် အိပ်ရာပေါ် လှဲရင်း





ခင်နှင်းယု၏ ဇာတ်ကောင် မိချိုနှင့်ကိုမြင့်မောင်ကိုလည်းကောင်း၊ သူ့ညီမမေမျိုးငွေနှင့် မောင်သိန်းနောင်တို့အကြောင်းကိုလည်းကောင်း ဆက်စပ်တွေးရင်း အိပ်ပျော်သွား၏။

တရေးနိုးတွင် သူ့အနားတွင်ကော်ဖီ၊ ရေနွေးကြမ်း၊ လက်ဖက်သုတ်များအဆင်သင့်ရောက်နေ၏။ မကြာခင် မေမျိုးငွေရောက်လာကာ နေ့လယ်စာညီအစ်မနှစ်ယောက် စားကြ၏။

"အခု. . . မမဆွေ၊ စိတ်ချမ်းသာရမှာပါ"

ဟူသောစကားလုံးများနှင့် ငွေသည် စကားစလာ၏။

"အေးပါကွယ်၊ မမဆွေစိတ်ထဲမှာလဲ ကိုယ့်ဘဝက စိတ်မောလူမောခဲ့ဘီမို့ ကိုယ့်ညီမလေးနဲ့အတူ အခြားဘယ်သူဘဲ တွေ့တွေ့၊ စိတ်ချမ်းမြေ့မှုရှိပါစေဆိုတာ ဆုတောင်းပါတယ်"

"မမဆွေအနေနဲ့ မိချိုဝတ္ထုဖတ်ပြီး ဘယ်လို ခံစားမှုရှိလဲဆိုတာတော့ ညီမလေးမသိဘူး၊ ငွေရဲ့အနေနဲ့ မမဆွေကိုပြတဲ့စာပိုဒ်တွေဖတ်ပြီး တွေးမိတယ်၊ မိချိုဟာ ဘယ်လိုလဲ အလုပ်ပင်ပန်းပင်ပန်း သူ့မှာသဘာဝကို ခံစားတတ်တဲ့ ဉာဉ်ရှိတယ်။ သူ့ယောက်ျားက တပွဲစားကြီး၊ သူ့အသည်းနှလုံးကိုတောင် ရွှေငွေလောက်တန်ဖိုးမထားတတ်ဘူး၊ ဒီတော့ သဘာဝအလှကိုလဲ ဘာမှသိရှိခံစားတတ်တဲ့ လူမဟုတ်ဘူး၊ မောင်နဲ့ ပုံစံသာကွဲတာ ဉာဉ်ကအတူတူဘဲလို့ ညီမလေးယူဆတယ်။ မိချိုလိုအလုပ်သမားမိန်းမဆိုက လိုအပ်တာထက်ပိုပြီး လုပ်အားကို ညှစ်ယူမိလို့ မိချိုစောစောစီးစီးသေရတာဘဲ၊ မမဆွေ. . ငွေတော့ အသေမခံနိုင်ဘူး။ မိချိုမြင်သလိုဘဲ သဘာဝအလှကို ကြည့်တတ်အောင် ကြည့်မယ်၊ ခံစားတတ်အောင် ခံစားမယ်လို့ မိချိုဝတ္ထုဖတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုပြောင်းလိုက်တယ်. . . .

"ဒီမြစ်ဆုံကို မိချို့တို့လင်မယား ရောက်ကြတာချင်းအတူတူ သူ့လင်ကြီးကလေ၊ ကျောက်တုံးမြင်ရင်လဲ အိုးအိမ်ဌာနသွင်းဖို့ ကျောက်ခဲအသွင်နဲ့ဘဲမြင်တယ်။ သဲပြင်နဲ့ ရေပြင်က အရောင်တောက်ပနေတာကိုတောင်သူက သူ တကိုယ်ကောင်း ချမ်းသာဖို့ ကျောက်သံပတ္တမြားတွေတူးဖော်ဖို့ဘဲ စိတ်ကအမြဲသက်ရောက်နေတယ်။ မိချို့ ရောဝတီကိုမြင်ပြီး လေ့လာသုံးသပ်ပုံ၊ နှလုံးသွင်းလိုက်ပုံက၊ မေခနဲ့မေလိခ ပူးပေါင်းမှုကစပြီး သရေခေတ္တရာခေတ်အထိရောက်ရော. . .။ဒီတော့လေ ညီမလေး စိတ်ထဲမှာ ငါထဲအနိဋ္ဌာရုံတွေကိုဘဲစိတ်စွဲပြီး ဒီလင်တော်မောင် ဝက်ဝံကြီးထိုပေါင်းနေရရင်. . ."

"ဘဲ့နဲ့ပြောတာလဲ ညီမလေးရယ်၊ ကိုယ့်လင်ကို ဝက်ဝံနဲ့နှိုင်းရလဲ"

"ကန်တော့ပါတယ်၊ စိတ်မရှိပါနဲ့၊ အရင်တအိပ်ရာစီခွဲမအိပ်ခင်က တကယ်ပါဘဲ၊ ညတိုင်ကျရင် ပသိုင်းမွေး နှုတ်ခမ်းမွေးဖွားဖွားနဲ့အိပ်မောကျနေပြီလားဆို တခေါခေါနဲ့ဟောက်၊ ဝူ. . ဂွမ်နဲ့ဖားဂုံညှင်းကြီးလိုလဲအသံထွက်ရဲ့၊ အရက်စော်က ပါးစပ်ကထွက်လူကလဲအရက်ဖောဖော၊ ဗိုက်ကြီးကဖောင်းလိုက်ပိန်လိုက်ဖြစ်နေတော့ သန်းခေါင်ကျော်၊ တရေးနိုးထကြည့်မိရင် ဝက်ဝံကြီးတစ်ကောင်အိပ်ပျော်နေသလိုဘဲ. . ကဲလေ၊ နောင်ကို မပြောတော့ပါဘူး၊ အခုမမဆွေကိုပြောမှာ၊ ပြမှာတွေက မေမျိုးငွေဆိုသော ညီမလေးသည် လက်တွေ့မြင်နေရသောပတ်ဝန်းကျင်အနိဋ္ဌာရုံကို မည်ကဲ့သို့ ဣဋ္ဌာရုံသို့ ပြောင်းလဲလိုက်သလဲဆိုတာကို





ပြချင်လို့ပါပဲ. . . ကဲကော်ဖီကို လက်စသတ်အောင်သောက်၊ တမနက်စာလုံး စိတ်ဒုက္ခ ပေးမိတာကိုတော့ မမဆွေ ညီမလေးကို ခွင့်လွှတ်ပါ"

မေမျိုးငွေသည် သူ့ပန်းကန်ထဲမှာ ကော်ဖီလက်ကျန်ကိုလဲ ပြီးအောင်မော့ချလိုက်ကာ၊ အစ်မလုပ်သူ၏လက်ကိုဆွဲ၍အောက်ထပ်သို့ ပေ့ါပါးဖျတ်လတ်စွာ ဆင်းသွားသည်။

ခန်းဆီးအစိမ်းရင့်နှင့်ကာထားသော အခန်းတခုကိုဖွင့်ပြလိုက်၏။ အို. . တကယ်ပင်စိတ်ချမ်းသာစရာကောင်းသော အခန်းနှင့်အပြင်အဆင်ပါတကား။ ဆွေသည်အခန်းထဲသို့မေမျိုးငွေကပင် တိုက်တွန်းရန်မလို တလှမ်းချင်းလျှောက်၍ ဝင်သွား၏။

ကျောက်စက်ရေများနှင့် စိမ်းမြသော ရေအိုင်ပေါ်တွင်ကြာပန်းများ ပွင့်နေကြ၏။ အနားကပ်ကြည့်မှကြာပန်းနှင့် မြရောင်တောက်နေသော ကြာရွက်မှာပလတ်စတစ်နှင့် လုပ်ထားခြင်းဖြစ်၏။ ငှက်ကြီးဝံဘိုကြီးသည် ခြေတဖက်ကိုထောက်ကာ တဖက်ကိုကွေး၍ သူတို့ကိုလှမ်းကြည့်နေပုံရ၏။ သဘာဝပြမှာတိုက်မှ ငှက်များလိုလုပ်ထားသော်လည်း အမွေးအရောင်များမှာ တောက်ပသစ်လွင်လှ၏။ ရေအိုင်ထဲတွင်တော့တကယ့်သက်ရှိရွှေငါးများကိုလွှတ်ထားကာ ကျောက်ခတ်၊ ရေညှိပင်များနှင့် လှပလှသည်။

ကမ်းစပ်မြက်ခင်းပေါ်တွင် ယုန်ဖြူလေးနှစ်ကောင်သည် နားရွက်ထောင်ကာ သူတို့ကိုကြည့်နေ၏။ မျက်လုံးလေးများသည် မိုးကုတ်ကျောက်နီဖြင့် လုပ်ထားသော်လည်း သက်ဝင်လှုပ်ရှားနေ၏။ ရေအိုင်၏ဘေး သစ်ပင်ပေါ်တွင် သပိတ်လွယ် ငှက်က



www.burmeseclassic.com

www.burmeseclassic.com



လေးနှစ်ကောင်နှင့် ငွေဖျိုးဖြူမောင်နှံ နားနေကြ၏။ ပျံထွက်တော့မည့်ပုံမျိုးနှင့် ငှက်ခါးလေး တကောင်၏ ပုံသည် လည်းအသက်ပါလှ၏။

"ငွေ. . လေ ငှက်ကလေးတွေအရေကို အထဲကအသာထွင်ပြီး သဘာဝသက်ရှိလိုဖြစ်အောင် ချုပ်တဲ့နည်းကို ဆရာမ မာဂရက် ဆီကသင်ယူရတယ်။ သူက တီ၊ တီ၊ စီ က အချုပ်အလုပ်နည်းပြဆရာမကြီး၊ ခုတော့ ပင်စင်ယူပြီး သိပ်တော်တာဘဲ။ အောက်တိုဘာ ကျောင်းပိတ်ရက် သားကြီးရန်နောင် လာမယ် ဆိုရင်သစ်ရွက်လေးတွေပေါ်မှာ ငွေချည်မှုန်လေးတွေ ဖြူးထားတော့ညဥ့်ဘက် ဒီအခန်းကိုမီးဖွင့်ထားရင် မြစ်ကြီးနားရဲ့ ဆောင်းညအလှဟာ ပေါ်လာတာဘဲ။ သားကြီးကလဲ သိပ်သဘောကျတာဘဲ။ ညီမလေးရဲ့သူငယ်ချင်းတွေ ပြင်ဦးလွင်ကပြန်လာရင်ချယ်ရီပန်းအစိုကို မှာရတယ်။ ဒီ သစ်ပင်ပေါ်မှာ တင်ထားတယ်လေ။ ခြောက်သွားတဲ့အခါတော့ ပလတ်စတစ်နဲ့လုပ်ထားတဲ့ ချယ်ရီပန်းအတုကို သစ်ကိုင်းလေးတွေပေါ်မှာ ပိုးကြိုးလေးနဲ့ ချည်ထားတယ်"

ညီမလေး၏ စိတ်ကူးစိတ်သန်းကို ဆွေသည် ချီးကျူးမိ၏။

"ဘယ့်နှယ်လုပ်မလဲ၊ ဒီလင်ကိုလဲ မကွာနိုင်ဘူး၊ သူ့ရဲ့ မုဆိုးရိုင်းကြီးအခန်းမှာလဲ စိတ်က မသာယာနိုင်တော့ ကဲ. . . ကိုယ့်စိတ် သာယာမှုကို ကိုယ့်ဖာသာဘဲ ဖန်တီးယူရတော့တယ်။ ဒါတောင် တခါတခါ အရက် အသောက်လွန်လို့ ပြောမရအောင် သောင်းကျန်းလာရင် ရန်ဖြစ်ရော။ ရန်ဖြစ်ရင်တော့ ငွေကလေး





သူ့ကို သောနတ္တိရိုကြီး၊ ဝက်ဝံကြီး၊ တပွဲစားကြီးလို့စုံအောင်ကိုခေါ်တာဘဲ။ ပေါ်ရိသာဒကတော့ ထာဝရဘွဲ့ထူးဘဲ။ သားကြီးရန်နောင် ကျောင်းပိတ်ရက်လာရင် သူနဲ့အမြဲအိပ်စေချင်တယ်။ သူ့လိုဘဲ သေနတ်ဆွဲပြီး တောလိုက်မုဆိုးကြီးဖြစ်အောင် သူ့ရဲ့အိပ်ခန်းမှာမုဆိုးပုံပြင်တွေ ပြောပြီး ချော့သိပ်တာဘဲ။ သားမှာယောက်ျားပီပီ ရဲရင့်တဲ့စိတ်တွေ ဝင်လာအောင် သွင်းပေးတာတော့ ငွေ သဘောကျပါတယ်. . .

"ဒါပေမင့် တရားလွန် သားရှေ့မှာ အရက်သောက်ပြ၊ သားကို အရက်ခွက်ထဲ အရက်ထည့်ခိုင်းတာတွေကိုတော့ ငွေလက်မခံနိုင်ဘူး။ အဲဒီတော့ ငွေနဲ့အတူ သားလေး လာအိပ်ကဲ့ညရောက်ရင် သားကို ငွေကလဲ အရက်သောက်လွန်လွန်းတော့နှိုစ့်ရွယ် သားအရင်း ရင်သွေးလေးရဲ့ ပေါင်နှစ်ခြမ်းကိုဆွဲဖြဲပြီးတင်စား အရက်နဲ့မြီးတဲ့ ဘုရင်ကြီးအကြောင်းပုံပြင်တွေ၊ သားစားကြူးလွန်ပြီး နွားအရှင်လတ်လတ်ရဲ့ လျှာကို ဖြတ်ခိုင်းပြီးဟင်းချက်စားတဲ့သူရဲ့ဒုက္ခအကြောင်း၊ မျက်မှောက်ဘဝမှာဘဲ နွားလိုမသေခင် လေးဘက်ထောက်သွားရတဲ့ ပုဏ္ဏားအကြောင်းတွေကိုပြောပြရတယ်။ ရန်နောင်ဟာ မဆိုးဘူးမမဆွေရေ။ လောကကိုမှုကအောင် ကြည့်တတ်တဲ့စိတ် အခြေခံ သူ့မှာပါလာသား၊ သူလေ သူစိတ်အဝင်စားဆုံး အခန်းကတော့ လာ. . . ညီမလေးပြမယ်"

မေမျိုးငွေသည် ဆွေကို အိမ်ပြင်သို့ခေါ်သွားပြန်၏။ အစေခံတန်းလျားနှင့်ကပ်ရက် အိမ်ငယ်လေးကိုခေါ်သွား၍ ဖွင့်ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤအိမ်ခန်းငယ်မှာ ကြေးရည်တတ် လူချမ်းသာတို့ ထားလေ့
ဘားတတ်ရှိသော (နတ်စရီရှမ်း) ကလေးငယ် ကစားသော
သီးသန့်အခန်းဖြစ်သည်။ ဤအခန်းငယ်တွင်တော့ လက်သမား
တန်ဆာပလာအစုံနှင့် လုပ်ဆဲ လုပ်ပြီး ကုလားထိုင်လေးများ
သစ်သားခုံလေးများ၊ သစ်သားအိမ်လေး၊ လှည်းဘီး၊ မီးရထား
တွဲငယ်များရှိသည်။

"မတတ်နိုင်ဘူး၊ ကိုယ့်သားကို ကိုယ် အပြုသမားလဲ ဖြစ်
စေချင်တယ်။ အဖေကိုလဲ အထင်သေးစိတ် မဝင်စေချင်ဘူး
ဒီတော့ သူ့ကို ကစားစရာတွေ ပေးရင်း သူကစားဖို့ ကုလား
ထိုင်လေးတွေကအစ သစ်သားအိမ်လေးတွေ ဖြစ်လာအောင်
မေမေတို့နေဖို့ အိမ်တွေနဲ့ အသုံးအဆောင်တွေ ဖြစ်လာအောင်
ကျွန်းသစ်တွေ သစ်မာတွေနဲ့ သစ် မျိုးစုံတွေ ကို စိုက်တာဟာ
သားကြီးရဲ့ ဖေဖေဘဲလို့ ဆိုပြီး သစ်တော ဝန်ထောက်တွေရဲ့
သစ်ပင်စပျိုးတဲ့ လုပ်ငန်းကနေ သစ်ကို သင်းသတ်တဲ့အထိ သူ့
စိတ်ဝင်စားအောင် ပြောရတယ်မမဆွေ။ သူ့ဖေဖေကိုအပြုသမား
ဖခင်တယောက်အဖြစ် သား စိတ်ထဲမှာရှိစေချင်တယ်။ မြင်စေ
ချင်တယ်။ အသတ်သမား၊ အသောက်သမားအဖြစ် ဘယ်တော့မှ
မတွေ့မမြင်စေချင်ဘူး။ မမရဲ့ ညီမမှာလေ၊ လင် တစ်ယောက်ရ
သားတစ်ယောက်မွေးရတာ ပင်ပန်းလိုက်တာ မမဆွေရေ့။

ကိုယ့် အတောင်နဲ့ ကိုယ် ပျံကြတာဘဲဟော့. . . ဟူ၍သာ
ဆွေက ပြောလိုက်ချင်တော့သည်။ တကယ်တော့လည်း သူ့ညီမ
လေးသည် သူ့ဘက် မိဘကလည်း ချမ်းသာ၊ လင်ဘက်က မိဘ





များကလည်း ချမ်းသာကြသူများဖြစ်၍သာ ရန်နောင်လို သား
တယောက်ကို ခုလို ဂရုတစိုက် ပြုပြင်လေ့ကျင့် ပေးနိုင်ခြင်း
ဖြစ်ပေသည်။

"တရုတ်လက်သမားကြီး အဖောင်ကို ဝက်ပေါင် ခြောက်
တပေါင်နဲ့ အရက်တပုလင်း လက်ဆောင်ပေးလိုက်ရင် နွေရာသီ
ကျောင်းပိတ်ရက် သားကြီးပြန်လာတဲ့အခါမှာ ဒီအခန်းထဲ လာ
ကစားတာဘဲ။ သစ်မျိုးစုံဖြတ်တောက်ပြီး အဖောင်က သူကြိုက်
တဲ့ ပုံစံလေးတွေ လုပ်ပြတယ်။ ရန်နောင်ကလဲ သဘောကိုကျလို့
ရန်နောင်ဟာ သစ်တုံးလေးတွေနဲ့ အိမ်ဆောက်တာကို သိပ်ဝါ
သနာ ပါတာဘဲ။ အဲဒီလို သားကြီးရဲ့စိတ်ကို ပြောင်းအောင်
ငွေလဲ တတ်နိုင်တဲ့နည်းနဲ့ ဆွဲယူရတာဘဲ။ နောက် တခုကတော့
မမဆွေအိမ်ပေါ်မှာ မြင်ခဲ့တဲ့ မြင်ခင်းကတော့ သဘာဝပြတိုက်
သဘောပေါ့လေ။ လိုက်ခဲ့ပါအုံး"

မေမျိုးငွေသည် ခြံထဲသို့ ဆွေဆွေကို ခေါ်သွားပြန်၏။

"အဲ. . ဒါကတော့ သက်မှုသားမျိုးတို့ ပျော်စံရာမိဂဒါဝုန်
ပေါ့"

တိရစ္ဆာန်ရုံ အသေးစားလေးပါပင်တည်း။ သူတို့ကိုမြင်သော
အခါ ယုန်ဖြူလေးစုံတွဲနှင့် ပူးလေး နှစ်ကောင်သည် မြက်ခင်း
ပြင်ပေါ်တွင် ပြေးလွှားသွားကြ၏။ သားအဖ သုံးယောက်နှင့်
တူသောသမင်မောင်နှံနှင့် သားငယ်လေး ပေါက်စတကောင်မှာမူ
လူနှင့် ယဉ်ပါးနေပြီ ဖြစ်ဟန်ရှိ၏။ တဖက်သံဇကာ ကာထား သော
အခန်းလေးမှ သူတို့ကို လှမ်းမျှော်ကြည့်၏။ သားငယ် လေးသည်

www.burmeseclassic.com



မြက်ခင်းပေါ်တွင် ဆော့နေသည်။

"သားကြီးရန်နောင်ကလေ၊ သမင်ပေါက်စလေး မွေးစက မေမေရေ သားကြီးတို့လိုဘဲ၊ သူတို့လဲ သားအဖသုံးယောက် ဖြစ်လာကြပြီတဲ့၊ အို. . . မွေးကင်းစသမင်လေးကို သူမှာချစ်လွန်းလို့ မပြောနဲ့တော့ မမဆွေရယ်၊ ပွေ့ပွေ့ပြီး ချီရသေးတယ်။ ဟိုဘက်ကတော့ ငှက်ကလေးတွေ"

ငှက်လှောင်အိမ်မှာ အတော်ပင် နေရာကျယ်ကျယ်ပြန့်ပြန့် ယူထား၏။ ပေ ၅၀ × ပေ ၃၀ ခန့် ရှိဟန်တူသည်။ စိတ်ဝင်စားစရာကောင်းသည်က ရိုးရိုးဒေါင်းအဖိုအမအပြင် ရှားရှားပါးပါး ဒေါင်းဖြူတကောင် ရှိနေခြင်းပင် ဖြစ်၏။

"တောခေါင်းကြီးကိုရော၊ သူ့သူငယ်ချင်းသစ်တောဝန်ထောက်တွေကိုရော ငွေက မှာထားတယ်၊ ဘာသတ္တဝါဘဲဖြစ်ဖြစ် သက်ရှိစုံတွဲကို ဖမ်းလို့၊ ထောင်လို့ရရင် မသတ်ဘဲ ငွေ့ဆီကို ယူလာပါ။ လက်ဆောင်အဖြစ်ပေးလဲ ယူမယ်၊ တန်ရာတန်ဘိုးပေးဝယ်ရမယ်ဆိုလဲ ပေးဝယ်ဝ၁ဘဲ။ မမဆွေရေ၊ ရင်ထဲမှာ ဘယ်လိုသဘောထားသလဲဆိုရင် တားမရ၊ ပြောမရတဲ့ဘဝမှာ သူက သားကောင်ကို သတ်သမျှ ငါက သတ္တဝါလေးတွေကို ခုလို မောင်နှံစုံမွေးပြီး ကျွေးမွေးတာနဲ့ အစားထိုးမယ်လို့ဆိုပြီး လုပ်တယ်"

ဆွေသည် ညီမငယ်၏ ကြည်လင် ရွှင်ပျသောမျက်နှာလေးကို မြင်ရသောအခါ တမနက်လုံး စိတ်မချမ်းသာသမျှ သက်သာ၍ သွားတော့သည်။ သူ့ညီမလေးသည် သူ့ထက်တော်သည်ဟု ဆိုရပေမည်။





"မောင်ကပြောတယ်လေ၊ ငွေကုန်ကြေးကျ သိပ်များတာဘဲတဲ့။ ဒီတော့ ညီမလေးက ပြောပြလိုက်တယ်။ မောင့်ရဲ့ဖေဖေ မေမေတို့က သားကြီးရန်နောင်အတွက် စာအုပ်ဖိုး၊ မုန့်ဖိုး၊ ကျောင်းလခကအစ တာဝန်ယူတယ်၊ ငွေတို့ တပြားမှ မကုန်စေရဘူး။ ငွေမှာလဲ လက်ဝတ်လက်စား အပြည့်အစုံနဲ့ ငွေအပိုလဲ မသုံးချင်တော့ဘူးလို့၊ ဒီတော့ သားကြီးအတွက် ငွေကုန်ကျမယ့် စားရိတ်ကို ဒီတိရစ္ဆာန်တွေ ပြုစုကျွေးမွေးတဲ့နေရာမှာ အကုန်ခံမယ်၊ အသုံးချမယ်၊ မောင်သောက်တဲ့အရက်ဖိုး တလစာဖိုးလောက်တော့ မကုန်ပါဘူးလို့၊ မောင် အရက်သောက်တာကို မတားစေချင်ရင် ငွေ ဒီသတ္တဝါလေးတွေကို မွေးတာကိုလဲ မတားပါနဲ့လို့၊ သားကြီးရန်နောင်ကိုလဲ ငွေ ပြောပြေတယ်လေ. .

"မြတ်စွာဘုရားရှိစဉ်က နိပေါလ်ပြည်မှာ မိဂဒါဝုန်တောဆိုတာ သားသမင်တွေကို ဘေးမဲ့ပေးတဲ့ ဥယျာဉ်ကြီးလို့၊ ခုခေတ်မှာလဲ အမေရိကနဲ့ ခေတ်မီနိုင်ငံတွေမှာ ရှားပါးတဲ့သားကောင်တွေ မျိုးမပြုတ်အောင် သစ်တောကြီးတွေမှာ သီးသန့်သတ်မှတ်ထားပြီး ဥပဒေနဲ့ သားကောင်းများကို မပစ်ရလို့ တားမြစ်ထားတဲ့နေရာတွေရှိတယ်ဆိုပြီး ပြောပြရတယ် မမဆွေ။ ဘယ့်နှယ်လုပ်မလဲ၊ တခါလာ သွေးညှိနံ့နဲ့ ယမ်းငွေ့ စော်နံနေတဲ့မောင်ရဲ့ကမ္ဘာ၊ မောင်ရဲ့ပတ်ဝန်းကျင်ထဲကို သားကို ဒီလိုမှဆွဲမထုတ်ရင် သားရန်နောင် လူဖြစ်ရှုံးမှာပေါ့။ ဒါပေမင့်လဲ သူ့အဖေကို သူ့သားအထင်မသေးအောင် ဘယ်တော့မှ သူ့အဖေဟာ သားကောင်တွေအပေါ်မှာ ရက်စက်တဲ့ တောလိုက်မုဆိုးကြီး အနေမျိုး၊



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်မျိုးရောက်အောင် ညီမလေး စကားလုံးမသုံးမိဖို့ အမြဲဆင်ချင်တယ်"

"ဟုတ်တယ် ညီမလေး၊ မမဆွေလေ မေမေကို ရင်ထဲရှိသမျှ မေမေ့ကို ထင်ရာတွေစွတ်ပြောခဲ့တယ်။ တကယ်တော့ မေမေ့မှာ အမှားတွေနဲ့ ဆွေခံစားရတဲ့ အဖြစ်တွေအတွက် တာဝန်ရှိတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမင့် ရင့်သည်းတဲ့စကားလုံးတွေ မသုံးသင့်ဘူးဆိုတာ မမဝေက ပြောပြမှ မမဆွေလဲ သတိထားမိသည်။ ရန်နောင်အတွက်လဲ ညီမလေး ကြိုးစားပြုပြင်တာကို မမဆွေ ကျေနပ်ပါတယ်၊ လူဆိုတာ ကြမ်းတမ်းဖို့ ရက်စက်ဖို့ မကောင်းမှု ဒုစရိုက်တွေကို ကျူးလွန်ဖို့က သိပ်လွယ်တယ်၊ လက်ရှိပတ်ဝန်းကျင်မှာ သာလွယ် သေးတယ်"

"ဟုတ်တယ်၊ ကမ္ဘာ့အလယ်ပိုင်းနိုင်ငံတွေ သတင်းများဖတ်မိရင် ညီမလေး သိပ်စိတ်မောတာဘဲ။ ဒါကြောင့်ပေါ့ တချို့ကလဲ ပြောတာဘဲ၊ သူ့သားမှ သူ့သား၊ သူ့သားကို တခါထဲ အရိပ်ကြည့်ပြီး ပြင်နေတာဘဲတဲ့။ ငွေကတော့ ဟယ်သူ့ဘာပြောပြော သားဟာ နက်ဖြန်သဘက် အရွယ်ရောက်တော့မှာ၊ ခုတော့လေ သူ ကျောင်းပိတ်ပြန်လာလို့ ကစားရင် ခုလာပြတဲ့ လက်သမားခန်းနဲ့ ဟိုဘက်ကစိုက်ခင်းမှာ မာလီကြီးနဲ့ သစ်ပင်မျိုးစုံစိုက်ရင်း အချိန်ကုန်သွားတော့ ညီမလေးလဲ စိတ်ချမ်းသာတာပေါ့"

သူတို့ညီအမသည် ငှက်မျိုးစုံလှောင်အိမ်နားမှ ဖြတ်လျှောက်သွားရင် စကားပြောသည်ကို အားကျလေလားမသိ။ ကတ္တဝါကြီးသည် အာလုပ်သံကြီးနှင့် နှုတ်ဆက်လိုက်သည်။ ဇီးကွက်





မောင်နှံနှင့် ချိုးပြောက်ကလေးများကမူ သစ်ကိုင်းပေါ်မှ ပျံ့ဝဲကျလာကာ သူတို့ညီအစ်မရှိရာသို့ လိုက်ကြည့်ကြသည်။

"ခုတော့ ညီမလေးလေရှိတဲ့အချိန်ကိုမွေးမယ်၊ ကျွေးမယ်၊စိုက်မယ်ဆိုတဲ့အလုပ်တွေနဲ့ဘဲ အသုံးချလိုက်တော့တယ်။ ကဲ. . . မမဆွေ စိတ်ချမ်းသာပြီနော်. . ."

"ချမ်းသာပါတယ် ညီမလေးရယ်"

"ကဲ. . . သစ်ခွပန်းအိမ်ထဲမှာ ကြိုက်တဲ့ပန်းတွေကို ကြည့်၊ မျိုးလိုချင်လဲ ယူ၊ ခုညနေ မမဆွေကိုယ်တိုင် ဘုရားပန်းလဲဖို့လဲ ကြိုက်တဲ့ ပန်းခူး၊ ညီမလေးပန်းခြင်းနဲ့ ကတ်ကျေး သွားယူဦးမယ်"

မေမျိုးငွေသည် အစ်မလုပ်သူအား သစ်ခွအိမ်တွင်ထားရစ်ကာ အိမ်ထဲသို့ ဝင်သွားတော့သည်။ အဝင်းသည် မေမျိုးဆွေရှိရာသို့ ရောက်လာ၏။

"မမဆွေ အဝင်းလေ၊ မနော်လိုက်ပြလို့ အားလုံး ကြည့်ပြီးပြီ၊ မမငွေဟာ သိပ်တတ်နိုင်တာဘဲနော်"

"အေးပေါ့ ဘဝကုသိုလ်က အကျိုးပေးကြောင့် ချမ်းသာလာသမျှ သူ ခံစားတတ်တယ်၊ အသုံးချတတ်တော့ သူ့အဖို့ တန်ဘိုးရှိတာပေါ့"

"ကြည့်ပါအုံး၊ သစ်ခွပန်းတွေကလဲ လှလိုက်တာနော်"

အဝင်းသည် သူမမြင်ဖူးသော သစ်ခွပန်းမျိုးများကို လိုက်၍ကြည့်နေ၏။ မကြာခင် ပန်းခြင်းနှင့် ကတ်ကျေးကို မေမျိုးငွေအေးလာပေး၏။ အဝင်းသည် တရံရောအခါက ဦးဘာကြိုင်၏ အိမ်ဝင်းကြီးထဲတွင် သူချစ်သော မမဆွေနှင့် စတင် တွေ့ခဲ့သည့်နံနက်



www.burmeseclassic.com

www.burmeseclassic.com



ခင်းကို သတိရမိ၏။

ယခုလဲ ဆွေဆွေသည် ပန်းခြင်းလေးကို ညီမထံမှလှမ်းယူကာ သစ်ခွပန်းများကို ကိုက်ညှပ်လျက်ရှိ၏။ ပါးစပ်ကမူ သူသည် ညီမငယ် မေမျိုးငွေအား အမကြီးဖြစ်သူ မေမျိုးဝေ တခါက သူ့ကို ပြောခဲ့သော 'ကြာပန်းကိုင်' တရားကိုပြန်လည်ပြောပြ၏။

"မမဆွေမှာတော့ ကိုယ်ပိုင်ခံယူချက် မရှိသလို ဖြစ်နေတော့ မမဝေရဲ့တရားကိုဘဲ ပြန်ပြီး တဆင့်ဖောက်သည်ချရတာဘဲ။ ခုလဲ ဒီသစ်ခွပန်းကို ဘုရားမှာကပ်လှူပြီး ဆုတောင်းမမှားအောင် သတိထားရဦးမယ်"

"အင်းပေါ့လေ၊ မမဝေပြောတာမှန်ပါတယ်၊ ခုတော့ ငွေဖြင့် လေ သတ်သတ်လွတ် ဖက်ရှင်ဘဲ ထွင်တော့တယ်"

"ဘာပြောတယ်၊ သူပြောရင်သူ့စကားလုံးတွေက အဆန်းကြီး ဘဲဟဲ့"

ဆွေသည် ရယ်၍ မေးမိ၏။

"ဩော် အရင်ကတော့ မမဆွေကို ပြခဲ့တဲ့ ပစ္စည်းတွေကို ဂုဏ်ယူဝတ်ဆင်ပြီး အလှပြင်ခဲ့တယ်၊ ခုတော့ပဝါချလဲ ဖာထေး ဘဲ၊ ယပ်တောင်ကိုင်လဲ နံ့သာယပ်တောင်ဘဲ၊ သိုးမွေးဆွယ်တာ အလွန်ကို ချမ်းလွန်းမှ ဝတ်တော့တယ်၊ ဖိနပ်လဲ ရိုးရိုးကတ္တီပါဖိနပ် ဘဲ စီးတော့တယ် မမဆွေရေ၊ အိပ်ခန်းမှာလဲ ဂွမ်းကပ်တွေတိုင် ဖဲစဖုံးပြီးခြုံတော့တယ်၊ ကဲ အိမ်ပေါ်တက်ကြစို့"

ဆွေဆွေတို့သည် အိမ်ပေါ်ဘုရားစင်ရှိရာသို့ တက်လာကြ၏။





မေမျိုးငွေ၏စကား အပြည့်အစုံ အဓိပ္ပာယ်ကိုမူ အဝင်းသည် နားမလည်လိုက်ပါ။ အဘယ့်ကြောင့်ဆိုသော် မုဆိုးကြီး ဦးသိန်းနောင်၏ အခန်းနှင့် မေမျိုးငွေ၏သားမျိုးစုံ ဖက်ရှင်ပစ္စည်းများကို သူ မတွေ့လိုက်ရသောကြောင့် ဖြစ်၏။

နောက်တပတ်တွင်မူ မြစ်ကြီးနားမှ သူတို့နှစ်ယောက် ထွက်ခွာလာခဲ့ကြတော့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"တဲ ကိုဖေသက်ကို ကျွန်မတင်ပြခဲ့တာ ပြည့်စုံလောက်ပြီလို့ ထင်ပါတယ်၊ မေခနဲ့မေလိခ ပူးပေါင်းလို့ ဖြစ်လာတယ်ဆိုတဲ့ ဧရာဝတီတမှ မြေနုကျွန်းပေါ်လဲ ရောက်ရော ပင်လယ်ပြင်မှာ စခန်းသတ်သေးတယ်၊ ကျွန်မကတော့ ခုထားဝယ်ကို ရောက်လာဘီလေ၊ ရှေ့ဆက်သွားရရင် ကော့သောင်နဲ့ဝိတိုရိယအငူရောက်တော့မယ်"

မေမျိုးဆွေသည် သူ့ဘဝ အကြောင်းကို ဤစကားပိုဒ်နှင့် ရပ်နားလိုက်ပါသည်။

"ကျွန်မတို့ဆွေးနွေးခန်းဟာအတော်အချိန်ကြာသွားပြီ၊ ကျွန်မနားတော့မယ်၊ အသေးစိတ် သိချင်တာလေးတွေရှိလဲ ထပ်မြီမေးနိုင်ပါတယ် ကိုဖေသက်၊ ခုတော့ ကိုဖေသက်အဖို့ နားညောင်းနေရော့မယ်"

ဆွေသည် ခွင့်တောင်းကာ သူ၏အိပ်ခန်းဘက်သို့ ထသွားတော့သည်။ တကယ်တော့ ကိုဖေသက်အဖို့ နားညောင်းစရာ မရှိ





မေမျိုးဆွေ၏ လာခဲ့သော ဘဝဇာတ်ကြောင်း တစေ့ တစောင်းကို သူသည် သူ့အစ်ကို ကိုလွန်းဘော်ထံမှ သိပြီးဖြစ်သည်။ မြစ်ကြီးနားရှိ ညီမငယ် မေမျိုးငွေထံတွင် ဆွေအနား ယူခဲ့သော ရက်သတ္တပတ်တွင် အသေးစိတ်တွေ့ခဲ့ရသော အတွေ့ အကြုံသာ သူမသိခဲ့ရသေးခြင်းပင်ဖြစ်၏။

သူ့စိတ်ထဲမှာတော့ ဆွေသည် ဧရာဝတီမြစ်မကြီးလို ရန်ကုန်မှာတွင် ရပ်မနေဘဲ ထားဝယ်ထိ ခရီးဆက်လာခဲ့သည်ကို သူကတော့ လက်ခံကြိုဆိုပါသည်။ ဤထားဝယ်မှသည် ဝိတိုရိယအငူသို့ ခရီးဆက်ထွက်လည်း သူသည်ဆွေအပါးမှ အတူလိုက်လိုပါသည်။ လိုက်သင့်သည့်အကြောင်းကိုလည်း ကိုလေးကြိုင်ရှာပနကိစ္စအပြီး မပြန်ခင် သူ့အစ်ကိုနှင့်မမကြီးက သူ့ကို ပြောပြခဲ့ပြီးဖြစ်သည်။ လောလောဆယ်တော့ ဆွေ စိတ်ပြေလက်ပျောက် အနားယူရန် မြစ်ကြီးနားသို့ ခရီးထွက်ဖို့ သူတို့ အကြံဉာဏ်ပေးလိုက်ကြခြင်း ဖြစ်၏။

တကယ်တော့ ဆွေသည် ကိုလေးကြိုင် တခါက လုပ်ကိုင်ခဲ့သော ဤထားဝယ်နှင့် မြိတ်ရာဘာခြံများကို စီမံအုပ်ချုပ်ဖို့ အုပ်ချုပ်ရေး၌ အရည်အချင်းရှိသည်ကို ဦးဘာကြိုင်ရော၊ ကိုလွန်းဘော်နှင့် မြမြကြိုင်ရော သိရှိပြီးဖြစ်သည်။ လိုအပ်သည့် အသေးစိတ် လုပ်ငန်းများတွင် သူသည် ဆွေကို ကူညီရမည် ဖြစ်၏။

"ကျန်တာကတော့ ကိုယ့်လေ့ ကိုယ်လေ့ဘို့ဘဲ၊ အန်ကယ့်ချွေးမစိတ်ဓာတ်ကို အန်ကယ်သဘောကျပြီးမို့၊ ကိုယ်တို့မိသားစုထဲက ဆွေ့ကို ထွက်မသွားစေချင်ဘူး။ ဒါပေမင့် ပူမှန်နွေးနွေး



www.burmeseclassic.com

www.burmeseclassic.com



မောင်လေးကြိုင်ကိုစွပြီးစမှာ အန်ကယ်က စကားမစရက်ဘူး။ ဒါကြောင့် ခံစားထိုက်သမျှ၊ အမွေဟူသမျှ၊ တရားဝင်လွှဲပြောင်းပေးရုံမက သူဟာ မောင်လေးကြိုင် အုပ်ချုပ်ခဲ့တဲ့ လုပ်ငန်းကို ဆက်လက် တာဝန်ယူဖို့အနေနဲ့၊ အန်ကယ် မေမျိုးဆွေကို ပြောလိုက်တယ်။ မင်းအစွမ်းရှိသလောက် ကြိုးပမ်းလို့ သူ့စိတ် အလိုအလျောက် ညွတ်လာရင်တော့ အန်ကယ်တို့ မိသားစုအဖို့ ဝမ်းသာစရာဘဲ၊ အစမ္မဆိုတဲ့အဖြစ်မျိုးတော့ သူ့ဆန္ဒကို လွန်ပြီး မဖြစ်စေချင်ဘူး၊ ဒါကိုတော့ မောင်ဖေသက် သတိထားပါ"

ဦးဘကြိုင်သည် ထားဝယ်သို့ သူပြန်မလာခင်က ကိုလွန်းဘော်နှင့် မြမြကြိုင်တို့ ရှေ့တွင် သူ့အား အတိအလင်းမှာလိုက်ပြီး ဖြစ်သည်။ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲ ဖိတ်စေချင်သော ရည်ရွယ်ချက်မှာ ဦးဘကြိုင်တို့ ရည်ရွယ်ချက် ဖြစ်၏။ သူသည် ဘာလိုလိုနှင့် အိတ်ကြီးတစ်အိတ် ဖြစ်ခဲ့ချေပြီ။

"ကျွန်တော့် အိတ်ထဲ မမဆွေရဲ့ အသည်းနှလုံးတွေ ဖိတ်ကျလိုက်ပါဗျာ"

ဟု ပြောရန်က မလွယ်။ ယခုတော့ သူသည် 'မဒ္ဒီလိုလို သမ္မာလိုလို' ဟု သွားလေသူ ဒေါ်စိန်ညို ဘွဲ့ပေးခဲ့သော ဤ မေမျိုးဆွေအား သူ့အပေါ်အုပ်ချုပ်သူ လုပ်ငန်းရှင်ကြီးအဖြစ် ဆက်ဆံရမည်လား။ ကြာပန်းကိုင် အဖြစ် ဆက်ဆံရမည်လား။

"မမဆွေ"ဟု ခေါ်ဝေါ် သုံးစွဲရခြင်းက ဆွေသည် သူ့ထက် အသက်ကြီးခြင်းကြောင့်မဟုတ်။ တခါက သူ့ထက် အရင် စောစွာ ဤရာဘာလုပ်ငန်းကို အုပ်ချုပ်ခဲ့ပါသော ကိုလေးကြိုင်၏





ဇနီးဖြစ်နေ၍လည်းတကြောင်း၊ သူ့ထက် အတွေ့အကြုံရှိပြီး ဖြစ်သူ တယောက် ဖြစ်နေ၍တကြောင်း သူသည် ဂါရဝ ရှေ့ထား၍ မမဆွေဟု ခေါ်နေရခြင်း ဖြစ်၏။

တကယ်တော့ "မမ" ဆိုသော စကားလုံးသည် ပြဿနာ မဟုတ်ပါချေ။ မြန်မာနိုင်ငံအလုံးကို အုပ်ချုပ်စိုးစံခဲ့ပါသော ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီး ဖြစ်သော မင်းတုန်းဘုရင်ကြီးပင်လျှင် ကြာပန်းကိုင် အဂ္ဂမဟေသီ သူ၏ စကြာဒေဝီ မိဖုရားခေါင်ကြီးကို အစ်မတော်ဘုရားဟု ခေါ်ခဲ့သေးသည်။ အစ်မတော် တစ်ယောက်လို သူ အားကိုးခဲ့ရ၏။ နန်းမှုနန်းတွင်း ရေးရာတွင်မက ပြည်တွင်းရေးရာ အုပ်ချုပ်မှုများတွင် သူ့အား မိခင်လိုတမျိုး၊ အစ်မလိုတသွယ် အကြံပေးနိုင်ခဲ့သူ ဖြစ်၏။

ပုဂံရာဇဝင်တွင်လည်း မဟေသီမိဖုရား ဖွားစောသည် တိုင်းပြည်အား ကောင်းသော အကြံဉာဏ်ပေးကာ ဘုရင်၏ အတိုင်ပင်ခံသဖွယ် အားကိုးရပါသောကြောင့် သူ့အား ကြာပန်းကိုင် မိဖုရားအဖြစ်ထက် ဧကရီဘုရင်မတပါးသဖွယ် သူ၏ ကြင်ယာတော် ဘုရင်များသည် အားကိုးခဲ့ရသည်။

တောင်ငူဘုရင်မင်းတရား တပင်ရွှေထီး၏ ယောက်ဖတော် ဘုရင့်နောင်သည်လည်း စစ်မှုရေးရာ အခက်အခဲ ဖြစ်နေချိန်၌ သေနင်္ဂဗျူဟာ စစ်ဆင်ရေးသည် မိန်းမနှင့် မဆိုင် ဟူ၍ ပစ်ပယ်၍ မရပါပြီ၊ သူသည် သူ၏ ကြင်ယာတော် ခင်ခင်ကြီး၏ အကြံဉာဏ် အကူအညီကြောင့် အောင်ပွဲခံခဲ့ရဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းတုန်းဘုရင်ကြီးသည်လည်းကောင်း ပုဂံရွှေနန်းရှင်များနှင့် ဘုရင့်နောင်တို့သည်လည်းကောင်း ထက်မြက်၍ သဘောထား ကြီးသော မိဖုရားခေါင်ကြီးများကို ဘိသိက်ခံပွဲတက်သက်သတ် သာမဟုတ်၊ တိုင်းပြည်၏ အကြံပေး သက်တော်ရှည်အမတ်ကြီး များသဖွယ် အားကိုးခဲ့ကြသည်။

သူသည် သူ့ဘက်က သူ့မမဆွေအပေါ် မိဖုရားဖွားစောလို စကြာဒေဝီ မိဖုရားကြီးလိုခင်ခင်ကြီးတို့လိုလည်း သဘောထားနိုင် သည်။ ကြာပန်းကိုင်ပါရမီဖြည့်ဘက်လို့လည်း သူ့ဘက်ကသဘော ထားနိုင်သည်။

သို့သော် မမဆွေခေါ် မေမျိုးဆွေ၏ စိတ်ဓာတ်ကို သူ ဘယ်သို့ သိရပါမည်နည်း။ ဦးဘကြိုင်၏ အမှာစကားကလည်း ပညာရှိဆံလိုက်သည့် ဖြစ်ခြင်း၊ သူ့ချွေးမ ဆွေက အလိုလို စိတ် ညွတ်ပါမှဟု ဆိုသည်။ 'အမွေ' ခေတ်စကားနှင့်ဆိုသော် 'အတင်း နသားဘားရား' သောအ ဖြစ်သို့ မရောက်စေရဆို၏။

အချိန်များ ရက်များက လိုပါသေးသည်။ ဤမောင်းမတန် မှ ပြန်ချိန်တွင် ရာဘာလုပ်ငန်းကို တွဲဖက် လုပ်ကိုင်ရင်း တဖြည်းဖြည်း မမဆွေသည် သူ့အပေါ် သဘောပေါက်နားလည် လာပေလိမ့်မည်။ ဦးဘကြိုင် မှာသည်မှာ မဆိုးလှ။

မိန်းမဆိုသည်မှာ ခက်ပေသား၊ တကယ်တော်လျှင် သူတို့နှင့် ဆက်ဆံရသည်မှာ တကယ် ပညာသားပါသည်။ မာယာ တူ မဆိုသာပေ။ မှန်၏။ သီဝလီဒေဝီသည် ဇနက္ကမင်းသား လူ့အဖိုးတန် ဘုရင်ဖြစ်ထိုက်သူကို တွေ့သောအခါ 'ငါငင်





သူမယိမ်း၊ သူသိမ်းမှ ငါပါရချေမည်' ဟူသော အချစ်နည်း ဗျူဟာကို လိုက်နာကာ သူ၏ အဆောင်တော်ဦးမှ ဆီးကြို သည်။

ချာတူးလန်တကျာရှူး၊ စစ်သူကြီး၊ ထီးတော်မိုး၊ သူဌေးသား၊ အမတ်ကြီးများနှင့် တွေ့စဉ်ကတော့ ရင်ဝကို ခြေဖြင့် ကန်ထုတ် ခဲ့သည်။

သူသည် ရင်ဝကို ခြေစုံကန်ခံရသော အဖြစ်ကို မရောက် အောင် ကြိုးပမ်းရမည်မှာ သူ၏ တာဝန်ပေတည်း။

ညဦးတွင်တော့ ဆွေနှင့်အဝင်းတို့သည် သူတို့အခန်းတွင် သူ တို့နေကြသည်။ သူသည် သူ၏ အိပ်ခန်းနှင့်ကပ်ရက် ခေါင်းရင်း ဘက်ရှိ စာဖတ်ခန်းရှိရာသို့ လျှောက်သွားသည်။

ဦးဘကြိုင်သည် ဤတည်းခိုအိမ်ကို သူ၏မိသားစု အပန်း ဖြေနားနေရန်အတွက် ရည်စူး၍ဆောက်ထားသောကြောင့် အိမ် ငယ်တခုလို ကျယ်ကျယ်ပြန့်ပြန့်ရှိ၏။ ဘုရားဆောင်နှင့် တကွ စာအုပ်မျိုးစုံရှိသော စာဖတ်ခန်းတစ်ခုကိုလည်း ထည့်သွင်းဆောက် ထားသည်။

ယခုသော်အစိုးရက ရာဘာခြံများကို ပုဂ္ဂလိကပိုင်ရှင်များ လက်သို့ ပြန်လည်ပေးအပ်၏။ ထွက်ရှိသော ကုန်ချောရာဘာများ ကိုသာ အစိုးရအား တိုက်ရိုက်ရောင်းချရသည်။

ထို့ကြောင့်အလုပ်သမားများ၏ တာဝန်ကို ဦးဘကြိုင်သည် ပိုမိုဂရုစိုက်သည်။ အဘယ့်ကြောင့်ဆိုသော် မြန်မာတို့တွင် စေတ နာဆိုသောစကားလုံးသည် အလွန် အကျိုး သက်ရောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤမျှကြီးမားကျယ်ပြန့်သောလုပ်ငန်းများကို အနှစ်ငါးဆယ်နီးနီး အုပ်ချုပ်လုပ်ကိုင်နိုင်ခြင်းမှာ သူ၏အလုပ်သမားများ ကျေးဇူး အပြန်အလှန်ထားရှိသောစေတနာတို့ကြောင့် ဆိုသည်ကိုသူအယုံ ယုံကြည်၏။ သူ့သမီးကြီးနှင့် သူ့သား များကိုလည်း သူ၏ ယုံကြည်ချက်နှင့်ဆက်ဆံရေးကိုအမြဲလုပ်ဆောင်ရန် သူညွှန်ကြား ၏။ အလုပ်သမားများထဲမှ အလုည်ကျ အနားရ သူတိုင်း ဤမောင်းမကန်ကမ်းခြေရှိသူ၏ အပန်းဖြေရိပ်သာတွင်လာ ရောက် နားခွင့်ကိုအခမဲ့ခွင့်ပြု၏။ ထို့ကြောင့်စာဖတ်ခန်းပါ စနစ် တကျ ထားရှိခြင်းဖြစ်သည်။ ဤတည်းခိုရိပ်သာ၏ အသေးစိတ် အုပ် ချုပ်မှုတာဝန်ကိုမူ စားဖော်ကဲကြီး ကိုဘာစူး၏အစ်ကို ကိုဘန် ချွန်က တာဝန်ယူရသည်။

"အန်ကယ်ဖြစ်စေချင်တာကတော့ အန်ကယ် ရှင်းပြမယ်၊ အစိုးရကအသေးစိတ်အားလုံးကို တာဝန်မယူနိုင်သေးခင် အခု ရာဘာလုပ်ငန်းကိုလဲ ဒီရေငန်ပိုင်းထွက်ကုန်ပစ္စည်းတွေကို တို့များ ပုဂ္ဂလိကပိုင်ရှင်တွေကို ပေးအပ်လုပ်ခိုင်းစေချင်တယ်။ ဘာကြောင့် လဲဆိုတော့ ခုလဲအတိအလင်းမလုပ်ရတော့ ခိုးထုတ်တယ်၊ ခိုး လုပ်တယ်၊ အစိုးရမှာလဲ အကောက်ခွန်ဆုံးရှုံးရတယ်၊ ဒါတင် မကဘူး ကြေးမုံသတင်းစာမှာ မင်းလဲဖတ်မိမှာဘဲ၊ နိုင်ငံခြားလဲ ရောက်ရောတို့များရေငန်ပိုင်းထွက် စားသောက်စရာကုန်ပစ္စည်း တွေကို ဒီနံ ငပုပ်ခြောက်၊ ယိုးဒယားငန်ပြာရည်အဖြစ် တဘာဝ ပြောင်းပြီး ဟိုမှာ တံဆိပ်ပြောင်းကပ်ခံပြီး စားသောက်ရတဲ့ အဖြစ်ရောက်ရတယ်. . .





"ဒါတင်မကဘူး အင်မတန်အရသာရှိတဲ့ မြန်မာ့အစားအစာ ဟာ ကမ္ဘာမှာမြန်မာထွက်ကုန်အဖြစ် နာမည် မခံရဘဲ တခြား တိုင်းပြည် နာမည်ကိုပါ ခေါင်းပုံဖြတ်ခံရတဲ့အဖြစ် ရောက်သွား တယ်။ တို့ကလဲကိုယ့်တိုင်းပြည်ဖြစ်ဘဲ၊ ဒါပေမယ့် လုပ်ကြပုံမဟုတ် တော့ ကြာရင် မဆလာ၊ ငရုတ်သီးမှုန့်ကအစ ပုံစံလှလှ ပလတ် စတစ်ထုပ်လေးတွေနဲ့ နိုင်ငံခြားက ငါးပိ၊ ငန်ပြာရည်၊ ငရုတ်မှုန့် အဖြစ် သုံးစွဲရတော့မယ့်အဖြစ်ရောက်တော့မယ်။ ဒါကို အသေး အဖွဲ့လို့ အန်ကယ်မယူဆဘူး။ နိုင်ငံခြားကို ထွက်ကုန်အဖြစ် အချောသတ် ပစ္စည်းအဖြစ် ရောက်ရင် ရောင်းချရေး အတွက် အစိုးရကတာဝန်ယူသင့်တယ်၊ အသေးစိတ်ကုန်ကြမ်းကောက်တာ ကအစ ကုန်ချောအထုပ်လှလှလေးတွေလုပ်ပြီး အစိုးရဆီသွင်း တဲ့အထိတော့ ပုဂ္ဂလိက လုပ်ငန်းရှင်တွေကို တာဝန်လွှဲစေချင် တယ်. . . .

"အဲ. . . အလုပ်သမားတွေကို တာဝန်ပိုင်းကို ကျေပွန်အောင် ရယ်၊ လုပ်ငန်းပိုင်ရှင်မှပဲ့က မညှဉ်းပန်းအောင် ဥပဒေအရ၊ အလုပ်သမားဘက်က အကာအကွယ်ပေးဖို့ အစိုးရကတာဝန်ယူ ပေါ့။ ပြီးတော့လဲ အလုပ်သမားကိုဘချို့ဂ စိတ်ဓာတ်သွင်းတာ နေရာမှာ အသွင်းမှားတော့ အလုပ်သမားဟာ တာဝန်ပိုင်းကို ခေါင်းထဲမှာထည့်ဖို့ထက်၊ ငါတို့အပေါ် အုပ်ချုပ်သူတွေဟာ ဘီလူးသူရဲတွေလို့ အထင်မှားအောင်စိတ်ဓာတ်သွင်းပေးမိကြတယ်။ ဒီစကားလုံးဒဏ်အသင့်ခံရလို့ ခုပြည်သူပိုင်သိမ်းသမျှ များသော အားဖြင့် အလေအလွင့်အပျက်အစီး၊ အရှည်အသွေး ညှံ့ဖျင်း



www.burmeseclassic.com

www.burmeseclassic.com



သွားတာတွေ အများကြီးတွေ့ရတယ်။ ဒါအန်ကယ့် ပါးစပ်က ပြောတာမဟုတ်၊ သတင်းစာတွေထဲမှာ ဌာနတိုင်းလိုလို ဖွင့်ဟ ဝန်ခံကြရတာတွေ နေ့တိုင်းဖတ်ရတယ်။ အိမ့်ရှေ့ပူ အိမ်နောက် မချမ်းသာဆိုသလိုဘဲ ဒီအဖြစ်တွေကို နေ့စဉ်သိနေရတော့ ကိုယ့် တိုင်းပြည်ကို စေတနာ ထားတဲ့ သူတိုင်း စိတ် မချမ်းသာ ရဘူး"

ဦးဘကြိုင်သည် သူ၏စေတနာနှင့် တိုးချဲ့လုပ်ကိုင်ချင်တာ လုပ်ငန်းအကြောင်းကိုလည်း သူထားဝယ်သို့ပြန်မလာခင်က သူ့ အားရှင်းလင်းပြောပြခဲ့သည်။ အကျဉ်းချုပ်လိုက်တော့ လုပ်ငန်း ခွင်အကြောင်းနှင့်သူ၏ အိမ်ထောင်ရေးကို တိတိကျကျမှာကြား လိုက်ခြင်းဖြစ်၏။ ထိုစကားများကိုမှာကြားလိုက်စဉ်က ဆွေဆွေ မှတစ်ပါး အိမ်သားအားလုံး အစုံအညီရှိသည်။

သူ၏ကွယ်ရာတွင် ဆွေဆွေကိုရော သူတို့ဘာများမှာလိုက်ပါ သနည်း။ သူကိုမှာသလို ဆွေဆွေ့ကို ပြောဆိုရာ၌ လုပ်ငန်းနှင့် ပတ်သက်သော အလုပ်ခွင်အကြောင်းအရာသာမက သူတို့စိတ်ထဲ ရည်ရွယ်မှန်းထားသော ဆွေဆွေ၏လက်ထပ်ရေးကိစ္စကိုပါ ဖွင့် ပြောလိုက်ကြလျှင်ကောင်းပေသား။ သို့သော် ကိုလေးကြိုင်ဆုံး ပြီး လပိုင်းလောက်အလွန်တွင် ဒီစကားများကိုဆိုဖို့ သူတို့မိသား စုသည်၊ ဆွေဆွေ့အပေါ်ရိုင်းပြမည် မဟုတ်ကြပေ။ ပြောရန် လည်းပါးစပ်က ပြောထွက်ဖို့အချိန်ကာလ လိုပေသေး၏။

သူသည် စာဖတ်ခန်းပြတင်းကို ဖွင့်လိုက်၏။ ပင်လယ်၏ရေ ဥယျာဉ်သည် လရောင်အောက်တွင် ပြိုးပြက်သော ညပန်းတို့ဖြင့်





လှပစွာဖုံးလွှမ်းနေသည်။ အိမ်အပြန်ခရီး နောက်ကျသော ပင် လယ်ညငှက်များနှင့် ဇီဝဖိုးငှက်ကလေးများသည် ကျောက်ဆောင် များရှိရာသို့ ပျံသန်းသွားကြသည်။

ဆွေဆွေတင်ပြခဲ့သော သုနောက်ကြောင်းများထဲတွင် သူ့ညီမ မေမျိုးငွေ အကြောင်းကို ကိုဖေသက်သည် သတိပြန်ရနေ၏။ မေမျိုးငွေသည် ခင်နှင်းယု အလွှမ်းမိုးခံနေရသော အမျိုးသမီး တစ်ယောက် ဖြစ်သလို သူသည်လည်း ခင်နှင်းယု ပရိသတ် တစ် ယောက် ဖြစ်သည်။ ထို့ကြောင့် အိမ်အပြန်နောက်ကျသော ပင်လယ်ငှက်ကလေးများကို လရောင်အောက်တွင် မြင်သောအခါ သူသည် ခင်နှင်းယု ရေးသော ဇီဝဖိုး ကို သတိရမိသည်။

'ပင်လယ်ငှက်ကလေးများသည် ရင်မှ အန်ထုတ်သောအစာဖြင့် သူတို့သိုက်မြုံကို လုပ်ကြသည်။ ထိုငှက်သိုက်သည် လူသတ္တဝါ တို့အား အင်အားကိုဖြစ်စေသည်။ စာပေအနုပညာရှင်တို့သည် ရှာဖွေရရှိသမျှ ရင်တွင်းသိုလှောင်ထားသော သူတို့၏အနုပညာကို လောကသားတို့အတွက် သွန်ပေးလှူကြ၏။

ကိုဖေသက်အနေနှင့် သူသည် ထိုစကားပိုဒ်ကို မှီ၍၊ တည်၍ သူစဉ်းစားသည်။ သူသည်လည်း ဤလုပ်ငန်းများကို သူ၏ အလုပ် ဝမ်းရေးလုပ်ရင်းမှ အားသွန်ကြိုးပမ်း စေတနာထား တတ်လျှင်၊ လုပ်တတ်လျှင် ပင်လယ်ငှက်ကလေးများလို သူ၏ လုပ်ငန်းသည် လောကသားတို့အတွက် ပါပင်တည်း။

"တစိုက်စိုက်ကယ်နဲ့ ငါးလိုက်တဲ့ ငွေမျိုင်းပြီရယ်၊ နေ့တိုင်းသာကွယ် မြစ်ကမ်းနံ့ဘေးအနားဝယ်၊ သင့်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းရေးခက်သလို၊ ခင့်မှာလဲလွမ်းရေး ခက်နေတယ်. . .”

မေသစ်၏သီချင်းသံသည် ဆွေဆွေတို့ဘက်ခန်းမှ သူ့အခန်းရှိရာသို့ ပျံ့လွင့်လာသည်။ အနုပညာရှင်ကြီး ဒေါ်မေသစ်၏ သီချင်းသံသည် သဘာဝနှင့်အတူ သူ့ကိုလည်း ရည်ညွှန်းလျက်ရှိသည်။ အို. . အနုပညာရှင်တို့သည် သူတို့၏ စွမ်းအားဖြင့် ဤလောကအား ကျွမ်းကျင်ရာနေရာပိုင်းမှ ချမ်းမြေ့ငြိမ်းအေးခြင်းနှင့် စိတ်အပန်းဖြေခြင်းများအတွက် သင့်ရာသင့်ရာ တာဝန်ယူသွားကြ၏။

ငွေဗျိုင်းဖြူသည် ဝမ်းရေးအတွက် မြစ်ကမ်းခြေတွင် ငါးလိုက်ကောက်နေသည်။ ဗျိုင်းဖြူလေးအတွက် ဝမ်းရေးခက်နေချိန်တွင် မေမျိုးဆွေအတွက်လည်း လွမ်းရေးခက်နေပေလိမ့်မည်။ ဤလွမ်းရေး သို့မဟုတ် အချစ်သည် ကိုလေးကြိုင်သို့သာ ရည်ညွှန်းပေမည်။ သူ့အတွက် မဟုတ်ပါပေ။

မြန်မာစာပေပညာရှင်တို့သည် တော်ပေစွ၊ ရှေးစာဆိုများသာ ဖြစ်သည်ဆိုသော်လည်း သူတို့သည်. . .

“ပြည်ထဲရှေးဘက်၊ ဝမ်းရေးခက်၏။

ဝမ်းရေးထက်၊ လွမ်းရေး ခက်၏”

ဟု ပြည်ရေးပြည်မှု၊ ဝမ်းရေးနှင့်လွမ်းရေး သို့မဟုတ် အချစ်ရေးကို အညီအမျှရှုတတ်ပါသောကြောင့် ဤစာသုံးပိုဒ်ကို စာပေလောကတွင် ချန်ရစ်၏။

သူသည် သက်ပြင်းရှိုက်ထုတ်လိုက်ကာ စာအုပ်ဘီရိုများဆီသို့ ပြန်လည်လျှောက်ရင်း စာအုပ်များကိုကြည့်၏။ ရှေးစာဆိုများနှင့်





လက်ရှိခေတ်အထိ စာရေးဆရာများရေးသော စာအုပ်များကို သူသည် တတ်နိုင်သမျှ စုဆောင်းထား၏။ အလုပ်သမားများ သက်သာချောင်ချိရေးအတွက် ရန်ပုံငွေမှ ထုတ်နုတ်သုံးစွဲရန် အချိုးကျပေးထားသော ငွေစာရင်းမှယူ၍ စာအုပ်များကို ဝယ်ယူရခြင်း ဖြစ်သည်။

ကိုဖေသက်သည် နောက်ဆုံး သူ၏ လွမ်းရေးဆန္ဒအတွက် ခင်နှင်းယု၏ ဝတ္ထုတပိုဒ်ကို သတိရ၏။ စာရေးဆရာအသီးသီး၏ ဝတ္ထုတိုပေါင်းချုပ်များထားရာ ဘီရိုကို ဖွင့်လိုက်သည်။ သူသည် ခင်နှင်းယု၏ ဝတ္ထုတိုပေါင်းချုပ်ထဲမှ ‘ငွေလေ့ပေါ်မှာ’ ဟူသော ပင်လယ်ပြင်အဖွဲ့ ခေါ်မည်လား။ ပင်လယ်ပြင်၏ ဓမ္မဟုခေါ်လေမည်လား၊ ပင်လယ်၏တရားပါသော ဝတ္ထုကို သူ ပြန်ဖတ်လိုက်သည်။

မေမျိုးငွေက ‘မိချို’ ဝတ္ထုပါ စာတပိုဒ်ကို ဆွေဆွေအား ပေး၍ ဖတ်သလို၊ နက်ဖြန်တွင်တော့ သူသည် ငွေလှေပေါ်မှာ ဝတ္ထုကို မေမျိုးဆွေကို အပျင်းပြေသဘော ပေး၍ဖတ်ရန် ဆုံးဖြတ်လိုက်သည်။ ပြီးမှ ဤဝတ္ထုမှသည် သူ၏မေတ္တာလယ်ယာမြေသို့ ရေပေးသွင်းရန်အတွက် အချစ်ရေယာဉ် ချောင်းငယ်ကို သွယ်တန်းစီးဝင်အောင် “အချစ်ချောင်းလေး” ဖောက်လုပ်မည်ဖြစ်၏။ အမလေး ပင်ပန်းလိုက်သည့်ဖြစ်ခြင်း။

နောက်နေ့တွင်တော့ သူတို့သည် ပင်လယ်ပျော်တို့ထုံးစံအတိုင်း ခရုကောက်ကြသည်။ ကျောက်ခက်များကို ရှာဖွေကြသည်။ ရာဘာလှေနှင့် သစ်သားလှေများကို လှော်ခတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မြစ်ဝကျွန်းပေါ် သူချင်းအတူတူဖြစ်သော်လည်း အဝင်းသည် လှေလှော်ရာတွင်မူ ဆွေဆွေထက်ရော၊ ကိုဖေသက်ထက်ရော ကျွမ်းကျင်စွာ လှော်တတ်သည်။ ပင်လယ်လှိုင်းဒဏ်ကိုလည်း သူ့လှေကိုဦးတည်၍ မလူးမလှိမ့်အောင် လှော်ခတ်သွားပုံမှာ အဝင်းသည် ပညာသားပါလှ၏။

နေ့လည်တွင် သူတို့နားကြတော့မည်။

"မမဆွေ. . . ကာယကံရှင်ဆန္ဒတော့ မသိဘူး၊ မမဆွေမအိပ်ခင် မမဆွေစာဖတ်ဖို့ကျွန်တော် ညက ဝတ္ထုအတိုတပုဒ် ရေးထား တယ်။ ကျွန်တော်ရယ်၊ မမဆွေရယ် ပင်လယ်ပြင်အလှကို လှေလှောသုံးသပ်ရာမှာ ခင်နှင်းယုအမြင်နဲ့ ယှဉ်ကြည့်ရအောင် လို့ပါ"

"ဟဲ. . . ဟဲ. . . ရှင်ရော၊ ကျွန်မရဲ့ညီမ မေမျိုးငွေရော ဘာခေါ် မလဲ၊ အနုပညာနှလုံးသား ရှိကြတယ်ဆိုပါတော့၊ ဆွေတော့ ခပ်တုံးတုံးဘဲ ပြောပါရစေ၊ သစ်ရွက်ခြောက်လို နှလုံးသားမှာ မိုးရာသီ လေးလပတ်လုံး ရာခိုင်နှုန်းပြည့် မိုးရွာချဦးတော့ ဒီသစ်ရွက်ဟာ ခြောက်နေရာက ဆွေးမြေ့သွားမှာ၊ ပြန်လည် တော့ စိုပြေလာမှာမဟုတ်ပါဘူး. . . ဒါပေမင့် အိမ်ရှင်ဖြစ်သော ကိုဖေသက်ကို ငဲ့ညှာသောအားဖြင့် ဒီဝတ္ထုကို ကျွန်မဖတ်ကြည့် ပါ့မယ်"

ဆွေသည် ငွေလှေပေါ်မှာ ဝတ္ထုတိုပါသော စာအုပ်ကို ယူ၍ သူ၏ အိပ်ခန်းသို့ ဝင်သွားတော့သည်။

☺ ပြီးစာပေ ☺



# ငွေလှေပေါ်မှာ

ဤပုလဲသောင်ခုံဝယ် မျဉ်းပြိုင် နှစ်ကြောင်းတို့သည် အဘယ့်ကြောင့်များ မတွေ့ဆုံကြပါသနည်းဟု ကဗျာ ဆရာကလေးသည် အစဉ်တွေး၏။

လှိုင်းတို့သည် ပင်လယ်၏တေးကိုဆိုကြ၏။ လေအေး များသည်လည်း လှိုင်းငယ်များ၏ တေးကို သောင်ခုံ ထိပ်ဆီသို့ ယူဆောင်သွားကြသည်။ သောင်ခုံထိပ်တွင် အုန်းပင်တန်းသည် ကမ်းရိုးနှင့် ပြိုင်လျက်ရှိသည်။

လေ့တွင် လှိုင်းငယ်တို့၏ တေးကို ကြားရတိုင်း စိမ်း သောအုန်းပင်တန်းတို့သည် ယိမ်း၍ယိမ်း၍ ကကြသည်။

အုန်းပင်များအောက်တွင် ပန်းဝါလေးများ ပွင့် သော ပန်းချုံ ငယ်ငယ်ပုပုကလေးများ ပေါက်၍ နေ သည်။

အကယ်၍သာ ပန်းဝါလေးများသည် ရေစပ်တွင်ပွင့် လျှင်ပင်လယ်ဂယက်လေးများ၏ တေးဆိုသံကိုကြားရပေ လိမ့်မည်။ ပင်လယ်လေညှင်းတွင်လည်း ကခုန်ကြပေ လိမ့်မည်ဟူ၍ ကဗျာဆရာလေးက တွေးထင်ပြန်သည်။

ပျံ့ပျူးသော သောင်ခုံသည် ပန်းပွင့်ကလေးများနှင့် ရေစပ်ကြားတွင် ကျယ်ပြန့်ရှည်လျားလှသည်။

☺ ပြီးစာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ရံဖန်ရံခါတွင် ကဗျာ ဆရာလေးသည် ရေစပ်ရှိ ကျောက်တုံးပေါ်တွင် ထိုင်၍ နေသည်။ လှိုင်းဂယက် ငယ်များသည် ကျောက်တုံးရှိရာသို့ ပြေး၍ လာ၏။ ကလေးငယ်များလို ဝိုင်း၍ဆော့ကြသည်။

ကဗျာဆရာသည် ကျယ်ပြန့်သော ပင်လယ်ပြင်ကို လည်းကောင်း၊ နေရောင်ဖြင့် တလက်လက် တောက်ပ နေသော ပင်လယ်လှိုင်း၏ ပန်းများကိုလည်းကောင်း မျှော်၍ကြည့်၏။ သူ့ရင်ထဲမှ ပွင့်အန်ကျလာသော ကဗျာ ကို လေးလေး တွဲ့တွဲ့ဆိုသည်။ ဂယက်ငယ်များသည် သူ့ကဗျာဝယ် မိန်းမောသွားသလို ခေတ္တငြိမ်သက် သွားသည်။

ကဗျာဆုံးလျှင်တော့ လှိုင်းငယ်များသည် သူ့သီချင်း အား ဆောင်ယူကာ တဖြည်းဖြည်း ပင်လယ် ရှိရာသို့ ဆုတ်၍ သွားကြသည်။ သူ့ သီချင်းတွင်လည်း. . .

"လှိုင်းငယ်တို့သည် ထိုမှာ ဘက်တွင်ရှိသော ချစ်သူ ရှိရာသို့ သူ၏ လှပသော ကဗျာလေးကို ယူဆောင်သွား ပါရန်" တောင်းပန်သော စကားလုံးများ ပါရှိပေသည်။

ကဗျာ ဆရာလေးသည် သောင်ခုံကိုပြန်၍ တက် အလာတွင်မူ မျဉ်းပြိုင်နှစ်ကြောင်းကို ပြိုင်လျှောက်လာခဲ့ သည်။ ညီ၍ပြန့်သော သောင်ခုံတွင်မျဉ်းပြိုင်နှစ်ကြောင်း တို့သည် ထင်ရှားတင့်တယ်လှသည်။

မိုးအချိန်သို့ ရောက်လျှင် သောင်ပြင်ကို ရေများ





ဖုံးလွှမ်း၍ အုန်းပင်တန်းများရှိရာအထိ လှိုင်းဂယက်များ ရောက်၍ လာသည်။

နွေသို့ရောက်၍ ပင်လယ်ရေများ ဆုတ်ခွာသွားကြ သော်လည်း ဤသောင်ခုံဝယ် မျဉ်းပြိုင်ကြောင်းတို့သည် မပျောက်ပျက်ပေ။ သောင်ခုံကို ဖြတ်၍လျှောက်တိုင်း သူ့ စိတ်ထဲတွင် ဤမျဉ်းကြောင်းတို့ကို ရေးဆွဲခဲ့သော ပန်းချီ ဆရာမအား ပြန်လည်၍ တွေ့ဆုံလိုသည်။

ဆရာမ ဆွဲခဲ့သော ကားချပ်သည် တောတောင် ရေ မြေ၏ အသွင်သဏ္ဌာန်လည်းမဟုတ်။ အလင်းအမှောင် နှင့် အရောင်ခြယ်သည်လည်းမဟုတ်။ စုတ်တံကလည်း ကုလားအုပ်၏ နားမွေးကဲ့သို့ နူးညံ့သည်လည်း မဟုတ် ခဲ့ပေ။

မာသော တုတ်ချောင်းကို စုတ်တံပြု၍ ဤသောင်ခုံ ကို ကားလွှာပြုကာ မျဉ်းပြိုင် နှစ်ကြောင်းကို ရေးခြစ် ခဲ့ပေသည်။

သို့သော် ဤမပျက်နိုင်သောမျဉ်းပြိုင်နှစ်ကြောင်းသည် မမေ့သော အတိတ်ကို အစဉ် အမိပွာယ်ဆောင်၍ နေ ပေသည်။

ပန်းချီဆရာမ အမည်က မကြေးမှုံ ဖြစ်ပေသည်။ မကြေးမှုံသည် ပန်းချီကို နှစ်သက်၍ ဂီတကို မြတ်နိုး၏။ သဘာဝကို ချစ်ခဲ့ပေသည်။

မကြေးမှုံ စိတ်များသည် ဤတွေ့ထိမြင်နေရသော



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာဝယ် မနေကြပေ။

ဇာတိစ၍ ဘဝဖြစ်ခြင်း အကြောင်းများ၊ ဇာတိနှင့် ဆက်၍ပူပန်စိုးရိမ် သောကဖြစ်ရသော ဒုက္ခအကြောင်းကိုလည်းကောင်း၊ မစိုးပိုင်နိုင်သော အဖြစ်ကြောင့် အိုမင်းလာရသည့် ဇရာသဘောကိုလည်းကောင်း၊ နာရသော ဗျာဓိသဘောကို လည်းကောင်း၊ ဘယ်သောအခါမှ မနိုင်နိုင်သော သေခြင်းမရဏ၏သဘောကိုလည်းကောင်း ဘယ်တော့မှ မတွေးခေါ်ခဲ့ပေ။ ဤအတွေးအခေါ်တို့သည် ကြမ်းတမ်းသည် ဟူ၍ မကြေးမုံ ကယူဆသည်။ မကြေးမုံသည် ပန်းပွင့်လေးများကြားတွင် လိပ်ပြာငယ်တို့နှင့်အတူ ပျံသန်း၍ သွား၏။

မိုးရာသီတွင် မည်းသော တိမ်တောင်များဆီသို့ လျှပ်စစ်နွယ်များနှင့်အတူ သွားရောက်လည်ပတ်ခဲ့သည်။

နွေ၏လှပသော ညနေခင်းများတွင်လည်း မြေသို့ထိလာသောနေခြည်တန်းကို လှေကားလုပ်၍ ဝါရွှေသော တိမ်တောင်များဆီသို့ လှည့်ပတ်သွားလာခဲ့သည်။

မိုးစွေငှက်တို့နှင့်အတူ ကောင်းကင်တွင် ဝဲပျံရခြင်းသည် မည်မျှ နှစ်သိမ့်ဘွယ် ကောင်းပါသနည်း။

ဤသို့သော မကြေးမုံကို တနှစ်သော နွေဦးပေါက်၌ ကဗျာဆရာလေးသည် ဤပုလဲသောင်ခုံတွင် တွေ့ရှိရပေသည်။

"ကျွန်မတဲတဲ့ အိမ်က ပန်းခြံလေးတွေရဲ့ နောက်မှာဘဲ. . .





ဟူ၍ မကြေးမုံက စတင်ပြောသည်။ မကြေးမုံအိမ်လေးသည် မဒရပ်ခြေတံရှည်အိမ် ဖြစ်၍ အိမ်လေးမှ မျှော်ကြည့်လျှင် ပင်လယ်ပြင်နှင့် သောင်ခုံကို မြင်နေရပေသည်။

"ကျွန်မ တဲအိမ်မှာ စန္ဒရားလဲ ရှိပါတယ်။ ရှင်လာလယ်မယ်ဆိုရင်လေ ကျွန်မလေ ပင်လယ်လှိုင်းသံလိုလဲ တီးပြမယ်။ ပြီးတော့ မိုးချိန်းသံလိုလဲ တီးပြမယ်"

မကြေးမုံ၏ ဖော်ရွေသော ဖိတ်ခေါ်ချက်ကြောင့် ကဗျာဆရာလေးက မကြေးမုံဆီသို့ ခဏခဏ သွားရောက် လည်ပတ်သည်။ မကြေးမုံတွင် ထမင်းချက်သူ အဖော်မိန်းမကြီးမှ လွဲ၍ ဘယ်သူမှ မရှိပေ။

မကြေးမုံ၏ စန္ဒရားသံကို နားထောင်ရသည်မှာ ထူးခြားသလိုလို၊ စိတ်လှုပ်ရှားသလိုလိုနှင့် အရသာမှာ တမျိုး ဖြစ်နေသည်။

"ရှင် ကဗျာတွေ စပ်ရင် ဘာအကြောင်းတွေကို စပ်သလဲ ဟင်. . ၊ ကျွန်မတော့ လူတွေအကြောင်းကို သီချင်း လဲ မစပ်ချင်ဘူး၊ တွေးလဲ မတွေးချင်ဘူး၊ အဲဒီ"လူ"ဆိုတဲ့ အကြောင်းက တွေးရခေါ်ရတာ အင်မတန်ပင်ပန်းပြီး ကြမ်းတမ်းလွန်းတယ်၊ အိုခြင်းနဲ့ ကွေကွင်းရခြင်းဆိုတဲ့ အကြောင်းများ တွေးရတာ မောစရာ မကောင်းဘူးလား၊ အဲဒါတွေ မပါဘဲ လူဆိုတာ ဘဝကလဲ မပြည့်စုံဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကဗျာဆရာလေးသည် မကြေးမုံ့ စကားသံများကို ခေါင်းတညိတ်ညိတ် နားထောင်ရင်း စိတ်ထဲမှာ ပျော်၏။

သူ စန္ဒရား စ,တီးပြီး ဆိုလျှင် ငြိမ်ငြိမ်သက်သက် နားထောင်၏။ လက်ကျလက်န စေ့စပ်၍ ပျော့ပျောင်းသည် မဟုတ်ပေ။ တကယ်ပင် သူပြောသလို မိုးချိန်းသံ ဆိုသည့် သီချင်းတွေ အသံများမှာ ကြမ်းလှ၏။ သို့သော် အစတွင်မူ ညင်သာ၍ သီချင်း၏အဓိပ္ပာယ်မှာ သိမ်မွေ့သည်။

မိုးနတ်၏ ဝတ်ရုံပြာလဲ့လဲ့ ညိုမောင်းမောင်းနေပုံကို ဖွဲ့သည့် နေရာတွင် သီချင်းသံမှာ ပျော့ပျောင်း၍ ဝီတသည် ညက်ညောပေသည်။ သို့သော် ပဇ္ဇုန်နတ်သည် ဝတ်လွှာကို သိုင်းခြုံ၍ အနံ့ပြေးလွှားမြူးတူးသော သီချင်းပိုဒ်တွင်မူ စန္ဒရားသံသည် ဆူညံလာ၏။ ပြီးလျှင် တိတ်၍ သွားသည်။

"ဘယ်နဲ့လဲ တီးသံ ကြမ်းလွန်းသလား၊ အမှန်တော့ မိုးဘွဲ့ဆိုတော့ ဒီလိုဘဲ နေရမယ်။ ဆူဆူညံညံနဲ့ မိုးပေါက်တွေရော မိုးချိမ်းသံတွေရော သွန်ကျလာရမယ် မှတ်လား"

မကြေးမုံ့သည် စကားပြောရင်း စန္ဒရားထိုင်ခုံမှ ထသွားပြန်သည်။ မကြာခင်ပင် ပန်းချီကားချပ်များကို ယူ၍ လာ၏။ သူသည် မကြေးမုံ့ပေးသော ကားချပ်များကို ယူ၍ ကြည့်၏။

"မိုး"ဟူသော ကားချပ်တွင် မဲ၍ ညိုပြာသော ထိမ်





ရောင်တို့ကြားတွင် လျှပ်စက်နွယ်တခု လက်နေပုံကို ရေးဆွဲ ထားလေသည်။

"ရှင့် နာမည်က ဘယ်သူလဲ"

ဟူ၍ မကြေးမုံ့က မေးပြန်သည်။

"ကျွန်တော် နာမယ်က ကိုကြေးယုံပါ"

"အို့ . . တယ်ဟုတ်ပါလား၊ နာမယ်ကလေးတွေကလဲ ဆင်တူလိုက်တာ၊ ရှင်က ကဗျာလေးတွေကို ချစ်တယ် နော်"

မကြေးမုံ့သည် ပြုံးပြုံးရွှင်ရွှင်နှင့် ပြော၏။ သူ၏ မျက်လုံးများသည် တောက်ပ၍ ပြုံးနေပုံရသည်။ သေး၍ ပေါ်နေသော နှာတံမှာ ဖြူသော ပါးများကို ပို၍ လှပစေသည်။ သွယ်သွယ်နွဲ့နွဲ့ရှိသော ကိုယ်လုံးမှာ သူချစ်သော အနုပညာရပ်တို့နှင့် ကိုက်ညီပေသည်။

မကြာခင်ပင် ထမင်းချက် အဒေါ်ကြီးသည် သူတို့ရှိရာသို့ လျှောက်လာသည်။

"မကြေးမုံ့ မောင်အောင်ဖေ့ဆီက စာလာတယ်"

အဒေါ်ကြီးပေးသော စာကို မကြေးမုံ့က ထ၍ ယူ၏။ ကိုကြေးယုံသည် ရုတ်တရက် စာကို ငေး၍နေမိသည်။

စာကို မကြေးမုံ့က ကိုင်၍ထားပေသည်။ ရုတ်တရက် မဖောက်သေးပေ။

"တော်ကြာရင် ကျွန်မတို့သောင်ပြင်ကို လမ်းလျှောက်



www.burmeseclassic.com

www.burmeseclassic.com



ကြည်းစိုနေ၁်"

သူသည် စာကို စ၍ဖောက်သည်။ စာကို ဖတ်ရင်း ခေါင်းကို ဖြည်းညင်းစွာ ခါ၍ စာရွက်ကို ခေါက်လိုက်သည်။

"ဒီစာက ဗိုလ်မှူးအောင်ဖေဆီက စာလေ၊ ရှင့်ကို မိတ်ဆက်ပေးရဦးမယ်၊ ဗိုလ်မှူးအောင်ဖေဆိုတာ ကျွန်မ ယောက်ျားဘဲ၊ ခု သူက အင်္ဂလန်မှာ ရေတပ်နဲ့ ပတ်သက်ပြီး ကျောင်းသွားတက်နေတယ်လေ၊ သိပ်ခက်တာ ဘဲရှင်၊ ကျွန်မမှာတဲ့ လုံချည်ဆင်ကို သူ မဝယ်တတ်ဘူး တဲ့. . ."

"ဘယ်လို လုံချည်ဆင်လဲဗျာ"

ကိုကြေးယုံသည် တအံ့တသြ မေးလိုက်သည်။

"နှစ်ထည်မှာလိုက်တယ်၊ တထည်က ပုလင်းရောင်စုံ တွေ၊ အဝါ၊ အပြာ၊ အနီ၊ အနက်၊ အစိမ်းတွေပေါ့ရှင်။ အဲဒါတွေ စုပြီး ရိုက်ခွဲလိုက်စမ်း၊ ခွဲပြီး တခုခုထဲထဲ့ နေရောင်မှာ ထောင်ကြည့်ရင် အရောင်မျိုးစုံ ထွက်လာ မယ် မှတ်လား။ အဲဒါ သိပ်လှတာဘဲ၊ အဲဒီလို အဆင် မျိုး၊ ပုလင်းကွဲဆင်ရယ်၊ ပြီးတော့ လေပြင်းပြင်းတိုက် ရင် သစ်ရွက်တွေ ပန်းပွင့်တွေ ကြွေလွင့်သွားတယ် မှတ် လား၊ ဟိုတစ်ရွက် ဒီတစ်ပွင့်နဲ့လေ၊ အဲဒီလို အဆင်မျိုး မှာလိုက်တာ မဝယ်တတ်ဘူး၊ တော်တော်ခက်တာဘဲ၊ နေ ရောင် ဘရိုကိတ်ဆိုတာလဲ မသိဘူးတဲ့"





ကိုကြေးယုံသည် ပါးစပ်အဟောင်းသားနှင့် ငေး၍ နေပေသည်။ မကြေးမှုံကတော့ စာရွက်ကိုင်ကာ ခေါက် တုံ့ ခေါက်ပြန် လျှောက်၏။ ပင်လယ်ဆီသို့လည်း လှမ်း၍ လှမ်း၍ ကြည့်ပြန်၏။

"သူ့ဘဝမျိုးကတော့ ကျွန်မ မနေချင်ပေါင်"

ဟု ဆိုပြန်သည်။

"ကျွန်မ သီချင်းတွေအကြောင်းလဲ သူကနားမထောင် ချင်ဘူး၊ ပန်းချီကားချပ်တွေကိုလဲ မကြည့်တတ်ဘူး။ ဘယ်လိုလုပ်ရမှန်းမသိပါဘူး။ သူသဘော်နဲ့ ထွက်သွား တိုင်း ပင်လယ်ရေကြီးက နက်ပြာပြာကြီးဖြစ်နေတယ်။ အဆုံး အစ မရှိ ကျယ်လွန်းတာကိုက မြှော်လင့်ချက် ကင်းနေသလိုဘဲတဲ့။ အိမ်လောက် လှိုင်းလုံးကြီးတွေက သေမင်းလိုဘဲတဲ့။ ပြောတယ်။ ကဲလေ. . သူမြင်တာကလဲ ဒါလိုမြင်တယ်။ တကယ်ဆို ကိုကြေးယုံရယ် ထ ကြည့် လိုက်စမ်းပါ။ ပင်လယ်ရေပြာနေပုံဟာလှလွန်းလို့ အနီး ကပ်ဆုံးတူအောင် ဆေးစပ်ဖို့ တောင်မခက်လား။ ဂယက် လေးတွေထနေပုံနဲ့ နေရောင်ခြည်နဲ့ဆိုယင် ငွေပွင့်လေး တွေ ပွင့်နေသလား အောက်မေ့ရတယ်"

မကြေးမှုံသည် ပြတင်းဝဆီသို့သွား၍ရပ်ကာ စကား ကို အဆုံးသတ်လိုက်လေသည်။ သူ့ မျက်လုံးများသည် ပင်လယ်ဆီသို့ ငေး၍ ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့များတွင် ကိုကြေးယုံသည် ကဗျာများ သီချင်းများ စပ်၍လာသည်။

ကိုကြေးယုံကဗျာများကို မကြေးမှုံက အသံသွင်း၍ သီဆို တီးမှုတ်ပြလေသည်။

သူတို့ သီဆိုသော ကဗျာများထဲတွင် "ငွေလှေဝေါ မှာတွင်" ဆိုသော ကဗျာများကို မကြေးမှုံက အလွန် ကြိုက်နှစ်သက်၏။ တနေ့သောအခါ ကဗျာထဲကလို ငွေလှေကလေးကို စီးမည်။ ငွေလှေသည် သာမန်ငွေပြား နှင့် လုပ်ထားသည်မဟုတ်၊ လမင်းဆန်းစတွင် ကွေးရရွေ့ နေသော လကို ငွေလှေ လုပ်၍ ဤပင်လယ်ပြင်ကို ဖြတ်ကူးမည်။ ပြီးတော့ ကောင်းကင်သို့သွား၍ ကြယ် များနှင့် လျှပ်စစ်ပန်းများရှိရာသို့ သွားရောက်လည်ပတ် ကြမည် ဖြစ်သည်။

လှလွန်း ပလွန်းသည့် စိတ်ကူးများပေတကား။

× × ×

"မှုံရေ. . . လမ်းလျှောက် ထွက်စို့လား"

ကိုကြေးယုံက လာ၍ ခေါ်လျှင် မကြေးမှုံသည် သောင်စပ်သို့ ဆင်း၍ လိုက်လာသည်။

အနောက်ဘက်မှအလင်းရောင်သည် မှေးမှိန်စ ပြုလာ လေသည်။ ပင်လယ်ပြင်တွင် အလင်းရောင်မှိန်မှိန်သည်





ညွတ်၍ကျနေပေသည်။

တောင်ဘက်ကမ်းစပ်ရှိ တံငါရွာမှ တံငါလှေတစင်း သည် ဤအလင်းရောင်ကိုဖြတ်၍ကူး၏။ ဘေးက မှုန်မှိုင်း မှိုင်းအရောင်နှင့် အလယ်တွင် အလင်းရောင်၊ အလင်း ရောင်ထဲတွင် တံငါလှေကို မကြေးမှုံက စူးစူးစိုက်စိုက် ကြည့်သည်။

သူ့အတွက်လှပသော ပန်းချီကားချပ် တချပ်ရပေပြီ။

ကောင်းကင်သည် ရုတ်တရက် နီညိုညိုဖြစ်လာသည်။ မကြာခင်ပင် လေများလည်း ခပ်ပြင်းပြင်း တိုက်လာ သည်။ အဝေးမှဆူသောအသံကြီးတခုကိုလည်း ကြားရ သည်။

"မှုံရေ. . . လေကျမယ် ထင်တယ်။ အိမ်ကို ပြန်စို့"

ကိုကြေးယုံက မကြေးမှုံရဲ့ လက်ကိုတွဲ၍ သောင်ခုံထိပ် သို့ ပြေးတော့သည်။ ပင်လယ်ပြင်သည် သူတို့နောက် တွင် ဆူညံ၍လိုက်လာသည်။ စောစောက အလင်းရောင် လည်း မှောင်အတိကျ၍သွားသည်။

အိမ်ထဲသို့ ရောက်လျှင် မကြေးမှုံသည် မှန်ပြတင်းမှ ပင်လယ်ကို လှမ်း၍ကြည့်ပြန်သည်။ ခြသေ့်ကြီးများ ပြိုင်တူ ဟောက်သလို ပင်လယ်၏ အသံများက ဆူညံ ကြောက်မက်ဖွယ်ရာ ကောင်းလှသည်။ စောစောက မြင်ရသော လှေငယ်ကားလုံးဝပပျောက်၍သွားသည်။

"ကိုကြေးယုံ. . . ဒီည ဒီမှာအိပ်ပါနော်"



www.burmeseclassic.com

www.burmeseclassic.com



မှုံက ကတုန်ကယင်နှင့် ဆိုသည်။

မနက်တွင် လေများ ငြိမ်၍ ပင်လယ်ပြင်ကလည်း ငြိမ်သက်၍သွားသည်။ သို့သော် ပင်လယ်ကမ်းစပ်တွင် အော်ဟစ်သံကြီးများကို ကြားနေရသည်။

မကြေးမှုံသည် ကိုကြေးယုံကို ခေါ်၍ ကမ်းစပ်သို့ ပြေးသွားကြသည်။

ကမ်းစပ်တွင်မူ တောင်ဘက်ပိုင်းမှ တံငါသည် လေးငါးယောက်နှင့် မိန်းမတယောက် တွေ့ရသည်။ အနားရှိ လှေပေါ်တွင်မူ သေနေသော ယောကျ်ား အလောင်း တလောင်းဖြစ်သည်။

မိန်းမသည် ဟစ်၍ငို၏။ မနေ့ ညနေ ငါးရှာရန် သူလင်သည် ပင်လယ်သို့အထွက် လေကျသည်နှင့်ဆုံကာ လှေနစ်ဟန်ရှိသည်။ ရေကျအသွားတွင် ကျောက်ဆောင် တခုဘေးတွင်တင်၍ ကျန်ရစ်သည်ဟုဆိုသည်။ မိန်းမသည် ဖောင်း၍ ပြောင်နေသောအလောင်းကို ကိုင်၍လှုပ်၏။

မနေ့ညနေကမကြေးမှုံပန်းချီဆွဲချင်သောလှေငယ်ရှင် ဖြစ်ဟန်တူသည်။ ယခုတော့ စိတ်ထဲတွင် အမြဲစိတ်ကူးယဉ်သော ပင်လယ်ပြင်သည် လူတယောက်ကိုသတ်လိုက်၏။ သူ့ပန်းချီကားချပ်တွင် ဖောင်း၍ ပြောင်နေသော အလောင်းတလောင်းပါ ပါမှ သဘာဝ ကျပေတော့မည်။

"ထမင်းတလုပ်အတွက် ကျူပ်လင်သေရသတော့"





ဟူ၍တံငါသည်မကြီးသည် ဟစ်၍ ငိုပြန်သည်။

မကြေးမှုံသည် ကိုကြေးယုံမျက်နှာကိုစေ့စေ့ကြည့်၏။ ဤမှာဘက်မှာလမင်းကို ငွေလှေလုပ်၍စီးကာ ချစ်တူပြိုင်ရန်သီချင်းကို သီဆိုကြဆဲတွင် ဟိုမှာဘက်၌ "ထမင်းတလုပ်အတွက် ကျူပ်လင်သေရသတော့" ဟူသော ငိုညည်းသံသည် ပေါ်၍လာ၏။ မှုံသည် သောင်ခုံထိပ်သို့ ခြေလှမ်းနှေးနှေးနှင့် တက်၍လာသည်။

"ဒီလိုရုတ်တရက်တခါမှ လေမကျဖူးဘူး၊ ညကများ ကြည့်ရတာလှိုင်းလုံးကြီးတွေက အိမ်လောက်ရှိတယ်"

ဟု တံငါသည်တယောက် ပြောသံကို မှုံကကြားလိုက်ပေသည်။

× × ×

ထိုညတွင်တော့ လေသည်ငြိမ်သက်၍ လရောင် မှိန်မှိန်သည် သောင်ပြင်နှင့်ပင်လယ်ပေါ်သို့ ပြန်၍ ကျနေပေသည်။ ကိုကြေးယုံသည် သူ့အိမ်ကို ပြန်၍ အိပ်သည်။

နောက်နေ့မနက်အိပ်ရာကနိုး၍ ကော်ဖီ သောက်ချိန်တွင် လူတယောက်သူ့ဆီစာလာပေးသည်။

သူသည် စာကို ဖွင့်၍ ဖတ်လိုက်သည်။

ကိုကြေးယုံ. . .

မှုံရှိသေစွာ စာရေးခဲ့ပါတယ်၊ ဒီစာဖတ်ပြီးယင် မှုံ



www.burmeseclassic.com

www.burmeseclassic.com



ဆွဲခဲ့တဲ့ပန်းချီကားကို သွားပြီးကြည့်ပါ၊ မှုံတို့အိမ်ရှေ့က သောင်ပြင်မှာဆွဲခဲ့တယ်။

မှုံတို့ရဲ့ "ငွေလှေပေါ်ကအတွေ့"ရဲ့ ဟိုမှာ ဘက်မှာ တံငါသည်မကြီးရဲ့ ငိုသံဟာ လူတွေရဲ့အဖြစ်ကို ပြောနေသလိုဘဲ၊ အမှန်တော့ ဆာလောင်မွတ်သိပ်ခြင်းကို ဘယ်ပန်းပွင့်အလှနဲ့မှ ဖြည့်တင်းလို့ မရပါဘူး၊ သေခြင်းနဲ့ အိုခြင်းကလဲစိတ်ကူးနဲ့ မေ့ထားလို့မရဘူး။

မှုံအိမ်ကိုသိပ်ပြန်ချင်လာတယ်။ နောက်ကိုတော့ကိုကို ပြောတဲ့သေမင်းနဲ့တူတဲ့လှိုင်းလုံးရယ်၊ နက်တဲ့ကောင်းကင်ရယ်၊ လူတယောက် သေနေတဲ့ ကမ်းစပ်ရယ် ပါတဲ့ ပန်းချီကားတချပ် ကိုကြေးယုံဆီ ပို့လိုက်ပါဦးမယ်။

ကိုကြေးယုံနဲ့မှုံဟာ နာမည်ချင်းလဲဆင်တယ်၊ အတွေး အခေါ်လဲတူကြတယ်။ ကဗျာရယ်၊ ဂီတရယ်၊ သဘာဝ နဲ့အလှအပလေးတွေကို ချစ်တာမှာလဲတူတယ်၊ မျဉ်းပြိုင်နှစ်ခုယှဉ်ပြိုင်နေသလိုပေါ့လေ။ ဒါပေမင့် အဲဒီမျဉ်း ပြိုင်ဖြောင့်နှစ်ခုရဲ့အဖျားနှစ်ဘက်ကို ဆက်လက်ဆွဲကြည့် စမ်းပါ၊ ဘယ်တော့ဆုံကြမလဲ၊ ဆုံကြတဲ့တနေ့ မှုံနှင့် ကိုကြေးယုံလဲ ဆုံကြသေးတာပေါ့။

ချမ်းမြေ့ရွှင်လန်းပါစေ. . .

ဤနေ့ကစ၍ သောင်ခုံပေါ်ရှိမျဉ်းပြိုင်နှစ်ကြောင်း၏ အဖျားနှစ်ဖက်ကို ကဗျာဆရာလေးသည် ညနေစောင်း





တိုင်းဆက်လက်ဆွဲသွား၏။

ထပ်ခါထပ်ခါဆွဲလွန်း၍ မျဉ်းကြောင်းရာသည် သဲ ပေါ်တွင်နက်၍နက်၍သာလာသည်။ မျဉ်းပြိုင်နှစ်ခုတို့ ကား မဆုံမိပါပေ။

အမှန်တော့သူသည် မသိ၍မဟုတ်၊ မျဉ်းပြိုင်ဖြောင့် တို့မည်သည် အမြဲယှဉ်ပြိုင်၍သာ နေသည်။ မည်မျှပင် ဆက်လက် ဆွဲသွားသော်လည်း ဆုံမိကြမည် မဟုတ် ပါပေ။

× × ×

ပေးသူကပေး၍ ဖတ်သူက ဖတ်၍ ပြီးပါချေသည်။ ဆွေသည် စာအုပ်ကိုပိတ်ကာ ခေတ္တမှိန်းနေလိုက်သည်။

တဖက်အိပ်ခန်းတွင်တော့ ကိုဖေသက်သည် ခန္ဓာကိုယ်ကြီးက သာ ငြိမ်သက်၍ စန့်စန့်ကြီးဖြစ်နေသော်လည်း စိတ်က မငြိမ်။

လွန်ခဲ့သောနှစ်ဆောင်းလလယ် ရန်ကုန်သို့ သူခေတ္တရောက်ခဲ့ သေးသည်။ သုတပဒေသာ စာတန်းဖတ်ပွဲကို စာပေဝါသနာရှင်မို့ သူဝင်ရောက်နားထောင်ခဲ့၏။ တက္ကသိုလ် ထင်ကြီးက မြန်မာ ဝတ္ထုများမှရရှိသောသုတကိုဖတ်ကြားရာ၌ ရည်စားစာရေးနည်း ဗဟုသုတကိုလည်းရစေသည်ဟုဆိုခဲ့၏။ သူသည်နောင်တော်ပသော ရှိ သုခမိန် တက္ကသိုလ်ထင်ကြီး ရည်ညွှန်းသလို လုပ်ဆောင်ရန် ရည်ရွယ်ချက်နှင့်ခင်နှင်းယုရေးသော "ငွေလှေပေါ်မှာဝတ္ထု"ကို



www.burmeseclassic.com

**မေမျိုးဆွေ**ကို ပေးဖတ်ခဲ့၏။

**မေမျိုး**ဆွေကဖတ်ပြီးလျှင် ဘာပြောမလဲ၊ သူ၏ ယူဆချက်နှင့် ဇင်လယ်ပြင်အလှပေါ်သဘောထားကို ဆွေးနွေးမည်။ သူသည် နောက်ဆုံးဝတ္ထုတွင်ပါသော ပန်းချီဆရာလိုတော့ ကျွန်ရစ်မဖြစ်စေချင်၊ ပြိုင်နေသော မျဉ်းပြိုင်ကိုလည်း မဆွဲလိုပါ။ ဘယ်လိုဘဲ ယှဉ်ပြိုင်နေနေ မထိရသော မျဉ်းပြိုင်ဖြောင့် နှစ်ကြောင်းဘဝသည် အသည်းယားစရာပါပင်တည်း။ သူကတော့ စက်ဝိုင်းထိမျဉ်းဖြစ်ချင်သည်ဟု စကားကို သွယ်ယူမည်။

သုံးနာရီကျော်လောက်တွင်မှ သူထလာသောအခါ ကိုဘာစုးသည် အခန်းဝတွင် စောင့်နေ၏။

"မမဆွေက မှာသွားတယ် ခင်ဗျာ၊ နေ့လယ်စာအတွက် လက်ဖက်ရည်ပွဲကို သူတို့နှစ်ယောက်အတွက် ခြင်းထဲ ထည့်ယူသွားတယ်။ ဟိုတံငါရွာလေးအထိ လမ်းလျှောက်ချင်လို့တဲ့၊ အဖော်အဖြစ် ကိုဘန်ချွန်းကို ခေါ်သွားတယ်လို့ ပြောလိုက်ပါတဲ့"

ဟု သူ့ကိုပြောပြ၏။ သူသည် သက်ပြင်းရှူထုတ်လိုက်ရင်း

"အေးဗျာ၊ ညနေစာအတွက် ခင်ဗျား စီစဉ်ထားနော်၊ သူကြိုက်တတ်တဲ့ကျောက်ခက်သုပ်နဲ့ ဟင်းခါးပူပူလေးလဲ ပါပေစေ။ ဟင်းခါးကို ငါးမန်းတောင်နဲ့ လုပ်နော်. . ."

သူ ပြောပြလိုက်၏။ လမ်းလျှောက်ရန် ဘောင်းဘီရှည်နှင့် စပို့ရှပ်အထူစားကို ဝတ်ကာ ကမ်းခြေဘက်သို့ ထွက်လာခဲ့ပြန်





သည်။

ညနေ သူ ပြန်လာချိန်မှာ အချိန် နောက်ကျနေသည်။ ဆွေဆွေနှင့် အဝင်းသည် ထမင်းစားဝိုင်းတွင် ထိုင်နှင့်နေကြသည်။

"ကိုဖေသက်၊ ဆွေတို့ကို ခွင့်လွှတ်ပါ၊ အပြန်မှာ ရေချိုးပြီးတော့ ချမ်းလွန်းလို့ ထမင်းစားတော့မယ်. .။ ကိုဖေသက်လဲ ရေမြန်မြန်သွားချိုးပြီး လာခဲ့လေ. . ."

ဆွေက ဆီးကြို၍ပြောသည်။

"အို. . . ကိစ္စမရှိပါဘူး၊ စားနှင့်ပါ မမဆွေ၊ ငမန်းတောင်စွတ်ပြုတ်ပူပူလေးသာ သောက်လိုက်၊ ငရုတ်ကောင်းများများခတ်သောက်၊ ချက်ချင်းနွေးလာမှာပါ"

သူသည် ထမင်းဝိုင်းကိုလာကြည့်ရင်း ပြောကာ သူ့အိပ်ခန်းကိုပြန်လာခဲ့သည်။ ရည်စားစကား စပြောမည့် အစီအစဉ်တွင် ငါးမန်းတောင်စွတ်ပြုတ်ကလည်း ပါရသေး။ သူသည် ရေနွေးစပ်ထားသော ရေချိုကိုချိုးရင်း ငိုချင်သလို၊ ရယ်ချင်သလို ဖြစ်နေ၏။

ထမင်းဝိုင်းသို့ သူထိုင်လိုက်သောအခါ မေမျိုးဆွေက စကားစလာသည်။

"ဒီကိုမလာခင် မမကြီးက ဆွေ့ကိုပြောလိုက်တယ်၊ ဒီအစားအသောက်တွေ စားရင်း၊ မမကြီး ပြောတာတွေကို ဆွေ သတိရလာတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ခင်ဗျာ"

"သူရဲ့ စီမံကိန်းဆိုပါတော့လေ၊ အဲဒါက မဆိုးဘူးရှင့်၊ ရန်ကုန်မှာ သူသွားလာရင် လေ့လာကြည့်ရသလောက်ပြောပြတာတဲ့၊ လခကြီးစားနဲ့ အိမ်စေထားနိုင်တဲ့သူတွေအတွက် ပြဿနာသိပ်မရှိဘူးတဲ့၊ လခနည်းပြီး လင်မယားနှစ်ယောက်လုံး အလုပ်လုပ်ရတဲ့ အိမ်ထောင်စုပြဿနာတဲ့၊ လင်ရော မယားရော အလုပ်လုပ်ရတယ်။ ထမင်း ဝ ဝ စားနိုင်မှလဲ အလုပ်က လုပ်နိုင်မှာတဲ့၊ ထမင်းစားဖို့ မီးဖိုမှာလဲ မိန်းမလုပ်သူက အချိန်သိပ်မပေးနိုင်ဘူး၊ ရုံးနောက်ကျမှ ဆင်းလာရင် ဒီဟင်း ဒီထမင်း ချက်နေရတာနဲ့ ဟင်းတခွက်ဖြစ်ဖို့ ငရုတ်သီးထောင်းနေရတာနဲ့၊ လမ်းကဆာလာတာနဲ့ လင်မယားက ရန်ဖြစ်ချင်ရောတဲ့။ ရုံးသမားတွေအဖို့ လမ်းပြဿနာက ရုံးတက်ရုံးဆင်း ဘတ်စ်ကားစီးချိန်ကိုကလဲ အချိန်အတော် ပေးရတာတဲ့. . ."

"ဟုတ်ပါတယ်ခင်ဗျာ"

"မြန်မာ အမျိုးသမီးတွေဟာ အစားဇိမ်ကြောင်တဲ့ မိန်းမစားမျိုးတွေ မဟုတ်ဘူးတဲ့၊ ဒီတော့ ခုအရိုးထောင်းတို့၊ ကြက်ခြေနီလက်ဖက်သုတ်တို့လိုပေါ့၊ လက်ဖက်ကြိုက်တဲ့ လင်တွေဆို ညနေရုံးက ပြန်လာလာချင်း ထမင်းအိုးတအိုးတည်၊ ရေနွေးကြမ်းနဲ့ လက်ဖက်သုပ်နဲ့ စားလိုက်ရင် ညစာတနပ်တော့ အေးသွားတာဘဲတဲ့"

"ဟုတ်ပါတယ် ခင်ဗျာ"

"အဲဒီပုံစံပေါ့လေ၊ ငရုတ်သီးမှုန့်၊ ပုစွန်ခြောက်မှုန့်၊ ငါးပိ





ကြော်၊ ရေချိုရေငန်ခြောက်၊ ငါးပုတ်ခြောက် အပါအဝင် အဲဒါတွေကို တခါစား၊ ဒါမှမဟုတ် လင်မယား တစုံစာ စားလောက်ရုံ လေလုံလုံ ပလတ်စတစ်နဲ့ ထည့်ထည့်ပြီး ရောင်း၊ ငါးခြောက်ကြော်လဲ ပါပေစေပေါ့၊ အိမ်ရှင်မဟာ ဈေးသွားဖို့ အချိန်လဲ မကုန်ဘူး၊ ရုံးအဆင်း ရုံးသမဝါယမက ဒါတွေ တနပ်စာဝယ်သွား၊ အိမ်ရောက်တော့ ဟင်းချိုတခွက်နဲ့ ငါးခြောက်ဖုတ် ဖြစ်ဖြစ်၊ ငါးခြောက်ကြော်ဖြစ်ဖြစ်၊ ဟင်းတစုံက လွယ်လွယ်နဲ့ဖြစ်တယ်၊ ဟင်းချိုအတွက်လဲ တရုတ်မတွေလုပ်သလို မုန်လာဥပေါ်ချိန်၊ မုန်လာဥခြောက်တွေလုပ်ပြီး ဟင်းတအိုးစာ တနပ်စာ ဆိုပါတော့၊ ထုပ်ပြီး ရောင်းသင့်တယ်တဲ့၊ ငါးပိဆိုရင် အိုးကြီးခွက်ကြီးသမားတွေတောင် သုံးဦးစပ် အရေကျို ငါးပိနဲ့ မျှင်ငါးပိခြောက်သရောင်းနေအောင် အိုးနဲ့နာနာ သိပ်ထားရင် နှစ်လုံးပေါက်ခံတယ်တဲ့"

"ဟုတ်ကဲ့ ခင်ဗျာ"

"ပြီးတော့လေ၊ ကိုဖေသက်တို့ဆွေတို့က အောက်သူအောက်သားဆိုတော့ သတိမထားဘူး၊ ဒီနေရာ မမကြီးက တော်တယ်၊ ခရမ်းချဉ်သီးပေါ်ချိန် သူ အညာရောက်သွားတယ်တဲ့၊ ဒီမှာ ခရမ်းချဉ်သီး တဆယ်သား ပြားရှစ်ဆယ်ကနေ တကျပ်ခွဲ ဖြစ်နေချိန် အညာမှာ တဆယ်သား ၁၅ ပြားရယ်တဲ့၊ သူတို့ကလေ ဘာလုပ်လဲဆို ခရမ်းချဉ်သီးကို ဇကာနဲ့တိုက်၊ အနှစ်ကို စိမ်းစားငပိနဲ့နယ်၊ ခြောက်နေအောင် နေပူနဲ့ပြုပြီး သိမ်းထားတာဘဲတဲ့၊ ပင်းခတ်ရာမှာလဲသုံး၊ အချိန်မှန် မလိုဘူးတဲ့၊ ဗိုလ်ဆန်သူတွေ ခရမ်းချဉ်



www.burmeseclassic.com

www.burmeseclassic.com



သီးစွတ်ပြုတ်လုပ်သလို ရေနွေးကျက်ကျက်ကျိုပြီး ခပ်သောက်လဲ ခရမ်းချဉ်သီး ဟင်းချိုတခွက်ဖြစ်လာရောတဲ့၊ ကဲ ဘယ့်လောက် အဆင်ပြေလဲ၊ တပတ်တခါ စနေ တနင်္ဂနွေရောက်မှ လင်မယား နှစ်ယောက် ဈေးကို စိတ်အေးလက်အေးသွား၊ ကြိုက်တဲ့အသား လတ်လတ်ဆတ်ဆတ်၊ ဟင်းသီးဟင်းရွက် လတ်လတ်ဆတ်ဆတ် ချက်ပြုတ်စားတာပေါ့တဲ့"

"ဟုတ်ပါတယ် ခင်ဗျာ"

"ဗိုက်တာမင်တွေ၊ ဗိုက်တာမင် အာဟာရဓာတ်တွေလဲ အစုံပါ၊ အချိန်ကုန်လဲသက်သာ၊ လင်မယားလဲ ရန်မဖြစ်၊ အိမ်ရောက်ရောက်ချင်း ထမင်းတအိုး တည်ဘို့ဘဲလိုတယ်တဲ့၊ သူ့ အခု ဒေါ်ဒေါ်စိန် တာဝန်လဲမရှိ၊ ကလေးနို့စို့တွေတာဝန်လဲမရှိတော့ ဒီမီးဖိုချောင် စီမံကိန်းကို သူထွင်ပြီး ရုံးသမဝါယမတွေကို သွင်းဖို့ လုပ်မယ်တဲ့၊ သူပြောတာ မှန်တယ် ကိုဖေသက်၊ သူတို့မိသားစု ကြီးကို ခုလို ကြီးကျယ်တဲ့ လုပ်ငန်းကြီးတွေ လည်ပတ်နိုင်အောင် လုပ်နိုင်တာ မီးဖိုချောင် ပြဿနာငြိမ်းလို့ပေါ့"

"ဟုတ်ပါတယ် ခင်ဗျာ"

"ဒီမီးဖို ပြဿနာငြိမ်းအောင် အများဆုံး မမကြီး အားကိုးရတဲ့ လက်ရုံးကတော့ ဟောဒီအဝင်း၊ အဝင်းတို့ ညီအစ်မဘဲ"

ကိုဖေသက်သည် စကားပြောတိုင်း ဆွေဆွေ ပွဲထုတ်သော အဝင်း မျက်နှာကို မော့ကြည့်ကာ-

"ဟုတ်ကဲ့"

လိုက်ရပြန်သည်။

☺ ပြုံးစာပေ ☺



"နိုင်ငံခြားကတော့ စက်မှုနိုင်ငံ ဖြစ်နေပြီကိုး ရုံးကအပြန် ဒေါက်ခနဲ ခလုတ်ဖွင့်၊ လျှပ်စစ်မီးဖိုပေါ်တင်၊ လမ်းကဝယ်လာတဲ့ အသင့်လုပ်ပြီး အသားလေးကို ဟိုလှန်ဒီလှန်လုပ်ပြီး ပေါင်မုန့်နဲ့စား၊ တနပ်စာဝတာဘဲ၊ သူတို့ကိုယ်တိုင်အားကျနေပြီးစက်မှုနိုင်ငံဖြစ်ဖို့ စိတ်ကူးကြံဆနေဆဲ၊ လက်ရှိ မြန်မာစားဟန်နဲ့အချိန်ကုန် အဖိုးသက်သက်သာသာနဲ့ ဝမ်းပိုက်ပြည့်ဖို့ မြန်မာအမျိုး သမီးအလုပ်သမားတွေအတွက် ဒီလိုကူမှုဖြစ်မယ်တဲ့၊ သူပြော တာတွေ ဆွေဆွေသဘောကျတယ်၊ မဟော်ဂနီစားပွဲနဲ့ ပန်းကာ အောက် စီမံကိန်းမဟုတ်ဘူး၊ ကိုဖေသက် သူတို့သားအဖများ စနစ်ဇယား ကြေလိုက်တာနော်"

ဆွေဆွေသည် ထမင်းကို အားရပါးရစားရင်း ယောက္ခမနှင့် ယောင်းမကို ချီးကျူးလျက်ရှိ၏။

အင်း. . . ခက်ကပြီ၊ သူ၏ ငွေလှေပေါ်တွင် လရောင်ခြည် အနမ်းတို့ ပင်လယ်ငွေပန်းတို့ပျောက်ကာ ငါးပိ၊ ငါးခြောက် ကြော်၊ မုန်လာဥဟင်းချို၊ ခရမ်းချဉ်သီး စွတ်ပြုတ်တို့ကို တင်လာ ခြေပြီ။ ကိုဖေသက်သည် 'ဟုတ်ကဲ့' သာ တွင်တွင်လိုက်နေရင်း စိတ်မောလာ၏။

"အန်ကယ် ဦးဘကြိုင်ကလဲ ဒီလောက်တော့ အသေးမစိတ် ပေမင့် ကျွန်တော်တို့ရဲ့ ရေချိုရေငန်၊ ပင်လယ်ကမ်းရိုးတန်းထွက် အစားအစာနဲ့ ပတ်သက်ပြီး သူ့ရည်ရွယ်ချက်ကို အတော် စုံစုံ လင်လင် ကျွန်တော့်ကို ပြောပြပါတယ်"

☺ ပြုံးစာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဟုသာ သူ စွက်ဖက်ပြောနိုင်၏။

ထမင်းစားပြီး အချိုတဲရန်အတွက် သာကူကို အုန်းနို့ဆမ်းကာ ကိုဘာစူးက မေမျိုးဆွေရှေ့သို့ ချလာ၏။

ဆွေသည် သာကူကိုသောက်ရင်း စကားကို သွက်သွက်လက်လက် ခြေဟန်လက်ဟန်နှင့် ပြောပြသွားပုံမှာ ရွှင်ရွှင်လန်းလန်း တက်တက်ကြွကြွ ရှိလှ၏။ မြင်နေကျ အဝင်းပင် ယခင် ဦးဘာကြိုင် အိမ်ကြီးတွင် နေစဉ်က သူ့မမဆွေသည် နေမထိ လေမထိ စိတ်ကလည်း ချုံ့၍ နေရသည်လားမသိ။ ပိုးဟပ်ဖြူလေးလိုပင် တွေ့ရသည်။ ယခုတလော ခရီးရှည်ထွက်၊ ပင်လယ်လေရှူကာ နေရောင်ခြည်နှင့် ဆားငန်ရေငွေ့များကြောင့်လား မသိ။ ဆွေ၏ ပါးပြင်လေးများပင် နီရောင်သန်းနေသလို ဖြစ်လာသည်။ ညနေနှင့် နံနက်တိုင်း လမ်းလျှောက်စဉ် အခါတွင်လည်း ဆွေ လမ်းလျှောက်ပုံသည် ဖျတ်လတ် သွက်လက်၍ သူ၏ ရှေ့သို့ဝင်ရောက်၍ ရောက်၍ သွားသည်ဟု အဝင်းက ထင်သည်။

"သြော်. . ဒါနဲ့၊ ဆွေလေ ဒီကပြန်ရင် ထားဝယ်ရာဘာဖြူက အလုပ်ကို မဝင်သေးဘူး၊ ရန်ကုန် ခဏပြန်ဦးမယ်။ ဖေဖေကြီးတို့ကလဲ စိတ်ကြိုက်သလောက် ခရီးထွက်ရင်း အနားယူပါတဲ့။ သူတို့လဲ ဆွေအပေါ်မှာ ကိုလေးကို ပြုစုနေတဲ့အချိန်တွေအတွက် ကျေးဇူးတင်ပြီး နေတယ် ထင်ပါရဲ့။ ဒီညနေ ဆွေနဲ့ အဝင်း လမ်းလျှောက်တာ များသွားပြီ၊ စောစောနားတော့မယ်ခွင့်ပြုပါ ကိုဖေသက်။ အဝင်းရေ ကော်ဖီပူပူတအိုး ဖျော်ပြီးသာ အိပ်ခန်းထဲ ယူခဲ့နော်"





ဆွေသည် သူ့အိပ်ခန်းသို့ သွက်လက်စွာ ထသွားသည်။

"မမဆွေကိုလေ၊ ဒီပင်လယ်ကမ်းခြေရောက်မှ အဝင်းမြင်ရတာ သိပ်ဝမ်းသာတာဘဲ၊ သူ့ကျန်းမာရေး သိပ်ကောင်းလာတာဘဲ"

"ဟုတ်ကဲ့. . စိတ်ရော ကိုယ်ရော လွတ်လပ်သွားပြီကိုး၊ မမဆွေဟာ အဝင်းကိုလဲ အတော် သံယောဇဉ်ကြီးပုံ ရတယ်နော်"

"ဟုတ်ပါတယ်. . အဝင်းလဲ မမဆွေဆီ ကော်ဖီသွားပို့ဦးမယ်"

အဝင်းကလဲ ထပြန်သွားချေပြီ။ ကိုဖေသက်သည် သာကူသောက်ရင်း သူ၏ ငွေလှေပေါ် ဇာတ်လမ်းကို ဘယ်လိုပြန်ဆက်ရပါမည်နည်း။ ခုထိတော့'ဘုန်းမောင်မှာတော့ တယောက်ထဲရယ်'အဖြစ်ဖြစ်ကာ ဗန်းမော်တင်အောင်၏ ဇာတ်လိုက် ဖြစ်နေတော့သည်။ သူက ငွေလှေလေးကို ထုတ်ပေးပါသော်လည်း တူယှဉ်စီးဖို့ စကားကြောင်းပင် သွယ်မရ။ ရန်ကုန်ကိုလည်း ခေတ္တပြန်ဦးမည် ဆိုသည်။

သူတို့သည် မောင်းမကန် ကမ်းခြေမှ နောက်နေ့တွင် ထွက်ခွာလာခဲ့ကြသည်။ နောက်အပတ်တွင် ဆွေဆွေသည် ထားဝယ်မှ ရန်ကုန်သို့ ပြန်လည် ထွက်ခွာသွားခဲ့၏။

ဘာမှ ကြိုတင် အကြောင်းမကြားဘဲ အဝင်းတယောက် ပြန်ရောက်လာ၍ ဦးဘာကြိုင်တို့ မိသားစုသည် အံ့သြနေ၏။ အဝင်းသည် မျက်နှာမရွှင်လှ။ သူ့ဟို့မိသားစုအား စာတစောင်သာ ပေးလိုက်၏။

www.burmeseclassic.com



"ဟဲ့ . . အဝင်း၊ နင့် မမဆွေ ထားဝယ်မှာ နေရစ်သလား"

အဝင်းသည် ဖြည်းညင်းစွာ ခေါင်းခါလိုက်ရင်း မမကြီး၏ အမေးကို ဖြေလိုက်၏။

"သူ ပုသိမ်အိမ်ကြီးကို ပြန်မှာမို့ ပုသိမ်အမြန်ကို မီအောင် သင်္ဘောဆိပ်ကို တိုက်ရိုက်သွားပါတယ်။ ဖေဖေကြီးတို့အတွက် ဒီစာကို ပေးခဲ့ပါတယ်"

အဝင်းသည် စာကို ဦးဘာကြိုင်လက်သို့ ပေးရင်း သူ့အိပ်ခန်းရှိရာသို့ တက်လာခဲ့သည်။

ဦးဘာကြိုင် မိသားစုသည် မေမျိုးဆွေ၏စာကို ဖြည်းညင်းစွာပင် ဖောက်၍ ဖတ်လိုက်ကြသည်။

**ဖေဖေကြီး မေမေကြီးရှင့် . . . .**

မမကြီးတို့ ဧနီးမောင်နှံကို ဆွေရိုသေစွာ စာရေးခဲ့ပါသည်။ ဖေဖေကြီးတို့ ဒွင့်ပြုချက်အရ ဆွေ ခရီးထွက်သွားလိုက်တာ ဧရာဝတီမြစ် အစကနေ မြန်မာပြည်ရဲ့ တောင်ဘက်ဆုံး ကော့သောင်းအနီး ရောက်တော့မယ်။

ဖေဖေကြီးတို့ကိုလဲ ကျေးဇူးတင်ပါတယ်။ ဖေဖေကြီးတို့ မိသားစု အပြုအမူဟာ လိုအပ်တာထက်တောင် ဆွေ့အပေါ်မှာ ပိုနေပြီလို့ ဆွေထင်ပါတယ်။ မမကြီး ပြောသလိုဘဲ ကိုလေးရဲ့လုပ်ငန်းတွေကို ဆက်လက် လုပ်ကိုင်ဖို့နဲ့ မမကြီးတို့ရဲ့ စီပွားရေး အဆောက်အအုံကြီး ဥမကွဲ-သိုက်မပျက်ဖို့၊ ကူညီဖို့အတွက်လဲ ဆွေ စေတနာ





အစဉ်ရှိပါတယ်။

ဆွေ တခုလဲ စဉ်းစားမိတယ်။ ဆွေနဲ့ တွဲဖက်လုပ်ကိုင်ရမည့် သူဟာ ကိုဖေသက် ဖြစ်ပါတယ်။ ဘာမဆို ဆွေက သူ့အပေါ်မှာ ကွပ်ကဲ စီမံသွားဖို့ ဖေဖေကြီးတို့ ဦးစားပေးထားတဲ့ သဘောကိုလဲ ဆွေ ရိပ်စားမိပါ ဘယ်။ ကိုဖေသက်ကလဲ ဆွေရဲ့အပေါ်မှာ လေးစားခဲ့ ပါတယ်။

ဖေဖေကြီးတို့ တခု စဉ်းစားသင့်တာက ဆွေဟာ အသက့်သုံးဆယ်ပြည့်ရုံဘဲ ရှိပါသေးတယ်။ ငယ်ရွယ်သူ တယောက်ဘဲ။ ကိုဖေသက်နဲ့ ရေရှည် တွဲဖက်လုပ်ဆောင်ရင်း အရွယ်တူနှစ်ယောက်ရဲ့ ပြဿနာ ရှေ့ရေးပါဘဲ။

တနေ့သော် ဒီပြဿနာဖြစ်လာမယ့်အတူတူ ဆွေကဘဲ ကြိုတင် ပြောပြချင်ပါတယ်။ ဖေဖေကြီးတို့ ထားရာမှာ ဆွေနေခဲ့ပြီ။ နောင်လဲ နေမှာပါဘဲ။

ဆွေကို မေမေကြီးနဲ့ သွားလေသူ ဒေါ်ဒေါ်စိန်တို့က မဒ္ဒီလိုလို သမ္ဘူလိုလို ဆိုတဲ့ ဘွဲ့လဲ ပေးခဲ့ကြပါပြီ။ ဒီစကားကို ပြန်လည်ဖော်ထုတ်ရတာ အာဃာတစိတ်တွေ ရှိနေလို့ မဟုတ်ဘူးဆိုတာကိုတော့ မေမေကြီး နားလည်စေလိုပါသည်ရှင့်။ တကယ် တွေးကြည့်တော့လဲ ဒီဘွဲ့ဟာ အင်မတန် မွန်မြတ်တဲ့ဘွဲ့ပါ။

ဖေဖေကြီးတို့ဟာ အင်မတန် အလုပ်သမားများ အပေါ် စိတ်စေတနာရှိစွာ ဆက်ဆံလာခဲ့ကြသူများ ဖြစ်ပါတယ်။ မေမေကြီးတို့ မိသားစုရဲ့စီးပွားရေး လည်ပတ်

www.burmeseclassic.com



မှုမှာ နောက်ပိုင်း မီးဖိုချောင်ကို မမကြီးနဲ့ အတူ ကူညီထမ်းရွက်ခဲ့သူဟာ အဝင်းဘဲ ဖြစ်ပါတယ်။ ဆွေဆွေ မဟုတ်ပါ။

ဒီတော့ ဆွေဆိုချင်တာက ကိုဖေသက်အပါးမှာ ကာယကံရှင်က သဘောတူမျှခဲ့ပါရင် 'မဒ္ဒီ' 'သမ္ဘူ' ကြိုက်တဲ့ ဘွဲ့ပေးပြီး အဝင်းကို ပွဲထုတ်စေချင်ပါသည်။

ဆွေရဲ့ အကြံဉာဏ်ပေးချက်ကို အကိုလွှန်းဘော်က သဘောတူညီချင်မှတူမယ်။ တခုဘဲ ဖေဖေကြီးတို့ ဒီတင်ပြချက်ကို လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ ကာယကံရှင် နှစ်ယောက်ကိုတော့ ဘာမှ အသိမပေးစေလိုပါ။ ဘာကြောင့်လည်းဆိုရင် သူတို့ ဘာမှ မသိကြသေးလို့ပါဘဲ။

မိဆွေကိုတော့ ခွင့်လွှတ်ပါ။ ဖေဖေကြီးတို့ အိမ်ကြီးပေါ်မှာ ကိုလေးကို ပြုစုနေစဉ်က စိတ်ပန်းကိုယ်ပန်းဖြစ်ပြီး၊ မေမေ့ကို ပြောသင့်ပြောထိုက်တာတွေထက် လွန်ကဲပြီး အပြောမှား အဆိုမှားခဲ့တာတွေကို ဝန်ချတောင်းပန်ဖို့ မေမေ့ဆီကို ဆွေ ပြန်သွားပါဘီ။

ဖေဖေကြီးတို့ကို အကြောင်းမကြားဘဲ ပုသိမ်သဘောအမှီ ထွက်ခွာသွားတာကို ခွင့်လွှတ်ပါ။ မိဆွေရဲ့ စိတ်ထွေအနယ်မကျသေးလို့ပါဘဲ။

ချမ်းမြေ့ရွှင်လန်းပါစေ
မေမျိုးဆွေ





ဦးဘကြိုင်တို့ မိသားစုအား ဆွေသည် ပြဿနာတခုတို့တင်ပေးခဲ့ချေပြီ။ အားလုံးလိုလို၏ ရင်မှာညင်သာသော သက်ပြင်းချသံမှတပါး ဘာမှစကားမဆိုကြပေ။

အဝင်းသည် သူ၏ အိပ်ခန်းဝတွင် ဆီးကြိုနေသော မသန်းအေးကို စာတစောင်နှင့်အတူ တွေ့ရ၏။ စာကို တောက်သူ့စက်လိုက်သောအခါ-

သမီး မဝင်း

ရွှေ့နှစ် လယ်စိုက်ဖို့ ငွေတထောင့်ငါးရာနဲ့ အိမ်ပြင်ဘို့ ငွေငါးရာ မြမြကြိုင်က အမေ့ကို ပေးလိုက်ပါသည်။ သမီးတို့ကိုလဲ ပျော်သလောက်နေဖို့ အမေ ခွင့်ပြုပါတယ်။

သမီးတို့ကျန်းမာပါစေ
မယ်ခင်

အဝင်းသည် စာကိုရင်တွင်ပိုက်ကာ အိပ်ရာပေါ်လှဲချရင်း မျက်ရည်များ တွေတွေကျလာသည်။ အဝင်း၏ မျက်ရည်တို့သည် မမဆွေကိုလား၊ သူတို့အမေကို ရည်ညွှန်းလေသလားဆိုသည်ကိုတော့ မသန်းအေး နားမလည်ပါပေ။

ထားဝယ်အိမ်တွင် ကျန်ရစ်သောကိုဖေသက်ထံသို့မူ သုံးလေးပတ် ကြာသောအခါ စာတစောင် ရောက်ရှိလာပါသည်။

www.burmeseclassic.com



ငွေလှေပိုင်ရှင် ကိုဖေသက်

ဆွေဆွေစာရေးလိုက်ပါသည်။ ကိုဖေသက် ဒီစာဖတ်နေချိန်မှာ ဆွေတယောက် မေမေ့အပါးမှာ ရောက်နေပါသည်။

မောင်းမကန် ကမ်းခြေမှာ တွေ့ကြတုန်းက ကိုဖေသက် ဖတ်ခိုင်းတဲ့ 'ငွေလှေပေါ်မှာ' ဝတ္ထုတိုကို ဆွေဖတ်ခဲ့ပြီးပါပြီ။ ဒီဝတ္ထုအပေါ်မှာ သဘောထားကို ကိုဖေသက် သိချင်မယ်ဆိုတာလဲ ဆွေနားလည်ပါတယ်။ ဘာတခုမှ ထင်မြင်ချက်မပေးခဲ့တဲ့ ဆွေရဲ့ ရိုင်းပြမှုကို ခွင့်လွှတ်စေချင်ပါတယ်။

ပင်လယ်၏ ခမ္ဘ၊ သို့မဟုတ် သဘောကို ဆွေဆွေဆင့်ခြင်မိသမျှကတော့ 'လှိုင်းကင်းသော ပင်လယ်မရှိသလို ဒုက္ခကင်းသော ဘဝ' ဆိုတာလဲ မရှိပါဘူး။

ဆွေဆွေနဲ့ ကိုဖေသက် သဲပြင်ပေါ်မှာ ယှဉ်ရပ်နေစဉ်က ဆွေညွှန်ပြခဲ့တဲ့ သန္တာကျောက်တန်းကြီးများကို သတိရသေးလား၊ ဒီကျောက်တန်းကြီးများက တားဆီး ကာကွယ်ထားလေတော့ ဆွေတို့ဆီ ရောက်လာတဲ့ လှိုင်းလုံးကြီးတွေဟာ အရှိန်ညံ့သွားပြီး ပြေပြေလိမ့်လာတယ်။ လှိုင်းအိလေးတွေဘဲ ဖြစ်သွားတယ်။

ခုဘဝမှာဖြင့် လှိုင်းကင်းသော ပင်လယ်ပြင်ကို ဆွေမရှာပါ။ လှိုင်းပုတ်ဒဏ်ခံနိုင်သော သန္တာကျောက်တန်းကြီးများကိုတော့ တွေ့လိုမြင်လိုပါသည်။ လှိုင်းမရှိသော

☺ ပြီးစာပေ ☺



ပင်လယ်ပြင်ကို ငွေလှေစီးပြီး ခရီးထွက်ချင်တာတာသော အရူးတယောက်ရဲ့ ဆန္ဒဘဲ။

ငွေလှေပေါ်မှာ ဝတ္ထုထဲက ပန်းချီဆရာမ မကြေးမုံဟာ တကယ်တော့ စိတ်ကူးသိပ်ယဉ်တဲ့ အနုပညာသည်တယောက်မဟုတ်ပါ။ သူ့ပန်းချီကားချပ်ကို သူပြောသလိုဘဲ။ ပင်လယ်အလှရဲ့ ကားချပ် တထောင့်မှာ ရေတိမ်နစ်ရသူ တင်ငါသည်ရဲ့ ခန္ဓာကိုယ်မပါ ရင် သူ့ရဲ့ပန်းချီကားချပ်ဟာ ပြီးပြည့်စုံတဲ့ အဖြစ်မရောက်ဘူးတဲ့။

ဆွေရဲ့ဘဝ ပန်းချီကားချပ်မှာလဲ ရေတိမ် နစ်ရတဲ့ ကိုလေးရဲ့ခန္ဓာကိုယ်ဟာ အစဉ်ပါနေမှဆွေရဲ့ ဘဝပန်းချီကားချပ်လဲ ပြီးပြည့်စုံမယ်။ ဒါပေမင့် အလှကြိုက်သူတွေဟာသူတို့ရဲ့အိမ်ခန်းမ နံရံမှာ ဂုဏ်ယူဆွဲချိတ်ထားမယ့် ပန်းချီကားချပ်မှာ ရေတိမ်နစ်ရသူရဲ့ အနိဋ္ဌာရုံသဏ္ဍာန်ကို ဘယ်သူတွေချင်မှာလဲ။ ရှည်လျားပြီး အသေးစိတ်တဲ့ ဆွေရဲ့အကြောင်းကို ဘာကြောင့် ပြောပြခဲ့သလဲဆိုတာ ကိုဖေသက် နားလည် စေချင်ပါတယ်။ မေမျိုးဝေရယ်၊ မေမျိုးဆွေရယ်၊ မေမျိုးငွေရယ်၊ ညီအမသုံးယောက်ရဲ့ ချမ်းသာမှု ပြီးပြည့်စုံတဲ့ဘဝကို ကိုဖေသက် သတိပြုမိလား၊ ဒါပေမင့် ဆင်းရဲကင်းခဲ့သလား။

ဖေဖေကြီးတို့ မိသားစု အကြောင်းကိုလဲ ဆွေပြောမပြတောင် ကိုဖေသက် သိတန်သရွေ့ သိပြီးပါပြီ။ သူတို့မိသားစုမှာရော ဆင်းရဲကင်းပါရဲ့လား။

☺ ပြီးစာပေ ☺

www.burmeseclassic.com



ကောင်းကင်ရဲ့ ပင်လယ်ပြင်မှာ ငွေလှေလခြမ်းကလေး ရှိသလို မောင်းမကန်ရဲ့ ကမ်းခြေဦးက တကယ့်ပင်လယ် ပြာထဲမှာ သစ်သားလှေဟာ ရှိပါတယ်။

နေ့မှာ နေဝန်းရှိသလို ညမှာလဲ လဝန်းရှိပါတယ်။

ကျွန်မတို့သုံးယောက် လှေစီးတဲ့နေ့ကို သတိရသေး လား။ ကောင်းကင်ရဲ့ပင်လယ်ပြင်မှာ ငွေလှေစီးချင်သူရဲ့ အတွေးဆန္ဒထဲမှာတော့ ကျွန်မဟာ ငွေလှေကို အလှော် ကောင်းသူဖြစ်ချင်ဖြစ်မှာပါဘဲလေ။ ဒါပေမင့် တကယ့် ပင်လယ်ပြာမှာ ပင်လယ်လှိုင်းကို အကျော်အလွှား ကောင်းပြီးကျွမ်းကျင်စွာလှော်ခတ်နိုင်သူဟာ အဝင်းပါ။ မြစ်ဝကျွန်းပေါ် သူချင်း တူကြပါသော်လည်း ကျွမ်း ကျင်တဲ့ ပညာသားမှာတော့ ကွာကြစမြဲပါဘဲ။

ဆွေကို ပင်လယ်က ဟောကြားတဲ့ တရားကတော့ လှိုင်းကင်းတဲ့ ပင်လယ်ကို မရှာပါနဲ့တော့။ ရှင်တို့ချစ်တဲ့ ခင်နှင်းယုရဲ့ ဧရာဝတီနဒီမြစ်ကြီးရဲ့ တရားကတော့ အရွေ့ အကောက် ကင်းတဲ့မြစ်ကိုလဲမရှာပါနဲ့တဲ့။ မရှိတဲ့တရားကို ရှာနေရင် မင်းဟာသူရူးဘဲတဲ့။

ပင်လယ်က ပြောတယ်လေ၊ လှိုင်းတံပိုးကိုတွေ့ရင် မင်းရဲ့အပါးကို တိုက်ရိုက်မရောက်အောင် အခံဖြစ်တဲ့ သန္တာ ကျောက်တန်းကြီးတွေဟာတော့ တကယ်ရှိပါ သတဲ့။ ဧရာဝတီမြစ်မကြီးကလဲ ပြောတယ်၊ မြစ်ကျဉ်း ဘဝနဲ့ ကျောက်ကမ်းပါးများကိုလည်း ကျော်ဖြတ်ခဲ့ရ

☺ ပြီးစာပေ ☺



တယ်။ စည်းတိမ်၊ သဲပြင်နဲ့ နုံးမြေများတို့ ကော်ဖြတ် ခဲ့ရတဲ့ ဧရာဝတီဟာ တပြည်ထောင်လုံးရဲ့ ဝပြော ချမ်း သာရေးကို သယ်ယူလာပြီးတဲ့နောက်၊ သူ ပင်လယ်ပြာမှာ အိပ်စက်နားနေပါတယ်တဲ့။

မင်းမှာလဲ အိပ်စက် နားနေရမယ့် ပင်လယ်ဝ ကို မရောက်ခင် ကျောက်ကမ်းပါးနဲ့ စည်းတိမ်၊ သောင် တွေကို ကျော်လွှားနိုင်ဘဲ အခံတရားကို ရှာပါတဲ့။

ဒီတော့ "မဒ္ဒီလိုလို-သမ္မာလိုလို မိန်းမ"ဟာ ပင်လယ် ပြာနဲ့ မြစ်မင်းရောရဲ့ တရားများကို အဲဒီလိုဘဲ သဘော ပေါက်နားလည်ခဲ့ပါတယ် ကိုဖေသက်။

များသောအားဖြင့် မြိတ်၊ ထားဝယ်သားများဟာ စီးပွားရေးသမားများ ဖြစ်ရုံမကဘူး၊ စီးပွားရေးမှာ လာဘ်မြင်ကြပါတယ်၊ ကျွမ်းကျင်ကြပါတယ်။ ကိုဖေ သက်လဲ ဇာတိချက်ကြွေ ထားဝယ်သား မဟုတ်သော် လည်း ထားဝယ်နဲ့ မြိတ်မြေကို အခြေပြုနေတဲ့သူ ဖြစ်ပါ တယ်။ ပင်လယ်ကမ်းရိုးတန်းကိုလဲ စက်လှေနဲ့ဖြတ်သန်းတဲ့ စက်လှေပိုင်ရှင်များ ဖြစ်တတ်ကြပါတယ်။ အားလုံး ကိုတော့ မဆိုလိုပါ။

ကိုဖေသက်တယောက်ကိုလဲ မင်္ဂလာရှိပါသော ငွေ လှေပိုင်ရှင်ဘဲ ဖြစ်ပါစေလို့ ဆွေဆွေ ဆုတောင်းလိုက် ပါသည်။

ချမ်းမြေ့ ရွှင်လန်းပါစေ
မေမျိုးဆွေ

☺ ပြီးစာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ကိုဖေသက်သည် စာကို ဖြည်းညှင်းစွာ ခေါက်ကာ ရင်ခွင်ထဲတွင် အသာပိုက်ထားမိ၏။

"ကျွန်မကတော့ ခပ်တုံးတုံးဘဲ၊ အနုပညာကို အရသာခံတတ်တဲ့နှလုံးသား မရှိ"ဟု သူ့ကိုယ်သူ ဆိုခဲ့ပါသော်လည်း မေမျိုးဆွေသည် သူထင်တာထက် လိမ္မာပါးနပ်သောအမျိုးသမီးတယောက်ဖြစ်သည်ကို သူ့ထံသို့ ရောက်လာသော စာက ဖော်ပြလျက်ရှိပေသည်။

ဖြစ်များဖြစ်နိုင်ရင်တော့ အဓိပ္ပာယ်ပေါင်းများစွာ ရည်ညွှန်းဖော်ပြလျက်ရှိသော ဤစာ၏တိကျသောအဖြေကိုသူသိလိုလှ၏။

တကယ်တော့ မေမျိုးဆွေသည် သူ့ကိုလွှမ်းမိုးလိုစိတ်မရှိပါ။ လွတ်လပ်သော တွေးခေါ်ပိုင်ခွင့် ချန်ရစ်ခဲ့သည်ကို ကိုဖေသက်တစ်ယောက် နားမလည်ပါပေ။

ခင်နှင်းယု

☺ ပြီးစာပေ ☺